www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com

၈၉၅.၈၃
တြိဂွ
ကြာညိုနောင်ဇာချားဖြူခိုဟ် / တြိဂွ။ - ရန်ကုန်၊
အောင်မြင်စာပေ၊ ၂၀၁၄။
၂၅၂ - စာ၊ ၁၂.၅ x ၁၈.၃ စင်တီ။
(၁) တြိဂွ

ဖြန့်ချိရေး အောင်မြင်စာပေ၊ ၂၀၁၅ ခုနှစ်၊ (ဇန်နဝါရီလ)၊ အုပ်ရေ(၅၀၀)၊ ပထမအကြိမ်။



BURMESE CLASSIC .com

# ဒဿနလက်ဆောင်

❖ အခြားသူများကို လုံးလုံးမယုံကြည်ခြင်းကြောင့်
စိတ်ဆင်းရဲမှုဖြစ်စေနိုင်ပါတယ်၊
လုံးလုံးပုံပြီး ယုံကြည်လိုက်ပြန်တော့လည်း
အလိမ်ခံရနိုင်ပါတယ်။

❖ အချိန်နှင့် နှစ်ကာလများက
သင့်ကို ချမ်းသာအောင်သော်လည်းကောင်း
အောင်မြင်ခြင်းရအောင်သော်လည်းကောင်း
မပြုလုပ်ပေးနိုင်ကြပေ။
မိမိကိုယ်တိုင် ကြိုးစားမှသာ ရပေလိမ့်မည်။
သင်မလုပ်ဘဲ အချိန်က လုပ်ပေးနိုင်သော အရာမှာ
အိုမင်းရင့်ရော်ခြင်းတစ်ခုသာ ရှိသည်။

❖ ရန်သူ့မှားချက်ကြောင့် ဒဏ်ရာရသော်လည်း
ကာလကြာသော် ပျောက်သွားနိုင်ပါတယ်၊
ချစ်သူပေးခဲ့သော ဒဏ်ရာဒဏ်ချက်ကိုတော့
နှစ်အတော်ကြာသည်အထိ မပျောက်ရန် ခဲယဉ်းလှပေသည်။

www.burmeseclassic.com

www.burmeseclassic.com

# ဒဿနလက်ဆောင်

❖ တစ်သက်လုံး အသက်ရှင်နေတော့မည့်အမှတ်ဖြင့်
ကြိုးစားအားထုတ်မှုပြုပါ။
ယခုချက်ချင်း သေတော့မည့်အမှတ်ဖြင့်
ကုသိုလ်ကောင်းမှုလည်း ပြုလုပ်ပေးပါ။

❖ မီးရောင်မရှိပါက
အမှောင်ထဲမှာသွားဖို့ ခက်ခဲပေလိမ့်မည်။
အသိပညာမပါဘဲနှင့်
စိတ်အားထက်သန်စွာ လုပ်ဆောင်မှုများမှာလည်း
အခက်အခဲတွေ့စေနိုင်ပါတယ်။

❖ မိမိပတ်ဝန်းကျင်တွင်
ရန်သူများ၊ မလိုမုန်းတီးသူတို့
ဝန်းရံနေသော်လည်း စိတ်မညစ်ပါနဲ့
မိမိအရည်အသွေးနှင့်
ဉာဏ်ပညာပိုကောင်းလာအောင်
ပြုလုပ်ပေးနေကြသည်ဟု သာသဘောထားလိုက်ပါ။

BURMESE CLASSIC .com

# ဒဿနလက်ဆောင်

❖ လူတစ်ယောက်သည် သမုဒ္ဒရာနှင့်တူသည်။
သမုဒ္ဒရာရေထဲသို့ အညစ်အကြေးကျသော်လည်း
သမုဒ္ဒရာတစ်ခုလုံး ညစ်ပေမသွားပေ။
အမှားအယွင်းတစ်ခုပြုမိရုံနှင့်တော့
ဘဝတစ်ခုလုံး ပျက်စီးမသွားနိုင်ပေ။

❖ အကောင်းဆုံးသော မိတ်ဆွေကိုသော်လည်းကောင်း
အဆိုးဆုံးသော ရန်သူကိုသော်လည်းကောင်း
သင်ကိုယ်တိုင် ရှာဖွေရွေးချယ်ခြင်းကသာ
အကောင်းဆုံးဖြစ်နိုင်ပါတယ်။

❖ မိမိမှာ လိမ္မာသော သားသမီးတစ်ဦးရှိပါက
နောက်ထပ်အားကိုးရသော
သားသမီးတစ်ယောက် ရနိုင်ပါတယ်။
ဆိုးသွမ်းမိုက်မဲသည့် သားသမီးရှိပါက
မိမိကိုနှိပ်စက်မည့်
သားသမီးများစွာတို့နှင့် တွေ့ရပါလိမ့်မယ်။

www.burmeseclassic.com

www.burmeseclassic.com

# ဒဿနလက်ဆောင်

❖ သင့်မှာငွေရှိသောအခါ
အရာရာတိုင်းကို ရွှေလျှားအောင်ပြုလုပ်ပေးနိုင်ပါတယ်။
ငွေမရှိတော့သည့်အခါ
သင့်ကို ရွှေလျှားအောင်
မည်သူကမှ ပြုလုပ်ပေးကြမည်မဟုတ်ပေ။

❖ ဒေါသဖြစ်နေသည့်အခါ
အခြားသူများကို ဖြစ်တင်ပြောဆိုပေလိမ့်မည်။
ဒေါသပြေသွားသောအခါမှာတော့
မိမိကိုယ်ကို အပြစ်တင်စရာများ
ပြန်တွေ့ရတတ်ပါတယ်။

❖ မျက်စိကွယ်နေသူနှင့် ခြေထောက်ကျိုးနေသူ
နှစ်ယောက်ပေါင်းပြီး ခရီးသွားရင်
ဘယ်နေရာမဆို ရောက်နိုင်ပါတယ်၊
ဘဝလက်တွဲဖော် အိမ်ထောင်ဖက်ဆိုတာ
အပေးအယူနဲ့ ခရီးဆက်နိုင်သူတွေဖြစ်ပါတယ်။

# ဤဝတ္ထု၌ ပါဝင်သောအခန်းများ


အခန်း(၁) ကိုးခရိုင်အပိုင်စားရသောကျားဖြူမင်း
အခန်း(၂) ဆွေခုနစ်ဆက် မျိုးခုနစ်ဆက် ကျိန်စာ
အခန်း(၃) မိုင်သုံးထောင်မှ အနောင့်အယှက်များ
အခန်း(၄) ကျားဆွဲခံရသော သိုက်ဆရာများ
အခန်း(၅) ပဒုကျင်းမှ ကိုးတောင်ကျား
အခန်း(၆) တောနက်ထဲမှ မြွေဖမ်းခိုင်းသောသူ
အခန်း(၇) ကြာညီနောင်ရေကန်မှ ထူးဆန်းသောဖြစ်ရပ်ဆန်း
အခန်း(၈) သတို့သမီးလောင်းနှင့် အသက်ဝင်နေသောမြို့
အခန်း(၉) မှော်ဆရာ ဇာလာဟီးနှင့် တွေ့ကြခြင်း
အခန်း(၁၀) ရှေးဟောင်းရှာမင်း လောကီပညာ
အခန်း(၁၁) ခေါင်းတလားအတွင်းမှ ပျောက်သွားသည့်အလောင်း
အခန်း(၁၂) ကဝေကိုးမှော်ရွာမှ လာသောသူ
အခန်း(၁၃) ဦးဗန်ကောင်းနှင့် ဒိဗ္ဗစက္ခုဆေးတော်ကြီး
အခန်း(၁၄) အသက်ဝင်နေသည့် ရုပ်တုများ
အခန်း(၁၅) ကဝေကိုးမှော်ရွာမှ ဘုတဝါဟန ပညာရှင်
အခန်း(၁၆) ကြာညီနောင် ကျားဖြူသိုက်
အခန်း(၁၇) ထူးဆန်းစွာ ပူးစာဆုံကြသူများ


www.burmeseclassic.com

www.burmeseclassic.com







# အခန်း ( ၁ )

# ကိုးခရိုင်အပိုင်စားရသော ကျားဖြူမင်း

ရှေးနှစ်ပေါင်းများစွာအချိန်ကပင် ယခုမျက်မှောက်ကာလရောက်သည်အထိ. . . ဧရာဝတီနှင့်ပတ်သက်သော သမိုင်းကြောင်းများစွာတို့ ရှိခဲ့ကြပေသည်။

အမျိုးမျိုးသော အကြောင်းအရာများထဲတွင် အတိတ်သမိုင်းကြောင်းနှင့်ပတ်သက်သည့် အကြောင်းအရာအချို့လည်း အပါအဝင်ဖြစ်ခဲ့လေသည်။

ထိုအကြောင်းအရာများထဲမှ 'ဗျဿပူရ' ဟုခေါ်သော



www.burmeseclassic.com

www.burmeseclassic.com



မြို့ဟောင်းတစ်ခုကို စတင်ဖော်ပြပေးပါမည်။

'ဗျဂ္ဃပူရ'ဟူသော ဝေါဟာရ၏အဓိပ္ပါယ်မှာ ကျားမြို့တော်ဟူ၍ပင် လွယ်လွယ်ကူကူ ခေါ်ခဲ့ကြပေသည်။

ထိုမြို့တော်နှင့်ပတ်သက်သည့် သမိုင်းဟောင်းအချို့မှာ အောက်ပါအတိုင်းပင်ဖြစ်ပေသည်။

ရှေးအခါက လဆီမြစ်ဖျားဒေသသည် ဝိဒေဟရာဇ်တိုင်းပြည်ရှိခဲ့သည်။

ဝိဒေဟရာဇ်တိုင်းပြည်ရှိသော အရပ်ဒေသမှာ တရုတ်နိုင်ငံနယ်နိမိတ်ထဲတွင်ပါဝင်ပြီး လဆီမြစ်မှာလည်း တရုတ်နိုင်ငံမှ မြစ်ဖျားခံစီးဆင်းလာပြီး မြန်မာနိုင်ငံနယ်နမိတ်ကို ဖြတ်ကျော်လာပြီးသောအခါ ဧရာဝတီမြစ်ကြီးနှင့် ပေါင်းစည်းစီးဆင်းသွားသောမြစ်တစ်စင်းဖြစ်သည်။

ဝိဒေဟရာဇ်တိုင်းပြည်ကို စိုးစံအုပ်ချုပ်သော မင်းမှာ ဥတည်မင်းဖြစ်သည်။

ဥတည်မင်းစိုးစံနေသောအချိန်တွင် တောလည်ထွက်သော မုဆိုးတစ်ယောက် ထိုဆန်းသောလူတစ်ယောက်ကို တောနက်ထဲမှ ဖမ်းမိလာသောကြောင့် ဥတည်မင်းအား လာရောက်ဆက်သလေသည်။

တကယ်တော့ မုဆိုးလာရောက်ဆက်သသောသူမှာ လူတစ်ယောက်တော့မဟုတ်ပေ။ လူတစ်ပိုင်း ကိန္နရာငှက်တစ်ပိုင်းဖြစ်နေသော အမျိုးသမီးတစ်ဦးပင်ဖြစ်ပေသည်။

ကိန္နရာမသည် ရုပ်ဆင်းအင်္ဂါ ချောမောလှပခြင်းမှာ နတ်ဒေဝီတစ်ပါးကဲ့သို့ လှပလေရာ ဥတည်မင်းက များစွာနှစ်





သက်သဘောကျသဖြင့် မိဖုရားအရာ မြှောက်စားခဲ့လေသည်။

နှစ်ကာလကြာသောအခါ ကိန္နရာမမှာ သမီးတော်တစ်ပါး ဖွားမြင်လေသည်။

ဖွားမြင်လာသော သမီးတော်လေးမှာ မိခင်ကဲ့သို့ပင် ရုပ်ဆင်းအင်္ဂါ ချောမောလှပပါသော်လည်း မျက်စိနှစ်ကွင်းမှာ မျက်ဆံမပါဘဲ မျက်မမြင်ဘဝနှင့် ရှိလေသည်။

ထိုသမီးတော်ကို 'စောလှမယ်' ဟုအမည်ပေးထားလေသည်။ စောလှမယ်ကို မျက်ကန်းဘဝဖြင့် မွေးလာသောကြောင့် တိုင်းပြည်အတွက် မင်္ဂလာမရှိဟု သတ်မှတ်ကာ ပြည်သူပြည်သားများနှင့် ပညာရှိများက စွန့်ပစ်စေလိုကြသည်။

သို့သော်. . . ဥတည်မင်းကတော့ သားသမီးဟူသော ချစ်ခြင်းဖြင့် မစွန့်မပစ်ရက်ဘဲနှင့် နန်းတော်၌ပင် ထားလေသည်။

ထိုအချိန်ကာအတွင်းမှာတော့ ဝိဒေဟရာဇ်တိုင်းပြည်မှာ ကပ်ဘေးများဆိုက်ကာ မိုးခေါင်လေတော့သည်။

(၁၂)နှစ်ပတ်လုံး မိုးခေါင်သဖြင့် သီးနှံစိုက်ခင်းများ ပျက်စီးကာ ငတ်မွတ်ခေါင်းပါးမှုများဖြစ်သောအခါ တိုင်းသူပြည်သားများ ဆူပူအုံကြွမှုများ ဖြစ်ပေါ်လာတော့သည်။

ထိုအခါ ပညာရှိအမတ်များက အ,မင်္ဂလာအတိတ်နိမိတ်ဖြင့် မွေးဖွားလာသော သမီးတော်ကလေးအား တိုင်းပြည်မှ နှင်ထုတ်မှသာ မိုးလေဝသမှန်ကန်ပြီး အေးချမ်းမှု ရစေနိုင်မည် ဖြစ်ကြောင်း လျှောက်ထားကြလေသည်။

ဥတည်မင်းကြီးနှင့် မယ်တော်ဖြစ်သော ကိန္နရာမယ်က



www.burmeseclassic.com

www.burmeseclassic.com



တော့. . ရင်နှင့်လွယ်မွေးခဲ့ရသော သားသမီးဖြစ်သည်ကတစ်ကြောင်း၊ မျက်မမြင် ဒုက္ခသည် မိန်းမပျိုအရွယ် ဖြစ်နေသည်ကတစ်ကြောင်းကြောင့် မျက်စိအောက်၌ပင် ပြုစုစောင့်ရှောက်ထားလိုသော်လည်း တိုင်းသူပြည်သားတို့၏ လိုအင်ဆန္ဒများကိုတော့ဆန့်ကျင်၍မရကြပေ။

နောက်ဆုံး မတတ်သာတော့သဖြင့် မျက်မမြင်သမီးတော်ကလေးကို တိုင်းပြည်မှနှင်ထုတ်ရန် စီမံရလေတော့သည်။

သမီးတော်ကလေးကို မြစ်ကြောင်းမှ မျှောချရန်အတွက် နဂဋ္ဌာဟုသော ဖောင်ကြီးကို စီမံပြုလုပ်လေသည်။

ထိုဖောင်မျိုးမှာ ရေကြမ်း၊ လှိုင်းကြမ်း၊ ဝဲကြမ်းနှင့်တွေ့လျှင်သော်မှ တော်ရုံနှင့် မပျက်စီးနိုင်အောင် စီမံထားသောဖောင်မျိုးပင်ဖြစ်၏။

ဖောင်ပေါ်တွင်. . မင်းသမီးလေးအသက် (၁၂၀)ရှည်သည်အထိ စားသောက်ရန်အတွက် မပုတ်မသိုးသော အစားအသောက်တို့ကို ပြည့်စုံအောင် ထည့်ပေးပြီးနောက် လဆီမြစ်စဉ်အတိုင်း မျှောချလိုက်လေတော့သည်။

ဖခမည်းတော်နှင့် မယ်တော်တို့မှာ ပြည်သူပြည်သားတို့၏ လိုအင်ဆန္ဒတို့နှင့် မဆန့်ကျင်လိုသောကြောင့် ရင်နှစ်သည်းချာ သမီးကညာကို အဖော်မပါ တစ်ယောက်တည်း ဖောင်ပေါ်တင်၍ စွန့်ပစ်ကြရသော်လည်း များစွာပူဆွေးဝမ်းနည်းခြင်းဖြစ်ကြရလေသည်။

မျက်မမြင်မင်းသမီးလေးကို သယ်ဆောင်သော နဂဋ္ဌာဖောင်တော်သည် လဆီမြစ်ကြောင်းအတိုင်း အောက်သို့ မျှော





ပါလာရာမှ မြစ်ဆုံးသို့ ရောက်သောအခါ တာလီအင်းကြီးဟုခေါ်သော ရောဝတီမြစ်အတွင်းသို့ ပါသွားလေတော့သည်။

တရုတ်မြန်မာနယ်စပ်ဖြစ်သော မိုင်းမော့အရပ်သို့ရောက်သည်နှင့် မင်းသမီးလေးဖောင်တော်ကို စောင့်ကြပ်လိုက်ပါလာကြသော အစောင့်အရှောက်တို့သည်လည်း တရုတ်ပြည်နယ်နိမိတ်ကုန်သွားပြီဖြစ်သဖြင့် ဆက်မလိုက်တော့ဘဲ တရုတ်ပြည်သို့ ပြန်ကြလေသည်။

ရောဝတီမြစ်ကြောင်းအတိုင်း မြန်မာပြည်နယ်နိမိတ်အတွင်းသို့ ရောက်သည်နှင့် မျက်မမြင်မင်းသမီးလေးမှာ ဖောင်ပေါ်တွင် အစောင့်အရှောက်မရှိတော့ပဲ ပါသွားလေတော့သည်။

နဂဋ္ဌာဖောင်ကြီးကတော့ ကျောက်ဆောင် ကျောက်တုံးများ၊ ကမ်းကျသစ်ပင်များ၊ ဝဲကတော့များနှင့် တိုက်ခိုက်မိ၊ တိုးမိသော်လည်း မပျက်စီးဘဲ ဆက်လက်မျှောပါသွားလေသည်။

ထိုအချိန်ကာလက မြန်မာပြည်အထက်ပိုင်းနေရာများမှာ နေထိုင်သူမရှိသလောက်နည်းပြီး သစ်တောကြီးများသာ ဖုံးလွှမ်းထားလေသည်။

ရောဝတီမြစ်ကြောင်းမှာ မြောက်ဘက်မှ တောင်ဘက်သို့ စီးဆင်းရာမှ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်းတို့ပေါင်းစုံထိစပ်သော နေရာရောက်သောအခါ အရှေ့ဘက်မှ အနောက်ဘက်သို့ ရေစီးကြောင်းပြောင်းသွားလေတော့သည်။

ယခု ရွှေကူမြို့ရှိသော နေရာအောက်ဘက်တွင် ရေကြောင်းပြောင်းသော ဝဲကတော့ကြီးတစ်ခုရှိသည်။

ဒေသခံများက 'ဥဒေါင်းဝဲ' ဟုခေါ်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ဥဒေါင်းဝဲရှိသောနေရာမှာ ဧရာဝတီမြစ်ကြောင်း တစ်လျှောက်တွင် ဝဲကြမ်းသောနေရာများထဲတွင် တစ်နေရာပါဝင်ပေရာ ထိုနေရာရောက်တော့ မင်းသမီးလေးပါလာသော ဖောင်မှာ ရှေ့မဆက်နိုင်တော့ဘဲ ဝဲအတွင်းမှာပင် ဝဲလည်နေလေတော့သည်။

ဖောင်ပေါ်မှာပါလာသော မင်းသမီးလေးမှာလည်း မျက်စိမမြင်သော ဒုက္ခသည်ဘဝ ရောက်နေသောကြောင့် ဘာမှမတတ်နိုင်ဘဲ ငိုကြွေးနေရုံသာ တတ်နိုင်လေတော့သည်။

ထိုအချိန်ကာလတွင် 'ဝိန်ဆေ' မှ ကိုးခရိုင်ကို အုပ်ချုပ်နေသော လူထူးလူဆန်းတစ်ယောက်ရှိလေသည်။

"ကျားဖြူသခင်ငအောင်ကျော်" ပင်ဖြစ်၏။

ကျားဖြူသခင် ငအောင်ကျော်ဟု ခေါ်ဝေါ်ရခြင်းမှာ. . ကျားဖြူကိုစီးပြီး သွားလာနေခြင်းကြောင့်တော့ မဟုတ်ပေ။ ၎င်းကိုယ်တိုင်က ကျားအသွင်ပြောင်းလဲနိုင်သောကြောင့် ဖြစ်ပေသည်။

ကျားဖြူသခင် ငအောင်ကျော်သည် လူအသွင်ဖြင့် နေလိုကနေပြီး၊ ကျားအသွင်ဖြင့်ပြောင်းပြီး နေလိုက နေနိုင်သော ထမန်းမျိုးနွယ်ဝင်တစ်ယောက်ပင်ဖြစ်ပေသည်။

လူကနေ ကျားအသွင်းပြောင်းနိုင်သော ထမန်းမျိုးနွယ်များအကြောင်းကိုတော့ ယခင်ရေးထားခဲ့ပြီးသော လုံးချင်းဝတ္ထုများ၌လည်း သက်ဆိုင်ရာ အခန်းများတွင် ထည့်သွင်းဖော်ပြပြီးခဲ့ပေပြီ။

သို့သော်လည်း ကျားဖြူသခင်ငအောင်ကျော်မှာ ထမန်း





မျိုးနွယ်တစ်ဦးဖြစ်သဖြင့် ထမန်းမျိုးနွယ်များအကြောင်းကိုတော့ ထပ်မံရေးသားရပေမည်။

ယေဘူယျတော့ ထမန်းမျိုးနွယ်ဟု ပြောလိုက်လျှင်ပင် လူကနေ ကျားအသွင်၊ ကျားဖြစ်နေရာမှ လူဘဝသို့ ပြန်ပြောင်းနိုင်သောလူမျိုးများဖြစ်သည်ကို သိကြပြီးဖြစ်သည်။

ရှေးကတော့ တောင်ပေါ်ဒေသတွင်နေကြသော နာဂမျိုးနွယ်များတွင် ထိုအတတ်ပညာမျိုးတတ်သည်ဟု ဆိုသည်။

နောက်အော်ကျေးရွာနှင့် ထမံသီနယ်အက်တွင် နေကြသည့် လူအချို့မှာ ထိုကဲ့သို့ အသွင်ပြောင်းလဲနိုင်သော အတတ်ပညာမျိုးတတ်ကြလေသည်။

ထမံသီဟူသော အမည်ကြားသည်နှင့်ပင် ထမန်းကျား၊ သမန်းကျားအကြောင်းကို သတိရကြလေသည်။

ဒေသခံများကတော့ ထိုအဖြစ်အပျက်များကို ပုံပြင်သဖွယ် ရှေးဟောင်းနှောင်းဖြစ်အကြောင်းအရာများအဖြစ် ပြန်လည်ပြောပြကြလေသည်။

တောင်ပေါ်နာဂ နောက်အော်ကျေးရွာက အချို့သော ဆွေမျိုးအုပ်စုတွင် "သမန်းကျား"ဟုခေါ်သော လူမှကျားအသွင်ပြောင်းနိုင်သည့် အမျိုးအနွယ်ရှိခဲ့ဖူးသည်။

"သမန်ကျား"ဆိုသည်မှာ လူ၏ဝိညာဉ်က ကျားကို ပူးကပ်ပြီး သားကောင်များကို ကိုက်ခဲသတ်ဖြတ်သည့်ကျားကို ခေါ်ခြင်းဖြစ်သည်။

သမန်းကျားဖြစ်နေသူသည် အိပ်ရာထဲတွင် အိပ်ပျော်နေသလို လဲနေသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုသူသတိရလာသည့်အခါတွင် သမန်းကျားဖြစ်သွားစဉ်က ကိုက်သတ်ထားသော သားကောင်ရှိရာနေရာကို ပြန်ပြောပြနိုင်သည်။

လွန်ခဲ့သောနှစ်ပေါင်း (၅၀)ခန့်က ထမံသီတွင် ထမန်းအမျိုးသမီးကြီးသည် ထမံသီ၏ နောက်ဆုံးကျားဆက်အဖြစ်နေထိုင်ခဲ့ဖူးသည်။

ဒေါ်မင်းရေးဟုခေါ်သော ထိုအမျိုးသမီးကြီးကို ထိုတစ်ရွာလုံးက လူမှ သမန်းကျားအဖြစ် ပြောင်းနိုင်သော ကျားမျိုးနွယ်ဟု အသိအမှတ်ပြုခဲ့ကြသည်။

ထိုနယ်မြေတွင် ဘိုးစဉ်ဘောင်ဆက်ကတည်းက အသိစွဲ၊ အကြားစွဲ၊ ယုံကြည်စွဲနှင့် ကျားမျိုးဟု ယူမှတ်နေသော ဆွေမျိုးနွယ်များလည်း ရှိခဲ့ဖူးသည်။

ထမန်းမျိုးနွယ်က ကျားအဖြစ်ပြောင်းနိုင်သဖြင့် "မန်းကျား" ဟူ၍လည်း သိကြပေသည်။ သို့သော် "သမန်းကျား"ဟု ဆိုပါက လူသိပိုများသည်။

ထူးဆန်းသော သမန်းကျားပုံပြင်များလည်း ရှိပေသေးသည်။

ကျားနွယ်ကျားဆက်ဖြစ်သည့် ထမန်းတစ်ဦးသည် "သမန်းကျား"ဘဝသို့ ပြောင်းလိုက ပြောင်းနိုင်သည်။

ကျားအဖြစ်ပြောင်းလိုက ထိုသူသည် အဖော်တစ်ဦးနှင့် တောထဲသို့ သွားရ၏။

တောထဲသို့ရောက်သောအခါ ကျားအဖြစ် ပြောင်းမည့်သူက အဝတ်အစားအားလုံးကို ချွတ်ပြီးပါလာသည့် အဖော်ကို





ပေးထားရ၏။

အဖော်ဖြစ်သူက အဝတ်အစားများကိုယူပြီး သစ်ပင်ပေါ်သို့ တက်နေရသည်။ ထိုသို့တက်နေရသည်မှာ သမန်းကျားဖြစ်လာသူက အန္တရာယ်မပေးနိုင်အောင်ဖြစ်သည်။

ထို့နောက် ကျားအဖြစ်ပြောင်းမည့်သူသည် ကျားစိတ်များဝင်လာအောင်လုပ်ပြီး ကျွမ်းသုံးခါထိုး၍ တောထဲသို့ ဝင်ရောက်ပျောက်ကွယ်သွားတော့သည်။

ထိုသူသည် တောထဲတွင် ကျားတစ်ကောင်၏ စွမ်းအားများ၊ သတ္တိများ၊ လျင်မြန်မှု၊ ဖျတ်လတ်မှုနှင့် ရက်စက်ကြမ်းကြုတ်မှုများကိုသုံးကာ သားကောင်ကို ကိုက်ဖမ်း၍သတ်သည်။

သားကောင်ရရှိပြီးသောအခါ အဖော်ရှိရာ သစ်ပင်ကြီးဆီသို့ ပြန်လာ၏။

သားကောင်ဖမ်းပြီး ပြန်လာသူကို တွေ့မြင်သည့်အခါ သစ်ပင်ပေါ်မှအဖော်က အဝတ်အစားများကို လှုပ်ရမ်းပြရသည်။

ကျားစိတ်ဝင်နေသူက အဝတ်အစားများကို မြင်သောအခါ ဘဝမှန်ကို တဖြည်းဖြည်း သတိရလာပြီး လူစိတ်ပြန်ဝင်လာလေသည်။

ထိုအခါ. . အဖော်က သူ့ကို အဝတ်အစားများ ချပေးလိုက်ရသည်။

စိတ်ချရသောအခါ အဖော်သည် သစ်ပင်ပေါ်က ဆင်း၏။

ထို့နောက် သူတို့သည် သမန်းကျားဘဝက ကိုက်သတ်ထားသော သားကောင်ကို ရှာဖွေပြီး ယူဆောင်ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



မနုဿဗေဒပညာရှင်တို့က သမန်းကျားဟူသည် ယုံကြည်စွဲလန်းမှု တိုတမ်ဝါဒတွင် အကျုံးဝင်သည့် ယုံကြည်ချက်တစ်ရပ်ဖြစ်သည်ဟု ဆိုခဲ့ကြသည်။

အဆိုပါ တိုတမ်ဝါဒသည် ယနေ့တိုင် ကမ္ဘာ့နေရာအနှံ့အပြား၌ ရှိနေ တွေ့နေရသေးသည်ဟုလည်း မှတ်တမ်းများက ဆိုပါသည်။

အချို့သော သုတေသီတို့ကမူ တိုတမ်ဝါဒကို ရှေးအကျဆုံး ဘာသာရေးအဖြစ် သတ်မှတ်ကြ၏။ သို့ရာတွင်. . အချို့သုတေသီတို့က ဘာသာရေးဟု မသတ်မှတ်ကြပေ။

ထိုအထဲတွင် မနုဿဗေဒ ပညာရှင်တစ်ဦးဖြစ်သူ ဝီလျံဟောင်းဝဲ(လ) အမည်ရှိ ပုဂ္ဂိုလ်ကြီး၏ အဓိပ္ပါယ်ဖွင့်ဆိုချက်သည် ထင်ရှားသည်။

"တိုတမ်ဝါဒသည် ဘာသာရေးမဟုတ်ချေ၊ သစ်ပင် သို့မဟုတ် တိရစ္ဆာန်တစ်မျိုးမျိုးနှင့် ပတ်သက်သည့် စွဲလန်းယုံကြည်မှု၊ အလေးထား လေးစားလွန်းမှု၊ သစ်ပင် တိရစ္ဆာန်တို့နှင့် ဆွေမျိုးနွယ်စပ်နေသည်ထင်သည့် စိတ်ကူးယဉ်တွေးခေါ်မှုများသာ ဖြစ်သည်"

ဤသို့ အဓိပ္ပါယ်ဖွင့်ဆိုထားသည်။

ဥပမာအားဖြင့်. . .

ခြင်္သေ့ တိုတမ်ဝါဒကို ယုံကြည်နေမိသူအနေဖြင့် မိမိတို့သည် ခြင်္သေ့မျိုးနွယ်မှ ဆင်းသက်ပေါက်ဖွားလာသည်ဟု စွဲစွဲလမ်းလမ်းယုံကြည်နေကြသည်။ မိမိသည် ခြင်္သေ့များနှင့် ဆွေမျိုးတော်စပ်ကြသည်ဟု ယုံကြည်မှုအပြည့်ရှိကြသည်။





သို့ဖြစ်၍ ခြင်္သေ့များသည် သူတို့အတွက် အန္တရာယ်လုံးဝမရှိဟု စိတ်ချထားသည်။ သူတို့သည် ကြောက်ရွံ့စိတ် ကင်းကင်းဖြင့် ခြင်္သေ့တောတွင် ရဲဝံ့စွာ သွားလာကြသည်။

ထိုနည်းတူစွာ မိကျောင်းတိုတမ်ဝါဒီများသည် မိကျောင်းများပေါများလှသည့် မြစ်ချောင်းများထဲသို့ ရဲဝံ့စွာ ကူးသန်းသွားလာဝံ့ကြသည်။ မိကျောင်းများသည် သူတို့ကို အန္တရာယ်မပြုနိုင်ဟု ယုံကြည်ကြလေသည်။

ထို့ပြင် ဝက်ဝံတိုတမ်ဝါဒီများသည် ဝက်ဝံများကို မကြောက်ရွံ့ကြပေ။ သူတို့သည် နှစ်စဉ် ပွဲတော်ရက်များအတွက် အထူးသီးသန့် မွေးမြူထားသည့် ဝက်ဝံကိုသတ်၍ အသားကို ဆွေမျိုးများ၊ မိတ်ဆွေများအား အနည်းငယ်စီဝေငှ၍. . . စားသောက်လေ့ရှိကြသည်။

အဆိုပါ တိုတမ်ဝါဒ အမျိုးအစားကို မနုဿဗေဒ ပညာရှင်တို့က သုံးမျိုးသုံးစား ခွဲခြားထားကြသည်။

ကျေးရွာတစ်ရွာလုံး၌ ဆွေမျိုးအုပ်စုတစ်ခုကသာ လက်ခံယုံကြည်သည့် "ဆွေမျိုးစုတိုတမ်"၊

တစ်ရွာလုံးတွင် တစ်ဦးတည်းက ယုံကြည်သည့် "ပုဂ္ဂလိကတိုတမ်"၊

ကျား/မ အုပ်စုအလိုက် လက်ခံယုံကြည်ကြသည့် "လိင်အလိုက်သက်ဆိုင်သည့်တိုတမ်" ဟူ၍ဖြစ်သည်။

သို့ဖြစ်၍ မနုဿဗေဒပညာရှင်တို့၏ အလိုအရ ဤချင်းတွင်း၊ နာဂနယ်မြေ၌ ပေါ်ပေါက်ခဲ့သည့် သမန်းကျား အယူဝါဒသည် ဆွေမျိုးအုပ်စု တစ်ခုမျှနှင့်သာ သက်ဆိုင်သည့် "ဆွေ



www.burmeseclassic.com

www.burmeseclassic.com



မျိုးစုတိုတမ်”သာဖြစ်သည်။

စိတ္တဗေဒပညာအရ ဤသမန်းကျားစိတ်သည် ဟစ်(စ)တီးရီးယား ခေါ် “စိတ်နိုးကြားထကြွမှု” ဟု ယူဆသည်။

အကြောင်းမှာ သမန်းကျားအဖြစ် ပြောင်းလဲနိုင်သည်ဟု မိမိကိုယ်ကို ယုံကြည်စွဲလမ်းနေသူသည် သားကောင်များကိုနိုင်အောင် တိုက်ခိုက်သတ်ပုတ်နိုင်၏။ ရက်စက်စွန့်စားဝံ့၏။ ကျားစိတ်ဝင်အောင် အထင်အမြင်စိတ်ဖြင့် ယုံကြည်စွာ လှည့်စားပြောင်းလဲပစ်နိုင်သောကြောင့်ဖြစ်ပေသည်။

ရှေးအခါကတည်းက. . လူမှ တိရစ္ဆာန်အသွင်အဖြစ်သော်လည်းကောင်း၊ တိရစ္ဆာန်မှ လူအသွင်အဖြစ်သို့သော်လည်းကောင်း. . ပြောင်းလဲနိုင်သည်များရှိခဲ့သည်။

မြေခွေးများ နှစ်ပရိစ္ဆေရကြာမြင့်အောင် သက်တမ်းရှည်လာသောအခါ လူအသွင်ပြောင်းပြီး နေနိုင်ကြသည်။

နဂါးများလည်း ထိုနည်းတူစွာပင်ဖြစ်၏။

လူအသွင်ပြောင်းကာ လူများနှင့်အတူတကွ ပေါင်းဖော်နေနိုင်ကြလေသည်။

တိရစ္ဆာန်ဘဝမှ လူအသွင်ပြောင်းလဲနိုင်သော တိရစ္ဆာန်အတော်များများရှိကြသည်။

နဂါး၊ ဂဠုန်၊ ဘီလူး၊ မြေခွေး. . . စသည်တို့ဖြစ်သည်။ လူက တိရစ္ဆာန်ဘဝ ကူးပြောင်းသည်ကတော့ များများမရှိပေ။ သမန်းကျားတစ်မျိုးသာရှိသည်။

ကျားဖြူသခင်ငအောင်ကျော်မှာ ထမန်းမျိုးနွယ်ဖြစ်သဖြင့် လူမှ ကျားအသွင်ပြောင်းနိုင်သကဲ့သို့ ကျားအသွင်မှ လူအ





သွင်သို့လည်း ပြောင်းလဲနိုင်သည်။

လူများနှင့် ဆက်ဆံသောအခါ လူအသွင်နှင့်ဖြစ်ပြီး ရန်သူများနှင့် တိုက်ခိုက်ရသည့်အခါ ကျားအသွင်ပြောင်းလဲကာ တိုက်ခိုက်လေ့ရှိသောကြောင့် ရန်သူများက ကြောက်ရွံ့ထိတ်လန့်ကြသည်။

ကျားဖြူသခင်ငအောင်ကျော်မှာ ဝိန်ဆေမြို့တွင် ထီးနန်းစိုက်ပြီး အုပ်ချုပ်သောကြောင့် ‘ကျားဖြူမင်း’ ဟုလည်း ခေါ်သည်။ ကျားဖြူမင်းဟုခေါ်သောအကြောင်းမှာ ငအောင်ကျော်သည် လူအသွင်မှ ကျားအသွင် ပြောင်းလဲသောအခါ ကျားဖြူအသွင်ဖြစ်သောကြောင့်ပင်. . . ။

ထို့ပြင်. . ကျားအသွင်သို့ ရောက်သောအခါမှာလည်း အခြားကျားသတ္တဝါများကဲ့သို့ တောတိရစ္ဆာန်များကို ဖမ်းဆီးသတ်ဖြတ်ပြီးနောက် စားသောက်လေ့မရှိပေ။

သစ်သီးဝလံများကိုသာ စားသောက်သော သူတော်ကောင်းကျားဖြူလည်းဖြစ်သည်။

သို့ကြောင့်လည်း ကျားဖြူအသွင်ပြောင်းနိုင်သော စွမ်းအားရှိသလို အခြားတန်ခိုး ဣဒ္ဓိပါဒ်နှင့်လည်း ပြည့်စုံလေသည်။

ထို့ကြောင့် တစ်နယ်လုံးမှ ကျားဖြူမင်းငအောင်ကျော်အား ဖိန့်ဖိန့်တုန်အောင် ကြောက်ရွံ့ရိုသေကြရလေသည်။

ကျားဖြူမင်းငအောင်ကျော်ပိုင်သော ဝိန်ဆေကိုးခရိုင်မှာ အောက်ပါအတိုင်းဖြစ်သည်။

(၁) မိုးတားမင်းလယ်ခရိုင်၊

(၂) ကသာခရိုင်၊



www.burmeseclassic.com

www.burmeseclassic.com



(၃) ရေပေါ်မီးနဘက်ကြီးခရိုင်၊
(၄) နီရှူးမိုင်းစိုင်းခရိုင်၊
(၅) ပင်းချိုင်းပင်းသာခရိုင်၊
(၆) အင်ထောက်သာခရိုင်၊
(၇) မော်တုံမော်ကယ်ခရိုင်၊
(၈) မဲဇာထီးချိုင့်ခရိုင်၊
(၉) ဝန်းထိုခရိုင်. . .
စသည်တို့ဖြစ်ကြလေသည်။







# အခန်း (၂)

# ဆွေခုနစ်ဆက် မျိုးခုနစ်ဆက် ကျိန်စာ

ဥဒေါင်းဝဲမှာ ဝဲအလွန်ကြမ်းသောနေရာဖြစ်သည်။

ထိုဝဲသို့ရောက်သောအခါ မျက်မမြင်မင်းသမီးလေးစောမယ်လှပါလာသော နဂဠာဖောင်မှာ ဝဲလယ်နေလေတော့သည်။

ကျားဖြူမင်းငအောင်ကျော်မှာ ငှင်းပိုင်သော ကိုးခရိုင်အတွင်းသို့ လှည့်လည်သောအခါ ကျားဖြူအသွင်ပြောင်းပြီးလှည့်လည်လေ့ရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



သို့မှသာ တန်ခိုးဣဒ္ဓိပါဒ်အစွမ်းဖြင့် ကိုးခရိုင်စလုံး နှံ့စပ်အောင် သွားလာကြည့်ရှုနိုင်မည်ဖြစ်ပေသည်။

ထိုသို့လှည့်လည်သွားလာနေစဉ် ဧရာဝတီမြစ်တစ်နေရာ၌ရှိသည့် ဥဒေါင်းဝဲသို့ရောက်သောအခါ ဖောင်တစ်ဖောင်ဝဲလည်နေသည်ကိုမြင်ရသည်။

ဖောင်ပေါ်မှလည်း မင်းသမီး အကူအညီတောင်းနေသော ကယ်ပါယူပါ အသံများကို ကြားရသဖြင့် ထိုဖောင်ကိုကမ်းသို့ရောက်အောင် တန်ခိုးဣဒ္ဓိပါဒ်အစွမ်းဖြင့် ဆယ်ယူလေသည်။ ကမ်းသို့ရောက်သောအခါ ဖော်ပေါ်တွင် ရုပ်ဆင်းအင်္ဂါချောမောလှပသည့် မင်းသမီးတစ်ပါးကို တွေ့ရလေသည်။

"သင်ဘယ်သူလဲ"

"ကျွန်မက ဝိဒေဟရာဇ်ပြည့်ရှင် ဥတည်မင်းရဲ့ သမီးတော် စောမယ်လှ ဖြစ်ပါတယ်ရှင်"

"ဘုရင့်သမီးတော်ဖြစ်ပါရက်နဲ့ ဘယ်လိုအကြောင်းကြောင့် ဖောင်နဲ့မျှောခံရတာပါလဲ"

"ကျွန်မက မွေးကတည်းက မျက်စိနှစ်ကွင်း အလင်းမရသူဖြစ်ပါတယ်၊ ဒါကြောင့် ပြည်သူပြည်သားများ ဆန္ဒအရ တိုင်းပြည်မှာမထားဘဲ အခုလို ဖောင်နဲ့မျှောချခံရခြင်း ဖြစ်ပါတယ်၊ ဒါထက် ကျွန်မကို ကယ်တင်ပေးတဲ့ ကျေးဇူးရှင်က ဘယ်သူပါလဲ"

ဟုမေးလေသည်။

"ငါက လူလည်းမဟုတ်. . နတ်လည်းမဟုတ်ပေ၊ ဤတောတွင် သွားလာကျက်စားနေသော ကျားဖြူမင်းဖြစ်တယ်၊





ငါပိုင်သောနေရာများကို လှည့်လည်ကြည့်ရှုရင်းမှ သင့်ကိုတွေ့သဖြင့် ကယ်ဆယ်ပေးရခြင်းဖြစ်တယ်"

"အသင်ကျားမင်း၊ သင်သာ ကျားတစ်ကောင်ဖြစ်သည်မှန်ပါက ကျွန်မကို ကူညီပေးသောအားဖြင့် ကံဆိုးလှသော ဤဘဝမှ လွတ်မြောက်ခွင့်ရအောင် နေရာမှာတင် ကိုက်သတ်ပေးစေလိုပါတယ်"

ဟု တောင်းပန်ပြောဆိုလေသည်။

သို့သော်လည်း ကျားဖြူမင်းက မသတ်ပေ။

စောမယ်လှမှာ သာမန်မဟုတ်ပေ။

လူနှင့်ကိန္နရာသွေး ပါသူဖြစ်သောကြောင့် သာမန်လူများနှင့် ရုပ်ဆင်းအင်္ဂါမတူပေ။

ဘဝကံကြောင့် မျက်စိနှစ်ကွင်း အလင်းမရသော်လည်း၊ ရုပ်ဆင်းအင်္ဂါက နတ်မိမယ်တမျှ ချောမောလှပသူ ဖြစ်ပေသည်။ ထို့ကြောင့် ကျားဖြူမင်းက မသတ်တော့ပဲ မင်းသမီးအား ၎င်းကျောပေါ်တင်ကာ ဝိန်ဆေမြို့သို့ ခေါ်ဆောင်သွားလေတော့သည်။

နောက်တော့ ကျားဖြူမင်းငအောင်ကျော်က မျက်မမြင်မင်းသမီးလေး စောမယ်လှကို သိမ်းပိုက်ကာ ပေါင်းသင်းခဲ့လေသည်။ ထိုသို့ပေါင်းသင်းခဲ့ရာမှ နှစ်အတော်ကြာသောအခါ သားတော်လေးပါး ထွန်းကားခဲ့လေသည်။

ပထမသားတော်က သိုကော်ဘွား၊ ဒုတိယ သားတော်က သိုင်ဘွား၊ တတိယသားတော်က သိုကျည်ဘွားနှင့် စတုတ္ထသားတော်မှာ သိုဟုန်ဘွား တို့ဖြစ်ကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



သားတော်လေးပါး အရွယ်ရောက်သောအခါ ၎င်းတို့၏ ဘိုးဘွားများအကြောင်း မေးသောအခါ. . မယ်တော်က ဖြစ်ကြောင်းကုန်စင် ပြောပြလိုက်လေသည်။

ထို့ကြောင့် ဘိုးတော်ထံသွားရောက်၍ အမွေတောင်းခံမည်ဟု ပြောကြသောအခါ မိခင်ဖြစ်သူက ခွင့်ပြုပေးလေသည်။

သွားကာနီးသောအခါ သားတော်လေးပါးတို့အား ဘိုးတော်မင်းတရားနှင့်တွေ့ပါက မိမိသားတော်များဖြစ်သည်ကို သိရှိနိုင်ရန်အတွက် လက်ဝတ်တော်ရတနာအပါအဝင် နန်းစဉ်ရတနာများကို ပေးအပ်လိုက်လေသည်။

၎င်းတို့သွားသောအခါ ဖခင်ဖြစ်သူ ကျားဖြူမင်းက သားတော်လေးယောက်စလုံးကို ကျောပေါ်တင်ပြီး သူပိုင်သော ကိုးခရိုင်နယ်မြေအလွန် ဘိုးတော်ဘုရား ဥတည်မင်းပိုင်နက်အစပ်သို့ရောက်အောင် ပို့ပေးခဲ့ပြီးမှ ပြန်ခဲ့လေသည်။

မင်းသားလေးပါးတို့သည် တစ်တောဝင်၊ တစ်တောင်တက်ဖြင့် ခရီးကြမ်းများ ဖြတ်သန်းကာ ဘိုးတော်ဘုရားရှိသောတိုင်းပြည်အထိ ခရီးနှင်ကြလေသည်။

၎င်းတို့လေးယောက်မှာ လူသားများဖြစ်စေကာမူ ဖခင်ဖြစ်သူကျားဖြူမင်း၏ သွေးပါသောကြောင့် တောထဲ၌ တွေ့သမျှတို့ကို ရင်ဆိုင်ကျော်လွှားကာ ဝိဒေဟရာဇ်တိုင်းပြည်ရောက်သည်အထိ ခရီးနှင်ကြလေသည်။

ထိုတိုင်းပြည်သို့ရောက်သောအခါ ဘိုးတော်ဥတည်မင်းထံ အခစားဝင်၍ မြေးတော်များဖြစ်ကြောင်း လျှောက်ထားကြသည်။





မိခင်ပေးလိုက်သော လက်ဝတ်ရတနာနှင့် နန်းစဉ်သုံးပစ္စည်းများကိုပါ ဆက်သကြလေသည်။

မင်းကြီးလည်း မိမိမြေးတော်များဖြစ်သည်ကို သိရသောအခါ များစွာဝမ်းမြောက်ဝမ်းသာ ဖြစ်မိလေသည်။

တိုင်းသူပြည်သားများအရေးကို ငဲ့ကွက်၍ မျက်မမြင်သမီးတော်လေးကို တိုင်းပြည်မှ နှင်ထုတ်ခဲ့ရပြီး နှစ်ပေါင်းများစွာကြာသည်အထိ လွမ်းဆွတ်တမ်းတမှုများဖြစ်နေရာ ယခု မမျှော်လင့်ဘဲ မြေးတော်လေးယောက်ရောက်လာတော့မှ စိတ်ချမ်းသာမှုရကာ ဝမ်းမြောက်ဝမ်းသာလည်း ဖြစ်ရလေသည်။

သမီးတော်အစား မြေးတော်များကို များစွာချစ်ခင်နှစ်သက်မှုရှိသဖြင့် နန်းဆောင်များ၌ လိုလေသေးမရှိအောင် စီမံဆောင်ရွက်ပေးလေသည်။

မင်းသားတို့တတ်အပ်သော အဋ္ဌာရသတစ်ဆယ့်ရှစ်ရပ်သော ပညာတို့ကိုလည်း သင်ကြားပေးလေသည်။

နှစ်အတန်ကြာ၍ တတ်သင့်တတ်အပ်သည့် ပညာများတတ်သောအခါ နေရပ်သို့ပြန်ကြရန် ဘိုးတော်ထံမှာ ခွင့်တောင်းကြသည်။ ထိုသို့ခွင့်တောင်းရင်းနှင့် မိခင်မှာလိုက်သည့်အတိုင်း ဘိုးတော်ထံမှ အမွေတောင်းကြလေသည်။

ထိုအခါ ဘိုးတော်မင်းက မြေးတော်လေးယောက်တို့အား တန်ခိုးသိဒ္ဓိရှိသော ဓားစကြာတစ်စင်းနှင့် လိုတရသော မနောမယအိုးစည်တစ်လုံးကို အမွေပေးလိုက်လေသည်။

ဓားစကြာမှာ. . ရန်သူများနှင့်တွေ့ပါက သူ့အလိုအလျှောက် ခုတ်ထွင်ဖယ်ရှားနိုင်သော ဓားဖြစ်ပြီး မနောမယ အိုး



www.burmeseclassic.com

www.burmeseclassic.com



စည်ကတော့ အလိုရှိသမျှတို့ အိုးစည်တီးရုံဖြင့် ရနိုင်ပေသည်။

“မြေးတော်တို့ ဘိုးတော်အမွေပေးလိုက်သော ဓားစကြာနှင့် မနောမယအိုးစည်ကို အသုံးချပြီး နယ်ပယ်သစ် ရှာဖွေကာ တိုင်းသစ်ပြည်သစ် ထူထောင်စံမြန်းကြပေတော့”

ဟုလည်း မှာကြားလိုက်လေသည်။

မင်းသားလေးယောက်လည်း နေရပ်ပြန်ရောက်သောအခါ မိခင်ဖခင်တို့အား ခွင့်တောင်းပြီး အသီးသီး တိုင်းပြည်သစ်ထူထောင်ကြလေသည်။

ဓားစကြာတန်ခိုးကြောင့် အတားအဆီး၊ အနှောင့်အယှက်တို့ကို သုတ်သင်ဖယ်ရှားပစ်နိုင်လေသည်။

လိုသမျှတို့ကိုလည်း မနောမယအိုးစည် အစွမ်းကြောင့် အလွယ်တကူ ရကြပေရာ တိုင်းပြည်သစ်များ ထူထောင်နိုင်ကြလေသည်။ သိုကော်ဘွားက ယခုမိုးမိတ်မြို့ကို ထူထောင်စိုးစံလေသည်။ တိုင်းပြည်ထူထောင်သောအခါ ကျန်သုံးယောက်က ဝိုင်းဝန်း ကူညီပေးကြသည်။

သိုင်ဘွားက မိုးကောင်းမြို့ကို ထူထောင်စိုးစံလေသည်။ ရှေးနည်းအတိုင်း ကျန်သောညီငယ်နှစ်ယောက်က ဝိုင်းဝန်းအကူအညီပေးကြလေသည်။

သိုကျည်ဘွားက မိုးညှင်းမြို့ကို တည်ထောင်စိုးစံလေသည်။ ညီငယ်ဖြစ်သူက ဓားစကြာနှင့် မနောမယအိုးစည်ကို အသုံးပြုပြီး အကူအညီပေးရာ အခက်အခဲမရှိပဲ ပြီးစီးအောင်မြင်ခြင်းရလေသည်။

ညီတော်အငယ်ဆုံး သိုဟုံဘွားကတော့ ဓားစကြာနှင့်





မနောမယအိုးစည်ကိုယူပြီး တိုင်းပြည်သစ်မတည်ထောင်တော့ပဲ မိဘများကို စောင့်ရှောက်ပေးရန်အတွက် ဝိန်ဆေမြို့မှာပင် နေလေသည်။

ကျန်အစ်ကိုသုံးယောက်တို့ကလည်း ၎င်းတို့က မိဘနှစ်ပါးကို မစောင့်ရှောက်နိုင်ဘဲ အဝေးတွင်ရောက်နေကြသောကြောင့် မိဘနှစ်ပါးအား စောင့်ရှောက်ပေးရန်အတွက် ဓားစကြာနှင့် မနောမယအိုးစည်အား ညီအငယ်ထံမှာပင် ထားကြလေသည်။

၎င်းတို့အုပ်ချုပ်သော တိုင်းပြည်တွင် အကြောင်းတစ်စုံတစ်ရာပေါ်ပေါက်မှသာ ခေတ္တခဏလောက်သာ ယူသုံးကြလေသည်။

ဝိန်ဆေမှာ ရှမ်းဘာသာဖြင့် ခေါ်ဝေါ်ခြင်းဖြစ်ပြီး • အဓိပ္ပါယ်မှာ ‘ကျားတလင်း’ ဟူ၍ဖြစ်သည်။

ကျားသတ္တဝါများပျော်စံရာ ‘ဗျဂ္ဃပူရ’ ဟုလည်း ခေါ်ဝေါ်ကြလေသည်။

ဝိန်ဆေးမြို့တည်ရှိသောနေရာမှာ ယခု ကတူးကစုန်းဒေသနှင့် တဆက်တစပ်တည်းရှိသောနေရာ၌ ဖြစ်၏။

နှစ်ပေါင်းများစွာကြာသောအခါ ကျားဖြူမင်းငအောင်ကျော်နှင့် စောမယ်လှတို့ ကွယ်လွန်အနိစ္စရောက်ကြသဖြင့် ဝိန်ဆေမြို့အား သိုဟုန်ဘွားက ဆက်ခံသိမ်းပိုက်ပြီး အုပ်ချုပ်လေသည်။

၎င်းသည် မိခင်၊ ဖခင်တို့ကွယ်လွန်သောအခါ ၎င်းတို့အတွက် အုတ်ဂူများ စီမံပြုလုပ်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



မြို့၏ အနောက်မြောက်ဘက် ယွန်းယွန်းတွင် မှန်ကင်းတောင်တန်းကြီး ရှိလေသည်။

မှန်ကင်းတောင်တန်းကြီးမှာ ပေပေါင်း (၃၁၇၆)ပေမြင့်ပြီး ဝိန်ဆေမြို့ရှိရာအရပ်အထိ တောင်နှာမောင်းဆင်းလေသည်။ ထိုနေရာတစ်ဝိုက်မှာ သစ်တောကြီးများသာရှိပြီး မြေဩဇာလည်း ကောင်းမွန်လှပေသည်။

သိုဟုန်ဘွားသည် မိခင်ဖခင်တို့၏ဂူကို တောင်ခြေတစ်နေရာ၌ပင် ပြုလုပ်စေသည်။

ဦးစွာအရွယ်အစားတူညီသော ရေကန်ကြီးနှစ်ကန်တို့ကိုတူးစေသည်။

ရေကန်မှထွက်သော မြေများကို အုတ်ဖုတ်၍ ထိုနေရာနှင့် မနီးမဝေးမှာ အုတ်ဂူနှစ်လုံး ပြုလုပ်စေသည်။ ဖခင်အုတ်ဂူပေါ်မှာ ကျားဖြူရုပ်တစ်ကောင် ပြုလုပ်ပေးထားပြီး မိခင်၏အုတ်ဂူပေါ်မှာတော့ ကိန္နရာရုပ်တစ်ခု ပြုလုပ်ထားလေသည်။

ဖခင်ကျားဖြူမင်းရှိစဉ်က ကိုးခရိုင်နယ်ပယ်အတွင်းမှ ကောက်ခံရခဲ့သော ရွှေငွေ၊ ကျောက်သံပတ္တမြားနှင့် ရတနာပစ္စည်းတို့ကိုလည်း ထိုနေရာတစ်ဝိုက်မှာပင် မြှုပ်နှံသိုဝှက်ခဲ့လေသည်။

ရတနာပစ္စည်းတို့ကို သိုဝှက်ပေးခဲ့သော လူယုံတော်လေးယောက်ကိုလည်း ထိုနေရာမှာပင်သတ်ဖြတ်ကာ အစောင့်အရှောက်အဖြစ် ထားခဲ့လေသည်။

ထို့ကြောင့် ထိုရတနာများမှာ ရေကန်နှစ်ကန်၌ပင် ရှိလေသလား။





ဒါမှမဟုတ် အုတ်ဂူနှစ်လုံးအတွင်း၌ပင် ထားခဲ့လေသလား မည်သူမှ မသိကြတော့ပေ။

ကာလကြာသောအခါ ရေကန်ကြီးနှစ်ကန်တို့မှာ ပဒုမ္မာကြာပန်းတို့ဖြင့် ပြည့်နှက်နေပြီး လှပတင့်တယ်ခြင်းဖြစ်ကာ 'ကြာညီနောင်ရေကန်'ဟု ခေါ်ဝေါ်ကြလေသည်။

ဝိန်ဆေမြို့ကို အုပ်ချုပ်နေသည့် သိုဟုံဘွားမှာ ကာလကြာသောအခါ သားတော်တစ်ပါး ဖွားမြင်လေသည်။

'သိုတည်ဘွား'ဟု အမည်ပေးထားလေသည်။

သားတော် သိုတည်ဘွားမှာ အရွယ်ရောက်လာသောအခါ အဘိုးဖြစ်သူ ကျားမင်း၏ဗီဇရိုက် ပါသူဖြစ်သောကြောင့် တောလည်ထွက်ရခြင်းကို များစွာဝါသနာပါသူဖြစ်ပေသည်။

၎င်းသည် ရုပ်ရည်ရူပကာ ခန့်ညားတင့်တယ်မှုရှိသည်သာမကပဲ သူရတ္တိနှင့်လည်း ပြည့်စုံသူဖြစ်ပေသည်။

ထို့ကြောင့် ဖခင်ဖြစ်သူ သိုဟုံဘွားက ၎င်းပိုင်သောကိုးခရိုင်အတွင်းမှ ဘဏ္ဍာတော်အခွန်အကောက်များ လှည့်လည်ကောက်ယူရန်အတွက် သားတော်ကိုပင် တာဝန်လွှဲအပ်ထားလေတော့သည်။

သိုတည်ဘွားလည်း နောက်ပါအခြွေအရံများနှင့် ကိုးခရိုင်အတွင်းသို့ လှည့်လည်ကာ အခွန်အကောက်များ ကောက်ခံလေသည်။

တစ်နေ့သ၌မှာတော့ သားတော်သိုတည်ဘွားမှာ အခွန်ဘဏ္ဍာတော်များ လှည့်လည်ကောက်ခံရင်းနှင့် မမျှော်လင့်သော အဖြစ်အပျက်နှင့် ကြုံတွေ့ရလေသည်။



www.burmeseclassic.com

www.burmeseclassic.com



အခြားတော့မဟုတ်ပေ. . .။

မျက်စိလည်လမ်းမှားပြီး ရွယ်ငယ်ကလေးတစ်ရွာသို့ ရောက်သွားခြင်းပင်ဖြစ်တော့သည်။

ရွယ်ငယ်ကလေးမှာ တောစပ်တစ်နေရာ၌ရှိပြီး တစ်ကြိမ်တစ်ခါမှ မရောက်ဖူးသေးသော နေရာတစ်နေရာလည်း ဖြစ်သည်။ သိုတည်ဘွားမှာ မောပန်းလှသောကြောင့် တောင်ကုန်းတစ်နေရာတွင် သီးနှံစိုက်ခင်းများဖြင့် လှပသော တဲအိမ်တစ်လုံးသို့ ဝင်ရောက်နားလေသည်။

ထိုတဲမှာတော့ လူများများမရှိဘဲ မြေးအဖွားနှစ်ယောက်တည်းသာ နေကြလေသည်။

အဖွားဖြစ်သူက ဒေါ်မင်းဇာဖြစ်ပြီး မြေးဖြစ်သူက သူဇာပင်ဖြစ်သည်။ သူဇာဆိုသော မိန်းကလေးမှာ အသက်(၂၀)ကျော်အရွယ်သာရှိသေးပြီး များစွာချောမောလှပသူဖြစ်လေသည်။

သိုတည်ဘွားကိုမြင်သောအခါ ဘုရင့်သားတော်ဖြစ်မှန်းသိသဖြင့် သောက်ရေ အစားအသောက်တို့ဖြင့် ဧည့်ခံကျွေးမွေးလေသည်။

သိုတည်ဘွားတို့တစ်တွေမှာလည်း မောပန်းလာကြသဖြင့် ဝမ်းပြည့်ရန်အတွက် စားသောက်ကြလေသည်။

သိုတည်ဘွားမှာ သူဇာဆိုသော မိန်းမချောကလေးကို မြင်မြင်ချင်းပင် နှစ်သက်သဘောကျမိလေသည်။

သူဇာကလည်း ယောကျ်ားပီသသော သိုတည်ဘွားကို နှစ်သက်ဟန်ရှိလေသည်။

သို့သော် သူတို့နှစ်ဦး၏ ဘဝအခြေအနေက မိုးနှင့်မြေ





ပမာကွာခြားလှပေသည်။

ကိုးနယ်ခရိုင်ကို အုပ်စိုးသော ဘုရင်သားတော်တစ်ပါးနှင့် သာမန်ကျေးလက်သူတစ်ယောက်မှာ ဘယ်လိုနည်းနှင့်မှ ...းစပ်နိုင်ရန် မရှိပေ။

သို့သော်လည်း သိုတည်ဘွားက သူဇာအပေါ် ချစ်ခင်...လမ်းနေပြီဖြစ်သဖြင့် ခရီးထွက်တိုင်း ထိုနေရာသို့ တကူးတကဝင်ရောက်တွေ့ဆုံလေသည်။

နောက်ကာလအတန်ကြာသောအခါ သိုတည်ဘွားနှင့် သူဇာတို့ အခြေအနေကို ရိပ်မိသောအခါ ဒေါ်မင်းဇာက ပြောသည်။

"မင်းသား၊ ငါတို့မြေးအဖွားမှာ မက်လောက်စရာ ငွေကြေးမနေလည်းမရှိပေ၊ ဂုဏ်ပကာသနလည်း ဘာတစ်ခုမှမရှိပေ၊ ငါတို့တွင် ဆင်းရဲခြင်းသာ ရှိကြပေသည်၊ သင့်ဖခမည်းတော်သိပါက မည်သည့်နည်းနှင့်မှ ခွင့်လွှတ်ပေးနိုင်မည် မဟုတ်ပေ၊ အကယ်၍ သင့်ဖခင်သိသွားခဲ့သော် ငါတို့မြေးအဖွားမှာ ရာဇဝတ်ဘေးဒဏ် သင့်ပေလိမ့်မည်"

ဟု ရှေ့ရေးကို စိတ်မအေးစွာဖြင့် ပြောလေသည်။

ထိုအခါ သိုတည်ဘွားက. . .၊

"ဒီအတွက်တော့ စိတ်မပူပါနှင့်၊ ကျွန်တော်သဘောကျနှစ်သက်ခြင်းရှိပါက ဖခမည်းတော်၊ မယ်တော်တို့က ကန့်ကွက်တားဆီးခြင်း ပြုကြမည်မဟုတ်ပါချေ"

ဟု ပြောလေသည်။

"ဒါဖြင့် တစ်စုံတစ်ခုဖြစ်လာပါက မြေးမလေးအတွက်



www.burmeseclassic.com

www.burmeseclassic.com



သင်တာဝန်ယူပေးနိုင်သလား"

"တာဝန်ယူပေးပါ့မယ်"

"အန္တရာယ်တွေ့လာလျှင် ကာကွယ်ပေးနိုင်ပါ့မလား"

"ကာကွယ်ပေးပါ့မယ်"

"အကယ်၍ ကာကွယ်မပေးနိုင်ခဲ့သော် မည်သို့ရှိပါမည်နည်း"

"သူဇာအတွက် အကာအကွယ်မပေးနိုင်ပါက တူသောအကျိုး ခံယူပါမည်ဟု သစ္စာဆိုဝံ့ပါတယ်"

"ကောင်းပါပြီ၊ အသင်မင်းသား ပေးထားသော သစ္စာတရား၊ ချစ်ခြင်းမေတ္တာကို မခွဲလိုတော့ပါပေ. . "

ဟုပြောဆိုလေသည်။

မင်းသားအနေဖြင့် သူဇာအပေါ်တွင် စွဲလမ်းနေသောစိတ်ကြောင့်သာ လွယ်လင့်တကူ ကတိပေးရသော်လည်း သူ့အနေဖြင့် ရှေ့တွင်ဖြစ်လာမည့်အကြောင်းများကိုတော့ ကြိုတင်မသိနိုင်ခဲ့ပေ. . .။

ထိုအကြောင်းကို နောက်ပါငယ်ကျွန်အချို့က သိုဟုံဘွားထံ ပြန်လည်လျှောက်တင်ကြရလေသည်။

သိုဟုံဘွားသိသောအခါ သားတော်ကို အပြစ်တင်စကားမဆိုဘဲ ထိုမိန်းကလေးနှင့် ပတ်သက်သည့် အကြောင်းများအား လျှို့ဝှက်စွာ စုံစမ်းကြည့်လေရာ ထိတ်လန့်ဖွယ်ရာကောင်းသော သတင်းအချို့ကို ကြားသိရပေတော့သည်။

အခြားမဟုတ်ပေ. . .။

ဒေါ်မင်းဇာတို့မြေအဖွားနှစ်ယောက်မှာ သာမန်မဟုတ်





ကြပေ. . .။

စုန်းကဝေပညာ တတ်ကျွမ်းသူများဖြစ်သဖြင့် ရွာထဲမှာပင် မထားဝံ့သောကြောင့် ရွာအပြင်မှာ ထားရသည်ဆိုသော သတင်းပင်ဖြစ်ပေသည်။

ထိုအခါ လှူယုံတော်များက လျှောက်တင်လေသည်။

"သားတော်ကို စုန်းမများက ဥပါယ်တံမျဉ်နဲ့ ဖြားယောင်းသိမ်းသွင်းထားခြင်း ဖြစ်နိုင်ပါတယ် အရှင်"

"ဒါဖြင့် ဘယ်လိုစီမံရမလဲ၊ နှစ်ယောက်စလုံးကို ကွပ်မျက်သုတ်သင်ပစ်မှ ဖြစ်တော့မယ်"

"စုန်းကဝေပညာများကို ဒီလိုအကြမ်းဖက်လို့ မရနိုင်ပါဘူး၊ သူတို့နေရာသွားရင် သူတို့မာယာနဲ့ ဖြားယောင်းခြင်းကို ခံရနိုင်ပါတယ်၊ ဒီတော့ သုတ်သင်မယ်ဆိုရင် တစ်ယောက်ချင်း နန်းတော်ရောက်အောင် ခေါ်ဆောင်ပြီးမှ. . သုတ်သင်သင့်ပါတယ်"

ဟု အကြံပေးလေသည်။

တစ်နေ့တော့ သိုဟုံဘွားက သားတော်ကို အကြောင်းစုံမေးရာ သားတော်သိုတည်ဘွားကလည်း ဖြစ်ပျက်ခဲ့သောအကြောင်းများကို မခြွင်းမချန်ပင် ပြောပြလေသည်။

"သားတော်၊ ငါကတော့ ဂုဏ်ပကာသနတွေကို မက်မောခြင်းမရှိပေဘူး၊ သို့သော် မင်းချစ်သူ မိန်းကလေးရဲ့ မျိုးရိုးဇာတိတော့ သိဖို့လိုပေလိမ့်မယ်၊

သို့မဟုတ်ပါက မင်းရဲ့ဘကြီးတော်တွေနဲ့ ဆွေတော်မျိုးတော်တွေက မေးမြန်းစုံစမ်းပါက ငါအနေနှင့် အဖြေပြရခက်



www.burmeseclassic.com

www.burmeseclassic.com



ပေလိမ့်မည်၊

ထို့ကြောင့် သင်နှစ်သက်နေသော မိန်းမပျိုအား နန်းတော်သို့ ခေါ်ဆောင်ခဲ့ပါလေ. . .”

ဟုပြောသဖြင့် သိုတည်ဘွားလည်း သူဇာနေသောနေရာသို့ ချက်ခြင်းသွားကာ အကျိုးအကြောင်းပြောကာ ခေါ်လေသည်။ သူဇာကတော့ နန်းတော်သို့ မလိုက်လိုပေ။

သို့သော် ချစ်သူ၏ဆန္ဒကို မငြင်းပယ်လိုသောကြောင့်သာ လိုက်လာရလေသည်။

နန်းတော်ရောက်သောအခါ သင့်တော်သောအဆောင်တစ်ဆောင်၌ ထားလေသည်။

သိုတည်ဘွားကတော့ ချစ်သူနှင့် နီးစပ်ခွင့်ရတော့မည်ဟုထင်ကာ အပျော်ကြီး ပျော်ရွှင်နေလေသည်။

တစ်နေ့တော့ ဘကြီးတော်သိုကျည်ဘွားထံမှ အမှာစာရောက်လာသောကြောင့် ခရီးထွက်ရန် ပြင်ရပြန်လေသည်။

ခရီးမထွက်ခင် သူဇာနှင့်တွေ့ပြီး အားမငယ်စေရန်လည်း ဇတန်တန်မှာကြားထားခဲ့လေသည်။ သူဇာခမျာတော့ ချစ်သူ့မျက်နှာ တစ်ရွာထင်လျှက် လိုက်လာရာ ယခုမှ သောကများစွာ၊ မျက်ရည်စက်များစွာတို့ဖြင့် ကျန်ခဲ့ရရှာပေသည်။

သိုတည်ဘွားမရှိတော့သောအခါ လူယုံတော်များက သူဇာကိုဖမ်းဆီးချုပ်နှောင်ကာ ကြာညီနောင် ရေကန်ရှိရာသို့ ခေါ်သွားကြလေသည်။

စုန်းမများမှာ ဓားလှံဖြင့်သတ်၍ မသေ၊ မီးတိုက်လည်း မရသဖြင့် ရေကန်ထဲတွင် ရေနစ်သတ်ရန် ပြင်ကြလေသည်။





ထိုသို့သတ်ကာနီးတွင် သူသတ်သမားက ဝတ္တရားရှိသည့်အတိုင်း မေးသည်။

“ဟဲ့. . စုန်းမ၊ နောက်ဆုံးဘာပြောချင်သေးသလဲ”

“ငါ့အနေနဲ့ကတော့ ငါ့အပေါ် မတရားရက်စက်ကြတဲ့ နင်တို့အားလုံးကို ကျိန်စာတိုက်ဖို့ပဲ ရှိပါတော့တယ်၊

ငါ့ကို ရက်စက်တဲ့ဘုရင်နဲ့ လူတွေအားလုံး ငါသေသလို အသေဆိုးနဲ့ သေကြပါစေ၊ ဆွေခုနစ်ဆက် မျိုးခုနစ်ဆက် ဘဝအဆက်ဆက်မှာ နင်တို့နဲ့ပတ်သက်တဲ့ ဘဝဆက်တွေအားလုံး၊ အဆက်အနွယ်ရှိသူတွေအားလုံး ချစ်တဲ့သူနဲ့မပေါင်းကြရဘဲ သေကွဲကွဲတဲ့ အဖြစ်ဆိုးနဲ့ကြုံတွေ့ကြရပါစေ. . .”

ဟူ၍ ကျိန်ဆိုလေသည်။

ထိုကျိန်စာဆိုသံကြားသောအခါ သူသတ်သမားများပင် နားကြောစိမ့်လောက်အောင် ကြောက်ရွံ့သွားကြလေသည်။

သို့သော်လည်း ဘုရင့်အမိန့်အတိုင်း သူဇာဆိုသော အမျိုးသမီးအား ကြိုးဖြင့်တုပ်နှောင်ကာ ကြာညီနောင်ကန်အတွင်း၌ ရေနှစ်ကာ သတ်ဖြတ်သုတ်သင်လိုက်ကြလေတော့သည်။

ရက်အတော်ကြာမှ သိုတည်ဘွားပြန်ရောက်လာသောအခါ သူဇာကို မတွေ့ရတော့ပေ။

အကျိုးအကြောင်းမေးမြန်းစုံစမ်းကြည့်သောအခါ နေရပ်သို့ပြန်သွားကြောင်း ပြောပြသဖြင့် တစ်ကိုယ်တည်း ထိုနေရာသို့ လိုက်သွားလေသည်။

တဲသို့ရောက်သောအခါ ဒေါ်မင်းဇာတစ်ယောက်တည်း တွေ့ရပြီး သူဇာကိုတော့ မတွေ့ရတော့ပေ။



www.burmeseclassic.com

www.burmeseclassic.com



"သူဇာဘယ်မှာလဲ"

"ငါ့မြေးလေးကို မင်းကခေါ်သွားပြီး၊ သူတို့က သတ်ပစ်လိုက်ကြပြီလေ၊ ဒီမှာ ဘယ်တွေ့ပါ့တော့မလဲ၊ မင်း သူ့ကိုတွေ့ချင်ရင် ကြာညီနောင်ရေကန်ကိုသွားပေတော့၊ အဲဒီမှာ သူ့ဝိညာဉ်ရှိတယ်"

ဟုပြောပြလေရာ များစွာပူဆွေးသောက ရောက်ရလေတော့သည်။

ထို့ကြောင့် ထိုနေရာမှ လှည့်ပြန်ရန်ပြင်တော့ ဒေါ်မင်းဇာက ပြောလေသည်။

"မင်းပေးထားခဲ့တဲ့ ကတိကိုတော့ သတိရရဲ့လား"

"ရပါတယ်. . သူ့ကိုအကာအကွယ် မပေးနိုင်ခဲ့ရင် တူသောအကျိုးအတိုင်း ခံပါ့မယ်လို့ သစ္စာဆိုထားပါတယ်၊ ကျွန်တော်ပေးထားခဲ့တဲ့အတိုင်း တည်ရစေပါမယ်"

ဟုပြောပြီး ထိုနေရာမှ ပြန်ထွက်ခဲ့လေသည်။

ညအချိန်ရောက်တော့ ကြာညီနောင်ရေကန်ရှိသောနေရာသို့သွားရာ သူဇာ၏ဝိညာဉ်ကိုသာ တွေ့ရပြီး အကြောင်းစုံသိရလေတော့သည်။

မတတ်နိုင်တော့ပေ. . .။

သူ့အနေနှင့် သူဇာကို အကာအကွယ်မပေးနိုင်ခဲ့ပေ။

သို့ကြောင့် ကတိသစ္စာပြုထားသည့်အတိုင်း ပြုရုံသာရှိပေတော့သည်။

အခြားတော့မဟုတ်ပေ. . .။

ရေကန်ထဲသို့ဆင်းကာ အဆုံးစီရင်သွားခြင်းပင်ဖြစ်ပေ





တော့သည်။

သို့သော်လည်း သူဇာထားခဲ့သော ကျိန်စာကတော့ ဆွေခုနစ်ဆက် မျိုးခုနစ်ဆက် သင့်ခဲ့သည်ကတော့ အမှန်ပင် ဖြစ်ပေတော့သည်။

ထိုအပြစ်အပျက်များဖြစ်ပျက်ခဲ့ပြီး နှစ်ပေါင်းများစွာကျော်လွန်ကာ (၁၉၃၀)ခုနှစ်အချိန်ကာလသို့ ရောက်ရှိလာခဲ့လေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com







# အခန်း [ ၃ ]

# မိုင်းသုံတောင်မှ အနှောင့်အယှက်များ

အချိန်ကာလမှာ (၁၉၃၀)ပြည့်နှစ် ရောက်ခဲ့ပြီဖြစ်သော်လည်း ဗြိတိသျှနယ်ချဲ့များလက်အောက်မှာပင် ရှိနေသေးသောကြောင့် ကောင်းလှသည်တော့မဟုတ်ပေ။

မြန်မာနိုင်ငံအလယ်ပိုင်းဒေသတို့လောက်သာ စည်ကားမှုရှိပြီး၊ မြောက်ပိုင်းဒေသများအပါအဝင် အခြားဒေသများကတော့ သာမန်အခြေအနေမျှသာရှိပေသည်။

☺ အောင်မြင်စာပေ ☺

www.burmeseclassic.com

www.burmeseclassic.com



ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ် အပါအဝင် မြောက်ပိုင်းဒေသတို့တွင် လူနေမှုနည်းပါးပြီး စည်ကားတိုးတက်ခြင်းမရှိလှပေ။

တောတောင်ထူထပ်သည်ကတစ်ကြောင်း၊ ခရီးလမ်းပန်းဆက်သွယ်ရေး မကောင်းသည်ကတစ်ကြောင်းကြောင့် နေထိုင်သွားလာသူ နည်းပါးကြရခြင်းဖြစ်ပေသည်။

ထိုကဲ့သို့ လူသူအနေအထိုင်နည်းပြီး အသွားအလာ လမ်းပန်းဆက်သွယ်ရေးခက်ခဲသော အရပ်ဒေသများတွင် မူးမြစ်ဝှမ်းဒေသလည်း အပါအဝင်ဖြစ်သည်။

မူးမြစ်များဒေသတစ်ဝိုက်တွင် ကတူးကနန်းလူမျိုးစုတို့ နေထိုင်မှုများသဖြင့် 'ကတူးကနန်း' ဒေသဟုပင် အခေါ်အဝေါ်များသည်။

၎င်းမှာ ပင်လယ်ဘူးမြို့နယ်အတွင်းမှာ ပါဝင်ပြီး မြင့်မားသော တောင်တန်းကြီးများက အရှေ့ဘက်၊ အနောက်ဘက်တို့တွင် ကာရံထားသောကြောင့် အလယ်နေရာတွင် ချိုင့်ဝှမ်းကဲ့သို့ ဖြစ်နေသည်။

လျှို့မြောင်မြစ်ချောင်းတို့ ပေါများကာ မြေသြဇာကောင်းလှသဖြင့် သီးနှံဖြစ်ထွန်းမှုကောင်းလှသည်။

ကတူးကနန်းဒေသဟုခေါ်သော ထိုအရပ်ဒေသမှာ ပင်လယ်ပြင်ထက် ပေပေါင်း(၈၈၈)ပေမြင့်ပြီး တောင်စွယ်တောင်တန်း အလွန်ပေါသော အရပ်ဒေသဖြစ်သည်။

လက်သုံးတောင်၊ သုံးထပ်ကြီးတောင်၊ နွားလပို့တောင်၊ အုန်းပင်တောင်၊ ရိုးမတောင်တို့အပြင်၊ မိုင်းသုံတောင်နှင့် မှန်





ကင်းတောင်တန်းကြီးတို့က ထိုအရပ်ဒေသကို ဝန်းရံထားကြသည်။

ပေပေါင်းငါးထောင်ကျော်မြင့်သော တောင်များနှင့် ပေပေါင်းနှစ်ထောင်ကျော်၊ သုံးထောင်ကျော်မြင့်သော တောင်များလည်း အများအပြားရှိကြလေသည်။

ထိုဒေသတစ်ဝိုက်တွင် မူးမြစ်မှာ အဓိကျသောမြစ်တစ်စင်းဖြစ်ပြီး အခြားမြစ်ခွဲများစွာတို့လည်း ရှိကြလေသည်။

မူးမြစ်သည် ရေစီးကြမ်းသည့်အပြင် မြစ်လယ်တစ်ဝိုက်တွင် ကျောက်တန်း၊ ကျောက်ဆောင်များ ကန့်လန့်ခံနေသောကြောင့် သစ်ဖောင်များ မျှောချ၍ မရပေ။ ရေလည်တွင် ကန့်လန့်တားဆီးထားသော နေရာများတွင် ရေတံခွန်များကဲ့သို့ ဖြစ်နေလေသည်။

ထို့ကြောင့် ရေလမ်းခရီးဖြင့် သွားလာ၍ မရနိုင်ဘဲ တောတောင်ခရီးလမ်းများမှသာ သွားလာကြရသည်။

ပင်လယ်ဘူးနယ်သည် တောတောင်ရေမြေ သဘာဝကောင်းသလို သယံဇာတပေါများသော အရပ်လည်းဖြစ်သည်။ ယမ်းစိမ်း၊ ရွှေ၊ ငွေ၊ ကြေး၊ ခဲ၊ ကျောက်ချဉ်နက်၊ ကျောက်မီးသွေး အပွ၊ စလင်းကျောက်တို့ ထွက်သည်။

မော်ဆည်ရွာပတ်ဝန်းကျင်၌ ဆားတွင်းပေါင်းများစွာတို့ရှိကြသည်။

ရှေးအခါက မော်ဆယ်ရွာပတ်ဝန်းကျင်တစ်ဝိုက်၌ဆားတွင်းပေါင်း (၃၆၀၀)ကျော်ရှိခဲ့ကြောင်း မှတ်တမ်းများမှ ဖော်ပြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



မော်ဆယ်ရွာမှာ ရှမ်းဘာသာဖြင့် မှည့်ခေါ်ထားသော အမည်ဖြစ်ပြီး 'သယံဇာတပစ္စည်းထွက်သောအရပ်ဒေသ' ဟု အဓိပ္ပါယ်ရှိလေသည်။

မော်ဆယ်ရွာဆိုရာတွင် ဆယ်ရွာပေါင်းထားခြင်းလည်း ဖြစ်၏။ ကမ္ဘာ၊ မော်ဟိုင်း၊ နမ္မား၊ စွန်ဖား၊ မော်ခွင်၊ စည်းနန်း၊ မော်တိတ်၊ မော်ခါး၊ ကနန်း၊ မန်အင်. . . စသော ဆယ်ရွာကို ပေါင်းစည်းသမှုပြုပြီးခေါ်သော အမည်လည်းဖြစ်သည်။

မော်နိုင်းမှာ ဆားနီထွက်ရာဒေသဖြစ်ပြီး၊ မော်ဟိုင်းမှာ ဆားဖြူထွက်သည့်အရပ်ဒေသလည်း ဖြစ်ပေသည်။

ထို့အပြင်. . အဂ္ဂိရတ်ပညာတွင် များစွာအသုံးဝင်သော ဗဟန်းရွှေ၊ ဗဟန်းသံ၊ ရွှေဆတ်၊ ကျောက်ချဉ်နက်၊ နန္ဒင်းနက်နှင့် ဂမုန်းပင်ပေါင်းများစွာတို့ကိုလည်း မိုင်းသုံတောင်ခြေ၌ ရှာဖွေရရှိနိုင်ကြပေသည်။

ကတူးကနန်းဒေသဟုခေါ်သော မူးမြစ်ဝှမ်းတစ်ဝိုက်တွင် ရှေးနှစ်ပေါင်းများစွာကပင် လူတို့အခြေချ နေထိုင်ခဲ့ကြသည့် ရွာဟောင်းကြီးများရှိခဲ့ကြသည်။

ကာလကြာသောအခါ အချို့ရွာဟောင်းများမှာ ပျက်စီးပပျောက်သွားကြပြီး အချို့ရွာဟောင်းများကတော့ ကျန်နေကြသေးသည်။

မိုင်းသုံတောင်ခြေတွင်ရှိကြသော ကမ္ဘာရွာ၊ ကပ္ပတ္တုတ်ရွာ၊ ကပ္ပန္တာစည်ကြီးဝိုင်းကျေးရွာတို့မှာ ရှေးဟောင်းရွာကြီးများ ဖြစ်ကြပေသည်။

ချိုင့်ဝှမ်းဒေသများ၌ လူနေများသော်လည်း တော





တောင်ထူထပ်သော အရပ်ဒေသများမှာတော့ လူနေနည်းသည်။ လမ်းပန်းဆက်သွယ်ရေး ခက်ခဲသောကြောင့်ဖြစ်သည်။

သို့သော်လည်း တောင်ပေါ်ဒေသများ၌ ရှေးအခါကပင် မြို့စား၊ ရွာစားများ အခြေချနေခဲ့ကြပေသည်။

အဘယ်ကြောင့်ဆိုသော်. . .

ထိုအရပ်ဒေသများသို့ အခြားမှလာရောက်ကြသည့် ရန်သူများ အလွယ်တကူ မရောက်နိုင်ကြသောကြောင့်ဖြစ်သည်။

ထိုခေတ်အချိန်အခါက ရန်သူများလာရောက်ရန် ခဲယဉ်းလှသော နေရာအချို့တွင် မြို့ရွာတည်ကာ နေထိုင်ခဲ့ကြပေသည်။

အမြင့်ပေပေါင်း (၅၃၅၅)ပေ မြင့်သည့် မိုင်းသုံတောင်ခါးပန်း၌ပင် ကျောက်သားများကို ထုဆစ်ပြီး မြို့ရွာတည်ထောင်လျက် နေခဲ့ကြသည်။

ထိုမြို့ဟောင်းမှာ ယခုအချိန်အထိ ကျောက်သားမြို့ဟောင်းအဖြစ် တည်ရှိခဲ့လေသည်။

တောင်ခါးပန်း၌ ပြုလုပ်ထားသောမြို့ကို ကျောက်တံတိုင်း၊ ပစ္စင်၊ ရင်တားတို့ကိုပင် ကျောက်သားကို ထွင်းထုပြုလုပ်ထားလေသည်။

ရှမ်းဘာသာဖြင့် 'ဝိန်တာ'မြို့ဟုခေါ်သော ထိုမြို့တွင် ရှေးအခါက လူပေါင်းများစွာနေထိုင်ခဲ့ကြသည့် အထောက်အထားများတွေ့ရလေသည်။

မြန်မာနိုင်ငံတစ်ခုလုံး ဗြိတိသျှနယ်ချဲ့တို့ လက်အောက်ကျရောက်ခဲ့ပြီးသောအချိန်ကာလ ရောက်လာတော့လည်း



www.burmeseclassic.com

www.burmeseclassic.com



တောတောင်မြစ်ချောင်းများ ကာရံပိတ်ဆီးထားသော မူးမြစ်ဝှမ်းဒေသများမှာ လူသူအရောက်အပေါက် နည်းလှသည့် အရပ်ဒေသများအဖြစ်ပင် ရှိခဲ့ကြသည်။

ရှေ့၌ရေးခဲ့သည့်အတိုင်း ထိုအရပ်ဒေသမှာ ရေမြေသဘာဝ၊ ရာသီဥတု မျှတကောင်းမွန်သောကြောင့် အသီးအနှံ ဆန်စပါး ဖြစ်ထွန်းသည်ကတစ်ကြောင်း၊ သဘာဝသယံဇာတ ပေါများကြွယ်ဝသည်ကတစ်ကြောင်းကြောင့် အခြေချနေထိုင်ကြသော ရွာဟောင်းကြီးများတော့ ရှိကြပေသည်။

ထိုရွာကြီးများထဲတွင် ကြာညီနောင်ရွာကြီးလည်း တစ်ရွာအပါအဝင်ဖြစ်လေသည်။

ကြာညီနောင်ရွာကြီး တည်ထားသောနေရာမှာ ဝိန်ဆေမြို့(နောက်တော့ ဝန်သိုမြို့အမည်ပြောင်းလဲခေါ်ဝေါ်ကြသည်)၏ မြောက်ဘက်ယွန်းယွန်းဘက်၌ ရှိလေသည်။

ကြာညီနောင်ရွာကြီးမှာ အိမ်ခြေတစ်ရာခန့်ရှိပြီး ထိုနေရာတစ်ဝိုက်တွင် အိမ်ခြေများသော ရှေးဟောင်းရွာကြီးတစ်ရွာဖြစ်ပေသည်။

ထိုရွာကြီးတွင် ကတူးကနန်းမျိုးနွယ်တို့ အများစု နေထိုင်ကြပြီး အခြားလူမျိုးတို့လည်း စုပေါင်းနေထိုင်ကြသည်။ ဗမာလူမျိုး အတော်များများလည်း ရှိကြလေသည်။

ထိုရွာတွင် နီမောင်တို့မိသားစု နေထိုင်ကြသည်။

ဖခင်ဦးဘရှိန်၊ မိခင်ဒေါ်ကျင်မေတို့အပြင် နီမောင်ကသားအကြီးဖြစ်ပြီး ညီမဖြစ်သူ နှင်းမေလည်းရှိသည်။ နီမောင်က (၂၅)နှစ်ခန့်ရှိပြီး နှင်းမေက (၁၉)နှစ်အရွယ်ခန့်ရှိလေသည်။





၎င်းတို့မိသားစုမှာ ကြာညီနောင်ရွာကြီးသို့ ရောက်ပြီးလာရောက်နေထိုင်ခဲ့ကြသည်မှာ နှစ်အတော်ကြာခဲ့ပြီးဖြစ်သည်။ ထိုရွာသို့ရောက်လာပုံကလည်း နည်းနည်းတော့ ထူးဆန်းသကဲ့သို့ရှိပေသည်။

သူတို့မိသားစု မူလနေသောအရပ်မှာ မြစ်ဝကျွန်းပေါ်ဒေသ၌ ဖြစ်သည်။

နောက်ပိုင်းတွင် သစ်တောကြီးများနှင့်နီးသော မြစ်ဝကျွန်းပေါ်ဒေသများမှာ မငြိမ်မသက်ဖြစ်လာသောကြောင့် နေရာအနှံ့ ရွှေ့ပြောင်းနေထိုင်ကြရပေသည်။

နောက်တော့ ပယ်လယ်ဘူးဘက်မှာနေသော မိတ်ဆွေတစ်ယောက်နှင့်တွေ့ပြီး ခေါ်သဖြင့် ထိုအရပ်သို့ ရောက်လာကြခြင်းဖြစ်ပေသည်။

ပထမတော့ အောက်အရပ်ဒေသတွင် ခေတ်ကာလအခြေအနေမကောင်းသဖြင့် ခေတ္တခဏသာနေဖို့ရန် စိတ်ကူးထားကြသော်လည်း တကယ်တမ်းနေကြည့်သောအခါ အစားအသောက်ရော အနေအထိုင်ပါ အဆင်ပြေလှသောကြောင့် ထိုရွာမှာပင် အခြေချနေထိုင်ခဲ့ကြခြင်းဖြစ်သည်။

ယခုတော့ ကြာညီနောင်ရွာ၌ နေကြရသည်မှာ နှစ်အတော်ပင် ကြာခဲ့ပေသည်။

သူတို့မိသားစုတွင် လယ်တစ်ကွက်နှင့် တောင်ယာစိုက်ခင်းတစ်ခုရှိသည်။ ဆန်းစပါးအပြင် အခြားသီးနှံများကို စိုက်ပျိုးစားသောက် ကြသည်။ ၎င်းအရပ်ဒေသမှာ ရေမြေရာသီဥတု သဘာဝကောင်းလှသဖြင့် သီးနှံများစိုက်ပျိုးပါက များစွာဖြစ်



www.burmeseclassic.com

www.burmeseclassic.com



ထွန်းလေသည်။

ဆန်စပါးအပြင် မြေပဲ၊ စားတော်ပဲ၊ ဆေးရွက်၊ ရှောက်သီး၊ သံပုရာသီး၊ လက်ဖက်၊ လိမ္မော်၊ ကြက်သွန်၊ ကော်ဖီ၊ ကြံ၊ ငှက်ပျော၊ နာနတ်တို့အပြင် အခြားသီးနှံများလည်း စိုက်ပျိုးလျှက် စိုက်ပျိုးသလောက် ဖြစ်ထွန်းအောင်မြင်မှု ရကြလေသည်။

သို့သော်. . အခြားဒေသများသို့ တင်ပို့ရောင်းချ၍ရလောက်အောင်တော့ မစိုက်ပျိုးကြပေ။

အဘယ်ကြောင့်ဆိုသော်. .

သီးနှံအမြောက်အများရသော်လည်း ရောင်းချနိုင်သောနေရာအထိသို့ သစ်သီးများကို သယ်ယူမသွားနိုင်ကြသောကြောင့်ပင်ဖြစ်သည်။

အခြားမြို့ရွာများမှ ကုန်သည်များကလည်း ခရီးလမ်းခက်ခဲလှသောကြောင့် တကူးတက လာရောက်ဝယ်ယူခြင်းမပြုပေ။ ထို့ကြောင့် ထိုဒေသတစ်ဝိုက်၌ ရှိကြသည့်ရွာများမှ လူတို့သည် သီးနှံစိုက်ပျိုးသောအခါ မိမိတို့မိသားစု တစ်နှစ်ပတ်လုံးစားလောက်ရုံသာ စိုက်ပျိုးပြီး စီးပွားဖြစ်ရောင်းချရန်အတွက်တော့ မည်သူကမှ မစိုက်ပျိုးကြပေ။

၎င်းတို့အရပ်ဒေသတွင် လိမ္မော်သီး စိုက်လျှင် များစွာဖြစ်ထွန်းလေသည်။

လိမ္မော်သီးမှာ အလုံးကြီးလှသဖြင့် အပင်ပေါ်မှာ ကြွေကျရုံနှင့်ပင် ကွဲသဖြင့် 'ကျကွဲသီး'ဟုခေါ်ကြသည်။

ထိုလိမ္မော်သီးများကို မြို့သို့သွားရောက် ရောင်းချမည်ဆိုပါက မိုင်(၂၀)ကျော်ခန့်ဝေးသောခရီးကို လိမ္မော်သီးထည့်





ထားသော ခြင်းတောင်းကို ပခုံးဖြင့်ထမ်းယူသွားမှသာ ရောက်နိုင်ပေသည်။

လမ်းကလည်း ပြေပြေပြစ်ပြစ် သွားရသည်မဟုတ်ပေ။

တောင်တောင်အထပ်ထပ်၊ မြစ်ချောင်းအသွယ်သွယ်တို့ကို ခြေလျင်ခရီးဖြင့် သွားရခြင်းဖြစ်ရာ မသက်သာလှပေ။

ထို့ကြောင့် လေးလံလှသော လိမ္မော်သီး၊ နာနတ်သီးစသော အသီးအနှံတို့ကို စီးပွားဖြစ် မစိုက်ပျိုးကြဘဲ မိမိတို့မိသားစု စားလောက်ရုံမျှသာ စိုက်ပျိုးကြသည်။

ထိုဒေသမှထွက်သော ဆေးရွက်ကြီးနှင့် လက်ဖက်မှာများစွာနာမည်ကြီးပြီး အရသာလည်းရှိသည်။

လူကြိုက်များပြီး သယ်ယူရတာ ပေါ့ပါးလွယ်ကူသောထိုပစ္စည်းမျိုးကိုတော့ မြို့အထိ သယ်ယူသွားပြီး ရောင်းချကြလေသည်။

ထိုအရပ်ဒေသမှထွက်သော ဆေးရွက်ကြီးမှာ နာမည်ကြီးလှသည်။ ဆေးရွက်ကို အခြောက်ခံထားပြီး ဓားဖြင့်လှီးကာအသုံးပြုပါက ဆေးနံ့မှာ ပျားရည်နံ့သင်းပြီး အရသာလည်း ချိုမြိန်လှသည်။ ကတူးကနန်းဒေသတွင် နေကြသူအတော်များများထိုဆေးရွက်ဖြင့်ပြုလုပ်ထားသော ဆေးလိပ်ကို သောက်သုံးကြသည်။

နီမောင်တို့ မိသားစုမှာ လယ်နှင့် တောင်ယာစိုက်ခင်းများရှိသဖြင့် ဝမ်းစာအတွက် ဖူလုံသောအခါ နီမောင်က အဖော်နှစ်ယောက်နှင့်အတူ တောထဲဝင်၊ တောင်ပေါ်တက်ပြီး တန်ဖိုးရှိသောပစ္စည်းများကို ရှာဖွေစုဆောင်းကာ ရောင်းချလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုပစ္စည်းများက သယ်ရတာလွယ်ကူပြီး ရောင်းချရာ၌လည်း ဈေးကောင်းရစေသည်။

တောထဲသွားရင်းနှင့် မြို့ဟောင်းရွာဟောင်းများရှိခဲ့သော နေရာများရောက်သည့်အခါ တန်ဖိုးရှိသော ပစ္စည်းများလည်း တစ်ခါတစ်ရံ ရတတ်သည်။

ထိုအရပ်ဒေသတွင် ရွှေ၊ ငွေ၊ ကျောက်သံပတ္တမြားတို့လည်းရှာဖွေတွေ့နိုင်သည်။

အပေါ်ဆုံးမှ 'ရွှေဆတ်' ပင်ဖြစ်သည်။

ရွှေဆတ်နှင့်၊ ကျောက်ချဉ်နက်တို့မှာ ရှာဖွေရ၍ ရောင်းချသောအခါ များစွာတန်ဖိုးရသော ပစ္စည်းများဖြစ်ကြပေသည်။

သာမန်ရွှေကို မည်သည့်နေရာ၌မဆို ကျင်ယူ၍ရသဖြင့် ရွှေအလွန်ပေါသော အရပ်ဒေသဟုလည်း ခေါ်ဆိုနိုင်ပေသည်။ ရွှေကျင်၍ရသော ရွှေစများကို စုဆောင်း၍ အတုံးအခဲပြုလုပ်ထားကာ မိသားစုလက်ဝတ်ရတနာများအဖြစ် အသုံးပြုကြလေသည်။

ရွှေကို အပြားခတ်၍ ဖက်လိပ်ပြုလုပ်ကာ နားဋောင်းအဖြစ် ဆင်မြန်းသည်။

ရွှေဆွဲကြိုး၊ ခြေကျင်း၊ လက်ကောက်များ ပြုလုပ်ကာ ဝတ်ဆင်ကြသည်။

ပုတီးစေ့များကဲ့သို့ ပြုလုပ်၍ ကြိုးဖြင့်သီကာ ပန်းပွားအနီတပ်ဆင်၍ အလှအပပစ္စည်းအဖြစ် ဝတ်ဆင်ကြသည်။

ရွှေဆတ်များကိုတော့ အင်္ဂရိတ်ထိုးသူများက အသုံးပြုကြသည်။ ရွှေဆတ်၏သဘောမှာ သာမန်ရွှေများကဲ့သို့ အသား





မညက်ဘဲ ဆတ်သဖြင့် လက်ဝတ်လက်စားပြုလုပ်၍မရပေ။

အချို့အကွေးမခံဘဲ ကျိုးတတ်သည်။

သို့သော်လည်း . . ထိုဒေသမှာ နေကြသူများကတော့ တောထဲတောင်ထဲသွားလျှင် ရွှေဆတ်နှင့် ကျောက်ချဉ်နက်ကို တွေ့အောင်ရှာဖွေပြီး ယူဆောင်ရောင်းချကြသည်။

ထိုပစ္စည်းများမှာ တန်ဖိုးရလေသည်။ ရွှေဆတ်ကို အင်္ဂရိတ်ထိုးသူများကဝယ်ယူပြီး ရွှေဖြစ်အောင် ပြုလုပ်ကြလေသည်။

ကျောက်ချဉ်နက်ကတော့ အသက်ရှည်ဆေးအပါအဝင် အခြားဆေးများတွင် ထည့်သွင်းအသုံးပြုကြသဖြင့် ရောင်းချလျှင် ဈေးကောင်းရကြသည်။

ထိုပစ္စည်းနှစ်မျိုးမှာ လွယ်လင့်တကူ ရှာဖွေရသည်တော့ မဟုတ်ပေ။

ဒေသခံများကတော့ ထိုကဲ့သို့ တန်ဖိုးကြီးသောပစ္စည်းများကို မိုင်းသုံးနတ်ကြီးကပိုင်ဆိုင်ပြီး၊ သင့်တော်သူများကိုသာ တွေ့ခွင့်ပေးပြီး၊ မသင့်တော်လျှင် ဘယ်လောက်ပင်ရှာရှာ မတွေ့နိုင်ဟု ယူဆမှု ယုံကြည်စွဲလမ်းမှုရှိကြလေသည်။

ထိုပစ္စည်းများကိုရလာလျှင် အခြားလူစိမ်းများကို မပြရပေ။ ရလာသောနေရာနှင့် ထိုအကြောင်းကို မပြောရပေ။

ထို့ပြင် ထိုပစ္စည်းများကို မိမိအိမ်၌လည်း မသုံးစွဲဝံ့ကြပေ။ အခြားအရပ်တစ်ပါးသို့ယူဆောင်သွားပြီး ရောင်းချကာ ရသောငွေဖြင့် သုံးစွဲလျှင်တော့ရသည်။

အဘယ်ကြောင့်ဆိုသော် . . .

ထိုပစ္စည်းများမှာ နတ်များပိုင်ဆိုင်သော ပစ္စည်းဖြစ်



www.burmeseclassic.com

www.burmeseclassic.com



သောကြောင့် သာမန်လူတို့မသုံးစွဲထိုက်ဟု အယူအစွဲရှိသည်။ အကယ်၍ သုံးစွဲမိပါက နောက်တစ်ကြိမ် တောထဲသွားပါက ကျားကိုက်၍သော်လည်းကောင်း၊ အခြားဘေးအန္တရာယ်ဆိုးများနှင့် တွေ့ရ၍သော်လည်းကောင်း အသက်သေဆုံးကြရလေသည်။

ထိုရွာတွင် တောထဲဝင်ပြီး ထိုကဲ့သို့သောပစ္စည်းမျိုး ရှာဖွေဝံ့သူ များများမရှိပေ. . .။

အများအားဖြင့်တော့ ရွာသူရွာသားများမှာ အေးအေးနေတတ်သူများဖြစ်သည်။

တစ်နှစ်ပတ်လုံး စားသောက်ဖို့ရန် အသီးအနှံ၊ ဆန်စပါးစသည်တို့ ပြည့်စုံအောင်ရနေသဖြင့် ချမ်းသာဖို့လည်း မလိုကြပေ။

လူချမ်းသာဖို့ထက် စိတ်ချမ်းသာစွာဖြင့် အေးအေးနေချင်ကြသူများဖြစ်သည်။

သို့ကြောင့် အန္တရာယ်များသောအလုပ်မျိုးမလုပ်လိုကြခြင်းဖြစ်ကြလေသည်။

အချို့ အမဲလိုက်ခြင်းဖြင့် အသက်မွေးဝမ်းကျောင်းပြုသူအချို့လည်းရှိကြလေသည်။

နီမောင်ကတော့ တောင်ယာစိုက်ခင်းအလုပ်ထက်၊ တောထဲတောင်ပေးသွားပြီး စွန့်စွန့်စားစားပြုလုပ်ရသောအလုပ်များကို ပိုပြီးသဘောကျနှစ်သက်သူဖြစ်သည်။

သူတို့မိသားစုမှာ အတန်အသင့် စီးပွားရေးချောင်လည်ကြသူများဖြစ်ကြသော်လည်း နီမောင်ကတော့ အဖော်များနှင့်





တောထဲသွားရသောအလုပ်ကိုသာ နှစ်သက်သဘောကျလေသည်။

သူက စွန့်စားမှုကို နှစ်သက်သူဖြစ်သည်။

သူနှင့်လက်တွဲညီသော အခြားနှစ်ယောက်လည်း ရှိကြသည်။ စောထီးနှင့် ငမဲအောင်တို့နှစ်ယောက်ပင် ဖြစ်ကြသည်။ စောထီးနှင့်ငမဲအောင်မှာ နီမောင်နှင့် သက်တူရွယ်တူများ ဖြစ်ကြသည့်အပြင် စရိုက်တူသူများလည်း ဖြစ်ကြသည်။ တောတွင်းရောက်သည့်အခါ အမဲပစ်ခြင်းထက် အခြားတန်ဖိုးရှိသောပစ္စည်းများကို ကြိုးစားရှာဖွေကြသည်။

ကျောက်သွေး၊ ရွှေဆတ်၊ ကျောက်ချဉ်နက်၊ ဂမုန်းပင်များ အပါအဝင် ရှားပါးသောပစ္စည်းများနှင့် ရှေးဟောင်းပစ္စည်းများ ရှာဖွေခြင်းပါ ပြုလုပ်ကြလေသည်။

သို့သော် ထိုပစ္စည်းများကို ရှာဖွေကြရာတွင် သာမန်တောတိရစ္ဆာန်များတို့၏ အန္တရာယ်များအပြင် ပရလောကသားတို့၏ နှောင့်ယှက်မှုအမျိုးမျိုးနှင့်လည်း တွေ့ကြုံကြရသည်မျိုးလည်းရှိပေသည်။



www.burmeseclassic.com

www.burmeseclassic.com







# အခန်း [ ၄ ]

# ကျားဆွဲခံရသော သိုက်ဆရာများ

ကြာညီနောင်ရွာအပါအဝင် ကထူကနန်း ဒေသတစ်ဝိုက်တွင် နေထိုင်ကြသော ကျေးရွာများ၌ နေထိုင်ကြသူတို့သည် မိုင်းသုံတောင်နှင့်၊ မှန်ကင်းတောင် အပါအဝင် ထိုနေရာတစ်ဝိုက်တွင် တောင်မြင့်ကြီးများကို အမှီပြုကာ နေထိုင်ကြလေသည်။

ထိုတောင်ကြီးများမှာ ၄င်းတို့၏ ဝမ်းစာအိုးများဖြစ်ကြလေသည်။

☺ အောင်မြင်စာပေ ☺

www.burmeseclassic.com

www.burmeseclassic.com



တောတိရစ္ဆာန်မျိုးစုံတို့ ဖမ်းဆီးရနိုင်သကဲ့သို့ ရွှေဆတ်၊ ကျောက်ချဉ်နက်စသော သယံဇာတပစ္စည်းများလည်း ရှာဖွေရနိုင်ကြပေသည်။

ထို့ပြင် ဂမုန်းမျိုးနွယ်တို့အပြင် သိဒ္ဓိရှိသော ဆေးပင်၊ ဂမုန်းပင်တို့ကိုလည်း ရှာဖွေရနိုင်ကြလေသည်။

ထိုဒေသတစ်ဝိုက်တွင်ရှိသော တောင်များမှာ ၄င်းတို့ ဝမ်းစာအိုးများဆိုလည်း မမှားပေ။

တောင်မြင့်ကြီးပေါင်း မြောက်များစွာတို့ ဝန်းရံထားသည့် အနက်ပေပေါင် (၅၃၅၅)ပေမြင့်သော မိုင်းသုံတောင်ကြီးမှာ ထိုနေရာတစ်ဝိုက်တွင်ရှိသော တောင်များအနက် အမြင့်ဆုံးတောင်ဖြစ်သည်။

မှန်ကင်းတောင်မှာ ပေပေါင်း(၃၁၇၆)ပေသာရှိပေသည်။ ထိုတောင်မြင့်ကြီးများမှာ ကြာညီနောင်ရွာ၏ အရှေ့ဘက်နှင့် အရှေ့မြောက်ယွန်းယွန်းဘက်တွင် ရှိကြလေသည်။ ကြာညီနောင်ရွာ၏ မြောက်ဘက်တွင် ယှဉ်လျက်သား တူးထားသော ရေကန်ဟောင်းနှစ်လုံးရှိသည်။

တိမ်ကောနေပြီဖြစ်သဖြင့် ကန်ထဲမှာ ရေမရှိတော့ပေ။ ကြာညီမောင်ကန်ဟုသာ အမည်ရှိတော့သော်လည်း ကန်ထဲမှာ ရေလည်းမရှိ၊ ကြာလည်းမရှိတော့ပေ။

ကန်ဘောင်များပေါ်မှာလည်း ချုံနွယ်ပိတ်ပေါင်းများ ထူထပ်စွာပေါက်နေသဖြင့် လူသွား၍ပင် မရတော့ပေ။

ထိုကန်နှစ်ကန်၏ အရှေ့ဘက်တွင် ကျောက်သားများဖြင့် ပြုလုပ်ထားသော အုတ်ဂူပျက်နှစ်လုံးရှိသည်။





အုတ်ဂူတစ်လုံးပေါ်တွင် ကျားရုပ်ရှိပြီး၊ ကျန်တစ်လုံးပေါ်မှာတော့ ကိန္နရာရုပ်ရှိသည်။

နှစ်ပေါင်းများစွာကြာမြင့်ခဲ့ပြီဖြစ်သောကြောင့် ထုလုပ်ထားသော အရုပ်နှစ်ရုပ်မှာ ချို့ယွင်းပျက်စီးနေပြီဖြစ်သော်လည်း ပုံပန်းသဏ္ဌာန်ကိုကြည့်ရုံနှင့် မည်သည့်သတ္တဝါမျိုးဖြစ်သည်ကိုတော့ သိနိုင်သေးသည်။

ထိုရေကန်ဟောင်းနှစ်ခုနှင့် အုတ်ဂူနှစ်လုံးရှိသောနေရာတစ်ဝိုက်မှာ မှန်ကင်းတောင်နှာမောင်းဆင်းသော တောင်ခြေနှင့်နီးပြီး သစ်တောကြီးများ၊ ချုံနွယ်ပိတ်ပေါင်းများ ထူထပ်စွာ ပိတ်ဆီးနေသော နေရာလည်းဖြစ်သည်။

ထိုနေရာတစ်ဝိုက်တွင် လူနေထိုင်သော ရွာများမရှိကြပေ။

အနီးဆုံးရှိသော ကြာညီနောင်ရွာပင် နှစ်မိုင်သုံးမိုင်ခန့် ကွာဝေးလေသည်။

ထိုနေရာတစ်ဝိုက်တွင် ရွာမရှိခြင်းမှာ မနေဝံ့ကြသောကြောင့်ပင်ဖြစ်သည်။

ညအချိန်ရောက်လာလျှင် ထိုနေရာတစ်ဝိုက်မှ အိုးစည်တီးသံလိုမျိုး အသံများကြားကြရသည်။

တစ်ခါတရံလည်း အရောင်အဝင်းဝင်းနှင့် ကောင်းကင်သို့ပျံတက်နေသည်ကို တွေ့ရသဖြင့် ရှေးမီနောက်မီ လူကြီးသူမများကို မေးကြည့်သောအခါ. . .၊

“အဲဒီနေရာက သာမန်မဟုတ်ဘူး၊ ကြာညီနောင်ကျားဖြူသိုက်ရှိတဲ့နေရာပဲ”



www.burmeseclassic.com

www.burmeseclassic.com



ဟုပြောပြသည်။

"ကြာညီနောင် ကျားဖြူသိုက်ဆိုတာ ဘာကြောင့်ခေါ်တာလဲအဘ"

စပ်စုချင်သူအချို့က မေးသောအခါ ထိုလူကြီးကလည်း ကြားဖူးသမျှ၊ မှတ်သားထားမိသမျှတို့ကို ပြန်ပြောပြရလေသည်။

"ရှေးတုန်းက ဒီနယ်ကိုအုပ်စိုးတာ ကျားဖြူမင်းငအောင်ကျော်ပဲ၊ သူတော့ အဲဒီရေကန်နားမှာ မြှုပ်နှံထားတယ်၊ ကျားရုပ်ရှိတဲ့ဂူက သူ့ရဲ့ဂူလို့ ပြောကြတယ်"

"ဒါဖြင့် ဒီဘက်ငှက်ရုပ်လိုလိုရှိတာ ဘယ်သူ့ဂူလဲ"

"ငှက်ရုပ်မဟုတ်ပါဘူး ကိန္နရာရုပ်ပါ၊ နှစ်ပေါင်းကြာတော့ ပျက်စီးသွားလို့ ငှက်လိုလို ကိန္နရာမင်းသမီးစောမယ်လှရဲ့ဂူပါ"

"ဆက်ပြောပါဦးအဘ"

"သူတို့နှစ်ယောက်သေတော့ မြေးတော်သားတော်တွေက အဲဒီနေရာမှာ အုတ်ဂူလုပ်ပြီးထားတယ်၊ အုတ်ဂူလုပ်ဖို့ မြေတူးတဲ့နေရာမှာ ကန်ကြီးနှစ်ကန်ကိုလည်း ပြုလုပ်ထားကြတယ်၊ ရှေးကတော့ ပဒုမ္မာကြာပန်းတွေနဲ့ တင့်တယ်လေတော့ ကြာညီနောင်ကန်လို့ ခေါ်ကြတယ်. ."

"ဟုတ်ကဲ့"

"ကျားဖြူမင်းကိုမြှုပ်တော့ ရွှေငွေရတနာတွေပါ ထည့်ပြီး မြှုပ်နှံပေးကြတယ်၊ ဒါကြောင့် အဲဒီနေရာမှာ ရတနာသိုက်ကြီးလိုဖြစ်နေခဲ့တာပဲ"

"ဒါထက် ညဘက်တွေမှာ အိုးစည်သံတွကြားရတာ





ကောင်းကင်မှာ အရောင်တဝင်းဝင်းနဲ့ လည်ပတ်နေတာတွေကရော ဘာတွေလည်းအဘ"

"ဒါက ဒီလိုကွ၊ ကျားဖြူမင်းရဲ့ သားတော်အငယ်ဆုံးသိုဟုံဘွားမှာ သားတော်သိုတည်ဘွားဆိုတာရှိတယ်၊ သူတို့မှာ ဘိုးတော်ဥတည်မင်း အမွေးပေးလိုက်တဲ့ လိုတရ မနောမယအိုးစည်နဲ့ ဓားစကြာရှိကြတယ်၊ နောက်ပိုင်း သူတို့မရှိတော့ ဓားစကြာနဲ့ မနောမယအိုးစည်ကို အဲဒီမှာ သိုဝှက်ထားခဲ့ပုံရတယ်"

ဟုပြောပြလေသည်။

နောက်ပိုင်း ကာလရောက်တော့ ရတနာပစ္စည်း ရှာဖွေသူများရောက်လာပြီး ရှာဖွေကြသည်။

ထိုနေရာ၌ရှိသော ရွှေငွေရတနာများကို စောင့်ရှောက်ပေးနေရသော သရဲလေးကောင်လက်ချက်နှင့် သေသူသေ ပြေးသူပြေးကြရလေသည်။

ထိုသရဲလေးကောင်မှာ ရတနာပစ္စည်းများ မြှုပ်နှံစဉ်ကပင် ပစ္စည်းမြှုပ်သောလူယုံတော်လေးယောက်ကို သတ်ပြီး ၄င်းတို့ကိုယ်ခန္ဓာအစိတ်အပိုင်းများ ပိုင်းတစ်မြှုပ်နှံပြီး စည်းတားထားသောကြောင့် မကျွတ်မလွတ်သောဘဝဖြင့် စောင့်ကြပ်နေကြရခြင်းဖြစ်ပေသည်။

တစ်နေ့တော့ အရပ်တကာလှည့်ပြီး သိုက်တူးနေသော သိုက်ဆရာတစ်ယောက်နှင့် တပည့်လေးယောက်တို့ ထိုနေရာသို့ ရောက်လာကြလေသည်။

ကြာညီနောင် ကျားဖြူသိုက်အား တူးဖော်ယူကြရန် လာရောက်ကြခြင်းဖြစ်ပေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဆရာကြီးမှာ ပယောဂနှင့် ပရလောကသားတို့ကို အတော်ပင် နိုင်နင်းသူဖြစ်သဖြင့် နာမည်ကြီးသော သိုက်ကြီးများကို တူးဖော်ခဲ့သော်လည်း အန္တရာယ်တစ်စုံတစ်ရာနှင့် မတွေ့ရပဲ ရှိနေသူဖြစ်၏။

ထိုနေရာရောက်တော့ လမ်းပြပေးနိုင်သော ဒေသခံနှစ်ယောက်ကိုလည်းခေါ်သေးသည်။

ရွာခံနှစ်ယောက်က မလိုက်လိုကြသော်လည်း မက်လောက်အောင်ပြောဆိုပြီး ခေါ်လာသဖြင့် ပါလာကြခြင်းဖြစ်၏။

"ဆရာကြီး ကြာညီနောင်သိုက်မှာ စောင့်နေတဲ့ သရဲလေးကောင်က အတော်ကြမ်းတယ်၊ အဲဒီနေရာသွားတဲ့သူတိုင်းကို သတ်ပစ်ကြတယ်"

"မကြောက်ပါနဲ့ကွာ၊ ဆရာတစ်ယောက်လုံး ပါနေမှပဲ၊ ငါက သရဲဆိုရင် ခြင်းထဲထည့်ပြီး အမြဲမွေးထားနိုင်တဲ့လူပါ၊ ငါ ဆရာနဲ့တွေ့ရင် သရဲလေးကောင်တင်မဟုတ်ဘူး အဲဒီနေရာမှာ ရှိရှိသမျှသရဲတွေ အားလုံးပြေးစေရမယ်"

ဟုပြောဆိုပြီးနောက် ထိုနေရာသို့သွားကာ သိုက်တူးရန် ပြင်ဆင်ကြလေသည်။

သူတို့ပြင်ဆင်နေသောအချိန်မှာ ညဥ့်ဦးပိုင်းအချိန်ဖြစ်သည်။ ဆရာကြီးအပါအဝင် လူခုနှစ်ယောက်တို့က စည်းများ၊ ရာဇမတ်များကာရံထားသောအတွင်း၌ နေကြလေသည်။

ကန်တော့ပွဲတွင် ဖယောင်းတိုင်၊ အမွှေးတိုင်များထွန်းပြီး သိုက်တူးရာတွင် အသုံးပြုသော ရတနာဒီပ အင်းချပ်ပေါ်တွင်လည်း မီးတိုင်တစ်တိုင်ထွန်းလိုက်ရာ သရဲလေးကောင် ထွက်လာ





လေသည်။

ထိုသရဲလေးကောင်မှာ ကြာညီနောင်ကျားဖြူသိုက်အား စောင့်ရှောက်ပေးနေရသော သရဲများဖြစ်ကြသည်။

"ဘယ်သူတွေလဲ"

"ငါတို့က ဒီနေရာကို စောင့်ရှောက်ပေးနေရတဲ့ သူတွေပဲ"

"ဒါဖြင့် ကျားဖြူသိုက်ကို ဖွင့်ပေးပါ"

"မဖွင့်နိုင်ဘူး၊ ငါတို့ကဖွင့်ပေးဖို့ တာဝန်မရှိဘူး၊ စောင့်ရှောက်ပေးရမယ့် တာဝန်ပဲရှိတယ်"

"ဒါဖြင့် ဒီနေရာက ဖယ်ရှားကြပေတော့"

ထိုသို့ပြောသော်လည်း သရဲလေးယောက်က ရပ်မြဲရပ်နေကြသည်။ သို့သော် စည်းတားထားသော နေရာရောက်သည်အထိတော့ မလာဝံ့ကြပေ. . .။

သိုက်ဆရာကလည်း သရဲလေးယောက်ကို ဂရုမစိုက်တော့ဘဲ သိုက်ရှိသောနေရာကို သိနိုင်ရန် ကြိုးစားနေလေသည်။

"ဆရာကြီး သရဲလေးကောင်က မသွားဘဲ ငုတ်တုတ်ထိုင်နေကြတယ်"

"ထိုင်ပစေ. . သူတို့တာဝန် သူတို့လုပ်ကြတာပဲ"

"သိုက်ရှိတဲ့နေရာရော သိရပြီလား"

တပည့်ဖြစ်သူက တိုးတိုးမေးပြန်သည်။

"သရဲလေးကောင် ကျောပေးပြီး ထိုင်နေတဲ့နေရာဟာ ဥစ္စာသိုက်ရှိတဲ့နေရာပဲ ဖြစ်မှာပေါ့. "

ဟုပြောသဖြင့် ကြည့်လိုက်ရာ သရဲလေးကောင်က ရှိုးရှိုး



www.burmeseclassic.com

www.burmeseclassic.com



ထိုင်ချင်သလို ထိုင်နေခြင်းမျိုးမဟုတ်ဘဲ အရှေ့အနောက်၊ တောင်မြောက် အနေအထားမျိုးဖြင့် တစ်ကောင်နှင့်တစ်ကောင် ကျောပေးကာ ဆောင့်ကြောင့်ထိုင်နေကြခြင်း ဖြစ်ပေသည်။

ဆရာက နည်းအမျိုးမျိုးဖြင့် နှင်ထုတ်သော်လည်း . . ပျောက်လည်းမသွား၊ ထွက်ပြေးသွားခြင်းလည်း မပြုပေ။

ရှိနေသောသရဲက တစ်စက်ကလေးမှ ကြောက်ရွံ့သည့် အမူအယာမျိုးမရှိပဲ မျက်လုံးပြူးကြီးဖြင့် သူတို့ပြုလုပ်သမျှကို ထိုင်ကြည့်နေသည်။

"ဆရာကြီး ဟိုသရဲက ကျွန်တော်တို့ကို မျက်ခြည်မပြတ်ကြည့်နေတယ်၊ ပျောက်သွားအောင် လုပ်လို့မရဘူးလား"

"ဒီသရဲတွေက တခြားသရဲတွေနဲ့မတူဘူး၊ ဒီနေရာမှာ သူတို့နဲ့ သက်ဆိုင်တဲ့ပစ္စည်းတွေ ရှိနေတဲ့ပုံပဲ၊ ဒါကြောင့် ဘယ်လောက်ပဲနှင်ထုတ်ထုတ် မသွားဘဲ ပေကပ်နေကြတာ"

"ဒါဖြင့် ဘယ်လိုလုပ်ကြမလဲ. ."

"နေပစေပေ့ါကွာ၊ ကြာရင် မင်းတို့မနေနိုင်ပါဘူး၊ အင်းချပ်ပေါ်ကထွန်းထားတဲ့မီး ငြိမ်းတာနဲ့ ဒင်းတို့ပြေးရမှာပါ. ."

ဟုပြောလေသည်။

ဆရာကြီးကတော့ မီးထွန်းထားသော အင်းချပ်ရှေ့မှာ ထိုင်ပြီး ဂါထာမန္တာန်များကိုသာ တွင်တွင်ရွတ်နေလေသည်။

အတန်ကြာတော့ အင်းချပ်ပေါ်မှာ ထွန်းထားသောမီးတိုင်မှာ ကုန်သွားလေတော့သည်။

မီးရောင်မရှိတော့သဖြင့် ပတ်ဝန်းကျင်တစ်ဝိုက်မှာ မှောင်သွားလေသည်။





ကြည့်လိုက်တော့ သရဲလေးကောင်ကို မတွေ့ရတော့ပေ။ သို့ကြောင့် အတော်ပင် အားရှိသွားကြလေသည်။

ထိုအခိုက်မှာပင် တောတွင်းမှာ ကျားဟိန်းသံများ ကြားလာရသည်။ သူတို့နေရာနှင့် မနီးမဝေးမှာလည်း ကျားဖြူကြီး တစ်ကောင် ရောက်လာလေသည်။

ကျားဖြူကြီးက ခေါက်တုံ့ခေါက်ပြန်လျှောက်နေရင်းမှ သူတို့ရှိသောနေရာသို့ ကြည့်နေလေသည်။

ပြီးလျှင် ကျားဖြူကြီးက ကျယ်လောင်စွာ တစ်ချက်ဟိန်းလိုက်ရာ တောထဲမှ ကျားများထွက်လာကြသည်။

ထိုကျားများမှာ နာနာဘာဝကျားများ မဟုတ်ကြပေ။ ညအချိန်တောနက်ထဲတွင် လှည့်လည်သွားလာနေကြသော တောကောင်ကြီးများပင် ဖြစ်ကြလေသည်။

တောတောင်ကြီးများက သူတို့ပတ်ပတ်လည်နေရာများမှ ထွက်လာကြခြင်းဖြစ်သည်။

ထိုအခြေအနေကိုမြင်တော့ ပရလောကသားများကိုသာ ဖယ်ရှားနိုင်စွမ်းရှိသည့် သိုက်ဆရာမှာ မျက်လုံးပြူးသွားလေသည်။

သူထံတွင် သရဲသဘက်များကိုသာ ပြေးစေသော. . ဂါထာမန္တာန်များရှိပြီး ကျားများကိုနှင်ထုတ်စေသော ဂါထာမျိုးတော့ မရှိပေ။

သိုက်တူးရင်းနှင့် ထိုကဲ့သို့ ကျားများလာရောက်ရှိသောအဖြစ်မျိုးနှင့်လည်း မကြုံဖူးသေးပေ။

ထိုအခိုက်မှာပင် တစ်နေရာမှ အိုးစည်တီးသကဲ့သို့မျိုး



www.burmeseclassic.com

www.burmeseclassic.com



အသံပေါ်ထွက်လာလေသည်။

အိုးစည်သံက အတော်ကြာအောင် ပေါ်ထွက်နေပြီးမှ ပြန်လည်တိတ်ဆိတ်သွားသည်။

အိုးစည်သံတိတ်ဆိတ်သွားသည်နှင့် အမှောင်ထဲမှ ဝင်းလက်သောအရာတစ်ခု ပျံ့ဝဲထွက်လာလေသည်။

အခြားမဟုတ်ပေ။

ဓားစကြာပင်ဖြစ်သည်။

ဓားစကြာက ထိုနေရာရောက်လာသည်နှင့် ကာထားသော ရာဇမတ်များနှင့် တားဆီးထားသော စည်းကြိုးများကို ခုတ်ဖြတ်ဖယ်ရှားပစ်လိုက်လေသည်။

စည်းပေါက်သွားသည်နှင့်တစ်ပြိုင်နက် မနီးမဝေးမှာ ရောက်နေကြသော ကိုးတောင်ကျားကြီးများကလည်း ဝေါခနဲ ခုန်ဝင်လာကြလေတော့သည်။

ဘီလူး၊ သဘက်၊ သရဲစသည်တို့ကိုသာ တားဆီးနိုင်သော ဂါထာမန္တာန်တို့လည်း မတတ်နိုင်တော့ပေ။

တောကောင်ကြီးများ ခုန်ဝင်လာသည်နှင့် ကြောက်လန့်တကြား ထွက်ပြေးကြလေသည်။

သို့သော်လည်း အချို့မှာမလွတ်တော့ဘဲ တောကောင်ကြီးများပါးစပ်ထဲ ပါသွားကြသည်။

အချို့လည်း ကျားကိုက်မခံရသဖြင့် ရွာဘက်သို့ ပြန်ပြေးကြရလေသည်။

ထိုကဲ့သို့ ပြေးသောသူများနောက်သို့ တစီစီဖြင့်လိုက်လာသော ဓားစကြာက ခုတ်သတ်သွားလေတော့သည်။





နောက်ဆုံး သိုက်ဆရာနှင့် တပည့်လေးယောက်တို့အပြင် လမ်းပြလိုက်သွားသော ရွာသားနှစ်ယောက်ပါ သေဆုံးကြရလေသည်။

နောက်တစ်နေ့နံနက်ပိုင်းတွင် တောင်ယာများသို့ အလုပ်သွားသောသူအချို့က လယ်ကွက်များနှင့် တောစပ်၌ သေဆုံးနေသော အလောင်းအချို့သာတွေ့ရပြီး အချို့တော့ မတွေ့ရတော့ပေ။

ထိုသတင်းကိုကြားတော့ ရွာလူကြီးနှင့် ရွာသားများ ရောက်လာပြီး အလောင်းများကို သင်္ချိုင်းသို့သယ်ယူသွားကာ မြှုပ်နှံပေးကြရသည်။

ရွာလူကြီးတစ်ယောက်ကတော့. . .

"သိုက်ဆရာတွေပဲဖြစ်မှာပေါ့၊ မလုပ်သင့်တဲ့အလုပ်တွေ လုပ်တော့ မဖြစ်သင့်တာတွေ ဖြစ်ကြရတာပေါ့၊ ကြာညီနောင် ကျားဖြူသိုက်ဆိုတာ သိဒ္ဓိရှိတဲ့ ကျားဖြူမင်း စောင့်ရှောက်ပေးနေတယ်ဆိုတာမှ မသိကြပဲကိုး. . ."

ဟု မှတ်ချက်ချလိုက်လေသည်။

ထိုနယ်တစ်ကြောမှာတော့ သိုက်ဆရာများ ကျားကိုက်ခံရသောအကြောင်းမှာ ပြောမဆုံးနိုင်အောင်ပင် ဖြစ်ခဲ့ကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com







# အခန်း ( ၅ )

# ပဒ္ဒကျင်းမှ ကိုးတောင်ကျား

အချိန်ကာလမှာ မိုးအကုန် ဆောင်းရာသီကူးပြောင်းကာစအချိန်မျိုးဖြစ်သည်။ မိုးမကုန်သေးသောကြောင့် မိုးကလည်း ရွာနေသေးသည်။ ဆောင်းရာသီရောက်တော့မည် ဖြစ်သောကြောင့် မိုးကင်းသောအချိန်များတွင် နှင်းမှုံနှင်းဖွဲအချို့လည်း ကျဆင်းစပြုလာပြီဖြစ်သော အချိန်ဖြစ်သည်။

ထိုအချိန်ကာလ ရောက်လာပြီဆိုလျှင် တောထဲတွင် ပျော်လိုက်သော သူတို့အတွက် ရာသီကောင်း၊ အချိန်အခါကောင်း



www.burmeseclassic.com

www.burmeseclassic.com



ရောက်လာသည်ပင်ဖြစ်တော့သည်။

ပဒူးဖွတ်သောအလုပ်မှာ ပျားဖွပ်သည့်အလုပ်နှင့် သဘောသဘာဝ တူသော်လည်း၊ ရာသီအချိန်နှင့် လုပ်ငန်းချင်းတော့မတူလှပေ. . . ။

နှစ်မျိုးစလုံး သက်စွန့်ဆံဖျားနှင့် အန္တရာယ်များလှသောအလုပ်များပင် ဖြစ်ကြလေသည်။

သို့ကြောင့် တော်ရုံမှုဆိုးများ မလုပ်ဝံ့ကြပေ။

ပဒူးကျင်းထဲ ကျွံကျသွားပါက အရိုးအသား ရှာမရအောင်ပျက်စီးသော အကြောင်းများကိုတော့ အခြားရေးသားပြီးခဲ့သည့် ဝတ္ထုများ၌ ထည့်သွင်းရေးသားခဲ့ပြီး ဖြစ်သဖြင့် ကျွန်တော့စာဖတ်ပရိသတ်များ သိသင့်သလောက် သိကြရပြီးဖြစ်ပေသည်။

ပဒူးကျင်းထဲသို့ ခြေထောက်ကျွံဝင်သွားပါက လူမဆိုထားနှင့် ဆင်ကဲ့သို့သော သတ္တဝါမျိုးပင်၊ ခြေထောက် ပြန်နှုတ်လိုက်ပါက အသားမရှိတော့ဘဲ အရိုးပေါ်နေသည်ကိုတွေ့ရပေမည်။

အချို့ပဒူကျင်းမှာ မြေအောက်၌ လိုဏ်ခေါင်းကြီးသဖွယ်ဖြစ်နေသဖြင့် လူဖြစ်စေ၊ တိရစ္ဆာန်ဖြစ်စေ ကျွံကျသွားပါကပြန်တတ်နိုင်ရန် မလွယ်တော့ပေ။

ပဒူကောင်များ ဝိုင်းဝန်းကိုက်ဖြတ် စားသောက်ကြသဖြင့် အချိန်အနည်းငယ်အတွင်းမှာ အရိုးတခြား အသားတခြားဖြစ်သွားရပေလိမ့်မည်။

ပျားသတ္တဝါများက လူကိုတုပ်သော်လည်း ကိုက်ဖြတ်





စားသောက်ခြင်းမရှိပေ။

အဆိပ်ဖြင့်ထိုးသောကြောင့်သာ သေကြေပျက်စီးကြရခြင်းဖြစ်၏။ ပဒူကောင်က အဆိပ်ဖြင့်ထိုးသည့်အပြင် ကိုက်ဖြတ်စားသောက်သဖြင့် သေကြရသည်။

ပုံသဏ္ဌာန်မှာ ပျားနှင့်ဆင်တူသော်လည်း အတောင်ပါသည်ကလွဲပြီး အားလုံးတော့မတူပေ။

အစွယ်ထက်သော ခါချဉ်နီ၊ ပရွတ်နီကြီးများနှင့် ပိုတူသည်။ ပဒူကောင်များမှာလည်း ပျားကောင်ကဲ့သို့ အမျိုးအစားခွဲခြားထားသေးသည်။

ပဒူနက်၊ ပဒူနီ၊ ဆွဲပဒူ၊ စုန်းပဒူဟူ၍ လေးမျိုးရှိသည်။ ပဒူနက်တွင် ဆာပါခြုံနှင့် ခါးဝါဟူ၍ နှစ်မျိုးခွဲထားပြီး မြေအောင်းပဒူအမျိုးအစားဖြစ်သည်။

ပဒူနီမှာ ပဒူနက်လောက် အကောင်အရွယ်အစား မကြီးသော်လည်း မြေတွင်းအောင်းသော အမျိုးအစားဖြစ်သည်။

ဆွဲပဒူမှာ ပဆုပ်ပနီနှင့် ဗိုင်းတောင်ပြောက်များ ရှိကြသည်။ စုန်းပဒူမှာ နေ့ဘက်တွင်အိပ်ပြီး ညအချိန်ရောက်မှ ထွက်ပြီးအစာရှာလေ့ရှိသည်။

မြေတွင်းအောင်းသော ပဒူနက်နှင့် ပဒူနီတို့မှာ မြေတွင်း၌ ကျင်းဖွဲ့နေတတ်ပြီး အဆိပ်အပြင်းဆုံးနှင့် အန္တရာယ်အကြီးဆုံး သတ္တဝါများဖြစ်ကြသည်။

ပဒူလိုက်သူများက မြေစာကျစ်ကိုကြည့်ပြီး သိကြရသည်။

မြေမျက်နှာပြင်ပေါ်မှာ မြေစာကျစ်တစ်ကောင်းသားရှိ



www.burmeseclassic.com

www.burmeseclassic.com



လျှင် တွင်းထဲတွင် ပဒ္ဒူကောင်တစ်တင်းသား ရှိပေသည်။

ထိုတွင်းများထဲသို့ လူနှင့် တိရစ္ဆာန်များ ခြေကျွံကျ၍ သော်လည်းကောင်း၊ လူပါကျသွားလျှင်သော်လည်းကောင်း အသက်အန္တရာယ်ရှိလေသည်။

ပဒ္ဒူကောင်များ၏ အဆိပ်နှင့် ထိမိလျှင်ပင် သေလုမျော ပါးခံကြရပြီး၊ ချွန်ထက်သောအစွယ်များဖြင့် ဝိုင်းဝန်းကိုက်ဖြတ် စားသောက်ကြလျှင်တော့ အချိန်အနည်းငယ်အတွင်းမှာ အရိုးကျသွားနိုင်ကြပေသည်။

မြေပဒ္ဒူအုံကြီးလာလေ အန္တရာယ်များလာလေဖြစ်၏။ မြေပဒ္ဒူအုံ ကြီးလာသောအခါ လူနှင့်ကျွဲနွားတိရစ္ဆာန်များကို ပဒ္ဒူအုံအနီးသို့ ကပ်ခွင့်မပေးတော့ပေ။

ပျားအုံကမှ အနားကပ်ကြည့်၍ ရနိုင်သေးသည်။

ပဒ္ဒူအုံကြီးများတွင် ကင်းစောင့်သော ပဒ္ဒူများရှိကြသည် လူနှင့်တိရစ္ဆာန်များ အနားရောက်လာပါက အချင်းချင်းအချက်ပေးကာ အားလုံးထွက်လာပြီး ဝိုင်းဝန်းတိုက်ခိုက်လေ့ရှိကြသည်။

ပဒ္ဒူဆူးချွန်က ဖင်၌ရှိပြီး ဇီးပင်မှ ဆူးခန့်ရှည်သည်။

အဆိပ်က ထိုဆူးမှာပင်ရှိသည်။

ပျားကောင်များ ဖင်၌ရှိသော အဆိပ်ဆူးချွန်က ရန်သူကို တစ်ကြိမ်တုပ်ပြီးလျှင် ကျွတ်ကျန်ခဲ့သည်။

ပဒ္ဒူကောင်၏အဆိပ်ဆူးတံက ထိုကဲ့သို့ ကျွတ်မကျန်ခဲ့ပေ။ ရန်သူကို အကြိမ်ကြိမ်တုပ်သော်လည်း အဆိပ်ဆူးတံက မကျိုးပေ. .။

အဆိပ်ဆူးတံဖြင့် ထိုးပြီး ပွတ်လည့်လိုက်ပါကအထိုးခံရ





သူမှာ မခံမရပ်နိုင်အောင် နာကျင်လှပေသည်။

ပဒ္ဒူးဆိပ်ထိလျှင် ထိသည့်နေရာမှာ နီရဲပြီး ယောင်ကိုင်းလာသည်။ နည်းနည်းများပါက ဖျားသည်။

ထိုထက်များပါက သေသည်။

ပဒ္ဒူဆိပ်မိပါက အခြားဆေးများဖြင့် လိမ်း၍မပျောက်ပေ။

ကျွဲနွားတိရစ္ဆာန်နှင့် လူကိုယ်ဝန်ဆောင်သူတို့ ပဒ္ဒူဆိပ်ထိလျှင် ကိုယ်ဝန်ပျက်ကျလေသည်။

ပဒ္ဒူဆိပ်သင့်လျှင် ၄င်းအသိုက်အုံမှ တီကျစ်စာခဲဟု ခေါ်သော မြေခဲကို တံတွေးဖြင့်ဖျော်ပြီး ဒဏ်ရာကို လိမ်းပေးမှ သက်သာရပေသည်။

ပျားသတ္တဝါများက အဆိပ်ရှိသော်လည်း ပျားရည်ဖြင့် လူသားတို့အတွက် အကျိုးပြုကြသေးသည်။

ပဒ္ဒူကောင်ကတော့ ပဒ္ဒူဆံကိုစားကြရုံမှလွဲပြီး အခြားဘာမှ အကျိုးမပြုပေ။

အကောင်အရေအတွက်များလာပြီး ၄င်းတို့အသိုက်အအုံများလာပါက လူနှင့်တိရစ္ဆာန်တို့အတွက် များစွာအန္တရာယ်ကြီးမားလှပေသည်။

ပဒ္ဒူကျင်းများထဲသို့ ကျွဲနွားတိရစ္ဆာန်တို့ ခြေကျွံသွားပါက ခြေထောက်ဖြတ်လျှင်ဖြတ်၊ ဒါမှမဟုတ် အသက်သေဆုံးကြရသည်။

ကိုယ်ဝန်ရှိသော ကျွဲနွားတိရစ္ဆာန်တို့လည်း ကိုယ်ဝန်ပျက်ကျရပေသည်။



www.burmeseclassic.com

www.burmeseclassic.com



သို့ကြောင့် အန္တရာယ်များသော ပဒူသိုက်များကို လိုက်လံရှာဖွေပြီး ဖျက်ဆီးကြရသည်။

ထိုသို့ဖျက်ဆီးနိုင်သဖြင့် အန္တရာယ်များသော ပဒူကောင်များလည်း လျော့ပါးသွားကာ စား၍ကောင်းလှသော ပဒူဆံမျာ လည်းရကြသဖြင့် တစ်ချက်ခုတ်နှစ်ချက်ပြတ်သဘောမျိုး ဖြစ်ကြ ရပေသည်။

သို့ကြောင့်လည်း ပဒူသိုက်လိုက်သောမုဆိုးများ ပေါ်ပေါက်လာကြရပေသည်။

သို့သော် ပဒူသိုက်လိုက်ရာမှာလည်း အခြားသတ္တဝါမျာ ကဲ့သို့ အန္တရာယ်များလှသောကြောင့် လူတိုင်းမပြုလုပ်ဝံ့ကြပေ

တောတိရစ္ဆာန်များက မြင်ရသည်။ အဆိပ်မြားဖြင့်ပစ် ပါက သေသည်။ ဓား၊ လှံလက်နက်တို့ဖြင့် သတ်ဖြတ်က သေ သည်။

ပျားအုံက သစ်ပင်သစ်ကိုင်းမှာ စွဲသဖြင့် မြင်ရသည် မီးဖြင့်မြှိုက်က အဝေးသို့ပြေးသည်။

ပဒူကောင်က မြေတွင်းထဲမှာနေသောကြောင့် မမြင်ရ ပေ။ သေနတ်ဖြင့်ပစ်လည်းမရ၊ အဆိပ်မြားဖြင့်ပစ်လျှင်လည် မရပေ။

မြေကျင်းထဲမှာရှိသဖြင့် မီးဖြင့်မြှိုက်၍လည်း မရပေ မီးဖြင့်မြှိုက်ဖို့မဆိုထားနှင့် ပဒူအုံအနားကိုပင် ကပ်ခွင့်မရကြပေ

သို့ကြောင့် တော်ရုံမုဆိုးများက ပျားလိုက်ပျားဖွပ် လုပ် ကြသော်လည်း ပဒူဖွတ်ခြင်းတော့ မလုပ်ဝံ့ကြခြင်းဖြစ်၏။ နှစ်စ သြဂုတ်လမှ စက်တင်ဘာလ အချိန်တို့တွင် ပဒူလိုက်လေ့ရှိ





သည်။

ယခုအခါ မှန်ကင်းတောင်ပေါ်သို့ ပဒူသိုက်ရှာဖွေရန် မုဆိုးသုံးယောက် တက်လာကြလေသည်။

ကြာညီနောင်ရွာမှာနေကြသည့် နီမောင်၊ စောထီး၊ ငမဲအောင်တို့သုံးယောက်ပင် ဖြစ်ကြလေသည်။

သုံးယောက်စလုံး သက်တူရွယ်တူများဖြစ်ကြပြီး တက်ညီလက်ညီ လုပ်နိုင်ကြသူများလည်းဖြစ်သည်။

သုံးယောက်သား တောတက်ရာတွင် ယူဆောင်လေ့ရှိသော လေးမြား၊ ဓားလှံလက်နက်တို့လည်း ပါလာကြသည်။

ပဒူသိုက်မှာ အလွယ်တကူရှာဖွေတွေ့နိုင်သည်မျိုး မဟုတ်ပေ။ တောအကြောင်း၊ တောင်အကြောင်း သဘောသဘာဝမသိဘဲ တောထဲမှာ လျှောက်သွားနေပါက ပဒူကျင်း မတွေ့ရခင်မှာ ပဒူကျင်းထဲကျပြီး သေရရုံသာရှိပေမည်။

တောင်ပေါ်ရောက်သည်နှင့် ဦးစွာ တောပိုင်တောင်ပိုင်တို့ကို ဓလေ့ထုံးစံရှိသည့်အတိုင်း တင်မြှောက်ပသကြသည်။

ပဒူအုံများရှိလောက်သော နေရာသို့ရောက်သောအခါ ပဒူအုံရှာဖွေရန်အတွက် လုပ်ငန်းစတင်ကြလေတော့သည်။ ဦးစွာ ဝါးလုံးတစ်လုံးကို ခုတ်ယူပြီး အရွက်အဖျားများသပ်ချပစ်သည်။

ဝါးလုံးထိပ်ဖျားတွင် အသင့်ယူလာသော ငါးရံတစ်ကောင်ကို ညှပ်ပြီး ပြုတ်မကျစေရန် ကြိုးဖြင့် ချည်ထားပြီးနောက် ထိုနေရာတစ်ဝိုက်တွင် လျှောက်သွားကြသည်။

ပဒူသည်မျက်စိရှင်ပြီး အနံ့ခံလည်းကောင်းသည်။ အ



www.burmeseclassic.com

www.burmeseclassic.com



ခြားငါးများထက် ငါးရံကို ပဒူကောင်ကပိုကြိုက်သည်။ ငါးရံအနံ့ရလျှင် ရသည့်နေရာမှ ထိုးဆင်းလာလေသည်။

အတော်ဝေးသောနေရာများမှ ငါးအနံ့ကိုရနိုင်သလိုပတ်ဝန်းကျင်မှာ ရောက်နေလျှင်လည်း ငါးကိုမြင်တွေ့နိုင်သည်။

ငါးကိုမြင်သည်နှင့် ထိုးဆင်းလာပြီး ငါးအသားကို ကိုက်ဖြတ်လေတော့သည်။

ထိုသို့လာရောက်စားသောက်နေစဉ် ငါးကိုချထားပေးလိုက်သည်။

နီမောင်က ငါးရံတစ်ကောင်ထိပ်ဖျားမှ ချည်ထားသောဝါးလုံးကိုကိုင်ပြီး သတိဖြင့် လျှောက်သည်။

နောက်မှ ပါလာသော စောထီးနှင့် ငမဲအောင်တို့ကလည်း မျက်စိရှင်ရှင်ထားပြီး လိုက်ကြရသည်။

ထိုသို့လိုက်ရင်းနှင့် ပတ်ဝန်းကျင်မှာရှိသော ပဒူကောင်များအခြေအနေကိုလည်း ကြည့်ပေးရလေသည်။

နီမောင်ကတော့ ဝါးလုံးထိပ်ဖျား၌ ညှပ်ထားသော ငါးရံကို မျက်ခြေမပြတ် ကြည့်ရင်း လျှောက်သွားနေသည်။

တစ်နေရာရောက်တော့ ရပ်ပြီး နားစွင့်လိုက်သည်။

တောထဲမှာ သွားလာနေသူဖြစ်သဖြင့် အဝေးမှပျံလာသော သတ္တဝါတစ်ကောင်၏အသံကို သတိပြုမိသည်။

ပျားလား. . ဒါမှမဟုတ် ပဒူကောင်လား. .

နားစွင့်နေရင်းမှာ. . တောထဲမှပျံထွက်လာသော ပဒူကောင်က ဝါးလုံးထိပ်တွင်ညှပ်ထားသော ငါးရံကို လာနားသည်။

သူနားသည်နှင့် ဝါးလုံးကိုချထားပေးလိုက်သည်။





ထိုအခြေအနေသည် အတော်ပင် သတိထားရသည်။

ပဒူကောင်က အစာမက်နေသောကြောင့်သာ လူကိုအန္တရာယ်မပေးခြင်းဖြစ်သည်။

အကယ်၍သာ အစာမတွေ့ဘဲ သူ့အုံနှင့် နီးပါက အခြားပဒူကောင်များကို ချက်ခြင်းသွားခေါ်ပြီး လာရောက်တိုက်ခိုက်ကြမည်မှာ အသေအချာပင်ဖြစ်၏။

ဝါးလုံးကိုချပေးလိုက်တော့ ပဒူကောင်က ငါးရံသားကိုသဲကြီးမဲကြီး ကိုက်ဖြတ်စားသောက်လေသည်။

ထိုသို့စားသောက်နေစဉ် နီမောင်က လွယ်အိတ်ထဲမှအသင့်ပါလာသော အရာဝတ္ထုတစ်ခုကို ထုတ်ယူသည်။

ငှက်ပျောလျှော်မျှင်ပင်ဖြစ်၏။

ငှက်ပျောလျှော်မျှင်ကို လျှောကွင်းကဲ့သို့ပြုလုပ်ထားပြီးအစတစ်ခုတွင် လဲမှို့စကိုချည်ထားသည်။

ပဒူကောင်က အစာကို သဲကြီးမဲကြီး ကိုက်ဖြတ်နေစဉ်လျှော်ကွင်းဖြင့်စွပ်ကာ ချည်ပေးလိုက်သည်။

ပဒူက အစာကိုမက်နေသဖြင့် လျှော်ကွင်းစွပ်ပြီးချည်သည်အထိရသည်။

အစာရသော ပဒူကောင်က ထပျံသွားလေသည်။

သူ့အသိုက်အအုံရှိရာသို့ ပြန်ပြီးသတင်းပို့ခြင်းဖြစ်လေသည်။ ၎င်းပျံသွားသောအခါ ငှက်ပျောမျှင်နှင့်ချည်ထားသောလဲမှို့လေးက ပါသွားလေသည်။

ပဒူကောင်နှင့် ငှက်ပျောမျှင်ကို မမြင်နိုင်သော်လည်းအဖြူရောင်လဲမှို့ကိုတော့ အတော်ဝေးဝေးမှ မြင်နိုင်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ပျံသွားပြီ၊ နောက်ကလိုက်ကြစို့"

"မျက်ခြည်မပြတ်စေနဲ့ မျက်စိရှင်ရှင်ထားပြီးကြည့်မှ ဖြစ်မယ်ဟေ့"

ဟုပြောဆိုကာ သုံးယောက်သား ပဒူကောင်နောက်သို့ ခြေရာကောက်ပြီး လိုက်ကြလေတော့သည်။

တစ်နေရာရောက်သောအခါ ရှေ့မှာပျံသွားသော ပဒူကောင်က ဖျပ်ခနဲပျောက်သွားလေတော့သည်။

ငှင်းတွင်းရှိရာသို့ ဝင်သွားခြင်းပင်ဖြစ်၏။

ထိုအခါ နီမောင်တို့သုံးယောက်က ဆက်မလိုက်တော့ဘဲ ရပ်လိုက်ကြသည်။

ပဒူကျင်းနှင့်နီးလာလျှင် များစွာသတိထားရသည်။

ကိုယ်ကမမြင်ရသော်လည်း ကင်းစောင့်ပဒူများက မိမိတို့အားမြင်သွားပါက အန္တရာယ်အလွန်များသည်။

လူကိုမြင်သည်နှင့် ထွက်လာပြီး ဝိုင်းဝန်းတိုက်ခိုက်တတ်ကြပေသည်။

"ဒီနေရာတင် ပျောက်သွားတာဆိုတော့ သူတို့တွင်း ဒီနေရာတစ်ဝိုက်မှာပဲ ရှိမှာသေချာတယ်. . သတိထားကြ"

ဟုအချင်းချင်းသတိပေးပြီး. . ခြေသံမကြားအောင် လျှောက်သွားပြီး လိုက်လံရှာဖွေကြရာ ခဏကြာတော့ မြေကွက်လပ်တစ်နေရာတွင် တောင်ပို့သဖွယ် မို့တက်နေသည့်ပဒူကျင်းကိုတွေ့ကြရသည်။ ပဒူကျင်းမှာ အတော်ကြီးသည်။

မြေပေါ်တွင် တင်းတောင်းတစ်လုံးစာမျှ မို့မောက်တက်နေသည်။ မြေမျက်နှာပြင်ပေါ်မှာ မြေကျစ်စာတင်းတောင်း တစ်





လုံးစာရှိပါက မြေတွင်းထဲ၌ ပဒူဆံတင်းတောင်းတစ်လုံးခန့် ရှိသည်။

ထို့နောက် သုံးယောက်သား သစ်ပင်ချုံပင်များကို အကာအကွယ်ယူ၍ ပဒူအုံနှင့် နီးနိုင်သမျှနီးအောင် တိုးကပ်သွားကြပြီး အခြေအနေကြည့်ကြသည်။

ကျစ်စာခဲအခြေအနေ၊ တွင်းထဲသို့ ဝင်ပေါက်ထွက်ပေါက် ဘယ်နှပေါက်ရှိသည်။ ပဒူများ အဝင်အထွက်ပြုသော ဝင်ပေါက်ထွက်ပေါက်အပြင် မလွယ်ပေါက်လည်းရှိပေရာ ထိုမလွယ်ပေါက်ရှိသော နေရာသို့ အသေအချာမှတ်ထားကြလေသည်။

ထိုသို့သေချာအောင်မှတ်သားပြီး စမ်းချောင်းရှိသော ရေများသယ်ယူထားခြင်း၊ ပေါက်တူး၊ တူးရွင်းပြင်ဆင်ခြင်း၊ ဆိတ်နံကြီးရွက်ဖြင့် ပြုလုပ်ထားသော မှိုင်းထုပ်များကို အဆင်သင့်ပြင်ထားပြီး ထိုနေရာမှာပင် စခန်းချနေကြရလေသည်။

နေ့အချိန်တွင် ပဒူအုံအနီးသို့ မကပ်ဝံ့သောကြောင့် ညအချိန်ရောက်တော့မှ လုပ်ငန်းစကြရမည်ဖြစ်ရာ သုံးယောက်သားပါလာသော အစားအသောက်များစားပြီး တစ်ရေးတစ်မောအိပ်ကာ နားကြလေသည်။

ရာသီက မိုးကုန်ကာစဖြစ်သော်လည်း မိုးကစိတ်မချရသေးပေ။ ရွာချင်လျှင်ရွာပြီး တိတ်ချင်သည့်အခါ တိတ်နေတတ်သည်။ တောထဲမှာလည်း ခြောက်သွေ့မှု သိပ်မရှိလှသေးဘဲ စိုစိုစွတ်စွတ်သာ ရှိနေသေးသည်။

တောထဲ၌ အခြားတောတိရစ္ဆာန်များ၏အန္တရာယ်ကို



www.burmeseclassic.com

www.burmeseclassic.com



သတိထားရသည့်အပြင် လူကိုများစွာဒုက္ခပေးတတ်သော မျှော့၊ ကျွတ်၊ ခြင် စသောသွေးစုပ်သတ္တဝါများ အန္တရာယ်ကိုလည်း သတိထားကြရသည်။

အကောင်သေးသော်လည်း များစွာအန္တရာယ်ပေးတတ်သော သတ္တဝါများဖြစ်ကြလေသည်။

သုံးယောက်သား ပင်ပန်းလာသဖြင့် အိပ်နေကြရာ နားထဲတွင် ထူးခြားသောအသံကြောင့် နိုးလာကြသည်။

မျက်စိဖွင့်ကြည့်လိုက်တော့ ညဥ့်ဦးပိုင်းအချိန် ရောက်နေပြီဖြစ်သောကြောင့် မှောင်နေလေပြီ။

သုံးယောက်သား ကဗျာကရာထပြီး အသံကြားရာသို့ ကြည့်လိုက်တော့ သစ်တက်ဝက်ဝံနက်တစ်ကောင် လာနေသည်ကို တွေ့ရသည်။

သစ်တက်ဝက်ဝံနက်မှာ သစ်ပင်ပေါ်မှ ပျားအုံတွေလျှောက်ဖွပ်စားပြီး၊ ပဒူအုံတွေ့လျှင်လည်း တူးဆွပြီး ပဒူဆံကို စားသောက်တတ်သော သတ္တဝါမျိုးဖြစ်သည်။

တစ်ကိုယ်လုံး အမွေးရှည်များ ဖုံးနေသောကြောင့် ပျားတုပ်သည်ဖြစ်စေ၊ ပဒူတုပ်သည်ဖြစ်စေ မကြောက်ရွံ့ကြပေ။

ဝက်ဝံနက်က သူတို့သုံးယောက်ရှိသော နေရာဘက်သို့ လာနေခြင်းမဟုတ်ပဲ ပဒူအုံရှိရာသို့ သွားနေခြင်းဖြစ်သည်။

"ဟာ ဒုက္ခပဲ. . ဝက်ဝံနက်က ပဒူအုံကို တူးဆွဖျက်ဆီးပြီး ပဒူဆံနှိုက်စားဖို့လာတာပဲ"

"ပဒူအုံဖျက်ရင်တော့ ပဒူတွေအများကြီး ထွက်လာပြီး ငါတို့ပါ ဒုက္ခပေးတော့မှာပဲ ဘယ်လိုလုပ်ကြမလဲ"





"ဒီလောက်မှောင်နေမှတော့ ဒီနေရာက ထွက်ပြေးလို့ မဖြစ်တော့ဘူး၊ အခြေအနေကြည့်ပြီးမှ လုပ်ရတော့မှာပဲ"

"နီမောင် ဝက်ဝံနက်ကို အခုနေ မြှားနဲ့ပစ်ရရင် မကောင်းဘူးလား"

စောထီးက ဒူးလေးကို မြင်ရင်းမေးသည်။

"မပစ်နဲ့ ဝက်ဝံမသေခင်မှာ ငါတို့ဆီရောက်လာ လိမ့်မယ်၊ အဲ့ဒီတော့မှာ ပဒူတွေပါ လိုက်လာရင်ခက်လိမ့်မယ်"

ဟု နီမောင်က ပြောတော့မှ ဒူးလေးကိုပြန်ချထားလေသည်။ ဝက်ဝံနက်ကတော့ သူတို့ရှိနေသည်ကိုလည်းမမြင်၊ ဂရုလည်းမစိုက်ဘဲ နှခေါင်းတရှုံ့ရှုံ့ဖြင့် ပဒူအုံရှိရာသို့ သွားနေလေသည်။

နီမောင်တို့မှာတော့ ခဲလေသမျှ သဲရေကျအဖြစ်မျိုး ကြုံရပေတော့မည်။

ပဒူကျင်းတွေ့ပြီးပါမှ ပဒူဆံမရဘဲ ပဒူလိုက်တာခံရပေတော့မည်။

ဝက်ဝံနက်က အနံ့ခံရင်းနှင့် ပဒူအုံရှိရာနှင့် မနီးမဝေး ရောက်လာသောအခါ ကျွင်းထဲမှ ပဒူကောင်များပျံနေသော အသံများပင် ကြားကြရသည်။

ထိုအခိုက်မှာပင် မမျှော်လင့်သော အဖြစ်အပျက် တစ်ခု ပေါ်လာလေတော့သည်။ အခြားမဟုတ်ပေ. . .

ကျယ်လောင်သော ကျားဟိန်းသံကြီး ပေါ်လာခြင်း ဖြစ်သည်။ ကျားဟိန်းသံက ဝေးဝေးမှမဟုတ်ပေ။

ပဒူအုံရှိသော နေရာတစ်ဝိုက်မှပင်ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ကျားဟိန်းသံကြားတော့ ဝက်ဝံက ခြေလှမ်းတုံ့သွားသည်။ တိရစ္ဆာန်တို့မှာ မိမိတို့နိုင်လျှင် သတ်ဖြတ်ဝံ့ကြသော်လည်း မနိုင်သော သတ္တဝါမျိုးဖြင့်တွေ့တော့လည်း ကြောက်ရွံ့တတ်ကြလေသည်။

ပဒူအုံက အလယ်မှာရှိပြီး အခြားတစ်ဖက်မှ ကိုးတောင်ကျားကြီးတစ်ကောင်၏ ဦးခေါင်းပိုင်းတိုးထွက်လာသည်။ ဦးခေါင်းပင် ခွဲတောင်းလုံးခန့်ကြီးသော ကျား၏ ဦးခေါင်းကို တွေ့သည်နှင့်ပင် ဝက်ဝံမှာ ကြောက်ရွံ့စွာဖြင့် နောက်ကြောင်းပြန်ပြေးလေတော့သည်။

သစ်ချုံများကြားမှထွက်လာသော ကျားက ထွက်မလိုက်ဘဲ သူ့လမ်းသူပြန်ဝင်သွားလေသည်။

သို့သော်လည်း တိရစ္ဆာန်နှစ်ကောင်တို့၏ လှုပ်ရှားမှုနှင့် အသံတို့ကြောင့် ပဒူအုံမှာ လန့်နေလေပြီ။

ပျားလန့်သကဲ့သို့ တဝေါဝေါနှင့်ဖြစ်နေလေသည်။

ထိုအခြေအနေမျိုးမှာတော့ ပဒူဖွတ်၍ မရတော့ပေ။

ထို့ပြင် ပဒူအုံပတ်ဝန်းကျင်မှာလည်း ကျားတစ်ကောင်၏ မာန်ဖီသံ၊ ဟိန်းသံတို့ကိုလည်း မကြာခဏကြားနေရလေသည်။

"ဒုက္ခပါပဲကွာ၊ ဒီည ပဒူဖွပ်ပြီး မနက်ရွာပြန်ရမလား အောင်းမေ့ပါတယ်၊ အခုတော့ ပဒူအုံနားတောင် ကပ်ဖို့မလွယ်ဘူး၊ ဘယ်လိုလုပ်ကြမလဲ"

ငမဲအောင်က လေသံတိုးတိုးဖြင့် ပြောလိုက်သည်။

"ပဒူအုံကြွနေတဲ့ အချိန်သွားရင် သေကုန်မှာပေါ့. .၊





နောက်ပြီး တောကောင်ကြီးကလည်း အဲဒီနေရာမှာပဲ ရှိနေတဲ့ပုံပဲ၊ တခြားနေရာမသွားဘဲ အဲဒီပဒူအုံနားမှာ ဘာလုပ်နေတာလဲ မသိဘူး"

"အဲဒါပေါ့ကွ၊ ကိုယ်လည်းမစားရဘူး. . သူများစားမှာလည်းမကြိုက်တဲ့ ကောက်ရိုးပုံစောင့်ခွေးလိုနေမှာပေါ့. . ."

"ဝေါင်း"

"အောင်မလေးဗျ"

ငမဲအောင်မှာ ပြောတုန်းကပြောပြီး ကျားဟိန်းသံကြားသောအခါ ဇက်ပုကာ ငြိမ်ကျသွားလေသည်။

"တောထဲမှာ စကားကို မဆင်မခြင်မပြောနဲ့ကွာ၊ ညဘက် အချိန်ဆိုတော့ ငါတို့ပတ်ဝန်းကျင်မှာ မြင်ရတာတွေရော မမြင်ရတာတွေပါ၊ အန္တရာယ်ပေးနိုင်တာတွေ အများကြီးရှိတယ်"

နီမောင်ကပြောတော့မှ ကျန်နှစ်ယောက်လည်း ဘာမှမပြောတော့ဘဲ အသံတိတ်သွားကြလေသည်။

သူတို့အသံတိတ်သွားတော့ ပတ်ဝန်းကျင်မှာလည်း တိတ်ဆိတ်ငြိမ်သက်သွားလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com







# အခန်း ( ၆ )

# တောနက်ထဲမှ မြွေဖမ်းနိုင်သောသူ

ပဒူဆံမှာ ကျေးလက်တောရွာများမှာ နေသူများအတွက် အရသာရှိသော စားသောက်ဖွယ်တစ်မျိုးဖြစ်သည်။

သို့သော် ပဒူဆံရအောင် ဖွပ်ယူရသောအလုပ်ကတော့ အန္တရာယ်များလှသည်။ ဦးစွာ ပဒူကျင်းကိုတွေ့အောင် ရှာရသည်။ ပဒူကျင်းတွေ့လျှင် ဝင်ပေါက်၊ ထွက်ပေါက်နှင့် မ[illegible]ယ်ပေါက်များရှိသော နေရာများကို ခြောက်မြောင်းကြည့်ရှုထားပြီး ညအချိန်ရောက်သည်အထိ လျှို့ဝှက်စွာစောင့်ကြရသည်။

☺ အောင်မြင်စာပေ ☺

www.burmeseclassic.com

www.burmeseclassic.com



ညအချိန်ရောက်သောအခါ ရေပြွတ်ကဲ့သို့ ရေထည့်ပြီး ပဒူအုံပေါ်သို့ မိုးရွာချသကဲ့သို့ ဖျန်းပေးရသည်။

ကင်းစောင့်နေသော ပဒူကောင်များက မိုးရွာချပြီထင်သဖြင့် တွင်းအုံထဲသို့ဝင်ပြေးသွားကြသည်။

ထိုအခါ အသင့်စောင့်နေသောလူတို့က. . အသင့်ယူဆောင်လာသော ရွှံ့စေးတို့ဖြင့် တွင်းပေါက်၊ မလွယ်ပေါက်မှန်သမျှကို ပိတ်ဆို့ပစ်ရသည်။

ပိတ်ပြီးသောအခါ ဆိတ်နံကြီးရွက်ဖြင့် ပြုလုပ်ထားသော မှိုင်းတုတ်ကို မီးရှို့ပြီး မီးခိုးငွေ့များကို ဝါးပြောင်းတို့ဖြင့် တွင်းထဲရောက်အောင် မှုတ်သွင်းပေးကြရသည်။ ထိုသို့ပြုလုပ်ခြင်းကို မှိုင်းထိုးသည်ဟုခေါ်သည်။

မီးခိုးငွေ့များ တွင်းထဲဝင်သွားသောအခါ ပဒူကောင်တို့မှာ မူးဝေပြီး ထပျံကြလေသည်။

သို့သော်လည်း ထွက်ပေါက်မရှိတော့သဖြင့် တွင်းထဲမှာပင် ဆူညံနေတော့သည်။

အပြင်ဘက်မှ မီးခိုးမှုတ်သွင်းသူတို့ကလည်း ရပ်တန့်၍မရဘဲ အဆက်မပြတ် မှုတ်သွင်းပေးကြရသည်။ အတော်ကြာတော့ မီးခိုးငွေ့ကြောင့် တွင်းထဲမှာရှိကြသည့် ပဒူကောင်အားလုံးသေသွားကြလေတော့သည်။

အားလုံးသေသွားသောအခါ ကျင်းထဲမှ တောင်ပံခတ်သံ၊ အခြားအသံများ မကြားရတော့ပေ။

ပဒူကောင်များ သေသွားသောအခါ တူရွင်း၊ ပေါက်ပြားတို့ဖြင့် ပဒူကျင်းကို ဖြိုချလိုက်သောအခါ အောက်တွင် ပဒူကောင်





အသေများ ပုံထပ်နေပြီး အပေါ်မှ ပဒူဆံအပြည့်ရှိနေသော သလက်များ အထပ်လိုက်ရှိနေတော့သည်။

ပျားသလက်နှင့်ဆင်တူသော ပဒူသလက်များကို ဖြတ်ယူလာပြီးနောက် အိမ်သို့ရောက်သောအခါ ရေနွေးငွေ့ဖြင့် ပဒူဆံကျက်သည်အထိ ပေါင်းတင်ပေးရသည်။

ပဒူဆံများ ကျက်သောအခါ အထဲမှာရှိသော နို့ရည်များခဲသွားပြီး အဆံချောင်သွားတော့သည်။

ထိုအခါ အသာခါချလိုက်ရုံနှင့် ပဒူဆံများ ထွက်ကျလာတော့သည်။ ပဒူဆံမှာ နို့ခဲပင်ဖြစ်သည်။

နွားနို့ခဲ၊ ကျွဲနို့ခဲကဲ့သို့ အရသာရှိပြီး စားကောင်းသည်။

ပဒူဆံနှင့် တောင်ယာထမင်းကိုစားလျှင် စားမပြီးခင်မှာမျက်တောင်စင်းကျလာလေတော့သည်။

အရာသာရှိသဖြင့် များများစားလျှင် မထနိုင်တော့ပေ။

အချို့ကတော့ ပဒူဆံကိုကြော်ပြီး လက်ဖက်ရည်ကြမ်းဖြင့် စားသောက်ကြသည်။

ပဒူဆံမှာ အဆိပ်ရှိသဖြင့် ကိုယ်ဝန်သည်များ မစားကြရပေ။ စားသောက်မိပါက ကိုယ်ဝန်ပျက်စီးတတ်ပေသည်။

နီမောင်တို့သုံးယောက်မှာ ပဒူဆံဖွပ်ရန်အတွက် တောထဲသို့လာကြလေသည်။

ပဒူကျင်းလည်းတွေ့ရပြီ. . .။

ထိုနေရာရောက်ပြီး အခြေအနေစောင့်နေတော့မှ အနှောင့်အယှက် ပေါ်လာခြင်းဖြစ်သည်။

ထို့ကြောင့် ဘာမှလုပ်မရတော့သဖြင့် သစ်ပင်ကြီးတစ်



www.burmeseclassic.com

www.burmeseclassic.com



ပင်ပေါ်၌ လင့်စင်ထိုးပြီး တစ်ညနေကြရသည်။

အခြေအနေကောင်းပါက ပဒူကျင်းရှိရာသို့ တစ်ကျော့ပြန်ဆင်းရန် ကြိုးစားကြသော်လည်း အခွင့်မသာတော့ပေ။

သူတို့ဆင်းရန် စိတ်ကူးလိုက်တိုင်း ကျားဟိန်းသံကြားရလိုက် ဖြစ်နေသောကြောင့် စိတ်လျှော့လိုက်ကြရသည်။

"ငါတို့ကို ပဒူကျင်းမဖွပ်စေချင်လို့ အနှောင့်အယှက်ပေါ်နေတာများလား မသိပါဘူးကွာ၊ လုပ်မရတော့လည်း သစ်ပင်ပေါ်မှာပဲ တစ်ရေးအိပ်ကြတာပေါ့"

ဟု စိတ်လျှော့ကာ အိပ်ကြလေသည်။

မိုးကုန်ကာစရာသီဖြစ်သဖြင့် အအေးဒဏ်ကလည်း သိပ်မများလှသေးသောကြောင့် ကောင်းစွာအိပ်ကြရသဖြင့် သုံးယောက်သား နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်သွားကြလေသည်။

ထိုသို့အိပ်ပျော်သွားစဉ် နီမောင်မှာ ထူးဆန်းသော အိပ်မက်တစ်ခုကို မက်လေသည်။

အိပ်မက်ထဲတွင် ကြီးမားလှသော ကျားဖြူကြီးတစ်ကောင်ကို တွေ့ရလေသည်။

ကျားဖြူကြီးက သာမန်ကျားများနှင့်မတူဘဲ၊ လှပတင့်တယ်မှုရှိလေသည်။

တောထဲမှထွက်လာသော ကျားဖြူကြီးကိုမြင်သောအခါ နီမောင်မှာ များစွာအံ့ဩနေလေသည်။

သူတို့နေသောအရပ်ဒေသမှာ ရှေးအခါက ကျားဖြူမင်းငအောင်ကျော် ပိုင်သည့် အရပ်ဒေသတစ်ခု ဖြစ်သည်ကိုတော့ လူကြီးများပြောသံ ကြားဖူးသည်။





သို့သော် ကျားဖြူမင်းငအောင်ကျော် မရှိတော့သည်မှာ နှစ်ပေါင်းအတော်ကြာခဲ့ပေပြီ။ ယခုတွေ့ရသော ကျားဖြူကြီးမှာ ဝိညာဉ်ဘဝနှင့် ရောက်လာလေသလား. . .။

ဇဝေဇဝါနှင့် တွေးတောနေစဉ် ကျားဖြူကြီး သူတို့သုံးယောက်ရှိနေသော သစ်ပင်အောက်သို့ ရောက်လာကာ ဆောင့်ကြောင့်ထိုင်ကာ အပင်ပေါ်သို့ မော့ကြည့်နေသည်။

ထိုသို့ကြည့်နေရင်းနှင့် ကျားဖြူကြီးက လူအသွင်ပြောင်းလာလေသည်။

သမန်းကျားများကဲ့သို့ တဖြည်းဖြည်းနှင့် ကျားအသွင်မှ လူတစ်ယောက်အသွင်သို့ တဖြည်းဖြည်းပြောင်းလဲလာလေသည်။ နီမောင်မှာလည်း သမန်းကျားများအကြောင်းကို ကြားဖူးသော်လည်း လက်တွေ့တော့ မမြင်ဖူးသေးပေ။

ဆောင့်ကြောင့်ထိုင်နေသော ကျားဖြူကြီးမှာ ပထမဦးခေါင်းပိုင်းမှစပြီး လူအသွင်းပြောင်းလေသည်။ ကျားအသွင်ပျောက်သွားပြီး. . ခန့်ညားသောလူတစ်ယောက်၏ အသွင်သဏ္ဍာန် တဖြည်းဖြည်းပေါ်လာသည်။

နောက်တော့ ဦးခေါင်း၊ ကိုယ်ခန္ဓာအပြင် ခြေလက်တို့ပါမကျန် လူတစ်ယောက်ကဲ့သို့ ဖြစ်သွားလေသည်။

၎င်းကိုယ်ပေါ်မှာ ဝတ်ထားသည့်အဝတ်များမှာ ရှေးကရှမ်းလူမျိုး၊ တရုတ်လူမျိုးတို့ ဝတ်ဆင်သော ပိုးထည်အဝတ်အစားများဖြစ်သည်။

အသက်အရွယ်ကတော့ လေးဆယ်ကျော်၊ ငါးဆယ်ပတ်ဝန်းကျင်ခန့်ရှိပြီး ခန့်ညားသော အသွင်အပြင်မျိုးရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



"ငါတို့ကြားဖူးတာကတော့ ရှေးနှစ်ပေါင်းများစွာက ဒီနယ်မှာ ကျားအသွင်ပြောင်းနိုင်တဲ့ ကျားဖြူမင်းငအောင်ကျော် အုပ်ချုပ်ခဲ့တယ်လို့ ကြားဖူးတယ်၊

ဒါပေမယ့် ကျားဖြူမင်း ငအောင်ကျော် ကွယ်လွန်ခဲ့တာ နှစ်ပေါင်း အတော်ကြာရောပေါ့၊ အခုသစ်ပင်အောက်မှာရောက် နေတာ ကျားဖြူမင်းငအောင်ကျော်ဆိုတာများလား၊

သူက သိဒ္ဓိရှိတဲ့သူဆိုတော့ ဝိညာဉ်ဘဝနဲ့များ ဒီနေရာ ပြန်ရောက်လာတာများလား"

ဟုအမျိုးမျိုးတွေးတောနေစဉ်မှာပင် သစ်ပင်အောက် မှာရှိနေသောလူကြီးက သူတို့ရှိနေသည့် သစ်ပင်ပေါ်သို့ တစ် ချက်မော့ကြည့်ပြီး လာလမ်းအတိုင်း တောထဲပြန်ဝင်သွားလေ တော့သည်။

၎င်းဝင်သွားပြီး မရှေးမနှောင်းမှာပင် ထိုနေရာဘက်မှ ကျားဟိန်းသံကြီး ကြားရလေသည်။

နောက်တော့ ပြန်လည်အိပ်ပျော်သွားပြန်လေသည်။

နောက်တစ်နေ့ နံနက်ပိုင်းအချိန် ရောက်သောအခါ သုံးယောက်စလုံး အိပ်ပျော်ရာမှ ပြန်နိုးလာကြသောအခါ. . နီမောင်က သူမြင်မက်ခဲ့သည့် အိပ်မက်အကြောင်းကို ပြန်ပြော ပြလိုက်လေသည်။

"မင်းတစ်ခုခုကို စိတ်စွဲနေလို့ မက်တာလည်းဖြစ်မှာပေါ့ ငါတို့မအိပ်ခင်က ကျားဟိန်းသံတွေ ကြားခဲ့ရတယ်လေ"

ဟု ငမဲအောင်က ပြောသည်။

"လူကြီးတွေ ပြောသံကြားဖူးတာတော့ ရှေးနှစ်ပေါင်း





များစွာတုန်းက ဒီနေရာဒေသတွေက ကျားဖြူမင်း ငအောင် ကျော် ပိုင်တဲ့နေရာတွေလို့ ပြောကြတယ်၊ ဒါကြောင့် အတိတ် နိမိတ် ပြတာလည်း ဖြစ်ချင်ဖြစ်မှာပေါ့ကွာ"

ငမဲအောင်ကလည်း သူစိတ်ထင်တာကို ပြောရင်း နှင့်ပင် သုံးယောက်သားသစ်ပင်အောက်သို့ ဆင်းကြလေသည်။

သစ်ပင်အောက်ရောက်သောအခါ ပဒူသိုက်ရှိရာသို့ တစ်ကျော့ပြန်သွားပြီး ကြည့်ကြလေသည်။

ပဒူသိုက်ကတော့ နေ့အချိန်တွင် ဘာမှလုပ်မရပေ။

ထို့ကြောင့် တစ်နေ့လုံး ထိုင်စောင့်ပြီး ညအချိန်ရောက် မှသာ တစ်ကျော့ပြန် ကြိုးစားကြရပေတော့မည်။

ထို့ကြောင့် ပဒူသိုက်ရှိသောနေရာနှင့် မနီးမဝေးမှာပင် စခန်းချပြီး စောင့်ဆိုင်းနေကြလေသည်။

နေ့အချိန်ဖြစ်သောကြောင့် သစ်ပင်ပေါ်ပြန်တက်စရာ မလိုသေးဘဲ အရိပ်ကောင်းသော ညောင်လန်းပင်ကြီးအောက် မှာပင် စခန်းချကာ အသင့်ပါလာသော အစားအသောက်များကို ပင် စားသောက်နေကြလေသည်။

ထိုသို့စားသောက်နေစဉ်မှာ တောတိုးလာသော ခြေသံ များကိုကြားရသဖြင့် အသံကြားရသောဘက်သို့ လှမ်းကြည့် လိုက်ကြသည်။

အသံများကြားရစဉ်က လူများ၊ ဒါမှမဟုတ် တိရစ္ဆာန် အတော်များများ လာနေကြသည်ဟု ထင်မိသော်လည်း တကယ် တမ်းထွက်လာသောအခါမှာတော့ လူတစ်ယောက်တည်းသာ ဖြစ်နေသဖြင့် အံ့သြသွားကြသည်။



www.burmeseclassic.com

www.burmeseclassic.com



သစ်ချုံများကြားမှ တိုးထွက်လာသော ထိုလူကိုမြင်ရသောအခါ နီမောင်မှာ များစွာအံ့သြသွားလေတော့သည်။

အခြားမဟုတ်ပေ. . ။

ထိုလူကြီးမှာ ညကအိပ်မက်ထဲမှာ တွေ့မြင်ခဲ့ရသောလူကြီးပင်ဖြစ်တော့သည်။

"အဲ့ဒီလူကြီးကို ငါညကအိပ်မက်ထဲမှာ တွေ့ခဲ့ရတယ်"

"ဟင်. . ဒါဖြင့် ကျားက လူယောင်ဆောင်လာတာများဖြစ်နေမလား၊ သတိတော့ထားဟေ့"

ဟုတိုးတိုးပြောကာ သုံးယောက်သားတောထဲမှ ထွက်လာသောလူကြီးကို မျက်တောင်မခတ်ကြည့်နေကြသည်။

အရေးအကြောင်းရှိပါက ချက်ခြင်းအသုံးပြု၍ ရစေရန် ပါလာသော လက်နက်များကိုလည်း အဆင်သင့်ချထားကြသည်။

ရှမ်းလူမျိုးတို့ ဝတ်ဆင်လေ့ရှိသော အင်္ကျီနှင့် ဘောင်းဘီပွပွတို့ကို ဝတ်ဆင်ထားပြီး ပိုးပုဝါတစ်ထည်ကို ခေါင်းမှာပေါင်းထားသော ထိုလူကြီးမှာ ဥပတိရုပ်ကောင်းသူတစ်ဦးလည်း ဖြစ်ပေသည်။

မျက်လုံး၊ မျက်ခုံး၊ နှာတံတို့က ယောကျာ်းပီသသောရုပ်လက္ခဏာမျိုးဖြစ်ပြီး နှုတ်ခမ်းမွှေးရှိသောကြောင့်လည်း ပိုပြီးခန့်ညားသော အသွင်မျိုးရှိလေသည်။

၎င်းထံမှာတော့ လက်နက်တစ်စုံတရာ မပါသဖြင့် နည်းနည်းတော့ စိတ်အေးသွားကြသည်။

မနီးမဝေးရောက်လာသောအခါ ထိုလူကြီးက ရပ်တံ့ပြီး ပြောသည်။





"ငါကမင်းတို့ကို ရန်ပြုမယ့်သူမဟုတ်ပါဘူးကွယ်၊ ပြောစရာရှိလို့ လာတာပါ. ."

"ဟုတ်ကဲ့ ဒီမှာစားသောက်စရာတွေရှိပါတယ်၊ စားရင်းသောက်ရင်း နားပါဦးလားခင်ဗျာ"

နီမောင်က ဖိတ်ခေါ်လိုက်သောအခါ သူတို့နှင့် မနီးမဝေးမှာရှိသော သစ်တုံးကြီးတစ်တုံးပေါ်မှာ ဝင်ထိုင်ရင်းနှင့်ပြောသည်။

"ငါက သတ်သတ်လွတ် အစားအသောက်ပဲ စားတယ်၊ အသားငါးတွေ မစားဘူး"

"ဒီမှာ ထမင်းနဲ့ ပဲပုပ်ပါလာပါတယ်၊ စားသောက်ပါဦး"

ဟုပြောပြီး ပန်းကန်တစ်ချပ်နှင့် ထည့်ပေးသောအခါ လှမ်းယူပြီး စားသောက်လေသည်။ ၎င်းစားသောက်နေပုံမှာ ဖြေးဖြေးသာသာနှင့်ပင်၊ အိန္ဒြေရလှပေသည်။

စားသောက်ပြီးတော့ လက်ဖက်ရည်ကြမ်းသောက်ရင်း ထိုလူကြီးကပြောသည်။

"မင်းတို့ကျွေးတာ စားသောက်ရတော့လည်း ကျေးဇူးတင်ရပေမပေါ့၊ ဒါကြောင့် ပြောစရာရှိတာလေးတွေလည်း ပြောခဲ့ရဦးမယ်"

"ပြောပါအဘ"

"မင်းတို့ဒီနေရာရောက်နေကြတာ ပဒ္မကျင်းတူးကြဖို့မဟုတ်လား"

"ဟုတ်ပါတယ်အဘ"

"ပဒ္မကျင်းကို ဘာကြောင့်တူးကြတာလဲ၊ အန္တရာယ်များ



www.burmeseclassic.com

www.burmeseclassic.com



လှတယ်"

"ကျွန်တော်တို့က ဆင်းရဲသားတွေပါ၊ ပဒူသလက်ရရင် စားဖို့ပါပဲ၊ နောက်ပြီး ပဒူကောင်တွေများလာရင် လူနဲ့ တိရစ္ဆာန်တွေကို အန္တရာယ်များလို့ပါ"

ထိုသို့ပြောသောအခါ ဧည့်သည်ကြီးက သဘောကျစွာဖြင့် ပြုံးနေလေသည်။

"ပဒူကောင်တွေ ဘယ်လောက်များများ၊ လူတွေနေတဲ့ဆီကိုတော့ တကူးတကရောက်လာပြီး အန္တရာယ်ပေးကြတာမဟုတ်ပါဘူး၊ သူတို့အသိုက်အမြုံကို ရောက်လာမှသာ ဝိုင်းပြီးတိုက်ခိုက်တာပါ၊ လူတွေလည်း ကိုယ့်နေရာကိုလာပြီး ထိပါးနှောင့်ယှက်တဲ့အခါ ဒီလိုပဲ ရန်ပြုရတာပဲမဟုတ်လား"

"ဟုတ်. . ဟုတ်ပါတယ်"

"ပဒူကောင်တွေလည်း ပျားကောင်တွေလိုပါပဲ၊ တခြားအသက်ရှိတဲ့ သတ္တဝါတွေလိုပါပဲ၊ မင်းတို့မသတ်လည်း အချိန်တန်တော့လည်း သေသွားကြတာပါပဲ"

"အဘက ဒီအကြောင်းတွေကို ဘယ်လိုများ သိနေတာပါလဲ"

"ငါက တောထဲမှာပဲ အမြဲနေတဲ့သူဆိုတော့ တောထဲမှာရှိတဲ့ တိရစ္ဆာန်တွေအကြောင်းကို သိတာပေါ့ကွယ်၊ ပျားရည်လိုချင်ရင် ပျားအုံကိုဖျက်ကြရတယ်၊ ပျားကောင်တွေမသေပေမယ့် သားလောင်းတွေကတော့ ရာပေါင်းများစွာ သေကြရတယ်မဟုတ်လား"

"ဟုတ်ပါတယ်"





"ဒါကြောင့် ရှေးကသူတော်ကောင်းတွေက 'ပျားဖွပ်၊ သားတိုး၊ မယားခိုး' ဆိုပြီး အပြစ်ကြီးလှတဲ့ အလုပ်သုံးခုကိုပြောပြခဲ့တယ်၊

ပျားဖွတ်တာရယ်၊ သူတစ်ပါးသားမယား ပစ်မှားစော်ကားတာရယ်၊ တိရစ္ဆာန်တွေကို သားတိုးမွေးပြီး သတ်ဖြတ်စားသောက်တာရယ် အပြစ်ကြီးတဲ့အလုပ်မျိုးတွေပဲ. ."

နီမောင်တို့သုံးယောက်မှာ တောထဲရောက်သည့်အခါ ပျားဖွပ်သည့်အခါ ဖွပ်ကြရသဖြင့် ထွေထွေထူးထူး ဘာမှပြန်မပြောဘဲ ငြိမ်နေကြရလေသည်။

"ပျားဖွပ်တဲ့အလုပ်က ပျားလောင်းတွေပဲသေပြီး ပျားကောင်ကြီးတွေကတော့ မသေကြဘူး၊ သူတို့အတွက် ရှာဖွေစုဆောင်းထားတဲ့အစာတွေနဲ့ အသိုက်အမြုံ ပျက်တာတော့ရှိတာပေါ့၊ ဒါထက်ဆိုးတာက ပဒူဖွပ်တဲ့အလုပ်မျိုးပဲ"

"ဘယ်လိုကြောင့်လည်းအဘ. ."

"ပဒူဆံလိုချင်ရင် ကျင်းထဲမှာနေတဲ့ ပဒူကောင်တွေကို တစ်ကောင်မကျန် သတ်ဖြတ်ပစ်ကြရတယ်၊ အကောင်ကြီးတွေရော အကောင်သေးတွေပါမကပဲ သားလောင်းတွေပါ သတ်ပစ်ကြရတာမဟုတ်ဘူးလား. ."

"မှန်ပါတယ်. ."

"ထောင်ပေါင်းများစွာရှိကြတဲ့ ပဒူကောင်တွေကို တွင်းထဲမှာပိတ်လှောင်ပြီး မီးခိုးမှိုင်းတိုက်သတ်တဲ့အလုပ်မျိုးကို အပြစ်ရှိတယ်လို့ မင်းတို့မထင်မိကြဘူးလား"

နီမောင်က သက်ပြင်းတစ်ချက်ချပြီး. . ပြန်ပြောလိုက်



www.burmeseclassic.com

www.burmeseclassic.com



သည်။

"တကယ်တော့ ကျွန်တော်တို့လည်း သိပါတယ်၊ ဒါတွေကို လုပ်ချင်လို့ လုပ်နေကြရတာလည်း မဟုတ်ပါဘူး၊ ဆင်းရဲတော့လည်းအဘရယ် ဒီလိုသိပေမယ့်လည်း လုပ်နေရတာပါပဲ၊ တကယ်လို ဒီထက်အဆင်ပြေလာရင်တော့လည်း မလုပ်တော့ဘူးလို့ စိတ်ကူးထားမိပါတယ်"

"အင်း. . ဆင်းရဲပေမယ့် ဒီလိုစိတ်ကူးမျိုးရှိနေတော့လည်း မဆိုးပါဘူးကွ၊ ဒီလိုဆိုရင်တော့ မင်းတို့သုံးယောက်ကို ငါ အကူအညီတစ်ခုတော့ ပေးပါ့မယ်"

ထိုစကားကြားတော့ စိတ်ဝင်စားစွာဖြင့် ကြည့်လိုက်ကြသည်။ ထိုအခါ ဧည့်သည်ကြီးက ဆက်ပြောသည်။

"ငါလည်း မင်းတို့ကို သာမန်လူတစ်ယောက်ပါပဲ၊ ဒါကြောင့် သိဒ္ဓိရှိတဲ့လူတွေလို ရွှေတွေငွေတွေလည်း မပေးနိုင်ပါဘူးကွာ၊ ဒါပေမယ့် တစ်ခုတော့ ပြောပြနိုင်ပါတယ်"

သုံးယောက်သား စိတ်ဝင်စားစွာဖြင့် ကြည့်လိုက်ကြပြန်သည်။

"မင်းတို့သုံးယောက် မြွေဖမ်းဝံ့ကြသလား"

"ဗျာ. ."

ရွှေငွေမရပဲ မြွေဖမ်းရမည်ဆိုပြန်သဖြင့် အံ့ဩသွားရပြန်သည်။

"မြွေဖမ်းတာတောင် ရိုးရိုးမဟုတ်ဘူး၊ မိတ်လိုက်ဖို့ထွက်လာတဲ့ မြွေတွေကြားထဲက မြွေတစ်ကောင်ကိုရအောင် ဖမ်းယူရမှာ. ."





"မဖမ်းဝံ့ပါဘူးအဘရယ်၊ ကျွန်တော်တို့က တောထဲသွားနေကြပေမယ့် မြွေဆိပ်ဖြေဆေးမရှိကြပါဘူး"

"ဒီလောက်လည်း မကြောက်ပါနဲ့ကွာ၊ မိတ်လိုက်ဖို့ထွက်လာတဲ့မြွေတွေက မင်းတို့တွေ့လည်း ဘာမှမလုပ်ကြပါဘူး၊ အဲဒီမြွေတွေအများကြီးထဲမှာ ရွှေရောင်တောက်နေတဲ့ မြွေတစ်ကောင်တွေ့ရင် ဝင်ဖမ်းဝံ့ပါ့မလား"

နီမောင်စိတ်ထဲမှာ လေးလေးနက်နက် တွေးလိုက်မိသည်။ သူတစ်ပါးအသက်ကို မသတ်ဖို့ပြောနေသူတစ်ယောက်က လူတွေသေရမည့်အဖြစ်မျိုးတော့ ပြောမည်မထင်ပေ။ ထို့ကြောင့် ချက်ခြင်းပြန်ပြောလိုက်သည်။

"အဘက ဖမ်းဆိုရင်တော့ ဖမ်းဝံ့ပါတယ်"

"ဒီလိုမှပေါ့၊ သူတစ်ပါးအသက်တွေကိုတောင် သတ်ဝံ့ဖြတ်ဝံ့တဲ့သူတွေက ကိုယ့်အလှည့်ရောက်လာရင်လည်း အသေခံဝံ့ရမှာပေါ့. ."

"ဘယ်နေရာမှာ သွားဖမ်းရမယ်ဆိုတာသာ ပြောပါ"

"ဒီကနေ့က အဖိတ်နေ့ပဲ၊ မနက်ဖြန်ညက တော်သလင်းလပြည့်ညပဲ၊ အဲဒီညမှာ မင်းတို့သုံးယောက် ကြာညီနောင်ကန်ရှိတဲ့နေရာကို သွားကြပေတော့၊ အဲဒီမှာ အုတ်ဂူဟောင်းနှစ်လုံးရှိတယ်ဆိုတာရော သိတယ်မဟုတ်လား"

"ဟုတ်ကဲ့ သိပါတယ်"

"လပြည့်ညမှာ မြွေတွေ မိတ်လိုက်ကြလိမ့်မယ်၊ မင်းတို့က ကြာညီနောင်ရေကန်နားက အုတ်ဂူတွေရှိတဲ့ နေရာသာ စောင့်နေကြပါ၊ ရွှေရောင်တောက်နေတဲ့ မြွေတစ်ကောင်တွေ့



www.burmeseclassic.com

www.burmeseclassic.com



ရင် ရအောင်သာဖမ်းယူကြပေတော့”

“ကောင်းပါပြီ အဘပြောတဲ့အတိုင်း ရအောင်ဖမ်းပါ့မယ်”

“ဒါပေမယ့် တစ်ခုတော့ရှိသေးတယ်၊ မြွေမဖမ်းခင် တခြားအနှောင့်အယှက်တွေနဲ့ တွေ့ရင်လည်း မကြောက်ကြနဲ့၊ နောက်ပြီး မြွေရွှေရောင်မဟုတ်ရင်လည်း မဖမ်းလေနဲ့”

“ကောင်းပါပြီ”

“ကဲ . . ကဲ . . မြွေဖမ်းမှာဆိုတော့ ပဒူကျင်းလည်း မဖျက်ဆီးပါနဲ့တော့ကွာ၊ ကြာညီနောင်ကန်သာ အရောက်သွားကြပေတော့ . . ငါလည်းသွားတော့မယ်”

ဟုပြောဆိုနှုတ်ဆက်ပြီးနောက်၊ တောထဲသို့ ပြန်ဝင်သွားလေတော့သည်။

ထိုအခါမှ သုံးယောက်သား တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်လိုက်ကြသည်။

“ဒီလူကြီးကြည့်ရတာ မထူးဆန်းဘူးလား”

စောထီးက ပြောလိုက်သည်။

“ထူးဆန်းတာပေါ့ကွာ၊ ငါတော့ သူ့ကိုကြည့်နေရင်းနဲ့ ကြောက်တောင်လာတယ်၊ ဘာကြောင့်ဒါတွေလာပြောသွားတာလဲမသိဘူးနော် . .”

ငမဲအောင်ကပါပြောသဖြင့် နီမောင်က သူတွေးမိသလို ပြောလိုက်လေသည်။

“ဘာကြောင့် လာပြောသွားတာလဲဆိုတော့ ငါတို့သုံးယောက်ကို ပဒူကျင်မတူးစေချင်လို့ဖြစ်မှာပေါ့၊ ဒါကြောင့် ညက





တည်းက အနှောင့်အယှက်တွေအမျိုးမျိုး တွေ့နေတာ မင်းတို့သတိမထားမိဘူးလား”

“ဒါဖြင့် စောစောကလာတဲ့ အဘိုးကြီးက သာမန်မဟုတ်ဘူးပေါ့”

“မင်းက ဘယ်လိုထင်နေလို့လည်း စောထီးရယ်”

“ငါကတော့ ဒါမျိုးတွေလည်း သိပ်မသိပါဘူး၊ ဒါဖြင့် သူပြောတဲ့နေရာကို သွားလို့ကောဖြစ်ပါ့မလား”

“ပြောပြီးမှတော့ ဖြစ်ချင်ရာဖြစ် သွားကြရမှာပဲ၊ ဘာမှကြောက်မနေကြနဲ့တော့၊ အချိန်ရှိတုန်းသွားကြရအောင်”

“ဒါဖြင့် ပဒူကျင်းကို မတူးတော့ဘူးလား”

နီမောင်က ခေါင်းခါပြလိုက်သည်။

“တူးလည်း ရမှာမဟုတ်ဘူး၊ ဆက်တူးရင် အန္တရာယ်တစ်ခုခုနဲ့တောင် တွေ့ချင်တွေ့နေမှာ၊ ဒီတော့ သူပြောတဲ့ မြွေပဲသွားဖမ်းကြတာကောင်းပါတယ်”

နီမောင်ကပြောတော့ ကျန်နှစ်ယောက်က ထွေထွေထူးထူး ဘာမှပြန်မပြောကြတော့ပေ . . .။

ထို့နောက် သုံးယောက်သား ပစ္စည်းများသိမ်းပြီးနောက် ထိုနေရာမှ ထွက်ခဲ့ကြပေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com







# အခန်း (၇)

# ကြာညီနောင်ရေကန်မှ ထူးဆန်းသောဖြစ်ရပ်ဆန်း

ကြာညီနောင်ရေကန်ပျက်များရှိသော နေရာကတော့ ကြမ်းသည်။ လူသူအရောက်အပေါက် မရှိသလောက်နည်းသော ကြောင့်လည်း ချုံနွယ်ပိတ်ပေါင်းများနှင့် တောထူထပ်သည်။

တောထူထပ်သလို တောကောင်ကြီးများ ခိုအောင်းရာ နေရာလည်းဖြစ်သည်။ ထို့ပြင် ချုံနွယ်ပိတ်ပေါင်းထူထပ်သဖြင့်



www.burmeseclassic.com

www.burmeseclassic.com



မြွေပေါင်းစုံတို့ကလည်း ထိုနေရာ၌ ပေါသည်။

ယက္ကန်းကြိုးဟုခေါ်သော လက်သန်းလောက်သာရှိသော မြွေအကောင်ငယ်ကလေးများမှစပြီး ပေါင်လုံး၊ ခြေသလုံးလောက်ရှိသော စပါးကြီးမြွေမျိုးအထိ မျိုးစုံရှိသည်။

ထို့ပြင် အဆိပ်ပြင်းလှသော မြွေပွေး၊ မြွေဟောက်၊ ဆင်ပစ်မြွေစသည်တို့လည်းရှိကြသည်။ ထို့ကြောင့် တော်ရုံကိစ္စရှိရုံလောက်နှင့် ထိုနေရာသို့ မလာဝံ့ကြပေ. . .။

ယခုတော့. . နီမောင်၊ စောထီး၊ ငမဲအောင်တို့ သုံးယောက်မှာ အန္တရာယ်များလှသော ကြာညီနောင် ရေကန်ပျက်ရှိရာသို့ လာကြလေသည်။

“နီမောင်ရာ ပဒူကျင်းတွေ့ပြီးမှ မဖွပ်လိုက်ရတာတော့ နာတယ်ကွာ”

ဟု ငမဲအောင်က မကျေမနပ်လေသံမျိုးဖြင့် ပြောလေသည်။

“မဖွပ်ရတော့လည်း ဘာဖြစ်သလဲကွာ၊ ပဒူဆံမစားရတော့လည်း တခြားစားစရာ ရှာစားပေါ့. . .”

စောထီးကပါ ပြောသဖြင့် နီမောင်က. .

“တောထဲမှာ ရှာဖွေစားသောက်တယ်ဆိုတာ သတိထားရတယ်ကွ၊ တောနဲ့သက်ဆိုင်တဲ့သူတွေ မနှစ်သက်တဲ့ အလုပ်မျိုးတွေ၊ သဘောမကျတဲ့အလုပ်တွေကို မလုပ်ပဲနေရင် ပိုပြီး အန္တရာယ်ကင်းတာပေါ့၊ သူတို့ကလည်း မနှစ်သက်ရင် တစ်နည်းနည်းနဲ့တော့ အသိပေးလေ့ရှိကြတယ်”

ဟုပြောလိုက်သည်။





ထိုအခါ ငမဲအောင်က ထပ်ပြောပြန်သည်။

“မင်းကတော့ အဲဒီကိစ္စမျိုးတွေကို သိပ်ပြီး အယုံအကြည်ရှိတယ်၊ ငါတို့ကတော့ မသိပါဘူးကွာ၊ ဒါထက် သူပြောတဲ့အတိုင်း တကယ်မြွေဖမ်းမှာလား”

“ဖမ်းရမှာပဲ”

“အဆိပ်ရှိတဲ့မြွေကို ဒီအတိုင်းလက်နဲ့ဖမ်းဖို့ကတော့ အတော်စွန့်စားရမှာပဲ”

“မင်းတို့နှစ်ယောက်မလုပ်ပါနဲ့ ငါလုပ်ပါ မယ်”

“တကယ်လို မင်းတစ်ခုခုဖြစ်သွားတော့လည်း ဘာထူးမှာလဲကွာ၊ ဖမ်းမယ်ဆိုလည်း ငါတို့သုံးယောက်စလုံး ဖမ်းကြရုံပေါ့၊ သာလည်းအတူ နာလည်းအတူတူပေါ့”

ဟုပြောသဖြင့် နီမောင်က ခေါင်းညိတ်ပြလိုက်လေသည်။

“ဒီလောက်လည်း မစိုးရိမ်ပါနဲ့၊ ငါတို့က သူတို့မကြိုက်တဲ့အလုပ်၊ မနှစ်သက်တဲ့အလုပ်တွေ ဘာမှလုပ်ကြတာမှ မဟုတ်တာ၊ ဒီလိုမလုပ်တဲ့လူတွေကိုလည်း သူတို့က ဒုက္ခရောက်အောင် မလုပ်ကြပါဘူး”

ဟုပြောတော့မှ နှစ်ယောက်သား စိတ်သက်သာရာ ရသွားကြဟန်ရှိလေသည်။

သူတို့သည် မှန်ကင်းတောင်ပေါ်မှ ပြန်ဆင်းလာသော အချိန်ကပင် နေအတော်မြင့်နေပေပြီ။

စကားတပြောပြောနှင့် လျှောက်လာကြရာ တောင်ခြေဘက်သို့ရောက်တော့ ညနေပိုင်း အချိန်ရောက်နေကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ကြာညီနောင် ရေကန်ဟောင်းနှစ်လုံးရှိသောနေရာမှ အောက်ခြေတစ်နေရာ၌ပင်ဖြစ်သည်။

ရေကန်ဟောင်းကြီးနှစ်လုံးမှာ ယှဉ်လျက်အနေအထားရှိပြီး ကြားထဲမှာ ကန်ဘောင်ရိုးတစ်ခုသာ ခြားထားလေသည်။

ရေကန်ထဲမှာတော့ ရေလည်းမရှိ။

ကြာပန်းများလည်း တစ်ပင်တလေမှ မရှိတော့ပေ။

ရေကန်အလယ်မှာ နှုံးမြေများတက်နေပြီး ရေမရှိသဖြင့် ကွဲအက်နေလေသည်။

ကန်ထဲမှာ ဘာမှမရှိသော်လည်း ကန်ဘောင်ရိုးတစ်ဝိုက်မှာတော့ ချုံနွယ်ပိတ်ပေါင်းများ ထူထပ်စွာပေါက်ရောက်လျှက်ရှိနေသည်။

ညောင်လန်းပင်ကဲ့သို့ အသိုက်အမြုံကောင်းသော သစ်ပင်ကြီးများကလည်း အတော်များများ ရှိနေကြသည်။

အချို့နေရာများဆိုလျှင်. . လူတစ်ယောက်တိုး၍ မရလောက်အောင်ပင် ပိတ်ဆီးနေကြသည်။

ရေကန်ဟောင်းနှစ်လုံး၏ ရှေ့ဘက်မှာတော့ အုတ်ဂူဟောင်းနှစ်လုံး ယှဉ်လျက်ထားရှိသည်။

အုတ်၊ ကျောက်တို့ဖြင့် အခိုင်အခံ့ ပြုလုပ်ထားခဲ့သော အုတ်ဂူမျိုးရှိသည်။ အုတ်ဂူပေါ်၌ ရုပ်တုနှစ်ခုလည်းရှိသည်။

တစ်ခုက ကျားရုပ်ဖြစ်ပြီး၊ တစ်ခုက ကိန္နရာရုပ်ဖြစ်ပေသည်။ သို့သော်လည်း နှစ်ပရိစ္ဆေဒ ကြာမြင့်ခဲ့ပြီဖြစ်သောကြောင့် ကျိုးပဲ့ပျက်စီးနေပေပြီ. . .။

နီမောင်တို့သုံးယောက် ထိုနေရာသို့ ရောက်သွားသော





အချိန်မှာ ညနေပိုင်းအချိန်ပင် ရှိသေးသော်လည်း သစ်ပင်ရိပ်များကြောင့် မှောင်စပြုနေချေပြီ။

သုံးယောက်သား ရေကန်နှစ်လုံးရှိသောနေရာနှင့် မနီးမဝေးနေရာ၌ စခန်းချကြလေသည်။

"ဒီည တော်သလင်းလပြည့်ညပဲ၊ အဘပြောလိုက်တဲ့အတိုင်းဆိုရင်တော့ ဒီည မြွေတွေ မိတ်လိုက်ကြလိမ့်မယ်၊ ဟုတ်မဟုတ် ဒီနေရာကပဲ စောင့်ကြည့်ကြတာပေါ့"

ဟုပြောဆိုတိုင်ပင်ပြီး သင့်တော်သော နေရာတွင် နေကြလေသည်။

ညဦးပိုင်းအချိန်ရောက်တော့ အမှောင်ရိပ်များက စတင်ဖုံးလွှမ်းလာလေသည်။

အရှေ့ဘက်ကောင်းကင်ပြင်၌ လရောင်ရှိသော်လည်း သစ်တောနှင့်တောင်များက ခံနေသောကြောင့် အလင်းရောင်မရသေးပေ။

အရှေ့ဘက်၌ရှိသော မှန်ကင်းတောင်တန်းပေါ် ကျော်ထွက်လာရန်ပင် အချိန်အတော်ကြာပေဦးမည်။

လရောင်မရသေးသောကြောင့် ပတ်ဝန်းကျင်တစ်ဝိုက်မှာတော့ သစ်ပင်ရိပ်များဖြင့် မှောင်နေသေးသည်။

နီမောင်တို့သုံးယောက်လည်း ပါလာသော အစားအသောက်များကို စားသောက်ရင်း အခြေအနေကို နားစွင့်နေကြလေသည်။

ယခုအချိန်အထိတော့ ထူးထူးခြားခြား ဘာသံမှ မကြားရသေး။ အရိပ်အယောင်များလည်း မမြင်ရသေးပေ။



www.burmeseclassic.com

www.burmeseclassic.com



ညဦးပိုင်းအချိန်ရောက်သည်အထိ ထူးခြားမှုတစ်စုံ
တရာ မမြင်ရ မကြားရသေးသောအခါ 'ဟုတ်မှဟုတ်ပါ့မလား'
ဟု စိတ်ထဲမှ ထင်မိလေသည်။

အချိန်အတော်ကြာသည်အထိ အမှောင်ထုများက ဖုံး
လွှမ်းနေရာ ပတ်ဝန်းကျင်ကိုပင် ဘာမှမမြင်ရတော့ပေ. . .။

ထူးခြားသောအချက်တစ်ခုကတော့ ခါတိုင်း မှောင်ရီ
သမ်းလာသောအချိန်ရောက်လာပါက ညအချိန် အစာရှာထွက်
လာကြသော တောခွေးများအပါအဝင် တောကောင်ကြီးများ
အသံကိုကြားကြရသည်။

ယခုတော့ ကြောင်အော်သံ၊ ခွေးအူသံပင် မကြားရဘဲ
တိတ်ဆိတ်ငြိမ်သက်လျှက်ရှိနေလေသည်။

ညဦးပိုင်းအချိန်ကျော်တော့ အရှေ့ဘက်မှာ ကာဆီး
နေသော မှန်ကင်းတောင်တန်းပေးမှ လရောင်က ကျော်တက်၍
ပြူလာလေပြီ။

သို့သော်လည်း မြူနှင်း၊ မိုးနှင်းများက ရှိနေသေးသော
ကြောင့် မှုံဝါးဝါးသာ အလင်းရောင်ရသေးသည်။

"နီမောင်. . ဟိုမှာကြည့်ပါဦး"

စောထီးပြသဖြင့် ကြာညီနောင် ရေကန်ဟောင်းနှစ်လုံး
ရှိရာဘက်သို့ လှမ်းကြည့်လိုက်သောအခါ မိမိမျက်စိကိုပင် မယုံ
နိုင်လောက်အောင် ဖြစ်သွားလေသည်။

ညနေပိုင်းကကြည့်ခဲ့စဉ်က ရေကန်နှစ်လုံးစလုံး ရေမရှိ
ဘဲ ခန်းခြောက်နေသည်။

ယခုတော့ ရေများပြည့်နေရုံမကပဲ ရေကန်နှစ်လုံးစလုံး





တွင် ကြာပန်းများ ပြည့်နေလေတော့သည်။

လေတိုက်လိုက်တိုင်း ကြာပန်းများက ယိမ်းထိုးလှုပ်ရှား
နေကြလေသည်။

"ငါတို့ မျက်စိအမြင်မှားနေတာများလား၊ ဒါမှမဟုတ်
တစ်ခုခုက လှည့်စားနေပြီထင်တယ်၊ ရေမရှိတဲ့ ရေကန်ထဲမှ
ရေပြည့်နေပြီး၊ ကြာမရှိတဲ့ ရေကန်ထဲမှာ ကြာပန်းတွေ ရောက်
နေပါရောလား. . "

ဟု ငမဲအောင်က ပြောလေသည်။

သုံးယောက်သား တိုးတိုးတိတ်တိတ် ပြောနေကြစဉ်
ကန်ဘောင်ပေါ်မှာ သွားလာနေကြသော ပုံရိပ်အချို့တို့ကိုလည်း
ဝိုးတဝါးမြင်ကြရသည်။

ရေကန်ရှိသော နေရာဘက်မှ လူသွားလူလာပုံရိပ်များ
တွေ့ရသလို စူးစူးဝါးဝါး အော်ဟစ်သံများကိုလည်း ကြားကြရ
သည်။

ထိုအခိုက်မှာပင် ရေကန်ဘက်မှ လူလေးယောက် ကန်
ဘောင်ပေါ်သို့ တက်လာကြသည်။

အဝေးမှကြည့်ရသည်ဖြစ်သောကြောင့် လူလား၊ နာနာ
ဘာဝလား သဲသဲကွဲကွဲတော့ မသိရသေးပေ။

ကန်ထဲမှ တက်လာသောလူလေးယောက်က သူတို့ရှိ
သောနေရာဘက်သို့ လျှောက်လာကြသည်။

ထိုအချိန်ရောက်မှတော့ နီမောင်တို့မှာလည်း ဘာမှ
လုပ်မရတော့သဖြင့် အခြေအနေကြည့်ရုံသာရှိပေတော့သည်။

လူဟုသာထင်ရသော်လည်း တကယ်တော့ဟုတ်ပေ။



www.burmeseclassic.com

www.burmeseclassic.com



လူနှင့်တူသော သရဲသဘက်လေးကောင်ပင်ဖြစ်သည်။

မနီးမဝေးရောက်တော့ ရှေ့သို့ ဆက်မတိုးတော့ပဲ ရပ်တံ့သွားကြလေသည်။

"ဘာအတွက် ဒီနေရာ ရောက်နေကြတာလဲ"

"မြွေဖမ်းမလို့ပါ"

နီမောင်က ပြန်ပြောလိုက်သည်။

"ဘယ်သူဖမ်းခိုင်းတာလဲ"

"ကျားဖြူရှင်. . "

နီမောင်ကစိတ်ထဲထင်သော အမည်တစ်ခုကို လွှတ်ခနဲ ပြောလိုက်မိသည်။

ပြောလိုက်မိပြီးမှ ဘာများဖြစ်လာမဲဟု ရင်တထိတ်ထိတ်နှင့် စောင့်နေရသည်။ ဘာမှတော့ ထူးခြားမှုဖြစ်မလာပေ။

သရဲသဘက်လေးကောင်က အတန်ကြာအောင် ငြိမ်သွားပြီးမှ မေးပြန်လေသည်။

"မြွေဖမ်းမှာဆိုတော့ ရွှေရောင်မြွေလား၊ ငွေရောင်မြွေလား"

"ရွှေရောင်မြွေပဲဖမ်းမှာပါ"

"ဖမ်းသင့်တဲ့မြွေပဲ ရွေးဖမ်းပါ၊ မဖမ်းသင့်တဲ့မြွေဖမ်းရင် အသက်အန္တရာယ်တွေ့လိမ့်မယ်"

ဟုပြောပြီး လာလမ်းအတိုင်း ပြန်သွားကြလေတော့သည်။ ဒီတော့မှ သုံးယောက်စလုံး သက်ပြင်းချနိုင်ကြလေသည်။

သရဲလေးကောင်ပျောက်သွားတော့မှ စောထီးက လေသံတိုးတိုးဖြင့် မေးသည်။





"နီမောင် မင်းဘာတွေပြောလိုက်တာလဲ၊ မင်းပြောတဲ့ စကားအဓိပ္ပာယ်တွေက ဘာတွေလဲ"

"ငါလည်း မသိဘူး၊ စိတ်ထဲမှာပေါ်လာတဲ့စကားတွေ ပြောချလိုက်တာပဲ"

"တော်သေးတာပေါ့ကွာ အဆင်ပြေသွားလို့၊ အဆင်မပြေရင် သရဲလေးကောင်က ငါတို့ကို လာသတ်သွားမလားမသိဘူး"

"မသတ်ပါဘူး၊ ဒါကြောင့်ပြောတာပေါ့ အဆင်ပြေချင်ရင် သူ့အလိုလို အဆင်ပြေသွားတာချည်းပဲ၊ အဆင်မပြေရင် သာခက်တာ"

ဟုပြောလေသည်။

ထိုသို့ပြောဆိုနေကြစဉ် တောထဲမှ ထူးခြားသော အသံများကို စတင်ကြားကြရသည်။

တောထဲမှ ဆူဆူညံညံအသံများနှင့် မြွေတွန်သံများကို နေရာအနှံ့မှ ကြားလာရခြင်းဖြစ်လေသည်။

"ဟော. . မြွေတွန်သံတွေတော့ ကြားလာရပြီ. . "

မြွေတွန်သံ များကြားရသည်မှာ နေရာအနှံ့မှာဖြစ်သည်။ ထိုအချိန်တွင် အရှေ့ဘက်မှတက်လာသော လရောင်ကလည်း သစ်တောများအပေါ် သို့ ကျော်တက်လာပြီဖြစ်သဖြင့် ပတ်ဝန်းကျင်၌ အလင်းရောင်များရလာလေသည်။

လရောင်ထွက်လာသောအခါ နေရာအနှံ့မှ မြွေများ ထွက်လာကြသည်။

တရှီးရှီးနှင့် အသံပေးရင်းနှင့် မြွေများစုဝေးသော နေရာ



www.burmeseclassic.com

www.burmeseclassic.com



သို့ ရောက်အောင်လာနေကြခြင်းဖြစ်သည်။

မြွေများလာနေသောနေရာမှာ ကြာညီနောင်ရေကန်နှင့် မနီးမဝေးနေရာပင်ဖြစ်သည်။

အုတ်ဂူနှစ်လုံးရှိသောနေရာနှင့် ကြာညီနောင်ရေကန်ကြားတွင်ရှိသော ကွက်လပ်နေရာသို့ဖြစ်သည်။

အချို့က တောတွင်းမှ ထွက်လာကြသည်။

အချို့မြွေများက တွင်းပေါက်များထဲမှ တိုးထွက်လာကြသည်။ အချို့က သစ်ပင်များပေါ်မှ ဆင်းလာပြီး အချို့မြွေများက သစ်ခေါင်းများအတွင်းမှ ထွက်လာကြသည်။

ရေထဲမှတက်လာသော မြွေ၊ မြေတွင်းမှထွက်လာသော မြွေ၊ သစ်ပင်ပေါ်မှ ဆင်းလာသော မြွေတို့မှာ အမျိုးအမည်စုံလင်လှသည်။ အဆိပ်ပြင်းသော မြွေများပါသလို အဆိပ်မရှိသည့် မြွေများလည်းပါသည်။

လက်မောင်းလောက်အရွယ်မှ လက်သန်းလောက်အရွယ်အထိ မျိုးစုံပါသည်။

မြွေပွေး၊ မြွေဟောက်၊ ငန်းမြွေမျိုးစုံ၊ သစ်တက်ငန်း၊ မြွေပတုတ်၊ ဆင်ပစ်မြွေ၊ မြွေစိမ်းမြီးခြောက်၊ ဆာဖာပြောက်၊ တောကြီးမြွေဟောက် စသောမြွေမျိုးစုံလှသည်။

ထိုမြွေတို့သည် မည့်သည့်အရာကိုမှ ကြောက်ရွံ့ခြင်းမရှိဘဲ တရှိန်ရှိန်အသံပေးရင်းနှင့် မိတ်လိုက်သောနေရာသို့ အပြေးအလွှားရောက်အောင် လာကြလေသည်။

ထိုနေရာသို့ရောက်သောအခါ မြွေအမျိုးအစားချင်းတူသည်ဖြစ်စေ၊ မတူသည်ဖြစ်စေ ရောနှောလိမ်ပတ်ကာ မိတ်လိုက်





ကြလေတော့သည်။

သို့ကြောင့် တဖြည်းဖြည်းနှင့် မြွေအလုံးကြီးက ကြီးလာလေတော့သည်။

ထိုမြွေလုံးကြီးမှာ မြွေများလှုပ်ရှားမှုကြောင့် တစ်နေရာတည်းမှာ အငြိမ်မနေဘဲ ဟိုဖက်လိမ့်လိုက် ဒီဖက်လိမ့်လိုက် ဖြစ်နေတော့သည်။

မြွေလုံးကြီးနှင့် ဖိမိသောသစ်ပင်၊ ချုံပင်အချို့မှာ ကျိုးကြေပိပြားကျန်ခဲ့လေသည်။

နီမောင်တို့သုံးယောက်မှာလည်း မြွေများမိတ်လိုက်နေသောနေရာနှင့် မနီးမဝေးမှာရပ်ပြီး အခြေအနေကြည့်နေကြလေသည်။

သူတို့ရှာဖွေနေသော ရွှေရောင်ဖြစ်နေသောမြွေကို တွေ့လိုတွေ့ငြား ရှာဖွေကြည့်နေကြသည်။ နေရာအနှံ့မှ ထွက်လာသော မြွေတို့မှာ သူတို့သုံးယောက်ကို တွေ့မြင်သော်လည်း ကြောက်ရွံ့ခြင်းမရှိကြပေ။

သူတို့အနီးမှကျော်ဖြတ်ကာ မြွေလုံးကြီးရှိရာသို့သာ အလောတကြီး သွားနေကြသည်။

ကွက်လပ်ကျယ်တွင် လုံးထွေးလျက် မိတ်လိုက်နေကြသည့် မြွေလုံးမှာလည်း အတော်ပင် ကြီးမားလာချေပြီ။

မြွေတွန်သံများကလည်း ဆူညံနေလေသည်။

မြွေလုံးက ကြီးလာသည်နှင့်အမျှ အလေးချိန်ကလည်း အတော်ပင်များလာဟန်ရှိသည်။

ပထမ ပြည်တောင်းလောက်သာရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



အတန်ကြာတော့ တဖြည်းဖြည်းနှင့်ကြီးလာပြီး . . ခွဲတောင်း၊ တင်းတောင်းလောက်ဖြစ်လာသည်။ နောက်တော့ စဉ့်အိုးအရွယ်လောက် ကြီးလာသည်။

ထိုအခါ အလေးချိန်များလာသော မြွေအလုံးကြီးက ဟိုဘက်လိမ့်သွားလိုက်၊ ဒီဖက်ပြန်လိမ့်လာလိုက်ဖြစ်နေသည်။ မြွေအလုံးကြီးနှင့် ဖိကြိတ်မိသော သစ်ပင်ငယ်များ၊ ချုံပင်များမှာ ကြေမွသွားလေသည်။

ထို့အတူ တစ်ကောင်နှင့်တစ်ကောင် ဖိညှစ်ရစ်ပတ်မိသောဒဏ်ကြောင့် . . အချို့မြွေများမှာ အပိုင်းပိုင်းပြတ်သွားကြသည်။

မြွေလုံးကြီးရှိသော ပတ်ဝန်းကျင်တစ်ဝိုက်မှာ ထက်ပိုင်းပြတ်နေသော မြွေအပိုင်းအစအတော်များများ ရှိနေကြသည်။

ရုတ်တရက် ထက်ပိုင်းပြတ်သွားသဖြင့် မသေသေးပေ၊ လူးလွန့်လျက်ပင်ရှိနေရာမှ မြွေလုံးကြီးရှိရာသို့ အမီလိုက်ရန် ကြိုးစားနေကြသေးသည်။

ရာဂစိတ်ကြောင့် မိမိခန္ဓာကိုယ် ထက်ပိုင်းပြတ်နေသည်ကိုပင် သတိပြုမိဟန် မတူတော့ပေ။

မြွေအလုံးကြီးကတော့ တစ်နေရာမှ တစ်နေရာသို့ လိမ့်နေလေသည်။

မြွေတွန်သံများမှာလည်း တရှီးရှီးနှင့် ကျယ်လောင်စွာ ပေါ်ထွက်နေလေသည်။

နီမောင်တို့ သုံးယောက်ကတော့ ထူးဆန်းသော မြွေမိတ်လိုက်ပုံကိုကြည့်ရင်း စိတ်ထဲမှာ အံ့သြနေကြလေသည်။





ထို့ပြင် များပြားလှသော မြွေများထဲတွင် သူတို့တွေ့လိုသော ရွှေရောင်မြွေကို တွေ့လိုတွေ့ငြား လိုက်လံရှာဖွေနေကြလေသည်။

ညဉ့်ဦးပိုင်းကျော်လာပြီးဖြစ်သောကြောင့် လရောင်ကလည်း မြင့်တက်လာချေပြီ . . .။

သစ်ပင်ရိပ်များ လွတ်ကင်းလာပြီဖြစ်သဖြင့် အလင်းရောင်က ပိုများလာပြီဖြစ်သောကြောင့် ပတ်ဝန်းကျင်ကို ကောင်းစွာမြင်နိုင်လာပြီဖြစ်သည်။

အတန်ကြာသောအခါ တောထဲမှထွက်လာသော မြွေများနှင့်ရောနှောပြီး မြွေတစ်ကောင်ထွက်လာသည်။

ကြေးရောင်တောက်ပနေသော မြွေပင်ဖြစ်၏။

"နီမောင် ဟိုမှာ ကြေးရောင်တောက်နေတဲ့ မြွေတစ်ကောင်ထွက်လာပြီး ဖမ်းကြမလား"

စောထီးကမေးသည်။

"မဟုတ်သေးဘူး"

ကြေးရောင်တလက်လက် တောက်ပနေသော မြွေက အခြားမြွေများနှင့်ရောနှောပြီး မြွေလုံးကြီးထဲပါသွားလေသည်။ နောက်တစ်ခါ ထူးခြားသောမြွေတစ်ကောင် ထွက်လာပြန်သည်။ ငွေရောင်တောက်နေသော မြွေပင်ဖြစ်သည်။

"နီမောင် ဒီမြွေက ငွေရောင်တောက်နေတာ ဝင်းနေတာပဲ ဖမ်းကြမလား"

ငမဲအောင်က မေးပြန်သည်။

နီမောင်က ခေါင်းခါရင်းနှင့် . . .



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်သေးဘူးထင်တယ်"

ဟုပြန်ပြောလိုက်သည်။

ငွေရောင်တောက်ပနေသော မြွေက အခြားမြွေများနှင့် ရောနှောကဖြင့် မြွေလုံးကြီးထဲပါသွားပြန်လေသည်။

အတန်ကြာတော့ အုတ်ဂူနှစ်လုံးကြားမှ မြွေတစ်ကောင် ထွက်လာပြန်လေသည်။

ရွှေသားအရောင်ကဲ့သို့ ဝင်းလက်တောက်ပနေသော မြွေတစ်ကောင်ထွက်လာသည်။

ကြံလုံးလောက်အရွယ်အစားရှိပြီး နှစ်ပေခန့်ရှည်သည်။

မြွေ၏ပုံသဏ္ဌာန်က သူတို့မမြင်ဖူးသေးသော မြွေအမျိုး အစားဖြစ်သည်။

"နီမောင် မင်းပြောတဲ့ ရွှေရောင်မြွေထွက်လာပြီ၊ ဘယ် လိုလုပ်ကြမလဲ"

"အဘပြောတဲ့အတိုင်းဆိုရင် အဲဒီမြွေကိုဖမ်းရမယ်"

"ဖြစ်ပါ့မလား၊ တော်ကြာ. ."

"ရပါတယ်၊ ငါတို့က မြွေဖမ်းဖို့လာကြတာပဲ၊ ရွှေရောင် မြွေကိုတွေ့မှတော့ ဖမ်းရမှာပေါ့၊ ငါဖမ်းမယ်"

"ဖြစ်ပါ့မလား"

"ဖြစ်ပါတယ်၊ ငါက သူ့ကိုသတ်ဖို့ဖမ်းတာမှ မဟုတ်တာ၊ မင်းတို့နှစ်ယောက် ဒီနေရာကစောင့်နေကြ. .၊ မြွေလုံးကြီးထဲ ရောက်မသွားခင် ရအောင်ဖမ်းမယ်"

ဟုပြောပြီး နေရာမှထသွားလေသည်။

ကျန်နှစ်ယောက်ကတော့ ရင်တမမနှင့်ဖြစ်ကာ ကျန်ခဲ့





ကြလေသည်။ နီမောင်ထလာတာမြင်တော့ ရွှေရောင်မြွေက မြွေလုံးကြီးရှိသောနေရာဖက်သို့ အလျှင်အမြန်သွားလေသည်။ နီမောင်ကလည်း နောက်မှခတ်သွက်သွက် လိုက်သွားလေသည်။

လမ်းတစ်လျှောက်မှာလည်း မြွေအပိုင်းအပြတ်တို့မှာ ပြန့်ကြဲနေနေသောကြောင့် ကျော်လွှားသွားရလေသည်။

တစ်ပိုင်းပြတ်နေသည့် မြွေခဲမိပါက မလွှတ်တော့ပေ။

မြွေလုံးကြီးရှိရာသို့ ရောက်ကာနီးသော့အချိန်မှာပင် ရွှေ ရောင်အဆင်းတောက်ပနေသော မြွေကို မီသွားလေသည်။

သို့ကြောင့် ဖြစ်လိုရာဖြစ်စေတော့ဟု သဘောထားပြီး မျက်စိမှိတ်ကာ အမြီးမှ ဖမ်းဆွဲလိုက်သည်။

ထိုအခိုက်မှာပင် သူ့နားထဲသို့ မိန်းမတစ်ယောက်၏ အသံဝင်လာလေသည်။

"မဟုတ်ဘူး. . မဖမ်းနဲ့. . မဖမ်းနဲ့၊ ပြန်လွှတ်ပေးလိုက်"

ထိုအသံကြားသဖြင့် စိတ်ထဲမှာ ထင့်ခနဲဖြစ်သွားသဖြင့် လက်ထဲမှာဖမ်းမိသောမြွေကို ပြန်လွှတ်ပေးလိုက်ဖို့ စိတ်ကူးလိုက် မိသေးသည်။

ထိုအချိန်မှာပင် အဘိုးကြီးမှာလိုက်သောစကားကို သ တိရလိုက်သဖြင့် လွှတ်မပေးတော့ဘဲ ဖမ်းမိထားသော မြွေကို ဆွဲယူလိုက်လေသည်။

ထိုသို့ဆွဲယူလိုက်စဉ်မှာ စိတ်ထဲမှာရော လက်ထဲမှာပါ အေးခနဲဖြစ်သွားလေသည်။

နောက်တော့မှ အခြေအနေဘာမှမထူးတော့သဖြင့် မျက်လုံးဖွင့်ကြည့်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



စိတ်ထဲမှာအတော်ကလေး အံ့သြသွားလေသည်။

သူ့လက်ထဲမှာ ကိုင်ထားသောအရာမှာ အသက်ရှိသော မြွေတစ်ကောင်မဟုတ်တော့ပေ. . ။

မြွေရုပ်သဏ္ဍာန်ဖြစ်နေသည့် ရွှေချောင်းကြီးဖြစ်နေ သည်ကို တွေ့ရလေတော့သည်။

ထို့ကြောင့် စောထီးနှင့် ငမဲအောင်တို့ ရှိရာသို့ ပြန်သွားပြီး မြွေသဏ္ဍာန်ပုံစံမပျက်ရှိနေသော ရွှေချောင်းကိုပြလိုက်လေသည်။

"ရွှေချောင်းကြီးဖြစ်နေပါလား"

"ဟုတ်တယ်. . ဒီအကြောင်းတွေကို ဘယ်သူမှ အသိပေးလို့မဖြစ်ဘူး၊ ငါတို့သုံးယောက်ပဲ သိပြီး လျှို့ဝှက်ထားကြမှ ဖြစ်မယ်"

ကျန်နှစ်ယောက်က ခေါင်းညိတ်ပြကြလေသည်။

ထိုအချိန်တွင် မြွေလုံးကြီးလည်း သူတို့နှင့် ဝေးရာသို့ ရောက်သွားကြပေပြီ။

တရှိရှိနှင့် မြည်သံများလည်း တိတ်ဆိတ်ငြိမ်သက်သွားစေပြီ။ နီမောင်ကတော့ သူ့ဘဝတစ်လျှောက်တွင် ထူးခြားဆန်းကြယ်သော အဖြစ်အပျက်မျိုးစုံတို့နှင့် ကြုံတွေ့ခဲ့ရပေရာ ယခုညတွင် ကြုံတွေ့ရသောအဖြစ်အပျက်လည်း တစ်ခုအပါအဝင် ဖြစ်ပေတော့သည်။







# အခန်း [ ၈ ]

# သတို့သမီးလောင်းနှင့် အသက်ဝင်နေသောကြိုး

နီမောင်တို့မိသားစုမှာ လေးယောက်သာရှိသည်။ မိဘနှစ်ပါးဖြစ်သော ဦးဘရှိန်နှင့် ဒေါ်ကျင်မေတို့အပြင် နီမောင်နှင့် ညီမဖြစ်သူ နှင်းမေတို့ရှိကြသည်။

နီမောင်က(၂၅)နှစ်အရွယ်ခန့်ရှိပြီး နှင်းမေက(၁၉)နှစ်အရွယ်ရှိနေပေပြီ။ နှင်းမေက ချောမောလှပသူဖြစ်၏။ ငြိမ်းရိုးအေးအေး နေတတ်သူလည်းဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



နီမောင်တို့ မိသားစုတွင် စပါးစိုက်သောလယ်နှင့် အသီးအနှံစိုက်ပျိုးသော တောင်ယာစိုက်ခင်းများရှိသည်။

ထိုအလုပ်များကို ဦးဘရှိန်နှင့် နှင်းမေးတို့ကပင် လုပ်ကိုင်ကြလေသည်။ အလုပ်များသောရက်များမှသာ နီမောင်တို့က ဝင်ရောက်လုပ်ကိုင်ပေးကြရပေသည်။

နီမောင်ဝင်လုပ်သောအခါမှာလည်း စောထီးနှင့်ငမဲအောင်တို့ကပါ အားလျှင်အားသလို လာရောက်အကူအညီပေးကြလေသည်။

နှင်းမေက ရုပ်ရည်ချောသဖြင့် ရွာထဲမှ လူပျိုကာလသားအတော်များများက နှစ်သက်သဘောကျလေသည်။

သို့သော် နှင်းမေကတော့ မိမိရွာမှ လူပျိုကာလသားတို့ကို နှစ်သက်မှုမရှိဘဲ၊ မူးမြစ်ဖျားဘက်မှာရှိသော ကျောက်ပုံရွာမှ လူရွယ်တစ်ယောက်နှင့် ချစ်ရည်မျှနေလေသည်။

ထိုလူရွယ်၏အမည်မှာ 'ရင်မောင်' ဖြစ်သည်။

ရင်မောင်က အသက်(၂၅)နှစ်ကျော်အရွယ်သို့ရှိပြီး ရိုးသားသူတစ်ယောက်ဖြစ်သည်။

ထို့အပြင် သဘောမနောကောင်းသူတစ်ဦးလည်းဖြစ်သောကြောင့် အပေါင်းအသင်းများသူလည်း ဖြစ်သည်။

ရင်မောင်တို့မိဘများက ချောင်လည်ကြသူများဖြစ်သည်။ လယ်မြေ၊ ယာမြေနှင့် အသီးအနှံထွက်သော ခြံများလည်း ရှိကြသည်။

နှင်းမေနှင့် အလှူပွဲတစ်ခုမှာတွေ့ကြရာမှ သိကျွမ်းသွားကာ နောက်ပိုင်းတော့ ရင်မောင်က ရင်းနှီးမှုရအောင် တဖြည်း





ဖြည်းကြိုးစားရာမှ ခင်မင်သွားကြခြင်းဖြစ်သည်။

ကြာညီနောင်ရွာနှင့် ကျောက်ပုံရွာမှာ မဝေးလှသောကြောင့် သွားလာ၍ လွယ်ကူလေသည်။

ကြာညီနောင်ရွာတွင် ရင်မောင်နှင့် ခင်မင်သော မိတ်ဆွေအချို့ရှိသဖြင့် ၎င်းတို့မှတစ်ဆင့် နှင်းမေနှင့် ခင်မင်ရင်းနှီးမှုရစေရန် ကြိုးစားခဲ့ခြင်းဖြစ်ပေသည်။

တစ်နှစ်၊ နှစ်နှစ်လောက်ကြာတော့ လူငယ်ချင်းရင်းနှီးမှုရကာ ချစ်သူဘဝသို့ ရောက်ခဲ့ကြလေသည်။

ထိုအကြောင်းကို လူကြီးမိဘများက သိသော်လည်း မသိကျိုးကျွန် ပြုနေခဲ့ကြသည်။

ရင်မောင်က အလုပ်အားသည်နှင့် ကြာညီနောင်ရွာသို့ ရောက်လာပြီး နှင်းမေနှင့် တွေ့လေသည်။

တစ်ခါတစ်ရံ နှင်းမေတစ်ယောက် ယာခင်းထဲရောက်နေလျှင်လည်း ထိုနေရာအထိ လိုက်သွားပြီး တွေ့ဆုံလေသည်။

တစ်နေ့တော့ နှင်းမေရှိသော ယခင်ထဲသို့ ရင်မောင်ရောက်လာလေသည်။

ထိုအချိန်တွင် ဦးဘရှိန်က တောထဲဝင်နေသောကြောင့် မရှိပေ။

ထို့ကြောင့် အေးအေးဆေးဆေး စကားပြောခွင့်ရလေသည်။

"ကိုရင်မောင် တစ်ယောက်တည်းလာတာလား"

"ဟုတ်တယ် နှင်းမေ၊ ငါနင်နဲ့ စကားပြောချင်လို့လာခဲ့တာပဲ"



www.burmeseclassic.com

www.burmeseclassic.com



“ဘာများလည်း ကိုရင်မောင်ရဲ့”

“တခြားတော့မဟုတ်ပါဘူး. .၊ ငါတို့နှစ်ယောက်အကြောင်းကို ငါ့မိဘတွေကို ပြောလိုက်ပြီ”

“ဒီတော့ သူတို့က ဘာပြောကြသလဲ”

“အဖေအမေတို့ကတော့ ငါသဘောကျရင် မိသားဖသားပီပီ တောင်းရမ်းလက်ထပ်ပေးမယ်လို့ ပြောပါတယ်. . အဲဒါ”

ရင်မောင်က နှင်းမေမျက်နှာကို အကဲခတ်သလို တစ်ချက်ကြည့်လိုက်သည်။

“ဒီတော့ ကိုရင်မောင်က ဘယ်လိုလုပ်ချင်လို့လဲ”

“ငါသဘောကတော့ နင့်မိဘတွေကို အသိပေးခွင့်တောင်းပြီးတော့ ဒီနွေမှာ တောင်းရမ်းလက်ထပ်ချင်တယ်၊ နင့်သဘောကရော. . .”

“မစောလွန်းသေးဘူးလား”

“ငါတို့အရွယ်တွေက အချိန်တန်အရွယ်ရောက်နေကြပါပြီ၊ ကိုယ့်ဘဝကို ကိုယ်တိုင်လည်း ဖန်တီးယူလို့ ရနိုင်တဲ့ အခြေအနေမျိုးရောက်နေတယ်၊ ဒီတော့ ဒီလိုဝေးနေတာနဲ့စာရင် အတူတူနေပြီး ဘဝထူထောင်ကြရင် ပိုမကောင်းဘူးလား”

ထိုစကားကြားတော့နှင်းမေက သက်ပြင်းတစ်ချက် ချလိုက်လေသည်။

“ဒီကိစ္စက ကျွန်မသဘောတစ်ခုတည်းနဲ့ ဆုံးဖြတ်လို့မရသေးဘူး၊ အစ်ကိုနဲ့ အဖေအမေတို့ကို အသိပေးရဦးမယ်၊ သူတို့ သဘောတူခွင့်ပြုရင်တော့ ကိုရင်မောင် စီစဉ်တာကို ကျွန်မလက်





ခံပေးပါ့မယ်”

“တကယ်လို့များ. . သူတို့က သဘောမတူခဲ့ရင်ကော ဘယ်လိုလုပ်ကြမလဲ”

“ကိုရင်မောင့်မေတ္တာကို လက်ခံကတည်းက အမေ့ကိုတော့ အသိပေးတန်သလောက် အသိပေးထားပြီးသားပါ၊ အမေကတစ်ဆင့် အဖေ့ကိုလည်း ပြောတန်သလောက် ပြောထားပြီးလောက်ပါပြီ၊ အခုထိတော့ ထွေထွေထူးထူး ဘာမှမပြောကြပါဘူး”

“ဒါဖြင့်တော့ ကိုယ်တို့နှစ်ယောက်အတွက် အဆင်ပြေမယ့်သဘောမျိုးတော့ ရှိပါလိမ့်မယ်၊ ဒါဖြင့် အခုပြောတဲ့ ကိစ္စကို အိမ်ကလူတွေကိုသာ အသိပေးလိုက်ပေတော့၊ သူတို့ဘက်က အဆင်ပြေရင် ငါ့အိမ်ကလူကြီးမိဘတွေကိုပြောပြီး တောင်းရမ်းလက်ထပ်ဖို့ စီစဉ်တော့မယ်”

ဟုပြောဆိုမှာကြားကာ ပြန်သွားလေတော့သည်။

နှင်းမေကလည်း အိမ်ပြန်ရောက်ပြီး အေးအေးဆေးဆေးအချိန်တွင် မိဘဖြစ်သူကို အသိပေးလိုက်သည်။

မိခင်ကမှတစ်ဆင့် ဦးဘရှိန်နှင့် နီမောင်တို့ကို အကျိုးအကြောင်း ပြောပြရလေသည်။

နှစ်ယောက်စလုံးကတော့ ထွေထွေထူးထူး မပြောကြပေ။ နီမောင်ကတော့. . .

“သူလည်း အချိန်တန် အရွယ်ရောက်ပြီဆိုတော့ အခုလို နေသားတကျဖြစ်တာ ကောင်းပါတယ်၊ အမေတို့ သဘောကျတယ်ဆိုရင် ကျွန်တော်အနေကတော့ ထွေထွေထူးထူး ပြော



www.burmeseclassic.com

www.burmeseclassic.com



စရာမရှိပါဘူး”

ဟု ပြောဆိုလိုက်လေသည်။

နောက်ပိုင်း လအနည်းငယ်ကြာတော့ နှစ်ဖက်မိဘ များ၊ အောင်သွယ်များက ရင်မောင်နှင့် နှင်းမေတို့နှစ်ယောက်ကို မင်္ဂလာဆောင်ပေးရန်အတွက် စေ့စပ်ကြောင်းလမ်းမှုများ ပြုလုပ် ကြလေသည်။

သူတို့နေသောအရပ်ဒေသမှာ ကတူးကနန်းအရပ် ဒေ သပင်ဖြစ်သည်။

သို့ကြောင့် ထိုအရပ်ဒေသ၌ နေသူတို့မှာ သာရေးနာ ရေးကိစ္စများ ပြုလုပ်သောအခါ ဓလေ့ထုံးစံအတိုင်းပင် ပြုလုပ် ဆောင်ရွက်ကြရလေသည်။

ထိုအရပ်၌ နေကြသူတို့မှာ ရိုးသားပြီး၊ အေးအေးချမ်း ချမ်း နေကြသူများသဖြင့် အဆင့်အတန်းခွဲခြားမှုလည်း မရှိပေ။

ထို့ကြောင့် လူငယ်များ၏ အချစ်ရေးကိစ္စများကိုလည်း လူကြီးများက အနှောင့်အယှက်မပေးကြပေ။

ယောကျ်ားလေးဘက်မှ မိဘများက လာရောက်စေ့စပ် ပါက. . သမီးရှင်များဘက်မှ လက်ခံပေးကြသည်က များလေ သည်။

မင်္ဂလာဆောင်ရာမှာတော့ ဓလေ့ထုံးစံအချို့ရှိပေသည်။ တစ်ရွာတည်းနေသူအချင်းချင်း လက်ထပ်သော ဓလေ့ထုံးစံနှင့် တစ်ရွာသားလူရွယ်နှင့်ရွာခံအပျိုတို့ လက်ထပ်ခြင်းတို့မှာ ဓလေ့ ထုံးစံခြင်းမတူကြပေ။

မိမိတို့ရွာမှ ရွာခံအပျိုတစ်ဦး အခြားရွာသို့ လိုက်ပါသွား





ရမည်ဖြစ်သောကြောင့်၊ ကွမ်းဖိုး၊ မိရာဖရာ၊ ကျွေးခန်း၊ မွေးခန်း၊ လူပျိုရုံ အပျိုရုံ ကြေးငွေများ ပိုတောင်းတတ်ကြသည်။

မိန်းကလေးနှင့်ယောကျ်ားလေးတို့ အချင်းချင်း မေတ္တာ မျှရုံနှင့်မပြီးဘဲ နှစ်ဘက်မိဘများ သဘောတူဖို့လည်း လိုသေး သည်။

ထိုသို့ သဘောတူပြီးတော့မှ ယောကျ်ားလေးဖက်မှ အောင်သွယ်ရှေ့ဆောင်များက လာရောက်၍ သမီးရှင်၏ မိခင် ဖခင်ထံ အကျိုးအကြောင်းပြောပြ အသိပေးရသည်။ ခွင့်တောင်း ရသည်။ (နားဖောက်ခြင်းပင်ဖြစ်သည်။)

မိန်းကလေးဖက်မှ အကြောင်းညီညွတ်၍ လက်ခံလျှင် လက်ဖက်ထုပ်တင်ထားပေးရသည်။

ထိုလက်ဖက်ထုပ်ကို မိန်းကလေးဖက်မှ အောင်သွယ် ရှေ့ဆောင်လူကြီးများက ‘လက်ခံကြောင်း’ ပြောဆိုပြီး စားကြရ သည်။ နားဖောက်ပြီးသောအခါ. . .

ဆောင်ခန်း၊ ရွက်ခန်း၊ ကွမ်းဖိုး၊ ကျွေးခန်းမွေးခန်း တို့ ကို မိန်းကလေးဖက်မှ အောင်သွယ်များမှ ညှိနှိုင်းပြောဆိုကြရ သည်။

ထိုသို့ ညှိနှိုင်းပြောဆိုမှုများကို ဟိုဖက်ဒီဖက် အောင် သွယ်အချင်းချင်း ပြောဆိုညှိနှိုင်းရခြင်းဖြစ်ပြီး၊ အကျိုးအကြောင်း ကို သက်ဆိုင်ရာမိဘများကို ပြန်ပြောပြရသည်။ အပေးအယူ အတိုးအလျှော့ကိစ္စများကိုလည်း အချင်းချင်းလက်ခံနိုင်လောက် သည်အထိ ပြောဆိုဆောင်ရွက်ပေးကြရသည်။

ထိုအဆင့်တွင် ချောမွေ့သွားတော့မှ လက်ထပ်ပွဲကျင်း



www.burmeseclassic.com

www.burmeseclassic.com



ပရန်အဆင့်ကို သွားကြရသည်။

ထိုအရပ်ဒေသတွင် လက်ထပ်ပွဲကို နှစ်မျိုးကျင်းပလေ့ရှိကြသည်။ မင်္ဂလာငယ်နှင့် မင်္ဂလာကြီးတို့ပင်ဖြစ်၏။

အကုန်အကျများသော မင်္ဂလာကြီး မဆောင်နိုင်သေးပါက မင်္ဂလာငယ် ဆောင်ထား၍ရသည်။

မင်္ဂလာငယ်မှာ သတို့သမီးဖက်မှ ခန့်ခွဲသော ကွမ်းဖိုး၊ မိရာဖရာများ ပေးဆောင်ရုံသာဖြစ်သည်။

ထိုသို့ပေးဆောင်ပြီးပါက အကြင်လင်မယားအဖြစ် ပေါင်းသင်းခွင့်ရပြီး မိန်းကလေးကိုလည်း ခေါ်ယူသွားခွင့် ရှိလေသည်။

မင်္ဂလာကြီးကတော့ ကွမ်းဖိုး၊ မိရာဖရာ ခန့်ခွဲမှုများ ပေးရရုံမကပဲ ဖိတ်မန္တကပြုသဖြင့် ရောက်လာသော ဧည့်ပရိသတ်တို့အား ကျွေးမွေးဧည့်ခံပေးရသည်။

မင်္ဂလာကြီးကိစ္စမှာ စားရိတ်စကများလှသဖြင့် တစ်ကြိမ်တည်းနှင့် မတတ်နိုင်ပါက မင်္ဂလာဆောင်ကိစ္စကို နှစ်ကြိမ်ခွဲ၍လည်း ကျင်းပနိုင်ကြလေသည်။

ယခု ရင်မောင်နှင့် နှင်းမေတို့ကိစ္စမှာတော့ နှစ်ဖက်အောင်သွယ်လူကြီးများ ပြောဆိုညှိနှိုင်းကြရာတွင် ချောချောမောမောနှင့် ပြီးသွားပြီဖြစ်သောကြောင့် မကြာမီအချိန်တွင် နေ့ကောင်းရက်သာရွေးချယ်ပြီး မင်္ဂလာဆောင်ကြတော့မည်ဖြစ်သည်။

နှင်းမေကတော့ ချစ်သူနှင့်လက်တွဲနေထိုင်ရတော့မည်ဖြစ်သဖြင့် တစ်ဖက်မှ ဝမ်းသာပျော်ရွှင်နေသလို. . တစ်ဖက်မှ





လည်း မိဘ၊ အစ်ကိုဖြစ်သူတို့နှင့် ခွဲခွာသွားရမည်ဖြစ်သဖြင့် ဝမ်းနည်းသလို ခံစားနေရလေသည်။ နီမောင်က ညီမဖြစ်သူကို အားမငယ်စေရန် အားပေးစကားပြောဆိုပေးလေသည်။

မင်္ဂလာပွဲကျင်းပရန် ရက်နီးလာသောအခါ တစ်ညတွင် နှင်းမေမှာ ထူးထူးခြားခြား အိပ်မက်တစ်ခုကို မြင်မက်လေသည်။

အိပ်မက်ထဲတွင် တစ်ကိုယ်လုံး အနက်ရောင်အဝတ်အစားများ ဝတ်ဆင်ထားသော အမျိုးသမီးတစ်ယောက် ရောက်လာလေသည်။

အသက်အရွယ်က (၂၅)နှစ်ဝန်းကျင်ခန့်သာရှိသေးပြီး ရုပ်ရည်က ချောမောလှပလေသည်။

ဆံပင်ရှည်များက ဖားလျားချထားသဖြင့် နောက်ဖက်မှာ ကျနေသည်။

"မမက ဘယ်သူလဲဟင်၊ ဘယ်ရွာကလဲ"

အနားရောက်လာတော့ နှင်းမေက မေးလိုက်သည်။

"ငါ့နာမည်က သူဇာလို့ ခေါ်တယ်၊ ငါက ကြာညီနောင်ကန်မှာပဲ အမြဲနေတယ်"

"ဟင်. . ."

နှင်းမေမှာ အံ့သြသွားလေသည်။

သူတို့သိထားသည်ကတော့ ကြာညီနောင်ရေကန်၌ ဘယ်သူမှမနေဝံ့ပေ။

"နင်က ငါနဲ့ပတ်သက်တဲ့သူပဲ၊ ကျိန်စာသင့်နေကြတဲ့ ဆွေခုနစ်ဆက်၊ မျိုးခုနစ်ဆက်တွေနဲ့ အဆက်အနွယ်ရှိခဲ့တဲ့သူပဲ၊ ဒါကြောင့် နင့်အနေနဲ့ လက်ထပ်လို့မရဘူး၊ လက်ထပ်ရင်နဲ့ ကျိန်



www.burmeseclassic.com

www.burmeseclassic.com



စာသင့်ပြီး သေရလိမ့်မယ်”

“ရှင်. . .”

နှင်းမေမှာ များစွာထိတ်လန့် ကြောက်ရွံ့သွားလေသည်။

“ကျ. . ကျွန်မ ဒါတွေလည်း မသိပါဘူး မမရယ်၊ အခု မင်္ဂလာဆောင်ဖို့လည်း အားလုံး ပြောဆိုစီစဉ်ပြီးနေကြပါပြီ. .၊ ဘယ်လိုလုပ်ရမှာလဲဟင်”

“နင့်အနေနဲ့ အသက်မသေချင်သေးဘူးဆိုရင်တော့ ဘယ်သူနဲ့မှ လက်မထပ်ဘဲနေမှ အသက်ချမ်းသာရလိမ့်မယ်၊ ဒီအရပ်ဒေသမှာနေကြတဲ့ လူတွေဟာ ကျိန်စာသင့်နေသူတွေနဲ့ ဆွေစဉ်မျိုးဆက် တော်စပ်ကြတဲ့ သူတွေများတယ်၊ တစ်ကယ်တော့ အဲဒီလူတွေဟာ ငါရဲ့ ကျိန်စာသင့်နေကြတယ်၊ ဒါကြောင့် ဘယ်သူမှ လက်ထပ်လို့ မရဘူး၊ လက်ထပ်ဖို့ပြင်တာနဲ့ အသက်သေမှာပဲ၊ နင်လည်း အသက်မသေချင်သေးရင် လက်ထပ်ပွဲကို ဖျက်လိုက်ပေတော့”

ဟုပြောဆိုပြီးနောက် ဖျပ်ခနဲ ပျောက်ကွယ်သွားလေတော့သည်။

နှင်းမေလည်း အိပ်ယာမှ ပြန်နိုးလာလေသည်။

ကြောက်စိတ်ကြောင့် တစ်ကိုယ်လုံး ဇောချွေးများ ပြန်နေသည်။

“ဘာဖြစ်တာလဲ၊ ငါအိပ်မက်ဆိုးတွေ မက်နေပါလား၊ အိပ်မက်ထဲမှာ ပြောသွားတာတွေကရော တစ်ကယ်ပဲလား၊ ဒီအကြောင်းတွေကို အဖေနဲ့အမေကိုတော့ ပြောလို့ မဖြစ်ဘူးထင်တယ်၊ တော်ကြာ စိုးရိမ်သောကရောက်နေကြလိမ့်မယ်၊





အစ်ကို့ကိုတော့ ပြောပြသင့်တယ်’”

ဟု တွေးမိသဖြင့် နောက်တစ်နေ့ရောက်တော့ နီမောင့်အား အိပ်မက်အကြောင်းကို ပြောပြလိုက်သည်။

ထိုစကားကြားတော့ နီမောင်မှာ ညီမဖြစ်သူ နှင်းမေအတွက် များစွာစိုးရိမ်သောက ရောက်သွားမိလေသည်။

“အစ်ကို အိပ်မက်မက်တာတွေက တစ်ကယ်ရော ဖြစ်တတ်သလားဟင်”

“မဖြစ်ပါဘူးဟာ၊ အိပ်မက်ဆိုတာ စိတ်စွဲရင်လည်း မက်တယ်၊ သွေးလေချောက်ချားရင်လည်း မက်လေ့ရှိကြတယ်၊ အိပ်မက်မက်တိုင်းမဖြစ်ပါဘူး”

ဟု စိတ်သက်သာအောင် ပြောလိုက်လေသည်။

“တော်ပါသေးရဲ့ အစ်ကိုရယ်၊ ကျွန်မက အဲဒီအိပ်မက်မက်ပြီးကတည်းက ကြောက်လန့်နေတာ. . .”

“ဘာမှမကြောက်နဲ့ မကောင်းတဲ့အိပ်မက်တွေ မမက်အောင် ဘုရားမှန်မှန်ရှိခိုးပြီး၊ ပုတီးလေးဘာလေ စိပ်ပြီးမှအိပ်”

ဟုပြောလိုက်လေသည်။

နှင်းမေကတော့ နီမောင့်ဆီမှ ထိုစကားမျိုးကြားရသဖြင့် အတန်အသင့် စိတ်သက်သာရာရသွားလေသည်။

နှင်းမေက စိတ်သက်သာရသွားသော်လည်း နီမောင်ကတော့ စိတ်ထဲမှ ထင့်နေမိလေသည်။

မင်္ဂလာဆောင်ကာနီးမှ ညီမဖြစ်သူ တစ်ခုခုဖြစ်သွားမည်ကို စိုးရိမ်ပူပန်နေမိလေသည်။

သူ့အနေနှင့် ထိုအရပ်ဒေသသို့ လာရောက်နေထိုင်ခဲ့



www.burmeseclassic.com

www.burmeseclassic.com



သည်မှာ နှစ်အတော်ကြာခဲ့ပြီဖြစ်သည်။

သို့ကြောင့်. . ထိုအရပ်ဒေသနှင့် ပတ်သက်သည့် အကြောင်းအရာများကိုလည်း သိတန်သလောက် သိထားပြီးဖြစ်သည်။ လူကြီးသူမများထံမှ ကြားတန်သလောက်လည်း ကြားဖူးခဲ့ပြီးဖြစ်ပေသည်။

ရှေးအခါကရှိခဲ့သော ဝိန်ဆေမြို့အကြောင်း၊ ဝိန်ဆေမြို့မှ ကိုးခရိုင်ကို စံမံအုပ်ချုပ်ခဲ့သော ကျားတစ်ပိုင်းလူတစ်ပိုင်း အသွင်ပြောင်းလဲနိုင်သည့်. . ကျားဖြူမင်း ငအောင်ကျော်အကြောင်း၊ ဝိဒေဟရာဇ်တိုင်းပြည်မှ ဖောင်တော်နှင့် အမျှောခံခဲ့ရသည့် ဥတည်မင်း၏သမီးတော် မျက်မမြင်မင်းသမီးလေး စောမယ်လှအကြောင်း၊

ကျားဖြူမင်းငအောင်ကျော်နှင့် မျက်မမြင်မင်းသမီး စောမယ်လှတို့ ပေါင်းဖက်ရာမှရသော သိုကော်ဘွား၊ သိုင်ံဘွား၊ သိုကျည်ဘွား၊ သိုဟုံဘွားတို့အကြောင်း၊

မြေးတော်လေးယောက်တို့အား ဘိုးတော် ဥတည်မင်းက အမွေပေးခဲ့သော ဓားစကြာနှင့် လိုတရသော မနောမယ အိုးစည်အကြောင်း၊

ဝိန်ဆေမြို့ကိုအုပ်ချုပ်ရသော သိုဟုံဘွား၏ သားတော် သိုတည်ဘွားနှင့် သူ၏ချစ်သူ သူဇာဆိုသော မိန်းမချောလေးတို့အကြောင်း၊

သူဇာဆိုသော မိန်းမပျိုမှာ စုန်းကဝေပညာသည် ဒေါ်မင်းဇာ၏ မြေးဖြစ်သောကြောင့် သိုဟုံဘွားမင်းက ဥပါယ်တမျဉ်နှင့် ကြာညီနောင်ရေကန်၌ အရှင်လတ်လတ် ရေနှစ်သက်ခဲ့





သည့်အကြောင်း၊

သူဇာဆိုသော မိန်းကလေးက သူသေကာနီးအချိန်တွင် ကျိန်စာတစ်ခုထားခဲ့ရာ ထိုကျိန်စာမှာ. . ဝိန်ဆေမြို့တွင်ရှိကြသော သိုဟုံဘွားနှင့်ပတ်သက်သော ဆွေခုနစ်ဆက်၊ မျိုးခုနစ်ဆက်တို့မှာ သူသေသလို အသေဆိုးနဲ့ သေကြရပါစေ. . .

ဆွေခုနစ်ဆက် မျိုးခုနစ်ဆက် ဘဝအဆက်ဆက်တို့တွင် ချစ်သောသူတို့နှင့် မပေါင်းဖက်ရဘဲ သေကွဲကွဲရသော အဖြစ်ဆိုးနှင့် ကြုံတွေ့ရပါစေသား. . .

ဟူသော ကျိန်စာအကြောင်းများကို ကြားဖူးနားဝ ရှိခဲ့ပြီးဖြစ်ပေသည်။

ယခု ညီမဖြစ်သူနှင်းမေ လက်ထပ်ရက်နီးတော့မှ ထိုကဲ့သော ကြောက်စရာကောင်းသည့် အိပ်မက်မျိုးမက်ရခြင်းမှာ ကောင်းသောအခြေအနေတော့ မဟုတ်နိုင်ပေ။

ထို့ပြင် အိပ်မက်ထဲတွင်တွေ့ရသော အမျိုးသမီး၏ နာမည်မှာလည်း သူဇာဖြစ်နေသည်ကပင် တိုက်ဆိုင်မှုတစ်ခုပေလား. . .။

ဒါမှမဟုတ် ကြောက်စရာကောင်းသော အတိတ်နိမိတ်ပေလား။ သူ့အနေဖြင့် မသိနိုင်တော့ပေ။

နောက်ပိုင်းရက်ရောက်တော့ နှင်းမေလည်း နောက်ထပ် ထိုအိပ်မက်မျိုး မမက်တော့ပေ။ နီမောင်တို့လည်း ထိုအကြောင်းကို မေ့မေ့ပျောက်ပျောက် ဖြစ်သွားကြတော့သည်။

ဤသို့ဖြင့် မင်္ဂလာဆောင်ရတော့မည်ရက်သို့ ရောက်လာလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



နောက်နှစ်ရက်ခန့်အကြာတွင် မင်္ဂလာပွဲ ကျင်းပကြတော့မည်ဖြစ်သည်။

နှင်းမေကလည်း မေ့မေ့ပျောက်ပျောက်နှင့်ပင် ပျော်ရွှင်နေသည်။ သို့သော် ပထမညမှာတော့ သူမအတွက် ထူးခြားမှုတစ်ခု စတင်တွေ့ရသည်။

သူမနေသော အိပ်ခန်းထဲတွင် တစ်ယောက်တည်းပင်နေ့လေသည်။

ညဘက် အိပ်ယာဝင်တော့ ထုပ်တန်းပေါ်မှ အရာဝတ္ထုတစ်ခုပင်ဖြစ်သည်။

ထူးထူးခြားခြားတော့မဟုတ်ပေ။

ထုပ်တန်းပေါ်မှ ရစ်ပတ်ထားသော အုန်းဆံကြိုးမျှင်တစ်ခုပင်ဖြစ်သည်။

အုန်းဆံကြိုးက လက်သန်းအရွယ်လောက်ပင် မရှိပေ။ နှင်းမေက အိပ်ယာပေါ်သို့ ပက်လက်အနေအထား လှဲချလိုက်သောအခါ ထုပ်တန်းမှာ ရစ်ပတ်ထားသော အုန်းဆံကြိုးမျှင်ရှိရာသို့ အမှတ်မထင် မျက်စိရောက်သွားလေသည်။

အုန်းဆံကြိုးက ထုပ်တန်းမှာ ရစ်ပတ်ထားသောကြောင့် တစ်ပေခန့် အောက်သို့ တွဲလောင်းကျနေလေသည်။

အပြင်ဘက်မှ လေဝင်နေသောကြောင့် တလှုပ်လှုပ်နှင့်ဖြစ်နေသည်။ မြင်ကွင်းက မြင်နေကျပင်ဖြစ်၏။

ဘာမှထူးထူးဆန်းဆန်းတော့မဟုတ်ပေ။

ထို့ကြောင့် ထိုနေရာမှ အကြည့်လွှဲကာ အိပ်ပျော်ရန်မျက်စိမှိတ်လိုက်သည်။





သို့သော် စိတ်ထဲမှာ တစ်ခုခု ဝင်ရောက်နှောင့်ယှက်နေသောကြောင့် စနိုးစနောင့်ဖြစ်နေသည်။

သို့ကြောင့် မျက်စိဖွင့်ပြီး တွဲလောင်းကျနေသည့် ကြိုးစရှိရာသို့ တစ်ကြိမ်ပြန်ကြည့်လိုက်သည်။

ဒီတစ်ကြိမ်မှာတော့ ထုပ်တန်းပေးမှာ ရစ်ပတ်နေသည်က ကြိုးတစ်ချောင်းမဟုတ်တော့ပေ။

မြွေတစ်ကောင်က အမြီးဖြင့် ထုပ်တန်းကို ရစ်ပတ်ထားပြီး ဦးခေါင်းက အောက်ဖက်သို့ တွဲလောင်းကျနေသည်။ နီရဲနေသော မျက်လုံးနှစ်လုံးဖြင့် သူမမျက်နှာကို စိုက်ကြည့်နေသည်။

နှင်းမေမှာ များစွာကြောက်လန့်သွားသောကြောင့် လန့်မအော်မိစေရန် ပါးစပ်ကို ပိတ်ထားလိုက်ရသည်။ ရင်ထဲမှာလည်း နှလုံးခုန်သံမြန်လာလေသည်။

“ငါစိတ်ထင်နေလို့များလား”

ဟုတွေးပြီး မျက်စိမှိတ်ထားလိုက်ပြီးမှ နောက်တစ်ကြိမ်ပြန်ကြည့်လိုက်တော့ မြွေမရှိတော့ပေ။ တွဲလောင်းကျနေသောကြိုးကိုသာ ပြန်တွေ့ရလေသည်။

“တော်ပါသေးရဲ့”

သည်တော့မှ သက်ပြင်းချနိုင်လေသည်။

သို့သော်လည်း. . . ညဘက်အိပ်သောအခါမှာတော့ကောင်းစွာ အိပ်မပျော်ပေ။

နားထဲမှာ တစ်နေရာမှ ခေါ်နေသည့်အသံတစ်သံကိုကြားနေရသည်။

အသံက လေတိုးသကဲ့သို့ တိုးတိုးကလေး ကြားနေရ



www.burmeseclassic.com

www.burmeseclassic.com



ခြင်းဖြစ်သည်။

"နှင်းမေ လာလေ. . . နှင်းမေ ငါ့ဆီလာလေ. . "

ဟု ခေါ်နေသောအသံမျိုး ဖြစ်သည်။

အသံကြားနေရသောနေရာမှာ အခြားနေရာမှ မဟုတ်ပေ။ တွဲလောင်းကျနေသော ကြိုးစရှိရာနေရာမှပင် ဖြစ်သည်။

အသံကြားသဖြင့် ကြည့်သောအခါ ကြိုးစကလေးမှာ လေမတိုက်ပါဘဲနှင့် အသက်ဝင်နေသကဲ့သို့ တလှုပ်လှုပ်နှင့် ဖြစ်နေလေသည်။

ထိုမြင်ကွင်းကလည်း မကြာခဏ ပြောင်းလဲနေသည်။

တစ်ခါကြည့်လျှင် မြွေဖြစ်နေပြီး၊ နောက်တစ်ခါပြန်ကြည့်တော့ ကြိုးစဖြစ်နေသည်။

ကြိုးစဖြစ်နေပြီးမှ အသက်ရှိသော မြွေတစ်ကောင်ကဲ့သို့လည်း ပြောင်းလဲသွားတတ်သည်။

နားထဲမှာလည်း သူမနာမည်ကို ခေါ်နေသော အသံကိုလည်း မကြာခဏကြားနေရသည်။

သို့ဖြင့် တစ်ညလုံး ကောင်းစွာမအိပ်ရတော့ပေ။

ထိုအကြောင်းကိုတော့ နှင်းမေက ဘယ်သူ့ကိုမှ မပြောတော့ပေ။

စိတ်အနှောင့်အယှက်ဖြစ်မည်စိုးသောကြောင့် အစ်ကိုဖြစ်သူနီမောင်ကိုပင် မပြောတော့ပေ။

နောက်တစ်နေ့ ညနေပိုင်းအချိန်တွင် နီမောင်နှင့် ဦးဘရှိန်တို့က ယာခင်းထဲမှ ပြန်မရောက်ကြသေးပေ။

မိခင်ဖြစ်သူ ဒေါ်ကျင်မေမှာလည်း ကိစ္စတစ်ခုကြောင့်





ရွာထဲသွားနေရာ ပြန်ရောက်မလာသေးပေ။

အိမ်မှာ နှင်းမေတစ်ယောက်တည်း ပင်ရှိနေသည်။

နှင်းမေကရေမိုးချိုး သနပ်ခါးလိမ်းပြီး အိမ်ရှေ့ဘက်မှ ထွက်ပြီး မိခင်ဖြစ်သူကို မျှော်နေစဉ်. . နားထဲမှာ ခေါ်သံလိုလို ကြားလာရပြန်သည်။

"နှင်းမေ လာလေ. . ငါ့ဆီလာလေ. . "

ဟူသောအသံကြားရသဖြင့် လှည့်ကြည့်လိုက်တော့. . အိမ်ထဲမှာ ဘယ်သူမှမရှိပေ။

နေဝင်ရီတရောအချိန် ရောက်နေပြီဖြစ်သောကြောင့် အိမ်ထဲမှာ မှောင်နေသည်။

ထိုအသံကြောင့် ကြောက်စိတ်ဝင်လာသည်။

ကျောထဲမှာ စိမ့်ခနဲဖြစ်လာသည်။

သို့သော်လည်း တစ်စုံတစ်ခုက ချုပ်ကိုင်ထားသကဲ့သို့ ဖြစ်နေသောကြောင့် ထိုနေရာမှ ရွှေ့သွား၍လည်း မရပြန်ပေ။

"နှင်းမေ၊ နှင်းမေ လာလေ. . ငါ့ဆီလာခဲ့လေ. . "

"လာပါပြီရှင်. . ကျွန်မလာပါပြီ. . "

ဟုပါးစပ်မှ လွတ်ခနဲထွက်သွားပြီး နေရာမှ ထရပ်လိုက်သည်။ ထို့နောက် စိတ်ညှို့ခံထားရသူကဲ့သို့ ဘာမှသတိမရတော့ဘဲ အိမ်ပေါ်သို့ ပြန်တက်သွားလေသည်။

အိမ်ပေါ်ရောက်တော့ ခေါ်သံကြားနေရသော သူမအိပ်ခန်းထဲသို့ ဝင်သွားလေသည်။ အိပ်ခန်းထဲမှာတော့ မည်သူမှ မရှိပေ။

ထုပ်တန်းမှာရစ်ပတ်နေသောကြိုးစကတော့ သူမလက်



www.burmeseclassic.com

www.burmeseclassic.com



ဖြင့် လှမ်းယူလျှင် မီလောက်သည်အထိ တွဲလောင်းကျနေသည်။ လေမတိုက်ဘဲနှင့် တလှုပ်လှုပ်ဖြစ်နေပြီး ထိုနေရာမှ ခေါ်သံထွက်ပေါ်နေခြင်းဖြစ်သည်။

"နှင်းမေ လာလေ. . ငါ့ဆီလာလေ. . ."

"လာပါပြီရှင်၊ ကျွန်မလာပါပြီ. . ."

ဟု ပါးစပ်မှတတွတ်တွတ်ရွတ်ရင်း တွဲလောင်းကျနေသော ကြိုးစရှိရာသို့ လျှောက်သွားလေသည်။

နေဝင်ချိန်ရောက်တော့ အိမ်သို့ လူစုံတက်စုံ ပြန်ရောက်လာကြသည်။ ဦးဘရှိန်နှင့် နီမောင်ရော ဒေါ်ကျင်မေပါ ရှေ့ဆင့်နောက်ဆင့် ပြန်ရောက်လာကြခြင်းဖြစ်ပေသည်။

အိမ်ပြန်ရောက်ကြပြီး နှင်းမေကို မတွေ့ရသဖြင့် လိုက်လံရှာဖွေရာ အိပ်ယာထဲမှ ပက်လက်အနေအထားဖြင့် အသက်ပျောက်နေသည်ကိုသာ တွေ့ကြရသည်။

သူမလည်ပင်းပေါ်မှာတော့ လက်သန်းလုံးလောက်သာ အရွယ်ရှိသော ကြိုးတစ်ချောင်းက ကန့်လန့်အနေအထား တင်နေလေသည်။

သို့သော်လည်း သူမလည်ပင်းမှာတော့ ကြိုးဖြင့် ရစ်ပတ်ထားသောကြောင့် အညိုအမည်းစွဲနေသော ဒဏ်ရာဒဏ်ချက်များကို တွေ့မြင်ကြရသည်။

နီမောင်က ထိတ်လန့်တုန်လှုပ်စွာဖြင့် အနားကပ်သွားပြီး လည်ပင်းပေါ်မှကြိုးကို ဆွဲယူလိုက်သည်။ ရစ်ပတ်မထားသဖြင့် အလွယ်တကူပင် ပါလာလေသည်။

သို့သော်လည်း ကြိုးတစ်ချောင်းလုံးမှာ သွေးဝနေသော





မျှော့ကဲ့သို့ သွေးဝနေကာ သွေးများပင် တစ်စက်စက်ဖြင့် ကျနေလေတော့သည်။

ကံကြမ္မာဖန်တီးသော အဖြစ်အပျက်ပေမို့ ဘာမှမတတ်နိုင်ကြတော့ပေ။


ကြာညီနောင်ရွာမှ မင်္ဂလာဆောင်ကာနီး သတို့သမီးလောင်းတစ်ယောက်တော့ မမျှော်လင့်ဘဲ အသက်သေဆုံး သွားခဲ့ရပေပြီ။



www.burmeseclassic.com

www.burmeseclassic.com







# အခန်း ( ၉ )

# မှော်ဆရာဇာလာဟီးနှင့် တွေ့ကြုံခြင်း

မမျှော်လင့်ပဲ မင်္ဂလာဆောင်ကာနီး ရက်ပိုင်းသာလိုသောအချိန်ရောက်မှ ကောက်ကာငင်ကာနှင့် နှင်းမေတစ်ယောက် သေဆုံးသွားသော်သတင်းက ကြာညီနောင်တစ်ရွာလုံး ထိတ်လန့်တုန်လှုပ်သွားစေသောသတင်းမျိုး ဖြစ်စေတော့သည်။

တစ်ရွာလုံးကတော့ ကိုယ့်အမြင်နှင့်ကိုယ်၊ ကိုယ့်အထင်နှင့်ကိုယ် ပြောဆိုနေကြလေသည်။

☺ အောင်မြင်စာပေ ☺

www.burmeseclassic.com

www.burmeseclassic.com



"နှင်းမေသေတာ အတော်ထူးဆန်းတယ်နော်. . ၊ အကောင်းသားကနေ ရုတ်တရက် သေသွားသတဲ့၊ ရိုးမှရိုးရဲ့လား မသိဘူး"

"ဘယ်ရိုးမှာလဲ. . သူသေတော့ လည်ပင်းပေါ်မှာ ကြိုးတစ်ချောင်းတင်နေတာ တွေ့သတဲ့၊ နောက်ပြီး အဲဒီကြိုးကလည်း တစ်ချောင်းလုံး သွေးဝနေပြီးတော့ အသက်ရှိတဲ့ မြွေတစ်ကောင်လို လှုပ်နေသေးတယ်လို့ ပြောသံကြားတယ်. . "

"ဒါဖြင့်. . . ဘယ်လိုဖြစ်တယ်ထင်သလဲ၊ တစ်ယောက်ယောက်ကများ ပြုစားတာလား၊ ဒါမှမဟုတ် နတ်မကြိုက်တာလုပ်မိလို့ သတ်လိုက်တာများလား မပြောတတ်ဘူး"

"ငါကြားတာတော့ ငါတို့ရွာမှာ ကျိန်စာသင့်နေတဲ့ မျိုးရိုးတွေရှိတယ်လို့ ကြားမိတယ်"

"ဟဲ့. . ဘယ်သူတွေများလဲ"

"တိတိကျကျတော့ ဘယ်သိပါမလဲ၊ ဒါပေမယ့် အဲဒီလိုကျိန်စာသင့်နေတဲ့ မျိုးနွယ်တွေက လူပျိုအပျိုတွေရှိရင် မင်္ဂလာမဆောင်ရဘူး၊ အိမ်ထောင်ပြုလို့ မရဘူးလို့တော့ ပြောသံကြားတယ်"

"ဘာဖြစ်လို့လဲ"

"ကျန်စာသင့်နေပါတယ်ဆိုမှ နင်ကလည်း နားဝေးလိုက်တာ"

"ဒါဖြင့် နီမောင်တို့ မိသားစုက နင်ပြောတဲ့ ကျိန်စာသင့်နေကြတာ ဖြစ်မှာပေါ့၊ ဒီလိုဆိုရင် နီမောင်လည်း မိန်းမယူလို့ ဘယ်ရပ့ါမလဲ"





"ဟုတ်မှာပေါ့"

"နှင်းမေမျာ သနားစရာဟယ်၊ သူ့ခမျာ ရုပ်ရည်ကလေးကလည်းချော၊ သဘောမနောကလည်းကောင်းပါဘိသနဲ့ မင်္ဂလာဆောင်ကာနီးမှ သေရတယ်လို့"

"ဒါကတော့ ကံစီမံရာပေါ့၊ ဘယ်တတ်နိုင်ပ့ါမလဲ"

ဟုပြောဆိုနေကြလေသည်။

အခြားသူများက နှင်းမေအတွက် စိတ်မကောင်းဖြစ်နေကြသလို နီမောင်တို့မိသားစုကတော့ ပြောစရာမရှိတော့ပေ။ ရုတ်တရက်ကြီး ဆုံးပါးသွားသဖြင့် ဖြေမဆည်နိုင်အောင် ဖြစ်နေကြသည်။

နီမောင်ကတော့ ညီမဖြစ်သူအတွက် ဝမ်းနည်းနေသလို စိတ်မကောင်းလည်း ဖြစ်နေမိသည်။

ထို့ပြင် စိတ်ထဲမှာလည်း မကျေမနပ်ဖြစ်နေမိသည်။

ထို့ကြောင့် မှော်ဆရာထံတွင် အကျိုးအကြောင်း မေးမြန်းကြည့်ရန် စိတ်ကူးမိလေသည်။

ကတူးကနန်းဒေသ၌ နေထိုင်ကြသူတို့ နတ်ကိုယုံကြည်ကိုးကွယ်သူများသည်။

စုန်းအတတ်၊ မှော်အတတ်တို့ကို ယုံကြည်ကြသည်။ စုန်းအတတ်၊ မှော်အတတ်၊ ဂဝေအတတ်တို့သည် လူကို ပြုစားနိုင်၊ နှိပ်စက်နိုင်သည်ဟုလည်း လက်ခံယုံကြည်ထားကြသည်။

သို့ကြောင့် ထိုဒေသတွင် ဆေးကုပေးသော မှော်ဆရာအချို့လည်းရှိကြသည်။

မှော်ဆရာတို့က စုန်းအတတ်၊ မှော်အတတ်၊ ဂဝေ



www.burmeseclassic.com

www.burmeseclassic.com



ပညာတို့ဖြင့် ပြုစားနိုပ်စက်ခြင်းတို့ကို ပျောက်ကင်းစေရန် ကုသပေးနိုင်ကြပေသည်။

ကတူးကနန်းဒေသတွင် အထက်ဂိုဏ်း၊ အလယ်ဂိုဏ်း၊ အောက်ဂိုဏ်းဟူ၍ မှော်ဆရာသုံးမျိုးရှိကြသည်။

ထို့ပြင် ဆေးအတတ်ဖြင့် ဆေးကုပေးသော ဆေးဆရာကြီးများလည်း ရှိကြသည်။

ထိုဒေသမှာ နေထိုင်ကြသူများသည် မှော်ဆရာနှင့် ဆေးဆရာတို့ကို ယုံကြည်လေးစားမှုရှိကြသည်။

အချို့ဆေးဆရာများက ဆေးကုသပေးရုံသာ တတ်ကျွမ်းကြသော်လည်း အချို့ဆရာများကတော့ ပြုစားတတ်သော အတတ်ပညာတို့ကိုပါ တတ်ကျွမ်းကြသည်။

မှော်ဆရာ၊ နတ်ဆရာ၊ ဆေးဆရာတို့သည် ၎င်းတို့ယုံကြည်ကိုးကွယ်သော နတ်ရုပ်များကို စင်ဖြင့်တင်ထားပြီး. . အုန်း၊ ငှက်ပျောပွဲများဖြင့် တင်၍ အမြဲပူဇော်ပသထားကြသည်။ ဆေးဆရာများကတော့ ဆေးကွမ်းအစ်၊ ဆေးကြိမ်လုံးတို့ကို ကန်တော့ပွဲတစ်ပွဲ၊ သက်ဆိုင်ရာ ဆေးစောင့်နတ်များကိုလည်း ကန်တော့ပွဲများဖြင့် ပူဇော်ထားကြလေသည်။

အချို့ဆရာကြီးများမှာ မိမိတို့နေအိမ်ရှေ့တွင် နတ်စင်များကိုပင် ဆောက်ထားကြသည်။

နတ်စင်များပေါ်မှာတော့ နတ်ရုပ်တုများကို အကြီးအသေးအစဉ်လိုက် တင်ထားကြသည်။

ကြာညီနောင်ရွာမှာတော့ မှော်ဆရာတစ်ဦးနှင့် ဆေးဆရာကြီးတစ်ဦးရှိကြသည်။





မှော်ဆရာအမည်မှာ 'ဇာလာဟီး'ဖြစ်ပြီး နာဂတိုင်းရင်းသားတစ်ဦးဖြစ်သည်။

အသက်(၆၀)ဝန်းကျင်အရွယ်ခန့်ရှိပြီး၊ ဆံပင်ရှည်၊ မုတ်ဆိတ်မွေး၊ နှုတ်ခမ်းမွေးရှည်များရှိသည်။

အညိုရောင်ဝတ်ရုံရှည်ကြီးကို ဝတ်ဆင်ထားသည်။

၎င်းနေအိမ်၏ တဝက်လောက်မှာ နတ်ရုပ်များတင်ထားသော စင်ဖြင့်ပြည့်နေပြီး ကျန်နေရာကတော့ ဆေးကုပေးသော နေရာပင်ဖြစ်၏။

စင်ပေါ်တွင် နတ်ရုပ်အကြီးအသေးမျိုးစုံတို့ ရှိကြပြီး အချို့ရုပ်ထုများမှာ ဘီလူး၊ သရဲနှင့်တူသော ရုပ်တုများဖြစ်သည်။

ဇာလာဟီးသည် သာမန်ဖြစ်သော ရောဂါများထက် ပယောဂနှင့်သက်ဆိုင်သော ရောဂါများကို ကုသပေးရာမှာ များစွာနာမည်ကြီးသူဖြစ်သည်။

စုန်းပြုစားခြင်း၊ ကဝေပြုစားခြင်း၊ နတ်တိုက်ခြင်း၊ အမှောင့်ပယောဂနှောင့်ယှက်ခြင်း၊ သရဲသဘက်တို့ နှောင့်ယှက်ခြင်းစသော ရောဂါများအပြင်. . .

အပင်းသွင်းခြင်း၊ ဗူးသွင်းခြင်း၊ ဖုတ်ဝင်ခြင်း စသော စုန်းကဝေ၊ ပရလောကသားတို့ နှောင့်ယှက်သော ရောဂါများကို ကုသပေးရာမှာတော့ သူမတူအောင် ကျွမ်းကျင်နိုင်နင်းမှုရှိသည်။

ထို့ကြောင့် တစ်ရွာလုံးက ပယောဂနှင့်သက်ဆိုင်သည့် ရောဂါများဖြစ်ပါက မှော်ဆရာကြီး ဇာလာဟီးရှိရာသို့ သွားရောက်ကုသကြသည်။

သာမန် အဖျားအနာရောဂါများနှင့် (၉၆)ပါးရောဂါများ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်လာလျှင်တော့ ဆရာကြီး ဦးဗန်ကောင်းထံသို့ သွားရောက်ကုသကြသည်။

ဆရာကြီးဦးဗန်ကောင်းက ဓာတ်နိုင်ပြီး ဆေးကုသရာမှာ ကျွမ်းကျင်မှုရှိသဖြင့် (၉၆)ပါးရောဂါဖြစ်လျှင်တော့ ဆရာကြီး ဦးဗန်ကောင်းထံ သွားရောက်ကုသကြလေသည်။

ဇာလာဟီးနှင့် ဦးဗန်ကောင်းတို့နှစ်ဦးမှာ တစ်ဦးလျှင် တစ်မျိုးစီ အစွမ်းထက်ကြသူများဖြစ်ကြပေသည်။

နီမောင်မှာ ညီမဖြစ်သူ ရုတ်တရက် သေသွားရသော အကြောင်းကို မကျေနပ်သဖြင့် ဇာလာဟီးထံသို့ သွားရောက်မေးမြန်းကြည့်ရန်အတွက် စောထီးနှင့်ငမဲအောင်တို့ နှစ်ယောက်ကိုပါခေါ်၍ အတူသွားကြလေသည်။

အချိန်က ညနေပိုင်းအချိန်ဖြစ်နေပေပြီ။ အတော်များများ အလုပ်မှပြန်လာကြသောအချိန်လည်း ဖြစ်ပေသည်။

ဆေးဆရာကြီး ဦးဗန်ကောင်းက ရွာ၏တောင်ဘက်ပိုင်းတွင်နေပြီး ဇာလာဟီးက မြောက်ဖျားပိုင်းတွင် နေလေသည်။ ၎င်းတို့ ရောက်သွားတော့ မော်ဆရာ ဇာလာဟီးနှင့် အဆင့်သင့်တွေ့ရလေသည်။

ဇာလာဟီးက နတ်စင်ပေါ်မှာရှိသော နတ်ရုပ်များကို ဆီမီးခွက်များ၊ အမွှေးတိုင်များဖြင့် ထွန်းညှိပူဇော်နေရင်း ပါးစပ်မှ တတွတ်တွတ် ရွတ်ဆိုနေလေသည်။

နီမောင်တို့ရောက်သွားသောအခါ ဇာလာဟီးက သူထိုင်သော နေရာမှာထိုင်သည်။

လက်ချောင်းများစွာပါသော နတ်ရုပ်ကြီးတစ်ရုပ်ရှေ့ ၌





ဖြစ်သည်။

၎င်းရှေ့မှာတော့ မြေအင်တုံဖြင့် ထွန်းထားသော ဆီးမီးခွက်နှင့် အမွှေးတိုင်များ ထွန်းထားသော ပန်းအိုးကြီးတစ်လုံးရှိသည်။

အမွှေးတိုင်းများမှာ သစ်မွှေးသားများဖြင့် အချောင်းလိုက် ပြုလုပ်ထားခြင်းဖြစ်သောကြောင့် မွှေးရနံ့များက အခန်းထဲမှာ ပြန့်နှံ့နေလေသည်။

ထို့ပြင် သူထိုင်နေသော နံဘေးနားမှာ ဗုံတစ်လုံး၊ ပလုပ်တုတ်တစ်လုံး၊ ကြေးမောင်းတစ်လုံးတို့လည်းရှိသည်။

အခြားသော ပစ္စည်းများလည်း ရှိနေကြသည်။

နီမောင်တို့သုံးယောက်နှင့် မျက်နှာချင်းဆိုင်ထိုင်မိတော့ ဇာလာဟီးက မေးသည်။

"ဘာအတွက် လာကြတာလဲ"

"ဆုံးသွားတဲ့ ကျွန်တော့်ညီမလေးအတွက် သိချင်တာလေးတွေရှိလို့ လာမေးတာပါ ဆရာကြီး"

"နတ်တွေအတွက် ပူဇော်ကြေးတင်ပါ"

ဟုပြောသဖြင့် နီမောင်က တင်ရမည့်ငွေကို မေးပြီး ရှေ့မှာရှိသော ကလပ်ပေါ်တင်ပေးလိုက်သည်။

"ဘာသိချင်တာလဲ"

"ဘာကြောင့်သေရတယ်ဆိုတာ သိချင်တာပါ"

"ရိုးရိုးရောဂါကြောင့် သေတာမဟုတ်ဘူးလား"

"မဟုတ်ပါဘူး"

ထိုစကားကြောင့် ဇာလာဟီးက နောက်ဘက်၌ရှိသော



www.burmeseclassic.com

www.burmeseclassic.com



နတ်ရုပ်ကြီးဘက်သို့လှည့်က အတော်ကြာအောင် ငြိမ်သက်နေလေသည်။

ပြီးမှ ဦးခေါင်း တစ်ချက်၊ နှစ်ချက်ညိတ်ပြီး နီမောင်တို့ဘက်သို့ ပြန်လှည့်လာသည်။

"သေဆုံးသူနဲ့ သက်ဆိုင်တဲ့ ဘာပစ္စည်းပါလာသလဲ"

"ပါ. . ပါတယ်. . "

နီမောင်က နှင်းမေလည်ပင်းပေါ်မှ ယူထားသော ကြိုးစလေးကို ထုတ်ပေးလိုက်သည်။

ဇာလာဟီးက သွေးများစွန်းပေနေသော အုန်းဆံကြိုးကလေးကိုယူပြီး နတ်ရုပ်ကြီး၏ လက်ချောင်းတစ်ခုပေါ်မှာ တင်ထားလိုက်သည်။

"ဟိုဘက်ဘေးနေရာမှာ ရွှေ့ထိုင်ပေးကြပါ၊ တကယ်လို့ သေသူရဲ့ ဝိညာဉ်ရောက်လာရင် အသံမထွက်ကြဘဲ ငြိမ်ငြိမ်လေးပဲနေကြပါ. . "

ဟုပြောသဖြင့် နီမောင်တို့ သုံးယောက်လည်း ဘေးဖက်သို့ ရွှေ့ထိုင်ပေးလိုက်ကြသည်။

ထို့နောက်မှာတော့ ဇာလာဟီးက နတ်ရုပ်ကြီးရှိရာဘက်သို့ ပြန်လှည့်ပြီး ဗုံကိုတုတ်တစ်ချောင်းနှင့် အဆက်မပြတ်တီးလေတော့သည်။

ထိုသို့တီးနေရင်းနှင့် သူတို့နားမလည်သော ဘာသာစကားဖြင့် ရွတ်ဆိုတိုင်တည်မှုများ ပြုလုပ်နေလေသည်။

အတန်ကြာတော့ ဗုံတီးခြင်းကိုရပ်ပြီး ပလုပ်တုတ်ကို တီးနေပြန်လေသည်။





ပလုပ်တုတ်တီးနေသောအသံမှာ ကြားနေကျအသံမျိုးမဟုတ်ပဲ စိတ်လှုပ်ရှားစရာအသံမျိုး ဖြစ်နေလေသည်။

အတော်ကြာတော့ အပေါက်ဝမှ ဖြူဖြူပုံရိပ်သဏ္ဌာန်တစ်ခု အိမ်ထဲဝင်လာလေသည်။

နီမောင်က ထိုသဏ္ဌာန်ကို သေသေချာချာကြည့်နေသော်လည်း သဲသဲကွဲကွဲ မမြင်ရပေ။

မီးခိုးငွေ့များကဲ့သို့ ပုံသဏ္ဌာန်အမျိုးမျိုးပြောင်းလဲနေလေသည်။

ဇာလာဟီးကတော့ သူ့နောက်ဘက်မှာရောက်နေသော ဝိညာဉ်ပုံရိပ်ကို လှည့်မကြည့်ဘဲနှင့် သူသိလိုသော အကြောင်းအရာများကို မေးမြန်းနေလေသည်။

အတန်ကြာအောင် မေးမြန်းပြောဆိုပြီးတော့မှ သွားခွင့်ပေးလိုက်ရာ လာလမ်းအတိုင်း ပြန်ထွက်သွားကာ ဖြည်းဖြည်းနှင့် ပျောက်ကွယ်သွားလေတော့သည်။

နီမောင်စိတ်ထဲမှာတော့ ညီမဖြစ်သူ နှင်းမေမျက်နှာကို သဲသဲကွဲကွဲ မမြင်လိုက်ရသောလည်း ဝမ်းနည်းကြေကွဲမှုများဖြစ်နေလေသည်။

ထိုအခြေအနေကို ရိပ်မိသဖြင့် စောထီးနှင့် ငမဲအောင်တို့က သူ့လက်ကိုကိုင်ကာ နှစ်သိမ့်မှုများ ပေးကြသည်။ ခဏကြာတော့ ဇာလာဟီးက သူတို့ရှိရာဘက် ပြန်လှည့်ပြီး သုံးယောက်စလုံးကို အနားပြန်ခေါ်ပြီး ပြောသည်။

"သေသွားတဲ့ မင်းညီမရဲ့နာမည်က နှင်းမေမဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါတယ်"

"သူက ကျိန်စာကြောင့်သေရတာပဲ၊ မင်းတို့မိသားစုက သိုဟုံဘွားရဲ့ အဆက်အနွယ်တော်စပ်ခဲ့သူတွေပဲ၊ ဘဝဟောင်းက သိုဟုံဘွားနဲ့ ဆွေမျိုးတော်စပ်ခဲ့ကြတယ်၊ ဆွေခုနစ်ဆက်. . မျိုးခုနစ်ဆက်ထဲမှာ ပါတယ်၊ ဒါကြောင့် ဒီအရပ်လာနေကြရတာပဲ"

ဟုပြောသည်။

"ဘယ်လို ကျိန်စာမျိုးလဲ ဆရာကြီး"

"ကြာညီနောင်ရေကန်မှာ စောင့်ရှောက်နေတဲ့ အမျိုးသမီးတစ်ယောက်ရှိတယ်၊ သူ့နာမည်က သူဇာလို့ ခေါ်တယ်၊ သူဆိုထားခဲ့တဲ့ ကျိန်စာက သိုဟုံဘွားနဲ့သက်ဆိုင်တဲ့ ဆွေဆက်၊ မျိုးဆက်တွေ အပေါ်မှာ သင့်နေတယ်၊ မင်းတို့မိသားစုတွေက အဲဒီမျိုးဆက်တွေထဲမှာပါတယ်"

နီမောင်မှာ မျက်လုံးပြူးသွားလေသည်။

မမျှော်လင့်သောစကား ကြားရသောကြောင့်လည်း ဒုံ့ဩသွားမိလေသည်။

ဇာလာဟီးက ဆက်ပြောပြသည်။

"ဒါကြောင့် မင်းတို့မိသားစုတွေထဲမှာ လူပျို၊ အပျိုတွေရှိရင် ဘယ်သူမှ လက်ထပ်ခွင့်မရဘူး၊ လက်ထပ်ဖို့ စီစဉ်တာနဲ့ အသက်သေမှာပဲ"

ထိုစကားကြားသောအခါ နီမောင်စိတ်ထဲတွင် နှင်းမေမသေခင်က မက်ခဲ့သည့် အိပ်မက်အကြောင်းကို ပြန်သတိရမိလေသည်။





နှင်းမေ အိပ်မက်ထဲမှာ တွေ့ခဲ့ရသည့် 'သူဇာ'ဆိုသော အမျိုးသမီးမှာ. . ယခု ဇာလာဟီးပြောသော အမျိုးသမီးပင် ဖြစ်ပေလိမ့်မည်။

"ဒါတွေကတကယ်ပဲလား၊ ကျွန်တော်တို့မိသားစုတွေက တစ်သက်လုံး အိမ်ထောင်ပြုလို့ မရကြတော့ဘူးလား၊ ဒီကျိန်စာတွေကိုရော ပြေပျောက်အောင် လုပ်လို့မရဘူးလား ဆရာကြီး"

"ကျိန်စာပြေပျောက်ဖို့ဆိုတာ တခြားသူတွေကလုပ်လို့မရဘူး၊ ကျိန်စာဆိုခဲ့တဲ့သူနဲ့တွေ့ပြီး ပြေပျောက်အောင် လုပ်မယ်ဆိုရင်တော့ ရနိုင်ပါတယ်"

"ကျိန်စာဆိုခဲ့တဲ့ အမျိုးသမီးက သေသွားတာ နှစ်ပေါင်းအတော်ကြာခဲ့ပြီ မဟုတ်လား"

"ရုပ်ခန္ဓာကသာ သေသွားပေမယ့် ဝိညာဉ်ခန္ဓာကတော့ မကျွတ်မလွတ်တဲ့ဘဝမှာပဲ ရှိပါသေးတယ်"

"သူနဲ့တွေ့လို့ရော ရနိုင်ပါ့မလား"

"သူလက်ခံရင် တွေ့လို့ရပါတယ်"

"ဒါဖြင့် ကျွန်တော်တွေ့ချင်ပါတယ်၊ ဆရာကြီး အကူအညီပေးလို့ရပါသလား"

"ငါကတော့ အကူအညီမပေးနိုင်ဘူး၊ ဒါပေမယ့် ကျိန်စာဆိုခဲ့တဲ့ ဝိညာဉ်ကို ဒီဘဝကကျွတ်လွတ်အောင် လုပ်ပေးမယ်ဆိုရင်တော့ မင်းတို့မိသားစုတွေရော နောက်ထပ် မင်းတို့လိုပဲ ကျိန်စာသင့်နေတဲ့ မိသားစုတွေပါ လွတ်မြောက်ခွင့် ရနိုင်ကြပါတယ်"

ဟုပြောပြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ထို့နောက်မှာတော့ နီမောင်တို့ သုံးယောက်လည်း သိချင်တာကို သိရပြီဖြစ်သော သွေးစွန်းနေသော ကြိုးစကလေးကိုပြန်ယူကာ ထိုနေရာမှ ပြန်လာခဲ့ကြလေတော့သည်။



BURMESE CLASSIC .com





# အခန်း [ ၁၀ ]

# ရှေးဟောင်းရှာမင်လောကီပညာ

နီမောင်တို့သိချင်သော အချက်အလက်များကို သိစေရန်အတွက် ဇာလာဟီးအသုံးပြုခဲ့သောပညာမှာ ရှေးဟောင်းလူမျိုးအချို့ အသုံးပြုခဲ့သော 'ရှာမင်'ဟုခေါ်သော လောကီပညာပင်ဖြစ်၏။

လောကီပညာဟုခေါ်ရာတွင် အထက်လမ်း၊ အောက်လမ်း၊ စုန်းကဝေ၊ မှော်ပညာ၊ ဝိဇ္ဇာဥ်စသည်တို့ သက်ဆိုင်ခြင်းကိစ္စများအတွက် လိုအပ်သောအခါ စိတ်၏စွမ်းအားကိုအသုံး



www.burmeseclassic.com

www.burmeseclassic.com



ချပြီး အသုံးပြုသော ပညာမျိုးပင်ဖြစ်၏။

ရှေးနှစ်ပေါင်းများစွာကတည်းက လူသားတို့ နည်းအမျိုးမျိုးတို့ဖြင့် အသုံးပြုခဲ့သော ရှေးဟောင်းပညာရပ်မျိုးလည်း ဖြစ်ပေသည်။

လူသားတို့သည် ဆေးပညာနှင့်ပတ်သက်ပြီး မည်သည့်အရာမှ မပေါ်ပေါက်သေးခင်ကပင် ရောဂါဝေဒနာများ ထိခိုက်ဒဏ်ရာများရကြသည်။

ဆေးဝါးမပေါ်ခင်က ရှာမင်လောကီပညာဟု နောက်ပိုင်းအမည်ပေးခဲ့သော စိတ်ကိုပြောင်းလဲစေသော ကုထုံးတို့နှင့် ရောဂါသက်သာအောင် ကုသပေးခဲ့ကြသည်။

နောက်ပိုင်းကာလကြာသောအခါ ဝိညာဉ်တို့နှင့်သော်လည်းကောင်း၊ စုန်းကဝေ၊ မှော်ပညာများဖြင့် ရောထွေးသွားပြီး မူလအခြေအနေမှာ တိမ်မြုပ်ပျောက်ကွယ်ခဲ့ရပေပြီ။

သို့သော် (၁၉၆၀)ပြည့်လွန်နှစ်များ ရောက်သောအခါ ဆေးဝါးမပါဘဲ ရောဂါကုပေးနိုင်သော ရှေးဟောင်းပညာများ တစ်ကျော့ပြန်လာလေသည်။

ထိုအထဲတွင် ရှာမင်ကောကီပညာလည်း အပါအဝင်ဖြစ်လာသည်။

"ရှာမင်"ဆိုသော ဝေါဟာရသည် ဆိုက်ဗေးရီးယား ရှေးဟောင်းစကားဖြစ်သည်။

"ဆေးဆရာ၊ ဆေးကုပေးသောသမား" ဟု အဓိပ္ပါယ်ရသည်။

တိုင်းပြည်အများအပြားတွင် ရှိနေကြသည့် ဆေးက





သော ရှေးခေတ်ဆေးဆရာများကိုလည်း ယေဘုယျအားဖြင့် ရှာမင်ဟု ခေါ်ဝေါ်ကြသည်။

စင်စစ်အားဖြင့် တိုင်းပြည်အသီးသီးရှိ ဆေးဆရာ ရှာမင်များကို သက်ဆိုင်ရာတိုင်းပြည်နှင့် လူမျိုးတို့၏ ဝေါဟာရများဖြင့်လည်း တိုင်းပြည်အလိုက် ခေါ်ဆိုကြသည်။

ဆိုက်ဗေးရီးယားရှိ လူမျိုးစုများအနက် တန်ဂါလူမျိုးစုက "ဆာမင်" ဟုခေါ်သည်။

ယင်းဆာမင်မှာ ရှာမင် ပြန်လာခြင်းဖြစ်သည်။

ယာကွတ်လူမျိုးစုက ရှာမင်ကို "အိုယုနာ"ဟုခေါ်သည်။

မွန်ဂိုလီးယားက "ဘာဂါ" ဟုလည်းကောင်း၊ "ကာမိ" ဟု လည်းကောင်း၊ "အူဒါဂန်" ဟုလည်းကောင်း ခေါ်သည်။

သားယက်လူမျိုးစုကလည်း "အူဒါဟန်" ဟုခေါ်သည်။

တူရကီတာတာတို့က "ကမ်" ဟုလည်းကောင်း၊ ဘော်နီယိုကျွန်းစုက "မနန်"ဟုလည်းကောင်း၊ ဟန်ဂေရီက "တဲ(လ)တော့" ဟုလည်းကောင်း၊ မလေးနီဂရမ်တို့က "ဟာလာ"ဟုလည်းကောင်း၊ ဆုမတြားက "နီယာဆန်" ၊ "ဆီဘဆို"၊ "ဒန်ကန်"ဟုလည်းကောင်း၊ မလေးရှား လူပုမျိုးစုက "အာလီယန်" ဟုလည်းကောင်း ၊ အန်ဒမန်နှင့် နီကိုဘာကျွန်းစုက "အိုကိုဂျုမု" ဟုလည်းကောင်း၊ မလေးရှေးဟောင်းလူမျိုးစုက "ပိုယန်"ဟုလည်းကောင်း ၊ ပိုလီနီရှန်က "တော်လာ"ဟုလည်းကောင်း၊ ဟာဝိုင်ယီက "ကဟူ"၊ "ကဟူနား" ဟုလည်းကောင်း၊ ပါးရှား (အီရန်)က "မာဂ" ဟုလည်းကောင်း၊ ရှေးဟောင်း အိန္ဒိယ လူမျိုးစုများက "မုနိ" ဟုလည်းကောင်း၊ တိဗက်က "ဘွန်" ၊ "မူ"ဟုလည်း



www.burmeseclassic.com

www.burmeseclassic.com



ကောင်း၊ တရုတ်က "ဝူ" ဟုလည်းကောင်း၊ ဂျပန်က "ရှင်နိကူချီ"၊ "ကာမိကူချီ" ဟုလည်းကောင်း၊ တူရကီစပ် မွန်ဂိုတို့က "ကမ်" ဟုလည်းကောင်း၊ ကိုရီးယားက "မူဒန်"ဟု လည်းကောင်း တိုင်းရင်းဘာသာစကား အသီးသီးဖြင့် ခေါ်ကြသည်။

ရှေးအခါက တိုင်းပြည်အသီးသီးတွင် ရှိခဲ့သော ရှာမင်ယဉ်ကျေးမှုနှင့် ရှာမင်လောကီပညာကို သူတို့၏ တိုင်းရင်းသားဘာသာစကားဖြင့် ခေါ်ဝေါ်ခြင်းဖြစ်သည်။

ယင်းအချက်ကိုထောက်၍ ရှေးခေတ်၊ ကျောက်ခေတ်မှ စတင်ပြီး တိုင်းပြည်အသီးသီးတွင် ကျောက်ခေတ်ယဉ်ကျေးမှုဟု ခေါ်နိုင်သော ရှာမင်ယဉ်ကျေးမှု၊ ရှာမင်လောကီပညာတို့သည် အနှံ့အပြားတွင် တစ်ပြိုင်နက်လိုလို ပေါ်ပေါက်ခဲ့ကြောင်း သိရသည်။

ထို့ကြောင့် ရှာမင်လောကီပညာလေ့လာရေးသည် ရှေးကျောက်ခေတ်လူ့ဘောင်ကြီး၏ ယဉ်ကျေးမှုကြီးကို လေ့လာခြင်းဖြစ်သွားသည်။

ယနေ့ခေတ်တွင် ရှာမင်လောကီပညာရှင်တို့အား . . ကဝေများ၊ မှော်ဆရာများ၊ အောက်လမ်းဆရာများဟု ထင်မြင်ကြသည်။

ကျောက်ခေတ်လူများက နတ်မိစ္ဆာတို့၊ နာနာဘာဝတို့က ပြုစား၍ ကုသမည်ဆိုလျှင် ပြုစားထားသော နတ်မိစ္ဆာနှင့် နာနာဘာဝများကို နှိမ်နင်းရန်လိုသည်။

ရှာမင်တို့က နတ်မိစ္ဆာတို့ကို ဆက်သွယ်သည်။

နှိမ်နင်းသည်ဆိုလျှင် ရှာမင်တို့ကို ခေတ်မျက်စိနှင့် ကြည့်





မည်ဆိုပါက ပယောဂကုဆရာ၊ အောက်လမ်းဆရာ၊ အထက်ဂိုဏ်းဆရာလိုလို မြင်ကြမည်ဖြစ်သည်။

သို့သော် နတ်မိစ္ဆာများ၊ နာနာဘာဝများသည် လူပြည်၏ အလွန်တွင်ရှိသော ပရလောကတွင်နေသူများဖြစ်ရာ သူတို့ကို ရှာဖွေနှိမ်နင်းမည်ဆိုပါက ပရလောကသို့ သွားရောက်ရှာဖွေရန်ဖြစ်သည်။

ပရလောကကို သာမန်စိတ်ဖြင့် မရောက်နိုင်။ နစ်မြောစိတ်၊ ဘဝင်စိတ်ဖြင့်သာ သွားနိုင်သည်ဖြစ်ရာ ရှာမင်တစ်ဦးသည် နစ်မြောစိတ်၊ ဘဝင်စိတ်ကို ပိုင်နိုင်ရန်လိုသည်။ တမလွန်ပရလောကအကြောင်းကို အကျွမ်းဝင်ရန်လိုသည်။

ထို့ကြောင့် ရှာမင်လောကီပညာရှင်များသည် သာမန်သိစိတ်မှ နစ်မြောစိတ်၊ ဘဝင်စိတ်၊ အိပ်မက်စိတ်ကို လိုသည့်အချိန်တွင် ကူးပြောင်းရန်အတွက် စိတ်ကိုလေ့ကျင့်ထားရမည်ဖြစ်သည်။

ဤသို့စိတ်ကိုလေ့ကျင့်ခြင်းကို "ရှာမင်လောကီပညာကျင့်စဉ်" ဟုခေါ်သည်။

ထိုသို့လေ့ကျင့်မှုပြုရာတွင် စိတ်ကို နစ်မြောစိတ်၊ ဘဝင်စိတ်သို့ အလျင်အမြန်စိတ်တိုင်းကျ ကူးပြောင်းနိုင်ရန်နှင့် ပရလောကတမလွန်လောကတွင် စိတ်ကြိုက်လှုပ်ရှားနိုင်ရန် လက်တွေ့လေ့ကျင့်ပေးခြင်းဖြစ်သည်။

ထို့ကြောင့် စိတ်ပညာရှင်များနှင့် ပရစိတ်ပညာရှင်များက ရှာမင်လောကီပညာရှင်သည် ရုပ်လောကမှာ အသုံးပြုသည့်စိတ်နှင့် တမလွန်ပရလောကမှာ အသုံးပြုသည့် စိတ်(၂)မျိုးလုံးကို



www.burmeseclassic.com

www.burmeseclassic.com



တစ်ဖက်ကမ်းခပ် ကျွမ်းကျင်ပိုင်နိုင်သူများဖြစ်သည်ဟု ဆိုကြခြင်းဖြစ်သည်။

ရှာမင်လောကီပညာတွင် ကုသရာ၌ နည်းလမ်း(၂)မျိုးရှိသည်။

ပထမနည်းမှာ ဆေးဝါးမပါ ဗုံတီး၍ သီချင်းဆိုပြီး ကုသရသောနည်းဖြစ်သည်။

ဒုတိယနည်းမှာ ဆေးပင် (၂)မျိုး၊ (၃)မျိုးကို အသုံးပြုပြီး ပရလောကသားတို့၏ အကူအညီဖြင့် ကုသရသောနည်းဖြစ်သည်။

ထိုဆေးပင်များသည် ကုသမှု ခံယူသူ၏ စိတ်ကို ပြောင်းလဲစေနိုင်သည်။

အမေရိကန်ပြည် အနောက်တောင်ပိုင်းနှင့် မက္ကစီကိုပြည်နယ်များရှိ ယာကီလူမျိုးစုများနေထိုင်ရာ ကျေးလက်ဒေသတွင် ရှာမင်လောကီပညာ၌ အသုံးပြုသော အဓိကဆေးပင်များကို လေ့လာနိုင်သည်။

အဆိုပါ ဆေးပင်များကို လက်တွေ့ကြည့်ရှုလေ့လာခြင်း၊ ဆေးပင်မှရသော ဆေးရည်ကို သောက်ခြင်း၊ လိမ်းခြင်း၊ ရှူစေခြင်းတို့ပြုကာ ရှာမင်လောကီပညာနယ်အတွင်းသို့ တဖြည်းဖြည်း လေ့လာမှုပြုနိုင်သည်။

ရှာမင်လောကီပညာတွင် အဓိကအားဖြင့် အသုံးပြုသော ဆေးပင်များမှာ ပီရုမ်ပင်(Peyote)၊ ဂျီမွန်နွယ်ပင်(Jimon) ဟူမီတိုပင်(Humito)နှင့် မှိုတစ်မျိုးတို့ဖြစ်သည်။

ထိုအပင်များ၌ လူ၏စိတ်ကို ပြောင်းလဲစေသော သတ္တိ





များပါဝင်သည်။

မြန်မာပြည်တွင် ပဒိုင်းသီးသည် လူကိုခေတ္တမျှ စိတ်ပြောင်းလဲစေသည်။ ရူးစေသည်။

ဆီမီးတောက်ဥသည်လည်း လူနှင့်ခွေးကို ရူးစေသည်ဟု သိရှိထားသည်။

အဆိုပါ အပင်များသည် လူ၏စိတ်ကို နဂိုနေမှ ပြောင်းလဲစေသောကြောင့် ဆိုင်ခီဒီလစ်(Psychedelic) မူးယစ်ဆေးကဲ့သို့ စိတ်ကိုပြောင်းလဲစေသော အပင်များဖြစ်သည်ဟု ယူဆကြသည်။

ဘိန်းပင်နှင့်ဆေးခြောက်ပင်တို့သည် လူ့စိတ်ကို ပြောင်းလဲစေနိုင်ကြောင်းကိုကား လူအများသိပြီးဖြစ်သည်။

ပညာရှင်တို့၏ လေ့လာချက်များအရ . . . ပီရုတ်ပင်(Peyote)ကို အသုံးပြုလျှင် သာမန်သိစိတ်ပျောက်ကွယ်သွားပြီး ကမ္ဘာဌာန်းထိုင်သောအခါမှ တွေ့ရှိရတတ်သော ဘဝင်စိတ် (သို့မဟုတ်) တစ်ဖြစ်လဲစိတ်ဟု ခေါ်သော စိတ်အခြေအနေသို့ ရောက်သွားကာ ပရလောကအတွင်းသို့ ရောက်သွားသည်။

အခြားကမ္ဘာဟုခေါ်သော ပရလောကတွင် မိမိအား ကူညီမည့်သူ၊ ပညာသင်ပေးမည့်ပုဂ္ဂိုလ်ကို တွေ့ဆုံရသည်။

ထိုပရလောကသား၏ အကူအညီဖြင့် လောကီပညာများ သိရှိလာခြင်း၊ ပရလောကသား အကူအညီဖြင့် ရောဂါကုသပေးခြင်းတို့ကို ဆောင်ရွက်လာနိုင်သည်။

အဆိုပါ ပရလောကသားသည် ဘဝင်စိတ်ဖြင့် ပရလောကသို့ရောက်လာသူအား ဆေးပင်များအကြောင်း၊ ယင်းခန္ဓာကိုယ်



www.burmeseclassic.com

www.burmeseclassic.com



ဖွဲ့စည်းပုံနှင့် လောကီပညာများကို လက်တွေ့သင်ကြား ပြသပေးသည်။

ထိုကဲ့သို့ သင်ကြားပြသပေးသူကို ပရလောကမှ ပညာသင်ပေးသူဆရာ ဖြစ်သည်ဟု ဆိုနိုင်သည်။

အများအားဖြင့် ရှာမင်လောကီပညာရှင်များသည် ပရလောကတွင် တိရစ္ဆာန်ပုံသဏ္ဌာန်ဆောင်ထားသော ဆရာများကို တွေ့ကြရစမြဲဖြစ်သည်။

ထို့ကြောင့် ရှာမင်လောကီပညာရှင်များသည် ညှို့စိတ်မိပြီး တစ်ဖြစ်လဲစိတ်ပေါ် ထွက်လာအောင် (သို့မဟုတ်) ဘဝင်စိတ်ဖြစ်လာအောင် ဗုံတီး၍ ဝိုင်းပတ်ကကြသည်။

ဤသို့ကရာတွင် တိရစ္ဆာန်မျက်နှာဖုံးများ၊ တိရစ္ဆာန်နှင့်တူသော အဝတ်အစားများကို ဝတ်ဆင်ပြီး ယင်းတိရစ္ဆာန်တို့၏ လှုပ်ရှားမှုကို အတုယူ၍ ကခုန်ကြသည်။

ဤသို့ ကခုန်ခြင်းဖြင့် ဘဝင်စိတ်ကျပြီး တစ်ဖြစ်လဲစိတ်သို့ အလျင်အမြန် ပြောင်းလဲစေသည်။

တစ်ဖြစ်လဲစိတ်ဖြစ်ပေါ်နေချိန်တွင် မိမိအား ကူညီမည့်သူ(ဆရာ)ကို မြန်မြန်တွေ့သည်ဟု ယုံကြည်ကြသည်။

ဒါကျူရာ(Datura) အပင်၏ အမှုန့်များကို ခြေဖဝါး၊ ခြေသလုံး၊ ပေါင်အတွင်းအပြင်နှင့် လိင်ကိုပါ လိမ်းကျံပြီး ဟူမီတို (Humito) ဆေးပင်ကို ဆေးတံဖြင့် ရှူလိုက်သောအခါ ကောင်းကင်သို့ ပျံတက်နေရသလို ခံစားရသည်။ အလွန်ဇိမ်ရှိလှသည်ဟု ဆိုသည်။

ယင်းဆေးမှုန့်ကို အသုံးပြုပြီးနောက်. . ချိုးငှက်တစ်





ကောင်၏ ပုံသဏ္ဌာန်ကို အာရုံဖြင့် ရုပ်လုံးဖော်ရသည်။

ရုပ်လုံးဖော်ရာတွင် ဆေး၏တန်ခိုးကြောင့် သိပ်မခက်ခဲလှပေ။

ကျီးငှက်သဏ္ဌာန် သရုပ်ဖော်ရာတွင် မိမိ၏ ဦးခေါင်းကို ကျီးငှက်သဏ္ဌာန်ဖော်ရခြင်းဖြစ်သည်။ လည်ကုပ်မှနေ၍ ကျီး၏ အမြီးထွက်လာသည်။ မေးရိုးနှစ်ဖက်မှနေ၍ အတောင်ပံ ထွက်လာပြီး ငှက်လိုပျံသန်းနိုင်ခြင်းဖြစ်သည်။

ငှက်လိုပျံရာတွင် ခရီးအတော်ဝေးဝေးသို့ ပျံသန်းနိုင်ပြီး နောက်ကြောင်းသို့ ပြန်လှည့်လိုသောအချိန်တွင် ပြန်လာနိုင်သည်။

ပျံသန်းနေစဉ် မြင်ရသောမြင်ကွင်းမှာ ငှက်တစ်ကောင် လေထဲပျံသန်းနေရင်း မြင်ရသလို ရှုခင်းကျယ်ကျယ်ကို မြင်ရသည်။ အထက်စီးမှ အောက်သို့လည်း မြင်ရသည်။

ရှာမင်ပညာကို ပရလောကတွင် သင်ကြားရန်အတွက် စိတ်ကို ပြောင်းလဲအောင် ပြုလုပ်ရာတွင် အဆင့်(၃)ဆင့် ရှိသည်။

ပထမအဆင့်တွင် ပရလောကကို မှုန်ဝါးဝါးသာတွေ့ရသည်။ မကြာမီ ပျောက်ကွယ်သွားသဖြင့် ဘာမှ ဟုတ်တိပတ်တိ လေ့လာချိန်မရပေ။

သာမန်လူစိတ်သို့သာ ပြန်ရောက်လာသည်။ ပရလောကတွင်းသို့ မဝင်နိုင်သေးဘဲ လူ့လောကနှင့် ပရလောက စပ်ကြားရှိ လမ်းခုလတ်စခန်းသို့သာ ရောက်နိုင်သည်။

ဒုတိယအဆင့်တွင် ပထမအဆင့်ထက် ပရလောကတွင်းသို့ ပိုဝင်ရောက်နိုင်သော်လည်း အတွင်းကျကျသို့မရောက်



www.burmeseclassic.com

www.burmeseclassic.com



သေးချေ။

တတိယအဆင့်တွင်ကား ပရလောကတွင်းသို့ နက်ရှိုင်းစွာ ဝင်ရောက်နိုင်ပြီး စိတ်မှာလည်း တစ်ဖြစ်လဲစိတ် ခေါ် သာမန်မဟုတ်သောစိတ်ဖြင့် အရှိလောကခေါ် ပရလောကကြီးတွင် လေ့လာသင်ကြားနိုင်လာသည်။

အနီးတွင် လူဆရာရှိပါက ထိုဆရာက စိတ်အာရုံဖြင့် သရုပ်ဖော်ခြင်းကို ပြောပြပေးသည်။ လေ့လာသင်ယူသူသည် တစ်ဖြစ်လဲစိတ်အတွင်း ရောက်သွားပြီဖြစ်၍ ဘေးမှ ဆရာပြောသည့်အတိုင်း အာရုံဖြင့် ရုပ်လုံးဖော်နိုင်လာသည်။

စိတ်အာရုံဖြင့် ရုပ်လုံးဖော်တိုင်းလည်း သရုပ်သဏ္ဍာန်များ ပေါ်လာသည်ကို တစ်ဖြစ်လဲစိတ်အတွင်း တွေ့မြင်နေရသည်။

နောက်တစ်နည်းမှာ အိမ်မြှောင်ဖမ်းပြီး အိမ်မြှောင်ကို မိမိစေခိုင်းလိုသောအရပ်သို့ သွားရောက်၍ မြင်သရွေ့၊ ကြားသရွေ့ ပြန်ပြောစေခြင်းဖြစ်သည်။

အိမ်မြှောင်သည် အလွန်စပ်စုတတ်သော သတ္တဝါ၊ စကားများသော သတ္တဝါဟု ရှာမင်ပညာက ယူဆသည်။

ထို့ကြောင့် အိမ်မြှောင်စုပ်ထိုးပြီး သူတစ်ပါးကို မပြောနိုင်တော့ဘဲ မိမိကိုယ်က မနောချင်းဆက်၍ ပြောနိုင်စေရန် အိမ်မြှောင်၏ ပါးစပ်ကို ချုပ်ထားရသည်။

အိမ်မြှောင်ကို ပခုံးပေါ်တင်ပြီး ရင်းနှီးအောင် လုပ်နိုင်သောအခါတွင် အိမ်မြှောင်က မနောဖြင့်ပြောသောစကားကို ပီပီသသကြားရသည်။ အသံသိပ်မကျယ်သော်လည်း ရှင်းလင်း





စွာ ကြားနိုင်သည်။

အဆိုပါ သင်ကြားချက်များ၏ အနှစ်သာရသည် အိန္ဒိယမှ ရှေးသူတော်စင်ပညာရှိများ၊ ရသေ့ကြီးများ၏ သင်ကြားချက်များအတိုင်းဖြစ်သည်ဟု ယူဆသူများရှိသည်။

အချို့သူများကမူ ထိုသို့သော အယူအဆသင်ကြားချက်များသည် လူကိုအရေးပါသော အရာ၊ ဗဟိုပြုရမည့် အရာအဖြစ် ယူဆထားသည်။ လူနှင့်သဘာဝကို တခြားစီခွဲထုတ်မပစ်ဘဲ၊ လူကို သိက္ခာရှိသည့်နေရာကို ရောက်စေသည်ဟု မှတ်ချက်ချသူများလည်း ရှိပေသည်။

တရုတ်အပ်စိုက်ပညာကို ယခင်က ရယ်စရာဟုသဘောထားခဲ့ကြသော်လည်း နောက်ပိုင်းမှာတော့ လက်ခံအသုံးပြုလာရသည်။

တိုင်းရင်းဘယဆေးပင်များနှင့် ဗိန္ဓောဆေးကုသသောပညာကိုလည်း ယခင်က အထင်မကြီးခဲ့ကြပေ။ နောက်ပိုင်းမှာတော့ အစွမ်းထက်သော ကုထုံးများအဖြစ် လက်ခံအသုံးပြုခဲ့ကြရပေသည်။

ဆေးဝါးပစ္စည်းများ အသုံးပြု၍ ကုသသောကုထုံး၊ ဆေးဝါးမပါဘဲ ကုသောကုထုံး၊ စိတ်တန်ခိုးဖြင့် ကုသပေးသောကုထုံးများ ခေတ်စားလာသည်။

လူနာများကလည်း လက်ခံလာကြသည်။

ဆေးဝါးမပါဘဲ လောကီပညာဖြင့် ကုသပေးသော ကုထုံးများကို အလုံးစုံ၊ ဘက်စုံ၊ စွယ်စုံအသုံးပြု၍ရသော ကုထုံးအဖြစ် သဘောပေါက်လက်ခံလာကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ရှာမင်လောကီပညာဖြင့် လူတို့ကို အကူအညီပေးနိုင်သောနည်းမှာ ပရလောကသားများနှင့် ပူးပေါင်းပြီး အကူအညီပေးသောနည်းဖြစ်သည်။

ရောဂါကုသရန်ပဲဖြစ်စေ. . .

အခြားအခက်အခဲများကို ဖြေရှင်းရန်အတွက်ပဲ ဖြစ်စေ ပရလောကရောက်နေသော ဝိညာဉ်များ၏ အကူအညီကိုလည်း ယူကြရသည်။

ပရလောကသားတို့နှင့် ပူးပေါင်းရန်မှာလည်း နည်းလမ်းနှစ်မျိုးရှိသည်။

တစ်နည်းက ဆရာကိုယ်တိုင် ပရလောကသို့ဝင်ရောက်ရန်ဖြစ်သည်။

အခြားတစ်နည်းကတော့ ပရလောကသားကို ခေါ်ယူမေးမြန်းပြီး လိုသောအကူအညီယူခြင်းဖြစ်၏။

ဇာလာဟီး အသုံးပြုသောနည်းမှာ ပရလောကသားကို ခေါ်ယူမေးမြန်းသော ရှေးဟောင်းရှာမင် လောကီပညာပင် ဖြစ်ပေသည်။







# အခန်း ( ၁၁ )

# ခေါင်းတလားထဲမှ ပျောက်သွားသည့်အလောင်း

ကြာညီနောင်ရွာတွင် ထူးထူးခြားခြားကိစ္စများ ဆက်တိုက်ဆိုသလို ဖြစ်ပေါ်နေလေသည်။ နှင်းမေသေသွားပြီး သိပ်မကြာခင်မှာပင် အခြားအမျိုးသမီးတစ်ယောက်လည်း ရုတ်တရက် ကောက်ကာငင်ကာ ရောဂါရပြီး သေသွားခဲ့ရပြန်သည်။

သေဆုံးပုံကလည်း နှင်းမေသေဆုံးပုံနှင့် သိပ်မကွာ ပေ။ နှင်းမေနှင့် အသက်အရွယ်ချင်း မကွာလှဘဲ ရွာထဲမှ လူရွယ်



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်နှင့် လက်ထပ်ရန် စီစဉ်နေစဉ်မှာပင် မြွေထိသဖြင့် ရုတ်တရက် သေဆုံးသွားရခြင်းဖြစ်သည်။

တစ်ရွာလုံးကတော့ ကျိန်စာကြောင့် သေရသည်ဟုပင် ထင်ကာ များစွာကြောက်ရွံ့နေကြလေသည်။

အလောင်းကို သုသာန်သို့ပို့သောနေ့တွင် တစ်ရွာလုံးက အသုဘပို့ရာသို့ လိုက်ကြသည်။

မိမိတို့ရွာမှသာမကဘဲ အခြားရွာများမှ အသိမိတ်ဆွေများ၊ ဆွေမျိုးသားချင်းများပင် လာရောက်ကြသည်။

နီမောင်တို့ သုံးယောက်လည်း အသုဘပို့ရာသို့ လိုက်ရန် ထိုအိမ်သို့ ရောက်နေကြသည်။ ရွာထဲမှလူများရော အခြားရွာမှ လာကြသူများပါ ပါသဖြင့် လူကတော့ အတော်များသည်။

ထိုအထဲတွင် အနက်ရောင်အဝတ်အစားနှင့် အမျိုးသမီးတစ်ယောက်ကို သတိပြုမိကြသည်။

အသက်(၂၀)ကျော်အရွယ်ခန့်သာရှိသေးပြီး ရုပ်ရည်ချောမောသူတစ်ဦးဖြစ်သည်။ ဖြူဖွေးသော အသားအရေနှင့် သူမဝတ်ထားသော အနက်ရောင်အဝတ်အစားတို့မှာ လိုက်ဖက်လှသည်။

အနက်ရောင်ကြောင့် ဖြူဝင်းသောအသားအရေက ပို၍ပြီးပေါ်လွင်သကဲ့သို့ ရှိနေသည်။

"စောထီး၊ ဟိုအနက်ရောင်ဝတ်ထားတဲ့အမျိုးသမီးကို မင်းသိသလား"

နီမောင်ကမေးတော့ စောထီးက ခေါင်းခါပြသည်။

"မသိဘူး"





"ငမဲအောင် မင်းသိသလား"

"ဒီတစ်ခါပဲ မြင်ဖူးသေးတယ်"

"ဘယ်ရွာကလာတာလဲမသိဘူး၊ အတော်ကလေးချောတယ်နော်. ."

"တခြားရွာက လာတာဖြစ်မှာပေါ့၊ ဒါပေမယ့်. . ဒီလိုအနက်ရောင်ဝတ်ထားရင်တော့ စုန်းမတွေဘာတွေ ဖြစ်ချင်ဖြစ်နိုင်တယ်. . ."

စောထီးစကားကြောင့် ငမဲအောင်က ရှုံ့မဲ့သွားသည်။

"မင်းကလည်းကွာ မျက်နှာစိမ်းအမျိုးသမီးတစ်ယောက်တွေ့တာနဲ့ စုန်းမလို့ပဲ ထင်နေတော့တာပဲ၊ ဟုတ်ချင်မှဟုတ်မှာပေါ့. ."

ထိုသို့ပြောနေကြစဉ် အနက်ရောင်အဝတ်ကို ဝတ်ထားသော အမျိုးသမီးကလည်း သူတို့သုံးယောက်ရှိသော နေရာဘက်သို့ မကြာခဏ လှမ်းကြည့်နေလေသည်။

နီမောင်ကလည်း မြင်မြင်ချင်းမှာ ထိုအမျိုးသမီးကို စိတ်ဝင်စားနေမိသည်။ စိတ်ဝင်စားခြင်းက အခြားတော့မဟုတ်ပေ။

ဘယ်ရွာကလာပြီး ဘယ်လိုအခြေအနေမျိုးရှိသည်ကို သိချင်သောစိတ်ပင်ဖြစ်သည်။

နေ့လည်ဘက်အချိန်ရောက်တော့. . အလောင်းကို သုသာန်သို့ပို့ရန် ပြင်ကြလေသည်။ ဒီနေရာမှာတော့. . ကတူးကနန်းဒေသမှ အသုဘနှင့်သက်ဆိုင်သော ဓလေ့ထုံးစံအချို့ကို ရေးသားဖော်ပြပေးပါမည်။

အသုဘအခမ်းအနားသည် မြန်မာတို့နှင့် အသွင်တူ



www.burmeseclassic.com

www.burmeseclassic.com



သည်ဟု ဆိုရပါမည်။

ရှေးအခါက မည်သို့ကျင်းပသည်ကို မသိရသော်လည်း ယခုအခါတွင် သေဆုံးသူကို ခြေမကြီး၊ လက်မကြီး ချည်နှောင်ပေးပြီးလျှင် စုန်ရေဆန်ရေ ချပေးသည်။

"စုန်ရေဆန်ရေချသည်" ဆိုသည်မှာ . . တံစက်မြိတ်မှ သက်ငယ်စများဖြင့် ရေဆွတ်၍ အလောင်း၏ အထက်အောက် စုန်လိုက်ဆန်လိုက် သက်ချပေးခြင်းဖြစ်သည်။

ထို့နောက် အလောင်းကို ကောင်းမွန်အောင် ပြုပြင်ပေးပြီးလျှင် အပေါ်မှ စောင်လွှမ်းခြုံထားသည်။ သေသူနှင့် ရှင်သူများကို လိပ်ပြာခွဲပေးသည်။

လိပ်ပြာကြိုးများကို သေသူ၏အိမ်မှ ကျန်ရစ်သူများအားလုံးကို ချည်နှောင်ပေးထားသည်။

အလောင်းကိုထည့်ရန် ခေါင်းအဖြစ် သစ်ပင်ကြီးတစ်ပင်ကိုခုတ်လှဲ၍ လိုအပ်သည့်အနေအထားရအောင် ခုတ်ထွင်ယူသည်။

ပြီးလျှင် အလောင်းကို ထိုသစ်ထွင်းခေါင်းကြီးအတွင်းသို့ထည့်သည်။

အသုဘကိစ္စအတွက် ရပ်သူရွာသားများကို ဖိတ်မန္တကပြုရန်မလိုပေ။ ရပ်ဆွေရပ်မျိုးတို့သည် ရွာသူ/ရွာသားတစ်ဦး သေဆုံးသည်ဟု ကြားလျှင်ကြားချင်း လာရောက်ကူညီကြသည်။

ရွာထဲရှိ အိမ်တိုင်းမှ ဆန်တစ်ပြည်နှင့် ငွေတစ်မတ်ကို အသုဘအိမ်သို့ လာရောက်ပေးကြသည်။

ဤအချက်မှာ ဆင်းရဲချမ်းသာမရွေး ကူညီရမြဲဖြစ်သော





ထိုဒေသ၏ ထုံးစံတစ်ရပ်ဖြစ်သည်။

သို့ဖြစ်၍ ငွေကြေးမတတ်နိုင်သည့် မိသားစုသည် ရပ်ဆွေရပ်မျိုးများ ထည့်ဝင်ပေးသည့် ဆန်နှင့် ငွေများကို ချက်ချင်းအသုံးပြု၍ အသုဘအခမ်းအနားကို ကျင်းပနိုင်သည်။

အသုဘရှင်မိသားစုသည် ပစ္စည်းချမ်းသာ၍ ကြီးကျယ်စွာ မြေချသင်္ဂြိုလ်လိုသေးလျှင် ကြီးကျယ်စွာ ကျင်းပနိုင်သည်။

အသုဘကို သုံးရက်ဖြစ်စေ၊ ခုနစ်ရက်ဖြစ်စေ ထား၍ မြေမြှုပ်သင်္ဂြိုလ်ကြသည်။ အသုဘကို ချက်ချင်းမချခြင်းမှာ . . အဝေးရောက် သားချင်းဆွေမျိုးများ လာရောက်နိုင်ရန်ပင်ဖြစ်သည်။

သို့သော် ခြွင်းချက်အဖြစ် အသုဘကို ချက်ချင်းသင်္ဂြိုလ်ရသည့် အခြေအနေများလည်းရှိသည်။

လပြည့်ရက်၊ လကွယ်ရက်၊ နှစ်ဆန်းတစ်ရက်နေ့နှင့် ဒေသအရ သတ်မှတ်ထားသော ရှောင်ကြဉ်ရန်နေ့များတွင် သေဆုံးလျှင် ထိုအသုဘကို ချက်ချင်းသင်္ဂြိုလ်ကြရသည်။

ရောဂါဆိုးကြောင့် သေလျှင်လည်း ချက်ချင်းသင်္ဂြိုလ်ရသည်။

ရပ်ရွာဒေသ၏ ထုံးစံအရ အသုဘကို ကျေးရွာ၏ အနောက်ပေါက်မှ ထုတ်ယူရသည်။ အခြားဝင်ပေါက်များမှ ထုတ်ယူခြင်းမပြုရပေ။

အသုဘအခမ်းအနားများကို မသာရှင်၏ စီးပွားရေးပေါ်မှာမူတည်၍ ခမ်းနားစွာ ကျင်းပနိုင်သည်။ ဖြစ်သလိုလည်း တတ်နိုင်သမျှဖြင့်သာ ပြီးစီးအောင် ကျင်းပနိုင်သည်။



www.burmeseclassic.com

www.burmeseclassic.com



ကျေးရွာများတွင် မည်မျှဆင်းရဲသော်လည်း အများနည်းတူ လူတန်းစေ့အောင် လှလှပပ သင်္ဂြိုလ်ရမြဲဖြစ်သည်။

ရွာလူထုမှ ဝိုင်းဝန်းကူညီကြသော ဆန်နှင့်ငွေများဖြင့် ပင်လျှင် အကျဉ်းမျှပြီးစီးနိုင်သည်။

ထုံးစံအရ ကျေးရွာလူထုသည် အိမ်ရှင်က အကြွေးအမွေးမရှိသော်လည်း လာရောက်ကူညီကြသည်။

ရပ်ရွာထဲမှ အပျိုလူပျိုများသည် မခေါ်ရဘဲနှင့် နာရေးကိစ္စတွင် ဝိုင်းဝန်းကူညီကြသည်။ အသုဘ မြေကျသည်အထိ ဝိုင်းဝန်းကူညီကြသည်မှာ ကျေးရွာ၏ ထုံးစံတစ်ခုဖြစ်သည်။

ထို့ကြောင့်. . ကျေးရွာတွင် သေဆုံးသူအတွက်လည်းကောင်း၊ ကျန်ရစ်သူ မိသားစုအတွက်လည်းကောင်း မည်သည့်အခက်အခဲမျှ မတွေ့ရပေ။

ကျေးရွာအသုဘ ထုံးဥပဒေတစ်ခုမှာ. . "သူသေငါပို့ ငါသေသူပို့" ခြင်းဖြစ်သည်။

ဤဒေသမှ ကျေးရွာများတွင် အသက်ရှင်လျက် နေထိုင်လျှင်လည်းဖြောင့်ဖြောင့်၊ သေလျှင်လည်းဖြောင့်ဖြောင့် ပင်ဖြစ်သည်။ နေရေးနှင့် သေရေးအတွက် စိတ်ပူပန်သောက ရောက်ရန်မလိုပေ။

အသုဘချရာတွင် ငွေကြေးတတ်နိုင်သူများသည် ဆိုင်းငှား၍ ချကြသည်။

ဆိုင်းဝိုင်းသည် အသုဘပို့ရာတွင် မျောက်မင်းအူသံကို တီးမှုတ်ကြသည်။ ၎င်းမှာ သေသူကို နောက်ဆုံးဖျော်ဖြေပေးခြင်းပင်ဖြစ်သည်။





သင်္ချိုင်းသို့ရောက်သောအခါ အသုဘခေါင်းထမ်းသူများသည် တစ်ဖက်နှင့်တစ်ဖက်ထိုး၍ "ကုန်းဘောင်" ထိုးကြသည်။

၎င်း၏အဓိပ္ပါယ်မှာ သေသူကို နှမြော၍ သေမင်းထံမှ နောက်ဆုံးလုယူခြင်းဖြစ်သည်။

ကုန်းဘောင်ထိုးသူများမောလျှင် ခေါင်းကို မြေကျင်းထဲသို့ချ၍ မြေဖို့မြှုပ်နှံကြသည်။

မသာကြီးများဖြစ်သော "သူကြီး"၊ "ဘုန်းတော်ကြီး"၊ "မယ်တော်ကြီး"၊ "ခမည်းတော်ကြီး" များ၏ ဈာပနပွဲများတွင် ဇာတ်ပွဲများကျင်းပကြ၏။ ခြေခင်းလက်ခင်းသာယာသည့် နွေရာသီကောက်ပဲသီးနှံရိတ်သိမ်းပြီးချိန်မှာ ကျင်းပလေ့ရှိကြသည်။

ထိုမသာကြီးများတွင် ငိုချင်းသည်များ ငှားရမ်း၍ ငိုချင်းချသည်။

သေဆုံးသူများကို မြေမြှုပ်သင်္ဂြိုလ်ခြင်းမပြုမီ အစာ၊ ရေမီး၊ သစ်သီးများ ကျွေးပေးသည်။

သေဆုံးသူ၏ ပါးစပ်ထဲသို့ ကူးတို့ခအဖြစ် ငွေတစ်မတ်ထည့်ပေးသည်။

ဘုန်းကြီး၊ ရန်ဟန်းများ ပျံတော်မူလျှင် မီးသင်္ဂြိုလ်ပြီး အရိုးများကို မြေအိုးငယ်နှင့် ကောက်ယူ၍ အရိုးအိုးစေတီတည်ထားကြသည်။ ဂူစေတီ ဖြစ်သည်။

သေဆုံးသည့်အခါ အသုဘတွင် သက်ပြတ်တရားဟောစေသည်။ အသုဘမချမီ ရက်တိုင်းတွင် ဘုန်းကြီးတရားပွဲများကျင်းပသည်။



www.burmeseclassic.com

www.burmeseclassic.com



အသုဘကို မြေမမြှုပ်မီ ဘုန်းကြီးပင့်၍ တရားပွဲကျင်းပခြင်းဖြင့် သေသူသည် ဘဝကူးကောင်းသည်ဟု ယူဆကြသည်။

အသုဘကို သင်္ဂြိုလ်ပြီးနောက် ခုနစ်ရက်လည်သောအခါ ရက်လည်ဆွမ်းကပ်၍ တရားပွဲကျင်းပပေးသည်။

သို့ဖြစ်၍ ကတူးကနန်းတို့၏ အသုဘကိစ္စ ဆောင်ရွက်ပုံမှာ မြန်မာတို့နှင့် မခြားနားလှပေ။

လွန်ခဲ့သော နှစ်ပေါင်း(၅၀၀)ခန့်က ထိုဒေသတွင် သေသူများကို မြေမြှုပ်ခြင်းမပြုဘဲ မီးရှို့၍ ပြာချကာ ပြာအိုးများကို မြှုပ်နှံခဲ့ကြသည်။

ပြာအိုးကိုမြှုပ်နှံသောဓလေ့မှာ ပျူလူမျိုးတို့၏ဓလေ့ ဖြစ်သည်။

ကတူးကနန်းတို့မရောက်လာမီ ထိုဒေသတွင် ရှေးဦးစွာရောက်နှင့်နေသော ပျူလူမျိုးများ၏ဓလေ့ကို အတုယူခြင်းလည်း ဖြစ်နိုင်သည်။

ခေါင်းဆောင်များသေလျှင် ယင်း၏ ဇနီးမယားနှင့် အခြွေအရံများကိုသတ်၍ တပါးတည်း မြေမြှုပ်သင်္ဂြိုလ်ရသော ဓလေ့များ၊ ကျွန်ခွားများကိုသတ်၍ နတ်ပူဇော်ရသောဓလေ့များကို ဘုရင့်နောင်မင်းလက်ထက်မှစ၍ မင်းမိန့်ဖြင့် တားမြစ်ခဲ့သောကြောင့် ပျောက်ကွယ်ခဲ့သည်ဟု ယူဆရသည်။

သို့တိုင်အောင် ကြက်ဖ၊ ကြက်မတို့ကို နတ်ကြီးစင်တိုင်၌ ရိုက်သတ်၍ နတ်ပူဇော်ပွဲကျင်းပမှုအချို့ကို တွေ့ရသေးသည်။

အသုဘချသောအခါ တစ်ရွာလုံး လိုက်ပါပို့ပေးကြသည်။ လူအုပ်ထဲတွင် အနက်ရောင် အမျိုးသမီးကိုလည်း တွေ့ရ





သည်။ သူမသည် အနက်ရောင် သဘက်ကလေးတစ်ထည်ကို ဦးခေါင်းပေါ်တင်ကာ လူများနှင့် ရောနှောလိုက်ပါလာလေသည်။

သုသာန်ရှိသောနေရာမှာ ရွာနှင့် အနည်းငယ်ဝေးသည်။ လယ်ကွင်းများ၊ ယာခင်းများအလယ်မှ ဖြတ်ဖောက်ထားသော တာလမ်းမှသွားကြရသည်။

သုသာန်က တောင်ခြေနှင့်နီးသော တောစပ်တစ်နေရာ၌ရှိလေသည်။

သုသာန်ရောက်တော့ အခြားသူများက အလောင်းကို မြေမြှုပ်ရန် ပြင်ဆင်လုပ်ကိုင်နေကြစဉ် နီမောင်က နှင်းမေအလောင်းမြှုပ်ထားသောနေရာသို့ တစ်ခေါက်သွားကြည့်လေသည်။ ထိုနေရာရောက်တော့. . ကံဆိုးလှသော ညီမဖြစ်သူကို သတိရကာ စိတ်မကောင်းဖြစ်နေလေသည်။

စောထီးနှင့် ငမဲအောင်တို့နှစ်ယောက်ကလည်း နောက်မှ လိုက်လာလေသည်။ နှင်းမေကို မြှုပ်ထားသော မြေပုံနေရာရောက်တော့ နီမောင်စိတ်ထဲမှာ ဇဝေဇဝါဖြစ်သွားလေသည်။

မြေပုံက ခြေရာလက်ရာပျက်နေသည်။

မှတ်တိုင်စိုက်ထားသည်မှာလည်း ယိုင်စောင်းနေသည်။ တောခွေးများ တူးဖော်စားသောက်မည်စိုးသဖြင့် မြေပုံပေါ်မှာ ဖုံးအုပ်ထားသော ဆူးခက်များကလည်း နေရာပျက်နေသည်။

“မြေပုံက နေရာပျက်နေတယ်ကွ”

“ဟုတ်တယ်၊ တောခွေးတွေများ တူးယက်ထားသလား မသိဘူး”



www.burmeseclassic.com

www.burmeseclassic.com



"ပုံသဏ္ဍာန်ကတော့ ခွေယက်တာနဲ့မတူဘူး"

"ဒါဖြင့် ဘယ်လိုလုပ်မလဲ"

"တူးကြည့်ရင် မကောင်းဘူးလား"

"တခြားလူတွေမြင်သွားရင် မကောင်းဘူး၊ မင်းတူးချ ရင်တောင် ရွာကလူတွေအားလုံး ပြန်သွားတော့မှ တူးကြည့်တာ ကောင်းမယ်"

ဟု ပြောသဖြင့် နီမောင်လည်း လက်လျှော့လိုက်ရပေ သည်။

ရွာသူရွာသားများကတော့ အလောင်းကို မြေမြှုပ်နေ သောအချိန်တွင် သူသာန်သို့ရောက်ခိုက်အချိန်တွင် ယခင်က သေဆုံးသွားသဖြင့် မြှုပ်နှံထားခဲ့သော ဆွေမျိုးသားချင်းတို့၏ မြေပုံတို့ကို လိုက်လံကြည့်ရှုနေကြလေသည်။

နီမောင်တို့ သုံးယောက်မြေပုံနားတွင် ရပ်နေကြစဉ် သူ တို့အနီးသို့ လူတစ်ယောက်ရောက်လာလေသည်။

အဝတ်နက်များ ဝတ်ဆင်ထားသော အမျိုးသမီးဖြစ် သည်။ မမျှော်လင့်ဘဲ သူမကိုတွေ့ရသောအခါ သုံးယောက်စလုံး အံ့သြသွားကြလေသည်။

သူမက အနားရောက်လာတော့ မေးသည်။

"ဒီမြေပုံက နှင်းမေရဲ့ မြေပုံမဟုတ်လား၊ ရှင်က နှင်းမေ နဲ့ ဘာတော်သလဲဟင်"

"နှင်းမေက ကျွန်တော်ညီမလေးပါ၊ ဒါထက် ခင်ဗျားက ဘယ်သူပါလဲ"

"ကျွန်မနာမည်က သူဇာလို့ခေါ်ပါတယ်၊ ကျွန်မက





ကဝေကိုးမှော်ရွာက လာတာပါ၊ အခုသေတဲ့ မိန်းကလေးက ကျွန်မတို့နဲ့ ဆွေမျိုးသားချင်းမကင်းပါဘူး၊ နောက်ပြီး ကျွန်မက နှင်းမေနဲ့လည်း သိပါတယ်"

ညီမဖြစ်သူနှင့် ခင်မင်သူများထဲတွင် ထိုကဲ့သို့ ချောမော လှပသည့် အမျိုးသမီးတစ်ယောက်ရှိမှန်း နှင်းမေသေသွားပြီးမှ ပင် သိရခြင်းဖြစ်ပေတော့သည်။

"ဒါထက် ရှင့်နာမည်ကဘယ်သူလဲ"

"ကျွန်တော့်နာမည်က နီမောင်လို့ ခေါ်ပါတယ်"

"နှင်းမေကတော့ ရှင့်နာမည်ကို ပြောပြဖူးပါတယ်၊ ဒါ ထက်ရှင်က တောထဲမှာ ဆေးပင်၊ ဆေးမြစ်တွေ ရှာဖွေစုဆောင်း ပြီး ရောင်းချတာဆိုတော့ အိမ်မှာ စုဆောင်းထားတာများ ရှိပါ သေးလား"

"ရှိတန်သလောက်တော့ ရှိပါတယ်၊ ဘာအတွက်လိုချင် တာလဲ"

"ကျွန်မအဖွားက ဆေးဖော်စပ်တယ်၊ ဆေးလည်း ကု တယ်၊ ဆေးဖော်ပေမယ့် ဆေးပင်ဆေးရွက်တွေကို ကိုယ်တိုင် မရှာနိုင်တော့ အခုလို ရောင်းတဲ့သူတွေဆီက ဝယ်ရတာပါ"

"ကျွန်တော့် ညီမလေးနဲ့ သိတဲ့သူဆိုတော့ အထူးပြော စရာမလိုပါဘူး၊ လိုချင်တာရှိရင် အချိန်မရွေး လာယူနိုင်ပါတယ်"

"ကောင်းပါပြီ ကျွန်မ တစ်ရက်တော့ ရှင့်ဆီကို လာခဲ့ပါ ဦးမယ်"

"ဒါထက် ညီမလေးဆုံးတော့ ရောက်ဖြစ်သေးသလား"

"အဲဒီရက်က ကျွန်မခရီးထွက်နေလို့ မရောက်ဖြစ်ပါဘူး၊



www.burmeseclassic.com

www.burmeseclassic.com



ဒါကြောင့် သူ့မြေပုံကို မေးမြန်းပြီးတော့ လာကြည့်တာပါ"

နီမောင်က ခေါင်းညိတ်ရုံသာ ညိတ်ပြလိုက်သည်။

ထို့နောက် သူဇာဆိုသော အမျိုးသမီးက သူတို့ကို နှုတ်ဆက်ပြီး ထိုနေရာမှ ပြန်ထွက်သွားလေတော့သည်။

ထိုအမျိုးသမီးထွက်သွားပြီးတော့မှ ငမဲအောင်က ပြောသည်။

"စောစောကလာတဲ့ အမျိုးသမီးကြည့်ရတာ ငါစိတ်ထဲမှာ တစ်မျိုးဖြစ်လာသလိုပဲ"

ထိုစကားကြားတော့ စောထီးက. . .၊

"ဘာလဲ. . မြင်မြင်ချင်းပဲ သဘောကျနေပြီလို့ ပြောတာလား"

ဟု မေးလိုက်သည်။

"ဒီလိုမဟုတ်ပါဘူးကွာ သူ့ကြည့်ရတာ သာမန်အမျိုးသမီးမဟုတ်ဘဲ. . စုန်းကဝေပညာသည်တစ်ယောက်နဲ့ တူနေလို့ပါ"

"မဟုတ်တာပြောရင် မင်းကို ပြုစားလိမ့်မယ်"

ဟုပြောလိုက်တော့မှ စောထီးမှာ ဆက်မပြောဝံ့တော့ပေ။

ညနေပိုင်းအချိန်ရောက်တော့ အသုဘ မြေမြှုပ်ခြင်းကိစ္စပြီးသွားပြီဖြစ်သောကြောင့် လိုက်ပို့သူများ ပြန်သွားကြလေတော့သည်။

စောစောက လာသွားသော အနက်ရောင်အဝတ်အစားနှင့် အမျိုးသမီးကိုပင် မတွေ့ရတော့ပေ။





သင်္ချိုင်းထဲမှာ သူတို့သုံးယောက်တည်း ကျန်တော့မှ နီမောင်က ပြောသည်။

"နှင်းမေအလောင်းကို ဖော်ကြည့်ရအောင်"

"ဖြစ်ပါ့မလား"

"ငါ့ညီမအလောင်းကို ငါဖော်ကြည့်တာတော့ အပြစ်မပြောပါဘူး"

"မင်းသဘောပဲ၊ တော်ကြာ မင်းပဲထပ်ပြီး စိတ်မကောင်းဖြစ်မှာစိုးလို့ပါ"

"ရပါတယ်ကွယ်"

ထို့နောက် သုံးယောက်သား နှင်းမေ၏မြေပုံကို ပြန်တူးကြလေသည်။

မြေမြှုပ်ထားခဲ့သည့် ရက်အနည်းငယ်ကြာသွားပြီဖြစ်သော်လည်း မြေသားမကျသေးဘဲ ပွနေဆဲပင်ရှိသေး၏။

ထိုရက်အတော်အတွင်း၌ မိုးရွာသွန်းခြင်းလည်း မရှိသောကြောင့် ကျင်းထဲသို့ ရေဝင်ခြင်းလည်း မရှိသေးပေ။ ထို့ကြောင့် လွယ်လင့်တကူပင် တူးဖော်၍ရကြသည်။

ခေါင်းပေါ်လာတော့ ထူးခြားမှု ဘာမှမရှိပေ။

ဒီရက် ဒီအချိန်လောက်ကြာနေပြီဆိုတော့ အပုတ်နံ့ ရနေမည်ဖြစ်သော်လည်း မရပေ။

နီမောင်က မြေကျင်းထဲ ဆင်းရန်ပြင်တော့ ကျန်နှစ်ယောက်က တားသည်။

"ဒီလောက်နဲ့ပဲ ကျေနပ်ပါတော့ကွာ ခေါင်းအဖုံးတော့ မဖွင့်ပါနဲ့တော့"



www.burmeseclassic.com

www.burmeseclassic.com



"ရပါတယ် ဒီလောက်တော့ ငါစိတ်ခိုင်ပါတယ်၊ ငါ့ညီမလေးအခြေအနေ သိရရင် ကျေနပ်ပါပြီ၊ မင်းတို့နှစ်ယောက်အပေါ်ကသာ စောင့်ကြပါ"

ဟုပြောပြီး သစ်သားချွန်တစ်ချောင်းကိုယူပြီး မြေကျင်းထဲသို့ ခုန်ဆင်းသွားသည်။ တွင်းထဲရောက်တော့ ခေါင်းအဖုံးကို လက်ဖြင့်ကိုင်ကြည်တော့ လှုပ်နေသည်။

သံဖြင့်ရိုက်ပိတ်ထားသော အဖုံးက ဘာကြောင့်လှုပ်နေတာလဲဟု စိတ်ထဲမှ ဇဝေဇဝါဖြင့် သစ်သားချွန်ဖြင့် ခေါင်းအဖုံးကို ကော်ပြီးဖွင့်လိုက်သည်။

"ဟာ. . . "

နီမောင်မှာ မိမိမျက်စိကိုပင် မယုံနိုင်အောင်ဖြစ်သွားတော့သည်။ ခေါင်းထဲတွင် နှင်းမေအလောင်းမရှိတော့ပေ။

အခြားမြေကြီးခဲအချို့မှလွဲပြီး ဘာမှမရှိတော့ပေ. ။

"ဘာဖြစ်လို့လဲနီမောင်"

"နှင်းမေအလောင်း ဒီအထဲမှာ မရှိတော့ဘူး"

ထိုသို့ပြောတော့မှ. . ကျန်နှစ်ယောက်ကလည်း တအံ့တဩဖြင့် အပေးမှ ငုံ့ကြည့်ကြသည်။

အလောင်းကိုမတွေ့ရသောအခါ. . ကျန်နှစ်ယောက်လည်း များစွာအံ့ဩသွားလေတော့သည်။

ခေါင်းတလားထဲမှအလောင်း ဘယ်ပျောက်သွားပြီလဲ။







## အခန်း [ ၁၂ ]

# ကဝေကိုးမှော်ရွာမှ လာသောသူ

နီမောင်မှာ သုသာန်မှ ပြန်လာကတည်းက စိတ်ထဲမှာ တအုံနွေးနွေး ဖြစ်နေလေသည်။ နှင်းမေအလောင်း ဘယ်ပျောက်သွားပြီလဲ. . ။

အခြားအောက်လမ်းဆရာ၊ မှော်ဆရာတို့က အသုံးပြုရန်အတွက် တူးဖော်ယူသွားလေသလား။

ဒါဖြင့် ဘယ်သူကဘယ်လိုအကြောင်းဖြင့် သေဆုံးနေ



www.burmeseclassic.com

www.burmeseclassic.com



ပြီဖြစ်သောအလောင်းကို လာရောက်တူးဖော်ယူသွားလေသလဲ စသည်ဖြင့် စိတ်ထဲမှာ အမျိုးမျိုးတွေးတောနေမိလေသည်။

သို့သော်လည်း သူ့အနေဖြင့် သာမန်လူတစ်ယောက်သာ ဖြစ်သဖြင့် ထိုအကြောင်းများ၏အဖြေကို မသိနိုင်ပါချေ။

နှင်းဝေ အလောင်းပျောက်သွားသည့် အကြောင်းကိုတော့ သူတို့သုံးယောက်ကလွဲပြီး အခြားမည်သူ့ကိုမှ မပြောပေ။

မိခင်နှင့် ဖခင်တို့ကိုပင် စိတ်မကောင်း ဖြစ်ကြမည်စိုးသဖြင့် အသိမပေးပေ။

သူ့စိတ်ထဲမှာတော့ လှုပ်ရှားနေလေသည်။

မိမိရှေ့မှာ မီးလောင်ပြာကျသွားသော အရာဝတ္ထုတစ်ခုက ဘယ်သောအခါမှ ပြန်မရနိုင်တော့ပေ။ ပျောက်သွားသော အရာဝတ္ထုတစ်ခုကတော့ ကံကောင်းလျှင် တစ်ချိန်ချိန်တွင် ပြန်တွေ့နိုင်သေးသည်။

ထိုမျှော်လင့်ချက်မျိုးဖြင့် လှုပ်ရှားနေခြင်းဖြစ်သည်။

နှင်းမေတစ်ယောက် သူ့မျက်စိရှေ့မှာတင် အသက်သေဆုံးသွားခဲ့သည်။

သူတို့ကိုယ်တိုင် မြေကျင်းထဲချကာ မြှုပ်နှံသင်္ဂြိုလ်ပေးခဲ့ရသည်။ ယခုတော့ အလောင်းက ပျောက်နေပြန်သည်။

ပျောက်နေသည်ဆိုတော့ စိတ်နှလုံးဒုံးဒုံးချ၍ မရသေးဘဲ၊ မျှော်လင့်ခြင်း ကြိုးစတစ်ချောင်းကိုတော့ ရထားသလို စိတ်ထဲမှာ ခံစားနေရသည်။

အဖြေက ကောင်းတာဖြစ်ချင်လည်း ဖြစ်မည်။

ဆိုးတာ ဖြစ်ချင်လည်း ဖြစ်မည်။





အစကတည်းက အဆိုးဆုံး အခြေအနေမျိုးနှင့် ကြုံတွေ့ခဲ့ရသဖြင့် လူတစ်ယောက်လုံးတောင် စွန့်ပစ်ခဲ့ရပြီးမှတော့ အဆိုးနှင့်တွေ့ရသော်မှ ထူးတော့မည် မဟုတ်ပါချေ။

နီမောင်စိတ်ထဲမှာတော့ ထိုအကြောင်းက မပြတ်ဝင်ရောက်နေလေသည်။

တစ်နေ့သ၌ နီမောင်နေသောအိမ်သို့ လူနှစ်ယောက် ရောက်လာကြသည်။

တစ်ယောက်က သူသာန်မှာသိခဲ့ရသော သူဇာဖြစ်ပြီး သူမနှင့်အတူ အသက်(၃၀)ကျော်အရွယ် အမျိုးသမီးတစ်ယောက်လည်း ပါလာလေသည်။

ဒီတစ်ကြိမ်မှာတော့ သူဇာက သာမန်အဝတ်အစားများကိုသာ ဝတ်ဆင်ထားလေသည်။

နီမောင်က တကူးတက ရောက်လာသော ဧည့်သည်နှစ်ယောက်ကို နေရာထိုင်ခင်းများပေးပြီး လာရင်းကိစ္စကို မေးမြန်းရလေသည်။

"ကျွန်မတို့လာခဲ့တာ တခြားအကြောင်းတော့ မဟုတ်ပါဘူး၊ အဖွားမှာလိုက်တဲ့ ဆေးဖက်ဝင် ပစ္စည်းလေးတွေ လိုချင်လို့လာခဲ့တာပါ၊ လိုချင်တဲ့ပစ္စည်းတွေ့ရင် တစ်ခါတည်း ဝယ်သွားပါ့မယ်"

"ကျွန်တော်က တောထဲရောက်တဲ့အခါ ထူးဆန်းတဲ့ ဆေးပင်၊ ဂမုန်းပင်တွေနဲ့ တခြားပစ္စည်းတွေ တွေ့ရင်လည်း စုဆောင်းရတာ ဝါသနာပါပါတယ်၊ ဒါကြောင့် ဆေးဖက်ဝင်ပစ္စည်းအတော်များများလည်း စုဆောင်းထားတာ ရှိပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ သူဇာက သူမယူလာသော စာရွက်ဟောင်း တစ်ရွက်ကိုထုတ်ပြီး နီမောင်ကို ပေးလေသည်။

"ဒါက အဖွားလိုချင်တဲ့ ဆေးဖက်ဝင် ပစ္စည်းတွေပါပဲ"

ကြည့်လိုက်တော့ စာရွက်အဟောင်းပေါ်မှာ ခဲတံဖြင့် မညီမညာရေးထားသော ဆေးအမည်များကို တွေ့ရလေသည်။

"ဒိဗ္ဗစက္ခု ဆေးတော်အတွက် လိုအပ်သော ဆေးအမယ်များ"

ကြဇ့်၊ ကျားလျှာ၊ စပါးကြီးချက်၊ မဟာပိန္နဲတင်သောပန်း၊ ဂမုန်းနီ၊ လူကာဠကဏ္ဍီ၊ ထိကရုံး၊ ရှားပုံ၊ နံ့သာငါးပါး၊ ဆင်မုန် ကြီး၊ စန္ဒကူးနီ၊ စန္ဒကူးဖြူ၊ ပိတောက်မှို၊ ဇလပ်နီ၊ ကွဲသရမူလီ၊ ပုဏ္ဏရိပ်၊ မယားကြီးရွက်၊

"မျှော်ဝင်(၁၂)ပါးဆေးအတွက် လိုအပ်သော ဆေးအမယ်များ"

(၁)ဆူးရစ်မြစ်၊ (၂)ဇောင်ချမ်းမြစ်၊ (၃)ဆင်သမန္တယ်နှစ်၊ (၄)နန္ဒင်းစိမ်း၊ (၅)ဆူးပုတ်မြစ်၊ (၆)ပြပ်ကောင်းစေ့၊ (၇) မန်ကျည်းခေါက်၊ (၈)ဟင်းနုနွယ်၊ (၉)ရေသကျီးမြစ်၊ (၁၀)ဥသျှစ်မြစ်၊ (၁၁)နံ့သာနီဖြူ၊ (၁၂) ကိုယ်တော်ကြီး"

နီမောင်က စာရွက်ပေါ်မှ ဆေးအမည်များကို ဖတ်ကြည့်ပြီးနောက် သိတာတွေလည်း သိသည်၊ မသိတာတွေလည်း မသိပေ။

ရှိသည့် ဆေးအမယ်များလည်းရှိပြီး အချို့ဆေးအမယ်များကတော့ မရှိပေ။

သို့ကြောင့် စာရွက်ကို ပြန်ပေးလိုက်သည်။





"ကျွန်တော့်ဆီမှာ စုဆောင်းထားတာတွေထဲက ဒီအထဲမှာပါတဲ့ ဆေးအမယ်တွေကတော့ ရှိသင့်သလောက် ရှိပါတယ်၊ တချို့လည်း မရှိပါဘူး"

ဟု ပြောလိုက်သည်။

"ဟုတ်ကဲ့ ရှင့်ဆီမှာရှိတဲ့ ဆေးပစ္စည်းတွေကိုပဲ ရသလောက် ယူသွားပါ့မယ်၊ ကျွန်မကိုသာ ရှာဖွေပြီး စုပေးပါ"

ဟု ပြောသဖြင့် နီမောင်လည်း သူ ရှာဖွေစုဆောင်းထားသော ဆေးဖက်ဝင်အပင်နှင့် ပစ္စည်းများကို ယူပေးလေသည်။

ထိုသို့ယူပေးပြီးသောအခါ သူဇာက ပါလာသောအိတ်ထဲသို့ အားလုံး စုဆောင်းထည့်ရင်းနဲ့မှ မေးသည်။

"ဒါထက် မေးရဦးမယ်၊ ရှင့်ဆီမှာ မိတ်ရွှေများ မရှိဘူးလား၊ ရှိရင် နည်းနည်းလောက် လိုချင်လို့ပါ"

"မိတ်ရွှေဆိုတာ ဘယ်လိုပစ္စည်းမျိုးလဲဟင်"

"မြွေတွေ မိတ်လိုက်နေတဲ့အချိန်မှာ သေသွားပြီး ရွှေဖြစ်သွားတာကို 'မိတ်မြွေ၊ မိတ်ရွှေ'လို့ ခေါ်ပါတယ်၊ အဲဒီရွှေမျိုးက အတော်ကလေး ဆေးဖက်ဝင်ပါတယ်"

ဟု ပြောပြလေသည်။

နီမောင်ကတော့ ထိုစကားကြားသောအခါ အံ့သြသွားလေသည်။

အဘယ်ကြောင့်ဆိုသော် . .

သူ့ထံတွင် ကြာညီနောင် ရေကန်အနီးမှ ရလာသည့် ရွှေဖြစ်နေသော မြွေတစ်ကောင် ရှိနေခြင်းကြောင့်ပင် ဖြစ်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုမြွေကို ဘယ်သူမှ အသိမပေးဘဲ လျှို့ဝှက်စွာ သိမ်းထားခဲ့သော်လည်း ယခုအခါမှာတော့ သူဇာဆိုသော အမျိုးသမီးက ထိုအကြောင်းကို သိနေဟန် ရှိပေသည်။

"ရှင့်ဆီမှာ အဲဒီမြွေမျိုး ရှိတယ်မဟုတ်လား"

"ရှိတော့. . ရှိပါတယ်၊ ဒါပေမယ့် အဲဒီပစ္စည်းကိုတော့ မရောင်းပါဘူး"

ဟု အားနာစွာနှင့်ပင် ပြောလိုက်ရသည်။

ထိုစကားကြားတော့ သူဇာက သဘောကျစွာဖြင့် တစ်ချက်ပြုံးလိုက်ရင်း မေးသည်။

"ဘာအတွက် သိမ်းထားတာလ"

"ဒီပစ္စည်းကို ကျွန်တော့်ကိုယ်ကျိုးအတွက် ဘယ်တော့မှ မသုံးပါဘူး၊ ဘာကြောင့်လည်းဆိုတော့ ထူးထူးခြားခြား ရထားတာဖြစ်လို့ပါ"

ဟု ပြောသောအခါ ဆက်မမေးတော့ပေ။

ထိုအခါ နီမောင်က မေးလိုက်သည်။

"ကျွန်တော့်ဆီမှာ ဆေးပစ္စည်းတွေရှိတာ ဘယ်လိုများ သိတာလဲဟင်"

"နှင်းဝေပြောပြလို့ သိရတာပါ"

"ညီမလေးနဲ့ ဘယ်တုန်းက သိကြတာလဲ၊ သူက ခင်ဗျားအကြောင်းကို တစ်ခါမှ မပြောဖူးဘူး"

"သူနဲ့က အလျှုတစ်ခုမှာ တွေ့ကြရင်းက ခင်သွားကြတာပါ၊ နောက်ပြီး ကျွန်မက ဒီရွာတွေကို မကြာခဏ လာပါတယ်၊ လာတဲ့အခါမှာလည်း သူနဲ့တွေ့ဖြစ်ပါတယ်၊ သူက သ





ဘောဖြူစင်တော့ ကျွန်မက သူ့ကို ညီမလေးတစ်ယောက်လိုပဲ ခင်ပါတယ်"

နီမောင်က ခေါင်းညိတ်ပြလိုက်သည်။

"နှင်းမေက ကျွန်မအကြောင်းကိုသာ ဒီမှာ မပြောပေမယ့် ကိုနီမောင့်အကြောင်းကိုတော့ ကျွန်မနဲ့တွေ့တိုင်း ကျွန်မကို ပြောပါတယ်"

နီမောင်မှာ မျက်နှာပူသွားသဖြင့် မသိမသာ မျက်နှာလွှဲလိုက်လေသည်။ သူဇာကတော့ သူ့မျက်နှာကို စိုက်ကြည့်ရင်းနှင့်ပင် ဆက်ပြောပြန်သည်။

"ဒါကြောင့် လူချင်းကသာ အခုမှ တွေ့ဖူးမြင်ဖူးကြပေမယ့် ရှင့်နာမည်နဲ့ ရှင့်အကြောင်းကိုတော့ ကျွန်မက ကြိုပြီးသိနေခဲ့တာပေါ့၊ ဒီမှာ ဆေးပင် ဆေးပစ္စည်းတွေ ရှိတယ်ဆိုတာလည်း သူပဲ ပြောပြခဲ့လို့ သိတာပါ"

ဟု အံ့သြဖွယ်ကောင်းသော စကားများကို ပြောပြလေသည်။

နီမောင်ကတော့ ထိုစကားများ ကြားသောအခါ ပိုမို အံ့သြနေမိလေသည်။

နှင်းဝေက သူနှင့်ပတ်သက်သော အကြောင်းများကို သူဇာကို ပြောပြထားခဲ့သော်လည်း. . သူ့ကိုတော့ သူဇာနှင့်ပတ်သက်သည့် အကြောင်းများကို တစ်ခွန်းတစ်လေမှ မပြောပြခဲ့ဖူးပေ။ ယုတ်စွအဆုံး နာမည်ကိုပင် မကြားဖူးခဲ့ပေ။

"ကျွန်မက နှင်းဝေသေတဲ့သတင်းကြားတော့ မဟုတ်ဖူးလို့ ထင်နေတာ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာကြောင့်လဲဟင်"

"ပြောရင်တော့ ယုံချင်စရာ ရှိချင်မှရှိမယ်၊ ကျွန်မ သွားရင်းလာရင်းနဲ့ နှင်းမေနဲ့ ချွတ်စွပ်တူတဲ့ မိန်းကလေးတစ်ယောက်ကို တွေ့တွေ့နေရတယ်"

"ဟင်. ."

သူဇာစကားကြောင့် နီမောင်မှာ များစွာအံ့သြသွားလေသည်။

စိတ်ထဲမှာလည်း လှုပ်ရှားလာမိလေသည်။

"သူ့ကို ဘယ်နေရာမှာ တွေ့တာလဲဟင်"

"ကျွန်မတို့နေတဲ့ ကဝေကိုးမျော်ရွာမှာ တွေ့မိတာပါ၊ ကျွန်မတို့ နေတဲ့ရွာက မူးမြစ်ဖျားဘက်မှာ ရှိပါတယ်၊ ဒီကလာရင် မဝေးလှပါဘူး"

မူးမြစ်ဖျားဘက်တွက် ရွာအချို့ ရှိကြသည်။

ထိုရွာများထဲတွင် ကဝေကိုးမျော်ရွာ ရှိသည်ကိုတော့ ကြားဖူးထားသော်လည်း တစ်ခေါက်မှတော့ မရောက်ဖူးပေ။

"ကိုနီမောင် ရောက်ဖူးသလား"

"နာမည်တော့ ကြားဖူးတယ်၊ တစ်ခေါက်မှတော့ မရောက်ဖူးပါဘူး"

"ကိုနီမောင် နှင်းဝေနဲ့တူတဲ့ ကောင်မလေးကို တွေ့ချင်ရင် ကျွန်မတို့ရွာကို လာခဲ့လေ၊ ကျွန်မ အကူအညီပေးပါ့မယ်"

"ကျေးဇူးတင်ပါတယ်ဗျာ၊ ဒီလိုဆိုရင်တော့ တစ်ခေါက်လာခဲ့ပါ့မယ်၊ ဘယ်လိုလာရမယ်ဆိုတာသာ တဆိတ်လောက် လမ်းညွှန်ပေးပါ"





"ကဝေကိုးမျော်ရောက်ရင် ကျွန်မအဖွားနာမည်ဆိုရင် ဘယ်သူ့မေးမေး ရပါတယ်၊ ကျွန်မအဖွားနာမည်က ဒေါ်မင်းဇာလို့ခေါ်တယ်၊ ကျွန်မတို့က မြေးအဖွားနှစ်ယောက်ပဲ နေကြတာပါ"

နီမောင်က ခေါင်းညိတ်ပြလိုက်သည်။

"ကျွန်မတို့နေတဲ့အိမ်က ရွာအစွန်က တောင်ကုန်းပေါ်မှာရှိတယ်၊ တစ်ခုတော့ရှိတယ်၊ ကျွန်မတို့ မြေးအဖွားက ရွာထဲမှာ ဆေးကုသွားနေတဲ့အခါ အိမ်မှာ ကျွန်မတို့မြေးအဖွား မရှိရင်လည်း သူတို့ကို အကျိုးအကြောင်းပြောပြီး အိမ်ထဲကိုသာ ဝင်နေကြပါ"

"ခြံစောင့်တွေ ရှိသလား"

သူဇာက ခေါင်းညိတ်ပြသည်။

"ရှိပါတယ်၊ ဒါပေမယ့် ကိုနီမောင်တို့ လာမယ်ဆိုရင် ကျွန်မ သူတို့ကို ကြိုပြောထားပေးပါ့မယ်"

"ကျေးဇူးတင်ပါတယ်ဗျာ၊ ဒါထက် ကျွန်တော်လာရင်ကော နှင်းမေနဲ့တူတဲ့ မိန်းကလေးကို တွေ့ရပါ့မလား"

"တွေ့လို့ရအောင် ကျွန်မ စီစဉ်ပေးပါ့မယ်၊ လာသာလာခဲ့ပါ"

"ကောင်းပါပြီ၊ ဒီတစ်ရက်နှစ်ရက်အတွင်း တခြားအလုပ်ကလေးတွေ လက်စသပ်ပြီးတာနဲ့ ကျွန်တော်တို့ လာခဲ့ပါ့မယ်"

"ဒါထက် ကိုနီမောင် လာဖြစ်ရင် ဒီမှာ ရောင်းဖို့ရှိတဲ့ ဆေးပစ္စည်းတွေအားလုံး သယ်ယူခဲ့ပေးပါနော်၊ ကျွန်မက ဆေး

www.burmeseclassic.com

www.burmeseclassic.com



ပင်တွေအကြောင်း သိပ်မသိပါဘူး၊ အဖွားမြင်ရင် ထပ်ပြီး ဝယ်ပါလိမ့်မယ်"

"ကောင်းပါပြီ ယူလာခဲ့ပါ့မယ်"

ပြန်ကာနီးတော့ သူဇာက ဝယ်ယူထားသော ဆေးပင်နှင့် ပစ္စည်းများကို အထုပ်တစ်ထုပ်ထုတ်ကာ နောက်မှပါလာသော အမျိုးသမီးကို ပေးသည်။

ပြီးမှ. . .

"ဆေးပစ္စည်းတွေအတွက် တန်ဖိုးဘယ်လောက် ကျပါသလဲရှင်"

"မပေးပါနဲ့တော့ဗျာ"

"ဒီလိုလည်း ဘယ်ဟုတ်ပါ့မလဲ၊ ကိုနီမောင်တို့လည်း တကူးတက ရှာဖွေထားရတာပဲ၊ တန်ဖိုးအတိုင်း မယူချင်တောင်မှ သင့်သလောက်တော့ဖြင့် ယူပါရှင်"

ဟုပြောပြီး ငွေများထည့်ထားသော အိတ်တစ်လုံးကို သူ့ရှေ့သို့ ချပေးလေသည်။

အိတ်က အတော်ပင်ကြီးသည်။

"များပါတယ်၊ ဒီလောက် မပေးပါနဲ့"

"ဆေးပစ္စည်းဆိုတာ တန်ဖိုးမဖြတ်နိုင်ပါဘူး၊ ဆေးတစ်ခွက်တည်းနဲ့လည်း လူတစ်ယောက်ရဲ့ အသက်တစ်ချောင်းကို ကယ်နိုင်ပါတယ်၊ ကိုနီမောင်ဆီက ယူသွားတဲ့ ဆေးပင်၊ ဆေးပစ္စည်းတွေကြောင့်လည်း လူတွေရဲ့အသက်ကို ကယ်နိုင်ပါတယ်၊ လူတစ်ယောက်ရဲ့ အသက်တန်ဖိုးနဲ့ကြည့် ကျွန်မပေးတဲ့ငွေက ဘာမှတန်ဖိုးမရှိပါဘူး၊ ကဲ. . ကျွန်မ သွားတော့မယ်"





ဟု ပြောဆိုကာ နေရာမှထသည်။

နီမောင်က သူတို့နှစ်ယောက်ကို ခြံပေါက်ဝရောက်သည်အထိ လိုက်ပို့ပေးလိုက်လေသည်။

ခြံပေါက်ဝရောက်တော့မှ သူဇာက ထပ်ပြောသည်။

"ကိုနီမောင်တို့ ဆက်ဆက်သာ လာခဲ့ကြပါ၊ နှင်းမေနဲ့တူတဲ့ မိန်းကလေးနဲ့ တွေ့ရအောင် ကျွန်မ စီစဉ်ပေးထားပါ့မယ်၊ ဟိုရောက်တော့ သူနဲ့ ဘယ်လောက်တူတယ်ဆိုတာ တွေ့ရပါလိမ့်မယ်"

ကျွန်တော် လာခဲ့ပါ့မယ်"

"တစ်ခုတော့ မှာစရာ ရှိပါသေးတယ်၊ ကျွန်မအဖွားက ကိုနီမောင်ဆီမှာရှိတဲ့ မိတ်မြွေ မိတ်ရွှေကို သိပ်ပြီးစိတ်ဝင်စားနေတာ၊ ဒါကြောင့် မြင်ဖူးတယ်ရှိအောင် ကိုနီမောင် လာတဲ့အခါ တစ်ပါတည်း ယူလာပေးပါနော်"

ဟု မှာကြားပြီးနောက် နှစ်ယောက်သား ထိုနေရာသို့ ထွက်သွားကြလေတော့သည်။

နီမောင်မှာသာ ခြံပေါက်ဝနားမှာ ရပ်ရင်းနှင့် အတွေးရခက်နေလေသည်။

တကယ်တော့ ကဝေကိုးမော်ရွာသို့သွားလျှင် သူရထားသော မိတ်မြွေ မိတ်ရွှေကို ယူမသွားလိုပေ။

တောထဲ၌တွေ့သော အဘိုးအိုး၏ မှာသောစကားအတိုင်း ဆိုပါက ထိုအကြောင်းကို လူသိခံ၍ မဖြစ်ပေ။

ယခု သူဇာတို့က သိနေပြီဆိုတော့ ယူသွားရကောင်းမလား၊ မယူဘဲ ထားခဲ့ရကောင်းမလား ဟု စိတ်ထဲမှာ မတိုးချတို



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်နေမိသည်။

အကယ်၍ မယူဘဲ ထားခဲ့ပါက တစ်မျိုးထင်မှာလည်း စိုးရိမ်ရသေးသည်။

သူတို့ရွာကို သွားရမှာဆိုတော့ သူတို့ ပြိုငြင်၍ မကောင်းပေ။ နောက်တစ်ချက်ကလည်း ရှိနေသေးသည်။ သုသာန်မှာ မြှုပ်ထားသော နှင်းမေအလောင်းက ထူးထူးခြားခြား ပျောက်နေသည်။

ယခုတော့ ကဝေကိုးမှော်ရွာတွင် နှင်းမေနှင့်တူသော မိန်းကလေးတစ်ယောက်ကို တွေ့နေရသည်ဟု ပြောသွားသည်။

ဒါက တိုက်ဆိုင်မှုတစ်ခု ဖြစ်သည်ဆိုရင်တောင်မှ စိတ်ဝင်စားစရာ ကောင်းနေလေသည်။

နီမောင့်စိတ်ထဲမှာတော့ ယခုအချိန်အထိ ချီတုံချတုံဖြစ်နေမိသေးသည်။







# အခန်း [ ၁၃ ]

# ဦးဗန်ကောင်းနှင့် ဒိဗ္ဗစက္ခုဆေးတော်ကြီး

နီမောင်က ထိုအကြောင်းကို စောထီးနှင့် ငမဲအောင်တို့ နှစ်ယောက်ကို ပြောပြလိုက်သောအခါ နှစ်ယောက်စလုံး စိတ်ပူသွားကြလေသည်။

"ကဝေကိုးမှော်ရွာဆိုတာ နာမည်သာ ကြားဖူးတာ၊ [illegible]တို့လည်း တစ်ခေါက်မှမရောက်ဖူးသေးဘူး၊ စုန်းကဝေ [illegible]ညာသည်တွေ ပေါတယ်လို့တော့ ကြားဖူးတယ်"



www.burmeseclassic.com

www.burmeseclassic.com



"နောက်ပြီး မင်းဆီမှာရှိတဲ့ ရွှေဖြစ်နေတဲ့ မြွေကိုလည်း ယူသွားလို့ မဖြစ်ဖူးထင်တယ်၊ ဘာဖြစ်လို့လဲဆိုတော့ တောထဲမှာ တွေ့တဲ့လူကြီးက ဘယ်သူမှ မသိစေနဲ့လို့ မှာထားတယ် မဟုတ်လား"

"ဟုတ်တော့ဟုတ်တယ်၊ ဒါပေမယ့် ငါ ညီမလေးနဲ့တူတဲ့ မိန်းကလေးကို သူတို့အကူအညီပေးမှ တွေ့ရမှာဆိုတော့ ယူမသွားရင် တစ်မျိုးထင်သွားမှာ စိုးရတယ်"

"မင်းကလည်း အတော့်ကို အစွဲအလမ်း ကြီးပါတယ် နီမောင်ရာ၊ သေတဲ့သူကဖြင့် ကြာပါပြီ၊ နောက်ပြီး အလောင်းပျောက်နေတယ် ဆိုတာကလည်း တခြားအကြောင်းတွေကြောင့်လည်း ဖြစ်ချင်ဖြစ်မှာပါ"

"ဟိုရွာမှာ နှင်းမေနဲ့တူတဲ့မိန်းကလေး တွေ့တယ်ဆိုတာလည်း လူချင်းတူတာမျိုးပဲ ဖြစ်မှာပါ"

"ဘာပဲဖြစ်ဖြစ် ငါကတော့ သွားကြည့်ချင်တယ်"

ထိုစကားကြောင့် နှစ်ယောက်သား မသိမသာ သက်ပြင်းချလိုက်ကြသည်။ ပြီးမှ စောထီးက ပြောသည်။

"မင်း ဒီလောက်ဆန္ဒရှိနေမှတော့လည်း သွားကြတာပေါ့၊ ဒါပေမယ့် မသွားခင်မှာ ဒီအကြောင်းတွေကို နားလည်တဲ့ ဆရာကြီးနဲ့ သွားတွေ့ရင်တော့ ပိုကောင်းမယ်ထင်တယ်"

"ဘယ်ဆရာကြီးနဲ့ တွေ့ကြမလဲ"

"ဆရာကြီး ဦးဗန်ကောင်းက ဒီကိစ္စမျိုးတွေ အတော်လေး နားလည်ကျွမ်းကျင်တယ်လို့ လူကြီးတွေ ပြောသံကြားမိတယ်၊ ကဝေကိုးမှော်ရွာ မသွားခင် သူနဲ့အရင်တွေ့ပြီး တိုင်ပင်





ကြည့်ကြရအောင်"

"ကောင်းသားပဲ၊ ဆရာကြီးနဲ့တွေ့တော့ မိတ်မြွေ၊ မိတ်ရွှေအကြောင်းလည်း မေးမြန်းကြည့်ကြတာပေါ့"

ဟု ပြောဆိုတိုင်ပင်ပြီးနောက် ရွာအရှေ့ဖျားပိုင်းတွင် နေသော ဆရာကြီး ဦးဗန်ကောင်းနေထိုင်ရာသို့ သွားကြလေသည်။ ဆရာကြီးအိမ်သို့ရောက်သွားတော့ ဖိုထိုးနေသော ဆရာကြီးဦးဗန်ကောင်းကို အဆင်သင့်ပင် တွေ့ရလေသည်။

ဦးဗန်ကောင်းက ဆေးပင်၊ ဆေးပစ္စည်းများ လိုချင်လျှင် နီမောင်တို့ထံ ရောက်လာပြီး ယူလေ့ရှိသဖြင့် သိကျွမ်းခင်မင်နေကြလေသည်။

"နီမောင်တို့ပါလား၊ ဘာကိစ္စများ ရှိလို့လဲ၊ ကဲ. . ကဲ အိမ်ပေါ်လာကြ"

ဟုခေါ်ပြီး လက်ဖက်ရည်ကြမ်းအိုး ချပေးလေသည်။

"ဆရာကြီးကို မေးစရာရှိလို့ လာတာပါ"

"သိချင်တာရှိရင် မေးပေါ့"

ဦးဗန်ကောင်းက ကွမ်းအစ်ကိုဆွဲပြီး ကွမ်းတစ်ယာ ယာနေရာမှ အေးအေးပင် ပြန်ပြောလိုက်သည်။

"တလောက. . အသုဘပို့ရင်းနဲ့ သုသာန်ရောက်သွားတော့ နှင်းမေမြေပုံကို သွားကြည့်ခဲ့တယ်"

"လူဆိုတာ သေမျိုးတွေပဲ၊ တရားနဲ့သာ ဖြေပေါ့"

ဦးဗန်ကောင်းက သူ့ကိုပင် မကြည့်ဘဲ ပြောလေသည်။

"ကျွန်တော်တို့ကြည့်တော့ မြေပုံက ခြေရာလက်ရာပျက်နေတာတွေ့လို့ မသင်္ကာတာနဲ့ ဖော်ကြည့်ခဲ့တယ် ဆရာကြီး"



www.burmeseclassic.com

www.burmeseclassic.com



ဦးဖန်ကောင်းက ကွမ်းရွက်ကို ထုံးတို့နေရာမှ ရပ်သွားပြီး နီမောင်ကို ကြည့်သည်။

“ခေါင်းဖွင့်ကြည့်တော့ အလောင်းမရှိတော့ဘူး၊ ဆရာကြီး”

“ဟေ . . ဟုတ်ရဲ့လားဟ”

“ဟုတ်ပါတယ် ဆရာကြီး၊ ကျွန်တော်တို့ သုံးယောက်စလုံး၊ မျက်စိနဲ့ သေသေချာချာ ကြည့်ခဲ့ကြတာပါ”

စောထီးနှင့် ငမဲအောင်ကပါ ဟုတ်ကြောင်း ဝင်ပြောသောအခါ တအံ့တဩ ဖြစ်သွားလေသည်။

“တောခွေးတွေများ တူးဖော်စားသောက်သွားတာများလား”

“မဟုတ်နိုင်ဘူး ဆရာကြီး၊ ခေါင်းအဖုံးက ပိတ်ရက်သားပဲ၊ မြေကြီးတွေကလည်း ဖို့ရက်သားပဲ”

“ဒါကတော့ ထူးဆန်းတယ်ဟေ့၊ မင်းတို့ပြောတာ အမှန်ဆိုရင်တော့ ဘယ်နည်းနဲ့မှ သွေးရိုးသားရိုး မဟုတ်နိုင်တော့ဘူး”

ဟုပြောရင်း ကွမ်းယာကို လက်စသပ်ယာပြီး ပါးစပ်ထဲသို့ထည့်ကာ ဝါးနေလေသည်။

“ဒါဖြင့် ဘယ်လိုဖြစ်နိုင်သလဲ ဆရာကြီး”

“ပညာရှင်တစ်ဦးဦးရဲ့လက်ထဲကို ရောက်သွားတာလည်း ဖြစ်နိုင်တယ်၊ အဲဒီလိုရောက်သွားတာ မှန်ရင်တော့ သူ့အတွက် ကံကောင်းတာပေါ့ကွာ”

“ဘယ်လို ကံကောင်းတာလဲ ဆရာကြီး”

“သေသွားပြီးတဲ့ မင်းညီမလေးနဲ့ ပြန်တွေ့နိုင်တဲ့ အခွင့်





အရေး ရှိနိုင်သေးတာပေါ့ကွာ”

ထိုစကားကြောင့် နီမောင်မှာ ဝမ်းသာသွားလေသည်။

“ဒါထက် မင်းတို့ ဘာမေးကြမှာလဲ”

“ကျွန်တော့်ညီမလေးနဲ့တူတဲ့ မိန်းကလေးတစ်ယောက်ကို ကဝေကိုးမျော်ရွာမှာ တွေ့ခဲ့တယ်လို့ ပြောတယ်၊ ကဝေကိုးမျော်ရွာဆိုတာ ပညာသည်တွေနေတဲ့ ရွာမျိုးလား ဆရာကြီး”

“ကဝေကိုးမျော်ရွာမှ မဟုတ်ပါဘူး၊ ပညာသည်တွေကတော့ နေရာတိုင်းမှာ ရွာတိုင်းမှာ ရှိတာပါပဲ၊ တချို့ဆိုရင် ကိုယ့်ဝမ်းထဲမှာ မွေးရာပါပညာ ပါလာမှန်းတောင် သိကြတာမှမဟုတ်တာ၊ ဘာကြောင့် ဒီလိုမေးတာလဲ”

“အဲဒီရွာက ဒေါ်မင်းဇာက သူ့မြေးတစ်ယောက်ကို လွှတ်ပြီး ကျွန်တော့်ဆီက ဆေးပင် ဆေးပစ္စည်းတွေ ဝယ်ခိုင်းတယ်၊ သူဖော်တဲ့ဆေးက စုန်းကဝေ ပညာသည်တွေ အသုံးပြုတဲ့ ဆေးတွေလား မသိဘူး၊ တစ်ခုက ဒိဗ္ဗစက္ခုဆေးတဲ့၊ နောက်တစ်မျိုးက မျော်ဝင်(၁၂)ပါးဆေးလို့ပြောတယ်၊ ဒီဆေးမျိုးတွေက ပညာသည်တွေမှသုံးကြတာ မဟုတ်လား”

ဟု ပြောသောအခါ ဦးဖန်ကောင်းက ကွမ်းဝါးရင်းနှင့် အတော်ကြာအောင် စဉ်းစားနေသည်။

ပြီးမှ နေရာမှထသွားပြီး ဘုရားစင်ပေါ်မှာ တင်ထားသော ဆေးကျမ်းတစ်ခုကို ယူလာသည်။

ဆေးကျမ်းအမည်က “ဝိဇ္ဇာမယ သိဒ္ဓိဆေးကျမ်း”ပင် ဖြစ်ပေသည်။

ထိုဆေးကျမ်းမှာ ရှေးနှစ်ပေါင်းများစွာကပင် စီစဉ်ထုတ်



www.burmeseclassic.com

www.burmeseclassic.com



ဝေခဲ့သော လောကီနှင့်သက်ဆိုင်သည့် ရှေးဟောင်းကျမ်းတစ်ဆူပင် ဖြစ်ပေသည်။

ဦးဗန်ကောင်းက ဆေးကျမ်းတစ်နေရာကိုဖွင့်ပြီး နီမောင်ပြောသော ဆေးအမည်များနှင့် ဆေးစီရင်ပုံများကို ပြသဖြင့် ဖတ်ကြည့်ကြသည်။

မှော်ဝင်(၁၂)ပါး ဆေးစီရင်ပုံမှာ

(၁) ယင်ပျံ့ဆေး

ဦံ. . ချောင်းကန်အထက် ဆူးခေါင်းနက်၊ မွှေဆရာမွှေ၊ ဆူးရစ်တစ်ကျပ်သားကို ယင်းဂါထာဖြင့် ကျူးရမည်။

(၂) သူရဿတီဆေး

ဦံ တပိတ်သော ပိတ်သော အဟုံ. . အဟုံ မွှေဆရာမွှေ၊ ဇောင်ချမ်းတစ်ကျပ်သားကို ယင်းဂါထာဖြင့် ကျူးရမည်။

(၃) အာဠာဝကဆေး

ဦံ. . ရာဇော. . ရာဇော၊ အဟုံ. . အဟုံ မွှေဆရာမွှေ၊ ဆင်သမန္တယ် နှစ်မတ်ကို ယင်းဂါထာဖြင့် ကျူးရမည်။

(၄) သားတော်ဆေး

ဦံ. . ရာဇော. . ရာဇော. . အဟုံ. . အဟုံ မွှေဆရာမွှေ၊ နန္ဒင်းစိမ်း နှစ်မတ်သားကို ယင်းဂါထာဖြင့် ကျူးရမည်။

(၅) ဘီလူးတုန်ဆေး

ဦံနိရနော. . နိရနော. . အဟုံ. . အဟုံ. . မွှေဆရာမွှေ၊ ဆူးပုတ်မြစ် တစ်မူးကို ယင်းဂါထာဖြင့် ကျူးရမည်။

(၆) ဝိဇ္ဇာဆေး

ဦံ. . အဟံ. . အဟံ. . ဒေဝါ. . အဟုံ. . အဟုံ မွှေဆရာမွှေ၊ ငရုတ်ကောင်းတစ်ကျပ်ကို ယင်းဂါထာဖြင့် ကျူးရမည်။





(၇) နတ်ကြီးဆေး

ဦံ. . အဟံ. . နမော. . အဟုံ. . အဟုံ. . မွှေဆရာမွှေ၊ မန်ကျည်းခေါက်နှစ်မတ်သားကို ယင်းဂါထာဖြင့် ကျူးရမည်။

(၈) နဝကိုရဆေး

ဦံ သဗ္ဗေဒေထတော အဟုံ. . အဟုံ မွှေဆရာမွှေ၊ ဟင်းနုနွယ် နှစ်မတ်သားကို ယင်းဂါထာဖြင့် ကျူးရမည်။

(၉) ဂေါပါလ နတ်ဆေး

ဦံ ဝေဒေဝေါ အဟုံ. . အဟုံ မွှေဆရာမွှေ၊ ရေသကျီးမြစ် နှစ်မတ်သားကို ယင်းဂါထာဖြင့် ကျူးရမည်။

(၁၀) ဘီလူးဆယ်ယောက် ဆေး

ဦံ ဗုဒ္ဓံတရံနော အဟုံ အဟုံ မွှေဆရာမွှေ၊ ဥသျှစ်မြစ်တစ်ကျပ်သားကို ယင်းဂါထာဖြင့် ကျူးရမည်။

(၁၁) မိဂဒါဆေး

ဦံ ဒေဝါ. . ဒေဝါ အဟုံ. . အဟုံ မွှေဆရာမွှေ၊ နံ့သာဖြူ တစ်ကျပ်သားကို ယင်းဂါထာဖြင့် ကျူးရမည်။

(၁၂) ပုဏ္ဏာဆေး

ဦံ ရာဇတောနပေါ အဟုံ. . အဟုံ မွှေဆရာမွှေ၊ ကိုယ်တော်ကြီး တစ်ပဲကို ယင်းဂါထာဖြင့် ကျူးရမည်။

ယင်ပျံ့ဆေး၊ သူရဿတီဆေး၊ မာဠာဝကဆေး၊ သားတော်ဆေး၊ ဘီလူးတုန်ဆေး၊ ဝိဇ္ဇာဆေး၊ နတ်ကြီးဆေး၊ နဝကိုရဆေး၊ ဂေါပါလနတ်ဆေး၊ ဘီလူးဆယ်ယောက်ဆေး၊ မိဂဒါဆေး၊ ပုဏ္ဏာဆေး စသော ဆေးဆယ့်နှစ်ပါးမှာ မှော်ဝင်(၁၂)ပါး



www.burmeseclassic.com

www.burmeseclassic.com



ဆေးတော်တို့ ဖြစ်သည်။

ဆေးစီရင်ပုံမှာ ၎င်းဆေးတော်(၁၂)ပါးတို့ကို ကျောက်ပျဉ်ပေါ်တွင် ကျူး၍ ပွဲနတ်ရကာ စုံလင်စွာဖြင့်ကြိတ်၊ ၎င်းဆေးတော် ကြိတ်ပြီးသောအခါ ဆေးစုပ်ရန် မန္တာန်မှာ (၂၄)ပစ္စည်း၊ ကုတိပိသော၊ သွက္ခာတော၊ သုပ္ပဋိပန္နော၊ ၎င်း ဂါထာတို့ဖြင့် စုတ်ရမည်။

၎င်းဆေးတော် အပ်နှံရာ အမိန့်တော်မှာ. . .

"ဦ ဟိမဝန္တာ၊ တောသာယာက၊ လာသည့်နတ်မင်းကြီး မင်းကြီးဆရာ ငါဆီသို့လာ၏။

ရတနာဆင်မြင်း ဗိုလ်သင်းပင်းနှင့် နတ်မင်းမနေ ငှါလျှာဖျားမှာ နားလျှင်စေ၊

ဦ ဒေဝဒေဝါ၊ လူသူခေါ်ရာ၊ မလိုက်ပါနှင့်
နတ်လျှင်ငါသို့ ချဉ်းဆရာချဉ်း၊ ကပ်ဆရာကပ်"
ဟူ၍ ဖြစ်သည်။

မှော်ဝင်(၁၂)ပါး ဆေးတော်မှာ အလိုရှိရာသို့ ဉာဏ်ရှိသည့်အတိုင်း အသုံးပြုနိုင်သည့် ဆေးတော်ဖြစ်ပေသည်။

ဒိဗ္ဗစက္ခုဆေးတော်ကြီး အစီအရင် ပြုလုပ်ပုံမှာ. . .

ကြဇ်၊ ကျားလျှာ၊ စပါးကြီးချက်မ(ချက်ကြိုး ညှို့ကြိုးဟုလည်းခေါ်သည်)မဟာပိန္နဲတင်သည့်ပန်း၊ ဂမုန်းနီ၊ လူကာဦကဏ္ဏီ၊ ထိကရုံး၊ ရှားပုံ၊ နံ့သာငါးပါး၊ ဆင်မုန်ကြီး၊ စန္ဒကူးနီ၊ စန္ဒကူးဖြူ၊ ပိတောက်မှို၊ ဇလပ်နီ၊ ကုသ/မူလီ၊ ပုဏ္ဏရိတ်စသောဆေးတို့ကို မယားကြီးရေဖြင့် ကြိတ်ရပေသည်။

ဆေးတော်ကြီးကြိတ်သောအခါ အမွှေးနံ့သာ စုံလင်စွာ





ဖြင့် ခင်းကျင်းပြီး ကြိတ်ရပေမည်။

ဆေးကြိတ်သောအခါ ကျောက်ပျဉ်ကို ပတ်လည်လှည့်ပြီး ရွတ်ဆိုရသော ဂါထာမှာ. . .

"အို ကုသရိယ၊ ဓမ္မယ၊ သသီရိကာမ၊ ပယတ္တတည်းဟူသော ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော သဗ္ဗညုဘုရားရှင်၊ ပစ္စေကဗုဒ္ဓါ ဘုရားရှင်၊ ပုဗ္ဗေနိဝါသဉာဏ်၊ ဒိဗ္ဗစက္ခုဉာဏ်၊ အာသဝက္ခယဉာဏ်၊ ဤဉာဏ်တော်သုံးပါးတို့ကို. . အကျွန်ုပ်တို့အား သနားကယ်မတော်မူပါ၊ သနားကယ်မတော်မူပြီး ပေးသနားတော်မူပါ. . အရှင်ဘုရား၊

ထိုဂါထာကို ကျောက်ပျဉ်ကိုလှည့်ပြီး အခေါက်(၁၀၀၀) ပြည့်အောင် ရွတ်ဆိုရပါမည်။

၎င်းဆေးတော်မှာ. . သျှိုသုံးပါးမှာ အတုမရှိအောင် ကောင်းလေသည်။

ဆေးတော်ကို မဟာဂီရိရေဖြင့် သွေးပြီး မျက်စိ၊ နား၊ နှာခေါင်း၊ နှုတ်ခမ်းတို့ကို သုတ်လိမ်းပြီး ကြည့်သော်၊ မခံနိုင်ပေ။

(မိခင်၊ အစ်မ၊ နှမတို့ကို မကြည့်ရပေ။)

ထိုကဲ့သို့သုံးသော် (၃၇)မင်းနတ်တို့ နှစ်သက်သဖြင့် အကူအညီ ပေးကြသည်။ အကြံအစည် ရှိသမျှတို့ကို အောင်မြင်စေသည်။

မိမိကနှစ်သက်သော် နှစ်သက်သောသူကို ကြည့်ရုံဖြင့် ရစေသည်။ (အပြစ်ရှိသောသူ၊ ကာမပိုင် ရှိသူတို့ကို မပစ်မှားရပေ)။

တောလမ်းခရီးသွားသောအခါ ဆေးတော်ကို မဟာ



www.burmeseclassic.com

www.burmeseclassic.com



ဂီရိရေဖြင့်သွေးကာ မျက်စိကွင်းကြည့်သည့်အခါ သားကောင်က အစာကောင်ကိုက်ပြီး ဆင်းသည်ကိုမြင်သော် ထိုတောသို့ မဝင်နှင့်. . ။ မြစ်ရေတို့ကို မဖြတ်ကူးနှင့်. . ။

တစ်ရပ်တစ်ကျေးသို့ သွားလာသော မိဘနှင့်တူသော သူတို့ ကူညီစောင့်ရှောက်မှု ပေးကြမည်။

မင်းစိုးရာဇာ အကြီးအကဲတို့က မိမိအား မေ့လျော့နေခဲ့သည်ရှိသော် လက်ကိုသုတ် မျက်စိကိုကွင်းပြီး စေ့စေ့ကြည့်ပြီး လက်အုပ်ချီ အရိုအသေပေးသည်ရှိသော် မိမိအား လူရင်းတစ်ယောက်ကဲ့သို့ ချီးမြှင့်မြှောက်စားခြင်း ခံရလိမ့်မည်။

ဆေးကိုဆောင်၍အိပ်သော် ကောင်းသောအိပ်မက်ကို သုံးကြိမ်မြင်မက်သည်။

အိမ်၊ ကျောင်း ဆောက်ရန် မြေနေရာရွေးသော် ဆေးကို နားမှာသုတ်ပြီး မြေကြီးကို နားဖြင့် ကပ်ထောင်ကြည့်ပါ။

ခြင်္သေ့သံ၊ ကျားသံ ကြားရလျှင် မင်းတို့နေရာဖြစ်သည်။

စောင်းညှင်း ခရုသင်းသံ ကြားရလျှင် ပုဏ္ဏားတို့နေရာ ဖြစ်သည်။

စည်သံ ဗုံသံ တူရိယာအသံကြားလျှင် မှူးမတ်တို့နေရာ ဖြစ်၏။

ဆုတောင်းသံ၊ မောင်းထောင်းသံ ကြားရပါက သူဌေး ကုန်သည်တို့နေရာဖြစ်၏။ ကျီးငှက်အော်သံကြားရလျှင် ပြည်တန်ဆာတို့နေရာ ဖြစ်၏။

ငိုကြွေးသံကြားရပါက သေကြေပျက်စီးကတတ်သော နေရာဖြစ်၏။





ထိုနေရာမျိုးမှာ သူတော်ကောင်းများနေရန် ဘုရား၊ ကျောင်းကန်သာ ဆောက်သင့်သည်။ သာမန်လူတို့ နေအိမ်မဆောက်လုပ်သင့်ပေ။

ဥစ္စာပစ္စည်းများ အနီးတွင် ဆေးတော်ကိုထားသော် ခိုးသူတို့ မယူဝံ့ကြပေ။

နတ်မိစ္ဆာ ပယောဂတို့ ပူးဝင်နှောင့်ယှက်က ဆေးတော်နှင့် လက်ပြင်တို့ထိရုံနှင့် ပူးကပ်သော အနှောင့်အယှက် ထွက်ခွာပြေးရသည်။

စစ်ချီကာနီးတွင် ဆေးတော်ကို မဟာဂီရိရေနှင့်သွေးပြီး မျက်စိကိုကွင်း၍ ကောင်းကင်သို့ မော့ကြည့်သော်. . .

သိကြားရေချမ်းအိုးပိုက်လျက်မြင်မူ မိမိစစ်အင်အားကို တပ်စွဲပြီး ချီတက်ပါက အောင်မြင်ရာ၏။

အကယ်၍ သိကြားမင်းက ဓားသံလျက် ကိုင်သည်ကို မြင်သော် တပ်ဖွဲ့အစုစုတို့ကို ပူးပေါင်း၍ ချီတက်လုပ်ကြံကြရပေသည်။

ဎင်းမှာ သာယမန္တရဆေးတော်ဟု ခေါ်သော ဒိဗ္ဗစက္ခုဆေးတော်ကြီး၏ ဆေးစီရင်ပုံနှင့် အသုံးပြုရန် အကြောင်းများပင် ဖြစ်ပေသည်။

(ကျမ်းမှာပါသော မူရင်းအရေးအသားတို့မှာ အဓိပ္ပါယ်ရှုပ်ထွေးလှသောကြောင့် စာဖတ်သူများ အလွယ်တကူ မှတ်သားအသုံးပြုနိုင်ရန် ချောမွေ့စေသော အရေးအသားဖြင့် ပြင်ဆင်ရေးသားထားခြင်းပင် ဖြစ်ပါကြောင်း၊ တစ်ခုမှာလိုတာကတော့ ဆေးတော်ကို အောင်မြင်ပြီးမြောက်အောင် ဖော်စပ်ပြီးပါက သို့



www.burmeseclassic.com

www.burmeseclassic.com



သုံးပါးတို့တွင် အတုမရှိအောင် ကောင်းသည်ဆိုသော်လည်း အပြစ်မကင်းသော ပီယသဒ္ဒိအတွက် သုံးစွဲခြင်းကိုတော့ သတိဖြင့် ရှောင်ကြဉ်သင့်ပေ၏။)

နီမောင်တို့မှာ ဦးဗန်ကောင်း ယူလာပြသော ဝိဇ္ဇာမယသိဒ္ဓိ ဆေးကျမ်းတော်ကြီးမှ ဆေးနည်းများကို တွေ့တော့မှ သူဇာ လာယူသွားသော ဆေးအမယ်များအကြောင်းကို သိကြရလေတော့သည်။

နီမောင်တို့ ဖတ်ကြည့်ပြီးတော့ ဦးဗန်ကောင်းက ဆေးစာအုပ်ကိုယူပြီး ဘုရားစင်ပေါ် ပြန်တင်ထားလိုက်သည်။

ပြီးမှ အနားပြန်လာထိုင်ပြီး ပြောသည်။

"သူတို့ဖော်တဲ့ဆေးတော်တွေက ကောင်းတာတွေဘက်မှာ အသုံးပြုလို့ရသလို မကောင်းတဲ့ဘက်မှာလည်း အသုံးပြုလို့ရကြတယ်၊ ပြောရရင်တော့ ဆေးတော်ဆိုတာကတော့ အထက်ဂိုဏ်းက ဆရာတွေ အသုံးပြုကြသလို အောက်လမ်းဂိုဏ်းက ဆရာတွေလည်း အသုံးပြုကြတယ်၊ ဒါကြောင့် သူတို့ဖော်တဲ့ဆေးကို ကြည့်ပြီးတော့ သူတို့ကို စုန်းကဝေလို့ သတ်မှတ်လို့လည်း မဖြစ်ပြန်ဘူး"

ထိုစကားကြောင့် နီမောင်တို့လည်း ဆက်မမေးသာတော့ပေ။

"ဒါပေမယ့် ငါပြောနိုင်တာ တစ်ခုတော့ရှိတယ်၊ ကဝေကိုးမျော်ရွာက ဒေါ်မင်းဇာဆိုတာ သာမန်တော့မဟုတ်ဘူး၊ ဆေးဝါးအတတ်မှာ အတော်ကလေး နှံ့စပ်ကျွမ်းကျင်တဲ့သူ ဖြစ်မှာတော့ အသေအချာပဲ"





"ဘာကြောင့်လဲ ဆရာကြီး"

"ဒီဆေးတော်တွေက ရှေးက သမားတော်ကြီးတွေသာ ဖော်စပ်အသုံးပြုနိုင်တဲ့ ဆေးတော်တွေပဲ၊ သာမန်ဆရာတွေဆိုရင်တော့ သိဖို့တောင် မလွယ်လှဘူး၊ ဒါကြောင့် သူက ဆေးနဲ့ပတ်သက်ရင် သာမန်အဆင့်မျိုးတော့ မဟုတ်နိုင်ဘူး၊ ဒါထက် ဆေးပစ္စည်းတွေ လာဝယ်တဲ့ ဒေါ်မင်းဇာ မြေးနာမည်က ဘယ်သူများလဲ"

"သူဇာလို့ပြောတယ် ဆရာကြီး"

ဦးဗန်ကောင်းက နားထောင်နေရင်း ခေါင်းတညိတ်ညိတ်ဖြင့် ရှိနေလေသည်။

"ဒါဟာ တိုက်တိုင်မှု တစ်ခုဆိုရင်တောင် အတော့်ကို ထူးဆန်းတဲ့ တိုက်ဆိုင်မှုတစ်ခု ဖြစ်မှာပဲ"

"ဘာကိုပြောတာလဲ ဆရာကြီး"

"မင်းတို့လည်း ဒီအရပ်မှာနေကြတာဆိုတော့ ဒီအရပ်က အဖြစ်အပျက်ဟောင်းတွေကို သိတန်သလောက် သိကြတာပဲ၊ သိုဟုံဘွားလက်ထက်က သားတော် သိုတည်ဘွားနဲ့ ချစ်ကြိုက်ခဲ့တဲ့ မိန်းကလေးနာမည်က သူဇာပဲလေ၊ သူဇာရဲ့ အဖွားကလည်း ဒေါ်မင်းဇာပဲ မဟုတ်လား"

"ဟုတ်ပါရဲ့ဗျာ"

ဒီတော့မှ သုံးယောက်သား သတိရသွားကြသည်။

"နောက်တော့ သူဇာဆိုတဲ့မိန်းကလေးက ကြာညီနောင်ကန်မှာ အသတ်ခံလိုက်ပြီး အစောင့်ဘဝနဲ့နေရတာ အခုအချိန်အထိ မကျွတ်မလွတ်သေးတာ လူတိုင်းသိကြတာပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါတယ်"

"အခု ကဝေကိုးမှော်ရွာမှာနေကြတဲ့ မြေးအဖွားနှစ်ယောက်ကလည်း ဒေါ်မင်းဇာနဲ့ သူဇာပဲဆိုတော့ အကြောင်းဆက်နွယ်မှု တစ်ခုခုတော့ ရှိမယ်ထင်ပါရဲ့"

"ကျွန်တော်တို့ အခု တစ်ရက်နှစ်ရက်မှာ သူတို့ဆီ သွားကြမလို့ဆရာကြီး ဖြစ်ပါ့မလား"

"ဘာကြောင့် မဖြစ်ရမှာလဲ၊ လာစေချင်လို့တောင် တမင်လာခေါ်သွားမှာပဲ၊ မလာစေချင်ရင် ခေါ်ပါ့မလား၊ မိတ်ခွေအနေနဲ့သွားရင် ဘယ်နေရာသွားသွား ဘယ်လိုအန္တရာယ်မှ မဖြစ်ပါဘူး၊ ယုတ်စွအဆုံး သုသာန်သွားရင်တောင် သရဲမခြောက်ဘူး"

ဟု ပြောတော့မှ စိတ်သက်သာရာ ရသွားလေသည်။

"နောက်ပြီး တစ်လက်စတည်း ဆရာကြီးကို မေးချင်တာတစ်ခု ရှိပါတယ်"

"မေးပါ"

"မိတ်မြွေဆိုတာ ဘယ်လိုမျိုးလဲ ဆရာကြီး"

"မိတ်လိုက်ရင်း သူ့ဖာသာသေတဲ့ မြွေကိုခေါ်တာ"

"မိတ်ရွှေကရော ဆရာကြီး"

"မိတ်လိုက်ရင်းနဲ့ မြွေက ရွှေဖြစ်သွားတာကို ပြောတာ၊ ဒီပစ္စည်းမျိုးက သိဒ္ဓိရှိတယ်"

"ဘယ်လိုနေရာမျိုးတွေမှာ သုံးလို့ရသလဲ"

"သိဒ္ဓိရှိတဲ့ ဆေးအစီအရင်တွေမှာ အားလုံးသုံးလို့ရတယ်၊ သိဒ္ဓိပေါက်တဲ့အထိ သွားရတယ်၊ အဂ္ဂိရတ်ပညာနဲ့ပွားရင်





ရွှေကို လိုချင်သလောက် ပွားယူလို့ ရနိုင်တယ်၊ မင်းတို့ ရထားလို့လား"

နီမောင်က မငြင်းချင်သဖြင့် ခေါင်းညိတ်ပြလိုက်သည်။

"သာမန်ရတာမျိုးတော့ မဖြစ်နိုင်ဘူး၊ သိဒ္ဓိရှိတဲ့ ပုဂ္ဂိုလ်တစ်ယောက်ယောက်က ကူညီလမ်းညွှန်ပေးလို့ ရခဲ့တာမဟုတ်လား"

"ဟုတ်ပါတယ်"

"ဒါမျိုးက တော်ရုံနဲ့ မရနိုင်ဘူး၊ တခြားလူတွေ မသိစေနဲ့၊ သိရင် အန္တရာယ်မကင်းဘူး၊ သေသေချာချာ သိမ်းထားပါ၊ မင်းတို့ ကံကောင်းလို့ ရခဲ့ကြတာ"

"ဆရာကြီး အသုံးပြုချင်ရင် မျှပေးပါ့မယ်"

"မင်းက စေတနာရှိလို့ပေးလည်း သုံးထိုက်မှ သုံးလို့ရတယ်၊ မသုံးထိုက်ရင် သုံးဖို့မပြောနဲ့ ကိုင်ကြည့်ခွင့်တောင် ရမှာမဟုတ်ဘူး၊ နောက်တော့မှ ငါယူကြည့်ပါဦးမယ်"

ဦးဗန်ကောင်းက အေးအေးပင် ပြောလေသည်။

"ကျွန်တော်တို့သုံးယောက်က ကဝေကိုးမှော်ရွာ သွားကြမှာဆိုတော့ ဟိုမှာ ဘာတွေနဲ့ တွေ့ကြရဦးမယ် မသိကြသေးဘူး၊ ဒီတော့ ကျွန်တော်တို့အတွက် အကာအကွယ် ပစ္စည်းလေးတွေ ပေးပါဦး ဆရာကြီး"

ဟု ပြောသောအခါ ဦးဗန်ကောင်းက နေရာမှ ထသွားပြီး ဘုရားစင်ပေါ်မှ ဆေးကွမ်းအစ်ကြီးကို ယူလာလေသည်။

သူတို့နားရောက်တော့ ကွမ်းအစ်အဖုံးကိုဖွင့်ပြီး ကြေးဖြင့်ပြုလုပ်ထားသော လက်ဖွဲ့ကြီးသုံးချောင်းကို ထုတ်ယူလိုက်



www.burmeseclassic.com

www.burmeseclassic.com



သည်။

"ဒါ နတ်ကြီးလေးပါးဆေးတော်နဲ့ စီရင်ထားတဲ့ အင်းချပ်လက်ဖွဲ့ပဲ၊ ဒီလက်ဖွဲ့တွေကို ဆောင်ထားရင် ဆေးတော်ကြီး ဆောင်ထားတာနဲ့ အတူတူပဲ၊ ဒီလက်ဖွဲ့တွေ ရှိနေသရွေ့ မင်းတို့ကို မကောင်းဆိုးဝါးမိစ္ဆာတွေက မနှောင့်ယှက်နိုင်ဘူး၊ လည်ပင်းမှာ အမြဲဆွဲထား"

ဟုပြောပြီး ပေးသဖြင့် သုံးယောက်သားယူပြီး လည်ပင်း၌ ဆွဲထားကြလေသည်။

ထို့နောက်. . ဆရာကြီး ဦးဖန်ကောင်းအား နှုတ်ဆက်ပြီး ထိုအိမ်မှ ပြန်ခဲ့ကြလေသည်။







# အခန်း [ ၁၄ ]

# အသက်ဝင်နေသည့် ရုပ်တုများ

တစ်နေ့သ၌. . နီမောင်၊ စောထီး၊ ငမဲအောင်တို့ သုံးယောက်မှာ လွယ်အိတ်ကိုယ်စီလွယ်လျက် မူးမြစ်ဖျားဘက်သို့ ခရီးထွက်လာခဲ့ကြလေသည်။

သူတို့၏ ဦးတည်ချက်ကတော့ ကဝေကိုးမှော်ရွာသို့ သွားကြရန် ရည်ရွယ်ချက်ဖြင့် ထွက်လာကြခြင်း ဖြစ်သည်။

နီမောင်လွယ်ထားသော လွယ်အိတ်ထဲမှာတော့ ဆေးပစ္စည်းများအပြင် နှင်းမေနှင့်သက်ဆိုင်သော ပစ္စည်းအချို့ပါ



www.burmeseclassic.com

www.burmeseclassic.com



ထည့်ယူလာလေသည်။

ဦးဗန်ကောင်းပေးလိုက်သည့် လက်ဖွဲ့တို့ကိုလည်း ကိုယ်စီကိုယ်၌ လည်ပင်း၌ ဆွဲလာကြလေသည်။

တကယ်တော့ မူးမြစ်ဖျားဒေသဘက်မှာ လူနေအိမ်ခြေ သိပ်မရှိတော့ပေ။ မူးမြစ်ဝှမ်းတစ်လျှောက်မှာတော့ ကျောက်ဆောင်ကျောက်တန်းများ ပေါလှသည့်အပြင် သစ်တောကြီးများကလည်း ထူထပ်လှသည်။

စိုက်ပျိုးရန် မြေညီမြေပြန့် နည်းသောကြောင့် ရွာတည်ပြီး မနေကြခြင်း ဖြစ်သည်။

မြစ်ထဲမှာလည်း မိုးရာသီမဟုတ်လျှင် တောင်ကျရေမများသောကြောင့်. . မြစ်လယ်တွင် ကန့်လန့်တားနေသော ကျောက်တန်းများပင် ပေါ်နေလေသည်။

ထို့ပြင် မြစ်ဖျားဒေသဘက်တွင် သွားလာရန် လမ်းမရှိဘဲ သစ်တောများအတွင်းမှပင် အဆင်ပြေသလို သွားကြရလေသည်။

ထိုကဲ့သို့သော လမ်းခရီးမျိုးကို အမျိုးသမီးနှစ်ယောက်တည်း လာဝံ့သော သူဇာဆိုသော အမျိုးသမီး၏ သတ္တိကိုလည်း တကယ်တော့ ချီးကျူးသင့်ပေသည်။

ရွာချင်းမဝေးလှသော်လည်း လာရသော ခရီးက ကြမ်းသည်။ တောလမ်းမှလာလျှင် သားရဲတိရိစ္ဆာန်တို့ အန္တရာယ်ကလည်း ရှိသေးသည်။

နီမောင်တို့မှာ မိမိတို့အိမ်မှ အစားအသောက်များ စားသောက်ပြီးမှ အေးအေးဆေးဆေး ထွက်လာကြခြင်း ဖြစ်သည်။





သုံးယောက်သား စကားတပြောပြောနှင့် လျှောက်လာကြရာ မူးမြစ်ဖျားဘက်သို့ ရောက်လာကြသည်။

ထိုနေရာသို့ရောက်သောအခါ မွန်းလွဲပိုင်း အချိန်သို့ပင် ရောက်နေကြသည်။

ချောင်းတစ်နေရာကို ကျော်သွားသောအခါ ရွာတစ်ရွာကို တွေ့ကြရသည်။ အိမ်ခြေတော့ မများလှပေ။

ထိုရွာရောက်တော့ စုံစမ်းကြည့်ရာ ခြေလှမ်းမှန်မှန်ဖြင့်သွားပါက ညနေပိုင်းအချိန်လောက်တွင် ကဝေကိုးမျော်ရွာသို့ ရောက်နိုင်ကြောင်း လမ်းညွှန်ပေးကြလေသည်။

သို့ကြောင့် ခဏတဖြုတ်နားပြီး ခရီးဆက်ကြပြန်သည်။

"ကဝေကိုးမျော်ရွာနဲ့ ငါတို့ရွာက နေ့ဝက်ခရီးလောက်သွားမှ ရောက်မှာပဲ၊ ဟိုအမျိုးသမီးနှစ်ယောက် ဘယ်အချိန်လာပြီး ဘယ်အချိန် ပြန်ရောက်ကြမလဲ မသိဘူး"

"သူတို့အတွက် စိုးရိမ်မနေစမ်းပါနဲ့ စောထီးရာ၊ သူတို့က ဒီလမ်းခရီးတွေ သွားနေကျလာနေကျ ဖြစ်မှာပေါ့၊ ဒါကြောင့် လာဝံ့တာပေါ့"

ဟု ငမဲအောင်က ပြောလိုက်သည်။

ထိုသို့ပြောရင်းနှင့် လျှောက်သွားရာ တစ်နေရာရောက်သောအခါ စောထီးက မေးသည်။

"ဒါထက် အဲဒီအမျိုးသမီးက မင်းဆီမှာရှိတဲ့ ရွှေဖြစ်နေတဲ့မြွေရှိတာ သူ ဘယ်လိုသိတာလဲ"

"ငါလည်း မသိဘူး"

"သူ့ကြည့်ရတာ အဲဒီ ရွှေဖြစ်နေတဲ့ မြွေကိုလိုချင်ပုံပဲ၊



www.burmeseclassic.com

www.burmeseclassic.com



ဟိုရောက်ရင်တော့ မေးမှာပဲ၊ မင်းဆီမှာ ပါသလား”

“မပါဘူး၊ အိမ်မှာပဲ ထားခဲ့တယ်”

“သူက ဘာအတွက် လိုချင်တာလည်း မသိဘူးနော်”

“ဆရာကြီး ဦးဗန်ကောင်း ပြောပုံအရ ဆိုရင်တော့ မိတ်မြွေ၊ မိတ်ရွှေက သိဒ္ဓိရှိတယ်လို့ ပြောတာပဲ”

“ဒီလိုပစ္စည်းမျိုး မင်းဘယ်လို သုံးမှာလဲ”

“ငါ့ကိုယ်ကျိုးအတွက်တော့ မသုံးပါဘူး၊ သိဒ္ဓိရှိတဲ့ပစ္စည်းဆိုတော့ အကျိုးရှိမယ့်နေရာမျိုးမှာ သုံးမယ်ဆိုရင်တော့ ပေးလိုက်မှာပါ”

“ဒါဖြင့်လည်း ဆရာကြီး ဦးဗန်ကောင်းနဲ့သာ တိုင်ပင်ပြီး လုပ်တာပိုကောင်းမယ်၊ ကိုယ့်သဘောနဲ့ကိုယ်လုပ်ရင် အမှားအယွင်းဖြစ်မှာ စိုးရိမ်ရတယ်”

နီမောင်က ခေါင်းညိတ်ပြလိုက်သည်။

“ဒါထက် သူတို့နဲ့တွေ့လို့မေးရင် မင်း ဘယ်လိုပြောမလဲ”

“အမှန်အတိုင်းပဲ ပြောပြရုံပေါ့”

ဟု စကားတပြောပြောနှင့် လျှောက်သွားကြရာ ညနေစောင်းတော့မှ ကဝေကိုးမျော်ရွာကို လှမ်းမြင်ရတော့သည်။ ထိုကဲ့သို့ ကြန့်ကြာနေရခြင်းမှာလည်း လမ်းတစ်လျှောက်လုံး မကြာခဏ လမ်းမှားနေကြသောကြောင့် ဖြစ်သည်။

နီမောင်တို့ သုံးယောက်စလုံးမှာ တောထဲတောင်ထဲ သွားလာနေကြသူများ ဖြစ်ကြသည်။

တောနက်ကြီးများအတွင်းမှာ သွားလာနေကြသူများက





သာမန်သွားရသော လမ်းမျိုးမှာ မကြာခဏ လမ်းမှားနေခြင်းကတော့ ထူးခြားသလို ဖြစ်နေတော့သည်။

ကဝေကိုးမျော်ရွာသို့ ရောက်သွားသောအခါ နေဝင်ရီတရောအချိန် ရောက်နေပေပြီ။ ရွာကတော့ ရွာကြီးတစ်ရွာပင်ဖြစ်သည်။

တောင်ခြေတွင် ရွာတန်းရှည်ကြီးအဖြစ် တည်ထားပြီး ဥယျာဉ်ခြံများအပြင် အုံ့အုံ့ဆိုင်းဆိုင်း ရှိနေသည်။

ရွာတန်းတစ်လျှောက်တွင် သာမန်အိမ်များရှိသလို အိမ်ကြီး အိမ်ကောင်းများလည်း တွေ့ရသည်။

ကျွန်းသစ်ပေါသော အရပ်ဒေသ ဖြစ်သောကြောင့် . ကျွန်းသစ်ခွဲသားများကို အသုံးပြုလျက် ဆောက်ထားသော အိမ်များပင် ဖြစ်ကြလေသည်။

ရွာထဲရောက်တော့ အသက်ကြီးကြီး လူတစ်ယောက်နှင့် တွေ့သဖြင့် မေးမြန်းစုံစမ်းကြည့်ရသည်။

ကြည့်ရသည်မှာ အရပ်ထောင်ထောင်မောင်းမောင်းနှင့် ကတူးလူမျိုးတစ်ဦး ဖြစ်ဟန်ရှိလေသည်။

“ဒီရွာက ကဝေကိုးမျော်ရွာ ဟုတ်ပါသလား ဦးကြီး”

“ဟုတ်ပါတယ်၊ ရပ်ဝေးကလာတဲ့ ခရီးသွားတွေ ထင်ပါရဲ့”

“ဟုတ်ပါတယ် ခင်ဗျာ”

“ဒီရွာမှာ အသိမိတ်ဆွေရော ရှိကြသလား၊ ဘယ်သူ့ဆီ သွားကြမှာလဲ”

“ဒေါ်မင်းဇာနဲ့ သူဇာတို့ မြေအဖွားအိမ်ကို သွားမလို့ပါ၊



www.burmeseclassic.com

www.burmeseclassic.com



သူတို့အိမ် ဘယ်နေရာမှာရှိတယ်ဆိုတာ တဆိတ်လောက် လမ်းညွှန်ပေးပါ ဦးကြီး"

ထိုလူကြီးက ချက်ချင်းပြန်မပြောသေးဘဲ နီမောင်တို့ကို ကြည့်နေသည်။

"မောင်ရင်တို့ ဘယ်အရပ်က လာကြတာလဲ"

"ကြာညီနောင်ရွာက လာကြတာပါ"

"သူတို့ မြေးအဖွားနဲ့ အသိမိတ်ဆွေဖြစ်တာရော ကြာပြီလား"

"သိပ်မကြာသေးပါဘူး"

"ဒါကြောင့် မသိကြတာ ဖြစ်တာပဲကိုး. . ၊ သူတို့ မြေးအဖွားက အိမ်မှာမရှိကြတာများတယ်"

"သူတို့အိမ်က ဘယ်ဘက်မှာလဲ ဦးကြီး"

"ဟို အနောက်ဘက်ကိုသွားရင် ရွာအဆုံး တောင်ကုန်းပေါ်မှာ ဆောက်ထားတဲ့အိမ်က သူတို့အိမ်ပါပဲ"

ဟုပြောကာ အနောက်ဘက်သို့ လက်ညှိုးထိုးပြလေသည်။

"သူတို့မရှိတော့ အိမ်မှာ ဘယ်သူတွေများ ရှိကြသေးလဲ"

"သူတို့မြေးအဖွားကတော့ နှစ်ယောက်ထဲပဲ ရှိကြတယ်၊ ဒါပေမယ့် သူတို့မရှိလည်း အိမ်မှာတော့ အစောင့်တွေ ရှိကြပါတယ်၊ မင်းတို့သွားရင် တွေ့ရပါလိမ့်မယ်"

ဟု ပြောဆိုကာ ထိုလူကြီးက သူတို့အနီးမှ ထွက်သွားလေတော့သည်။





နီမောင်တို့လည်း ထွေထွေထူးထူး စဉ်းစားမနေတော့ဘဲ ထိုလူကြီး ညွှန်ပြသောဘက်သို့ ထွက်လာခဲ့ကြလေသည်။

တောင်ခြေနှင့်နီးသောနေရာ ဖြစ်သဖြင့် တောင်ရိပ်များက မိုးနေသည်။

နေဝင်ချိန်ရောက်သည်နှင့်ပင် အမှောင်ရိပ်များက ဖုံးအုပ်လာလေတော့သည်။

ကဝေကိုးမှော်ရွာမှာ ရွာကြီးတစ်ရွာ ဖြစ်သော်လည်း နီမောင်တို့အနေဖြင့် တစ်ခါတစ်ခေါက်မှ မရောက်ဖူးသေးသဖြင့် တွေ့သမျှမြင်သမျှ တစ်ယောက်မှ အသိအကျွမ်း မရှိကြပေ။

သို့သော် အလုပ်မှပြန်လာကြသူများကတော့ သူတို့ကို တစ်ရွာတစ်ကျေးမှလာကြမှန်း သိသဖြင့် ကြည့်ကြလေသည်။

ညနေပိုင်းအချိန် ဖြစ်သောကြောင့် လယ်ထဲယာထဲမှ သော်လည်းကောင်း၊ တောထဲမှသော်လည်းကောင်း၊ အလုပ်မှ ပြန်လာကြသူ အတော်များများကို တွေ့ရသည်။

အချို့ကလည်း ကျေးလက်နေသူတို့ ဓလေ့အတိုင်း သိသည်ဖြစ်စေ၊ မသိသည်ဖြစ်စေ၊ လမ်းမှာတွေ့သည်နှင့်ပင် နှုတ်ဆက်သွားကြလေသည်။

သုံးယောက်သား မေးရင်းမြန်းရင်းဖြင့် ရွာစဉ်အတိုင်း လျှောက်လာကြရာ နောက်ဆုံးမှာတော့ ရွာက ဆုံးသွားပေတော့သည်။

ထိုနေရာရောက်တော့မှ တွေ့သည့်သူကို ထပ်မေးပြန်ရာ ရွာအစွန်နှင့် မနီးမဝေးမှာရှိသော အိမ်ကြီးတစ်လုံးရှိရာသို့ ညွှန်ပြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုအိမ်ကြီးမှာ တောင်ကုန်းတစ်ကုန်းပေါ်တွင် ရှိနေပြီး သူ့ပတ်ဝန်းကျင်မှာ အိမ်မရှိတော့ပေ။

သစ်ပင်သစ်တောများနှင့် နောက်ဘက်တွင် တောင်တစ်လုံးသာ ရှိတော့သည်။

နေဝင်သွားပြီ ဖြစ်သောကြောင့် ဆည်းဆာရောင်များက သစ်တောများအပေါ်မှ ကျော်တက်နေလေသည်။

ရှေးက ဟော်နန်းပုံသဏ္ဌာန်မျိုး ဆောက်ထားသော အိမ်ကြီးမှာ နေဝင်ဆည်းဆာရိပ်များအောက်၌ မှောင်မည်းနေလေသည်။

ထိုအခြေအနေကိုမြင်တော့ ငမဲအောင်က ပြောသည်။

"အိမ်ကြီးကလည်း မဲမှောင်နေတာပဲ၊ မီးရောင်လည်း မတွေ့ရဘူး၊ အထဲမှာ လူလည်း ရှိတဲ့ပုံမပေါ်ဘူး၊ ငါတို့သွားလို့ ဖြစ်ပါ့မလား နီမောင်"

"ဒီနေရာတောင် ရောက်လာမှတော့ အနားရောက်တဲ့ အထိတော့ သွားကြည့်ရမှာပေါ့"

"ငါတို့ တစ်နေရာမှာအိပ်ပြီး မနက်လင်းတော့မှ သွားကြရင် ပိုမကောင်းဘူးလား"

စောထီးကပါ ပြောသည်။

"ဒီလောက်လည်း ကြောက်မနေကြပါနဲ့ကွာ၊ အခြေအနေ မကောင်းတော့လည်း ရွာထဲပြန်သွားကြတာပေါ့"

"ဒီအိမ်ကြီးထဲမှာ ဘယ်သူတွေနေလို့ ဘာတွေရှိတယ်ဆိုတာတော့ ငါ မသိဘူး၊ ဒါပေမယ့် အခုလိုအချိန်မျိုးမှာ အဝေးကလှမ်းကြည့်ပြီး မြင်ရတာနဲ့တင် စိတ်ထဲက တစ်မျိုးဖြစ်လာ





တယ်"

"ငါတို့ဆီမှာ ဆရာကြီး ဦးဗန်ကောင်းပေးလိုက်တဲ့ အင်းချပ်လက်ဖွဲ့တွေ ပါတာပဲ ဘာကြောက်စရာရှိသလဲ၊ ကဲ အချိန်ရှိတုန်း သွားကြရအောင်"

ဟုပြောပြီး ခေါ်သွားတော့မှ စောထီးနှင့် ငမဲအောင်တို့လည်း နောက်မှလိုက်လာကြလေသည်။

အိမ်ကြီးရှိရာသို့ သွားသောလမ်းမှာ တောင်ကုန်းတစ်ခုပေါ်မှ ဖောက်ထားသော လမ်းဖြစ်သည်။

ထိုလမ်းအတိုင်း သွားကြရာ နောက်ဆုံးတော့ ခြံစည်းရိုးအပေါက်နားသို့ ရောက်သွားကြသည်။

ခြံစည်းရိုးနားရောက်ပြီး အခြေအနေ ကြည့်သောအခါ အိမ်ကြီးထဲမှာတော့ မီးရောင်မရှိသဖြင့် မှောင်မည်းနေသည်။

ထို့ပြင် လူရိပ်လူခြည်လည်း မတွေ့ရပေ။

သုံးယောက်သား အခြေအနေကြည့်နေကြစဉ် သူတို့နောက်ဖက်နားမှ အသံတစ်သံ ထွက်လာလေသည်။

"ဘာကိစ္စရှိလို့လဲ"

အမှတ်တမဲ့မို့ သုံးယောက်စလုံး လန့်ဖြတ်သွားပြီး လှည့်ကြည့်လိုက်ကြသည်။

"အောင်မယ်လေးဗျ"

ငမဲအောင်က လန့်ပြီး အော်လိုက်သည်။

သူတို့နောက်ဘက်မှာ ရပ်ပြီးမေးသည်က လူမဟုတ်ပေ၊ သရဲသဘက်လည်း မဟုတ်ပေ။

ကြောက်စရာကောင်းသော မျက်နှာမျိုး ပြုလုပ်ထား



www.burmeseclassic.com

www.burmeseclassic.com



သည့် စာခြောက်ရုပ်တစ်ရုပ်ပင် ဖြစ်လေသည်။

သစ်ကိုင်း၊ ကောက်ရိုးခြောက်၊ အဝတ်စုတ်၊ ဗူးသီးခြောက်တို့ဖြင့် လူတစ်ယောက်နှင့်တူအောင် ပြုလုပ်ထားသော စာခြောက်ရုပ်ကြီးက ခြေကားရားလက်ကားရားဖြင့် . သူတို့ နောက်ဘက်နားမှာ ရပ်နေသည်။

သူတို့ တက်လာစဉ်က မတွေ့ရဘဲ ယခုမှ မည်သည့်နေရာက ထွက်လာသည် မသိပေ။

"ဘာကိစ္စရှိလို့လဲ"

စာခြောက်ရုပ်ကြီးက အသံသြသြကြီးဖြင့် ထပ်မေးပြန်သည်။ နီမောင်က စိတ်ကိုတင်းကာ ပြန်ပြောလိုက်သည်။

"ဒေါ်မင်းဇာတို့နဲ့ တွေ့ဖို့လာတာ"

"သူတို့ မရှိကြဘူး၊ အပြင်သွားကြတယ်"

"ငါတို့က သူတို့မှာထားတဲ့ ဧည့်သည်တွေပဲ၊ ရပ်ဝေးက လာခဲ့ကြတာ"

"ဒီလိုဆိုရင်တော့ အိမ်ထဲကို သွားကြပါ"

ခြံစောင့်တစ်ယောက်က ပြောသကဲ့သို့ ချောချောင်ငံ ပြောသဖြင့် အိမ်ကြီးရှိရာသို့ လာကြသည်။

တံခါးရှေရောက်တော့ အတွင်းမှမေးသံ ကြားရပြန်သည်။

"ဘယ်သူတွေလဲ"

"ဧည့်သည်တွေပဲ"

"ဘာကိစ္စရှိလို့ လာကြတာလဲ"

"ဒေါ်မင်းဇာတို့နဲ့ တွေ့ရအောင် လာခဲ့ကြတာ၊ သူတို့မှာထားတဲ့ ဧည့်သည်တွေပဲ"





နီမောင် စကားသံ ရပ်သွားတော့ ငြိမ်သက်သွားသည်။ အခြေအနေ ကောင်းမှကောင်းပါ့မလားဟု စောင့်နေကြစဉ် အတွင်းမှ နောက်ထပ်အသံ ကြားရပြန်သည်။

"သခင်မကြီးတို့ရဲ့ ဧည့်သည်တွေဆိုတာ မှန်ပါတယ်၊ အိမ်ထဲကို ဝင်ခဲ့ကြပါ"

ဟု ပြောသံကြားရပြီး တံခါးချပ်ကြီးမှာ 'ကျွီ'ခနဲ မြည်ကာ ပွင့်သွားလေတော့သည်။

ထွေထွေထူးထူး စဉ်းစားမနေတော့ဘဲ အိမ်ထဲသို့ ဝင်လိုက်ကြသည်။

အိမ်ကြီးအတွင်းမှာ မီးရောင်မရှိသောကြောင့် မှောင်မည်းနေသဖြင့် ဘာမှမမြင်ရပေ။

စောစောက အသံသာကြားရပြီး တံခါးလာဖွင့်ပေးသူကိုလည်း မမြင်ရသေးပေ။

ထိုအခိုက်မှာပင် တစ်စုံတစ်ယောက်က မီးအိမ်ထွန်းလိုက်သောကြောင့် အလင်းရောင်များ ရလာလေသည်။

အလင်းရောင် ရလာတော့မှ အိမ်ထဲမှာ ရှိနေသောသူများကို တွေ့ရလေသည်။ လူတွေတော့ မဟုတ်ကြပေ။

အနက်ရောင်ဆေးများသုတ်ထားသည့် သစ်သားရုပ်တုကြီးများပင် ဖြစ်ကြသည်။

လူနှင့် တစ်ပုံစံတည်း တစ်ရွယ်တည်းတူအောင် ထုလုပ်ထားသော သစ်သားရုပ်တုကြီးများမှာ ဆေးအနက်များ သုတ်ထားသဖြင့် ကပ္ပလီ သရဲရုပ်ထုကြီးများကဲ့သို့ တူနေလေတော့သည်။ ယောကျ်ားရုပ်၊ မိန်းမရုပ် သုံးလေးရုပ်ရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



ရုပ်ထုဖြစ်သောကြောင့် မျက်နှာသေကြီးများ ဖြစ်နေသော်လည်း မျက်လုံးနှင့် ခြေလက်တို့ကတော့ လူတစ်ယောက်ကဲ့သို့ လှုပ်ရှားနိုင်ကြလေသည်။

"သစ်သားရုပ်တုကြီးက အသက်ဝင်နေတာပဲ"

နီမောင်က တိုးတိုးရေရွတ်လိုက်သည်။

ထိုအချိန်မှာ အဘိုးကြီးတစ်ယောက်နှင့် တူသော ရုပ်တုကြီးက အနားရောက်လာသည်။

"သခင်မကြီးရဲ့ ဧည့်သည်များ ထိုင်ကြပါ"

ဟုပြောသဖြင့် သုံးယောက်သား ကြောက်ကြောက်လန့်လန့်နှင့် ဧည့်ခန်းတစ်နေရာမှာ ခင်းထားသော ထန်းချောဖျာများပေါ်သို့ ဝင်ထိုင်လိုက်ကြသည်။

"ဟဲ့ . . ဘာကြည့်နေကြတာလဲ၊ ဒီမှာ သခင်မကြီးရဲ့ဧည့်သည်တွေအတွက် ဧည့်ခံဖို့ ကွမ်းဆေးလက်ဘက်တွေ ယူခဲ့ကြပါတော့လား"

ထိုလူကြီးက အိမ်ရှင်တစ်ယောက်က အိမ်စေများကို စေခိုင်းအမိန့်ပေးသော အသံမျိုးဖြင့် လှမ်းပြောလိုက်ရာ အိမ်ကြီးအတွင်းမှ လှုပ်ရှားသွားလာနေသော အသံများ ကြားကြရလေသည်။

နီမောင်တို့ သုံးယောက်ကတော့ အိမ်ထဲရောက်လာကြသည်မှာ အနည်းငယ်ကြာသွားပြီ ဖြစ်သောကြောင့် ကြောက်ရွံ့ထိတ်လန့်သောစိတ်များ လျော့ပါးသွားပြီး စိတ်ဝင်စားမှုများ ဖြစ်လာကြသည်။

ခဏကြာတော့ အတွင်းမှ မိန်းမရုပ်တုနှစ်ခု ထွက်လာ





ပြီး ကွမ်းဆေးလက်ဘက်များ လာပို့ပေးလေသည်။

လက်ဖက်ရည်အိုးမှာ ပူပူနွေးနွေးပင် ရှိနေသေးသည်။

ထို့ပြင် အဆာပြေစားသောက်စရာ ပေါက်ပေါက်ဆုပ်၊ ထန်းလျက်ခဲ၊ ငှက်ပျောသီးမှည့် စသည်တို့လည်း ပါသည်။

"ရုပ်ဝေးကလာကြတာဆိုတော့ မောလာကြရောပေါ့၊ အဆာပြေ အမောပြေ စားသောက်ကြပါဦး"

မနီးမဝေးမှာရပ်နေသည့် အဘိုးကြီးရုပ်တုကြီးက ပြောသည်။ သို့သော် မစားဝံ့ကြပေ။

"ဘာမှ မစိုးရိမ်ပါနဲ့၊ စားသာစားပါ သခင်မကြီးရဲ့ ဧည့်သည်တွေဆိုမှတော့ ဒီအိမ်မှာ ဘာမှမဖြစ်စေရပါဘူး၊ သခင်မလေးကလည်း အတန်တန်မှာထားခဲ့ပါတယ်"

"သခင်မလေးဆိုတာ ဘယ်သူလဲ"

နီမောင်က အရဲစွန့်ပြီး ပြန်မေးလိုက်သည်။

"ဧည့်သည်လေးတို့ရွာမှာ ဆေးပင်တွေ လာဝယ်တာကျုပ်တို့ သခင်မလေးပါပဲ၊ ကဲ . . ကဲ . . သူတို့လည်း ပြန်လာချိန်တော့ နီးပါပြီ၊ ဒီည ပြန်မရောက်ခဲ့ရင်တောင် မနက်စောစောတော့ ပြန်ရောက်လာကြမှာပါ၊ ကဲ . . ကဲ . . စိတ်ချလက်ချသာစားရင်းသောက်ရင်းနဲ့ နားကြပါတော့"

ဟု ပြောဆိုပြီး အဘိုးကြီးရုပ်တုက သူတို့အနီးမှ ပြန်ထွက်သွားလေတော့သည်။

ထိုအခါမှ သုံးယောက်သား တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်လိုက်ကြသည်။

"ငါတို့ ဘယ်လိုလုပ်ကြမလဲ"



www.burmeseclassic.com

www.burmeseclassic.com



စောထီးက လေသံတိုးတိုးဖြင့် ကပ်မေးသည်။

"အပြင်ဘက်မှာလည်း မှောင်နေပြီ အချိန်မရှိတော့ဘူး၊ ဒီလိုပဲ ဒီမှာနေပြီး သူတို့ ပြန်လာတာ စောင့်ရမှာပဲ"

"အသက်ဝင်နေတဲ့ ဒီရုပ်တုကြီးတွေနဲ့ တစ်ညလုံးသာ နေရရင်တော့ အခက်ပဲ"

"ဘာမှမဖြစ်ပါဘူး၊ သူတို့သာ အန္တရာယ်ပေးချင်ရင် . . အိမ်ထဲရောက်တာနဲ့ ပေးမှာပေါ့၊ အခု အစားအသောက်တွေ တောင်မှ လာချပေးထားမှတော့ ဘာမှမလုပ်ပါဘူး"

ဟုပြောတော့မှ ကျန်နှစ်ယောက်မှာ အနည်းငယ် စိတ်သက်သာရာ ရသွားဟန် ရှိပေသည်။

"ဗိုက်ထဲကတော့ အတော်ဆာနေပြီ၊ ဒီရှေ့မှာ ချထားတဲ့ အစားအသောက်တွေကိုရော စားသောက်လို့ ဖြစ်ပါ့မလား"

"ဖြစ်မှာပါ၊ နောက်ဆုံး ကျွတ်ကုန်းရောက်သွားပြီး ကျွတ်တွေကျွေးတဲ့ အစားအသောက်တွေ စားရသလို ဗိုက်နာရုံအပြင်တော့ ရှိမယ်မထင်ပါဘူး"

"အဟမ်း . . အဟမ်း . ."

သူတို့က ခေါင်းချင်းဆိုင်ပြီး အချင်းချင်း ပြောဆိုနေကြစဉ် မနီးမဝေးမှ ချောင်းဟန့်သံ ကြားလိုက်ရသဖြင့် စကားသံရပ်သွားကြလေတော့သည်။

ဆက်မပြောဝံ့ကြတော့ပေ။

နောက်တော့ ဖြစ်လိုရာဖြစ်စေတော့ သဘောထားကြပြီး ရှေ့မှာလာချပေးထားသော အစားအသောက်များကို စားသောက်ကြလေတော့သည်။





အချိန်ကလည်း ညဥ့်ဦးပိုင်းအချိန် ကျော်လွန်လာချေပြီ၊ အပြင်ဘက်မှာတော့ ပတ်ဝန်းကျင်တစ်ခုလုံး အမှောင်ရိပ်များ ဖုံးလွှမ်းနေပြီး တိတ်ဆိတ်ငြိမ်သက်နေကြလေပြီ။

နီမောင်တို့သုံးယောက်လည်း ကြောက်ကြောက်ရွံ့ရွံ့နှင့်ပင် ချပေးထားသော အစားအသောက်များကို ကုန်စင်အောင် စားသောက်ကြပြီးနောက် ဝမ်းပြည့်သွားသည်ကတစ်ကြောင်း၊ တစ်နေ့လုံး ခရီးပင်ပန်းလာကြသည်ကတစ်ကြောင်းကြောင့် ဖျာပေါ်မှာ လှဲချလိုက်သည်နှင့်ပင် သုံးယောက်စလုံး အိပ်ပျော်သွားကြလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com







## အခန်း [ ၁၅ ]

# ဂဝေကိုးမှော်ရွာမှ ဘူတဝါ အနုပညာရှင်

အချိန်မည်မျှကြာအောင် အိပ်ပျော်သွားကြသည် မသိပေ။ တစ်စုံတစ်ယောက်က လာနှိုးတော့မှ သုံးယောက်စလုံး ပြန်နိုးလာကြလေသည်။ ကြည့်လိုက်တော့ သူတို့အနားမှာ ရပ်နေသော သူဇာကို တွေ့ရလေသည်။

"ဩော် မသူဇာတို့ ပြန်လာကြပြီလား"

"ဟုတ်တယ်၊ ကိုနီမောင်တို့ကို ဖိတ်ထားပြီး လွှန်မတို့က



www.burmeseclassic.com

www.burmeseclassic.com



အိမ်မှာမရှိကြတော့ အားနာစရာ ဖြစ်နေကြပြီ၊ ဒါထက် ညနေစာ စားပြီးကြပြီလား”

“ဟုတ်ကဲ့ ပြီးပါပြီ”

“ကိုနီမောင်တို့ရောက်နေတာကို အဖွားကတော့ ပြောပါတယ်၊ ဒါပေမယ့် . . ကိစ္စလေးတွေက ရှိနေကြတော့ အခုမှပဲ ပြန်ရောက်ကြတော့တယ်၊ ကျွန်မ ညစာစားဖို့ ပြင်လိုက်ဦးမယ်”

“နေပါစေတော့ ကျွန်တော်တို့ စားသောက်ပြီးကြပါပြီ”

“အို သူတို့က ဘာလုပ်တတ်တာမှတ်လို့ ရေနွေးကြမ်းနဲ့ ပေါက်ပေါက်ဆုပ်ပဲ စားကြရမှာပေါ့”

ဟုပြောပြီး အိမ်ကြီးအနောက်ဘက်သို့ ဝင်သွားလေသည်။

နီမောင်တို့အတွက်ကတော့ သူဇာတို့ ပြန်ရောက်လာကြသဖြင့် အနည်းငယ် စိတ်သက်သာရာ ရသွားကြသည်။

တစ်ခုထူးဆန်းသော အချက်မှာ သူဇာတို့ ပြန်ရောက်လာသောအခါ စောစောက အသက်ဝင်ပြီး လှုပ်ရှားသွားလာနေကြသော ရုပ်တုကြီးများမှာ နံရံများမှာမှီ၍ ရုပ်တုံ့ကာ ငြိမ်သက်နေကြလေသည်။

ယခုတော့လည်း သံပတ်ကုန်သော စက်ရုပ်များပမာ အသက်မရှိတော့ဘဲ ငြိမ်သက်နေကြလေသည်။

မျက်လုံးများမှာ အရောင်မှိန်သွားသလို ခြေလက်များလည်း ငြိမ်သက်နေကြလေသည်။

“သူတို့ ပြန်မရောက်ခင်ကတော့ အသက်ရှိတဲ့လူတွေလို လှုပ်ရှားသွားလာနေကြတယ်၊ လူတွေလိုပဲ စကားတောင် ပြော





လိုက်သေးတယ်၊ အခုတော့လည်း ရုပ်တုကြီးတွေ ပြန်ဖြစ်သွားပါရောလား”

“ဒါကတော့ မှော်ပညာနဲ့ အသက်သွင်းထားတာ ဖြစ်မှာပေါ့၊ အခု ပြန်နှုတ်လိုက်တော့ ငြိမ်သွားတာ ဖြစ်မှာပေါ့”

ထိုသို့ပြောဆိုနေကြစဉ် သူဇာက လာခေါ်သဖြင့် လိုက်သွားကြရာ နောက်ဘက်အခန်းရောက်တော့ ထမင်းပွဲ ပြင်ထားသည်ကို တွေ့ရသည်။

အစစအရာရာ အလုပ်များကိုတော့ သူဇာနှင့်ပါလာသော အမျိုးသမီးကပင် လုပ်ကိုင်ပေးလေသည်။

ချက်ချင်းစီစဉ်ချက်ပြုတ်ရခြင်း ဖြစ်သောကြောင့် ဟင်းကောင်းကျွေးကောင်း မဟုတ်သော်လည်း စားသောက်ရတာ မြိန်လှသည်။ ထမင်းစားသောက်ပြီးတော့မှ သူဇာက သူတို့သုံးယောက်ကို ခေါင်းရင်းဘက်အခန်းသို့ ခေါ်သွားလေသည်။

ထိုအခန်းမှာတော့ လက်ဘက်ရည်ကြမ်းဝိုင်း ပြင်ဆင်ထားပြီး . . အသက်(၆၀)ကျော် အရွယ်ခန့်ရှိသော အဖွားတစ်ယောက်ကို တွေ့ရသည်။ ဒေါ်မင်းဇာပင်ဖြစ်သည်။

သူတို့သုံးယောက်ရော သူဇာပါ ဝင်ထိုင်တော့မှ ဒေါ်မင်းဇာက ပြောသည်။

“မင်းပေးလိုက်တဲ့ ဆေးပင်ဆေးမြစ်တွေက ငါ့အတွက် အတော်ကလေး အသုံးဝင်တယ်၊ အခုရော ပါလာသေးသလား”

“ဟုတ်ကဲ့ ပါလာပါသေးတယ်”

ဒေါ်မင်းဇာက ပြောင်းဖူးဖက်ဆေးပေါ့လိပ်ကိုဖွာရင်းနှင့် ခေါင်းညိတ်ပြသည်။



www.burmeseclassic.com

www.burmeseclassic.com



"မင်းဆီမှာ ရွှေဖြစ်နေတဲ့ မိတ်မြွေ ရှိတယ်မဟုတ်လား"

"ဟုတ်ကဲ့ ရှိပါတယ်"

"ဘယ်လို ရခဲ့တာလဲ"

"တောထဲသွားရင်း အမှတ်မထင် ရခဲ့တာပါ"

"တစ်ယောက်ယောက်က အကူအညီပေးလို့ မဟုတ်လား"

"ဟုတ်ပါတယ်"

"ဒီပစ္စည်းမျိုးက သာမန်လူတွေအနေနဲ့ ဘယ်လိုမှ မရနိုင်ဘူး၊ သိဒ္ဓိရှိတဲ့ ပရလောကသား တစ်ဦးဦးက မင်းတို့ကို အကူအညီပေးလို့သာ ရခဲ့တာ"

"ကျွန်တော်ကတော့ အဲဒါတွေ မသိပါဘူး"

"မင်းကမသိပေမယ့် သူတို့က မင်းကို ကောင်းကောင်းသိနေလို့ အကူအညီ ပေးကြတာ ဖြစ်မှာပေါ့၊ ဒါထက် အဲဒါကို ဘယ်လိုသုံးမယ် စိတ်ကူးထားသလဲ"

"ဒီလိုပစ္စည်းမျိုးကိုတော့ ကျွန်တော့်အကျိုးစီးပွားအတွက်တော့ မသုံးပါဘူး"

ဒေါ်မင်းဇာက ခေါင်းညိတ်ပြလိုက်သည်။

"မှန်တာပေါ့၊ ဒါမျိုးက ကိုယ်ကျိုးအတွက် သုံးရင်လည်း မသင့်တော်ဘူး၊ ဒါထက် မင်း ဆန္ဒရှိသလို အကျိုးရှိတဲ့ကိစ္စမျိုး သုံးမယ်ဆိုရင်ကော ပေးနိုင်မလား"

"ပေးပါ့မယ်"

"ကောင်းပြီ မင်းက ဒီလိုစိတ်စေတနာမျိုး ရှိမှတော့ ငါကလည်း အကူအညီ ပေးသင့်တာတွေ ပေးရမှာပေါ့၊ ဒီလိုမ





ပေးခင် ပြောသင့်ပြောထိုက်တာလေးတွေလည်း ပြောရဦးမယ်"

"ပြောပါ အဖွား"

"တခြားတော့ မဟုတ်ပါဘူး၊ မင်းက လူငယ်လူရွယ်ပဲ ရှိသေးတာဆိုတော့ ဒါမျိုးတွေ ယုံကြည်လက်ခံမှု ရှိချင်မှရှိမယ်၊ အတိတ်ဘဝက ရှိခဲ့တဲ့ရေစက် ဘဝဆက်၊ ပဋ္ဌာန်းဆက်တွေ ရှိတယ်ဆိုတာရော မင်း လက်ခံရဲ့လား"

"ဟုတ်ကဲ့ လက်ခံပါတယ်၊ အကျိုးဆက် အကြောင်းဆက် ရှိတယ်ဆိုတာ လက်ခံပါတယ်၊ ဘဝတစ်ခုနဲ့တစ်ခု ဆက်နွယ်နေတယ်ဆိုတာလည်း ယုံကြည်ပါတယ်"

"ဘာကြောင့်လဲကွယ့်"

"ကျွန်တော့်အနေနဲ့ များများတော့ မသိပါဘူး၊ ဒါပေမယ့် ကိုယ်ပြုတဲ့ ကောင်းမှုမကောင်းမှု ကုသိုလ်ကံအကုသိုလ်ကံတွေဟာ ဘဝအဆက်ဆက် ပါနေတာမျိုးကိုတော့ ယုံကြည်လက်ခံပါတယ်"

"မှန်ပါတယ်ကွယ်၊ ကိုယ်ပြုခဲ့တဲ့ ကောင်းမှုမကောင်းမှုတွေပေါ်မှာ မူတည်ပြီးတော့ အကျိုးအကြောင်းတွေဆိုတာ ဖြစ်လာရတာပေါ့၊ ဒါတွေပြောနေတာ တခြားကြောင့် မဟုတ်ဘူး၊ မင်းနဲ့ ငါတို့မြေးအဖွားနဲ့က အရင်ဘဝတစ်ခုမှာ အဆက်ပါခဲ့ဖူးကြတယ်"

ထိုစကားကြောင့် နီမောင်စိတ်ထဲမှာ အံ့ဩသွားလေသည်။

"မင်းက မသိပေမယ့် ငါတို့က သိပါတယ်၊ နောင်တစ်ချက်က မင်းကို မိတ်မြွေ၊ မိတ်ရွှေရအောင် အကူအညီပေးတဲ့



www.burmeseclassic.com

www.burmeseclassic.com



သူကလည်း မင်းနဲ့ ဘ၀ဟောင်းက အဆက်ရှိခဲ့သူပါပဲ၊ ဒါကြောင့် အကူအညီပေးတာပေါ့"

"ဘယ်လိုပတ်သက်ခဲ့တယ်ဆိုတာ သိချင်ပါတယ်"

"မင်းကို အကူအညီပေးခဲ့တဲ့သူက တခြားမဟုတ်ဘူး၊ အရင်ဘ၀က ကိုးခရိုင်ကို အပိုင်စားရတဲ့ ကျားဖြူမင်း ငအောင်ကျော် ဆိုတာပဲ၊ သူက ဘ၀ပြောင်းသွားပေမယ့် ဒီနေရာတွေကို စောင့်ရှောက်ပေးနေရတယ်၊ ပြောရရင်တော့ နတ်ဘ၀မျိုးနဲ့ စောင့်ရှောက်ပေးနေရတာပေါ့၊ မင်းက တခြားမဟုတ်ဘူး . . အရင်ဘ၀ဟောင်းက ကျားဖြူမင်းငအောင်ကျော်ရဲ့ မြေးတော်ခဲ့တဲ့သူပဲ၊ မင်း သူတို့အကြောင်းတွေတော့ ကြားဖူးတယ်မဟုတ်လား"

"ဟုတ် . . ဟုတ်ကဲ့ . . ကြားဖူးပါတယ်"

"ငါတို့ မြေးအဖွားကလည်း အရင်ဘ၀ဟောင်းက မင်းနဲ့ ပတ်သက်ခဲ့လို့ သေခဲ့ရတဲ့ သူတွေပဲ"

"ဗျာ . ."

နီမောင်မှာ အထိတ်တလန့် ဖြစ်သွားလေသည်။

"မင်းကတော့ ဒါတွေဘယ်မှတ်မိပါတော့မလဲ၊ မင်း . . ဘယ်သူလဲဆိုတာရော သတိရရဲ့လား"

"ကြားဖူးထားတာတွေအရဆိုရင်တော့ သိုဟုံဘွားရဲ့ သားတော် သိုတည်ဘွား ဝင်စားတာများလား"

"မှန်တာပေါ့ကွယ်၊ ဒါကြောင့် တစ်နယ်တစ်ကျေးမှာ မွေးဖွားကြီးပြင်းခဲ့ရပေမယ့် ဘ၀ဟောင်းက အဆက်ရှိသူတွေရဲ့ နေရာမှာလာပြီး နေထိုင်ရတာပေါ့၊ ဒီလောက်မှတ်မိပြီဆိုတော့





သူနဲ့ ဘယ်လိုပတ်သက်ခဲ့တာရော သတိရရဲ့လား"

ဒေါ်မင်းဇာက အနားမှာထိုင်နေသော သူဇာကို ပြကာ မေးလေသည်။

သူဇာကတော့ ခေါင်းငုံ့ထားလေသည်။

နီမောင်ကတော့ မျက်နှာပူသွားသဖြင့် ဘာပြန်ပြောရမှန်း မသိသဖြင့် ခေါင်းညိတ်ပြလိုက်လေသည်။

"ဒီလောက် သိရပြီဆိုတော့ မင်းလုပ်ပေးရမယ့် တာဝန်တွေ ရှိလာပြီ၊ ဘယ်လိုလုပ်ရမယ်ဆိုတာတော့ ငါပြောပြပေးမယ်၊ ဒါပေမယ့် အခုလောလောဆယ်တော့ မင်းအတွက် အကူအညီပေးစရာ ရှိသေးတယ်၊ မင်းဒီရွာလာတာ မင်းညီမလေးနဲ့ တွေ့ချင်လို့ လာကြတာမဟုတ်လား"

"ဟုတ် . . ဟုတ်ပါတယ် အဖွား"

"ငါတို့ မြေးအဖွား ခရီးထွက်သွားကြတာ ဒီအတွက်ပါပဲ၊ ကဲ . . သူဇာ ဟိုမိန်းကလေးကို ခေါ်လာခဲ့ပါ"

ဟု စေခိုင်းသောအခါ သူဇာက နေရာမှ ထသွားကာ အိမ်အနောက်ဘက်သို့ ဝင်သွားလေသည်။

နီမောင်အတွက်တော့ ထိုအချိန်သည် စိတ်လှုပ်ရှားလွန်းနေသောကြောင့် အသက်ကိုပင် မှန်မှန်မရှူနိုင်အောင် ဖြစ်နေတော့သည်။ ခဏတော့ သူဇာ ပြန်ရောက်လာသည်။

သူမနှင့်အတူ မိန်းကလေးတစ်ယောက် ပါလာလေသည်။

"နှင်း . . နှင်းမေ"

အံ့ဩစွာဖြင့် ရေရွတ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



သူသာမကဘဲ အနားမှာ ထိုင်နေကြသော စောထီးနှင့် ငမဲအောင်တို့ပါ ပါးစပ်အဟောင်းသား ဖြစ်သွားလေသည်။

သူဇာနှင့်ပါလာသော မိန်းကလေးက နှင်းမေမှ နှင်းမေ ပင် ဖြစ်သည်။

သို့သော် သူတို့သုံးယောက်စလုံးကိုတော့ သိပုံမပေါ် ပေ။

သုံးယောက်စလုံးကို မျက်လုံးအပြူးသားဖြင့် ကြည့်နေ လေသည်။

နှင်းမေက သေဆုံးသွားပြီဖြစ်သောကြောင့် အကယ်၍ သာ ထိုမိန်းကလေးသည် နှင်းမေနှင့်တူသော မိန်းကလေးဖြစ် ပါက အမြွာညီအစ်မကဲ့သို့ ချွတ်စွပ်တူသော မိန်းကလေးပင် ဖြစ်တော့သည်။

နီမောင်မှာ. . တစ်ဘက်တွင် ပြန်မတွေ့ရနိုင်တော့ဟု ထင်ထားသော ညီမဖြစ်သူနှင့် ခွဲမရအောင်တူသော မိန်းကလေး ကို မျက်စိရှေ့တွင် မြင်နေရသောအခါ ဝမ်းသာခြင်းနှင့်အတူ စိတ်ထဲမှာလည်း များစွာလှုပ်ရှားနေမိလေသည်။

"သူ. . သူက. . ဘယ်သူလဲဟင်"

"အဲဒါ ကျွန်မပြောတဲ့ နှင်းမေနဲ့တူတဲ့ မိန်းကလေး ဆို တာပေါ့"

"ပြောတုန်းက ဒီလောက်တူလိမ့်မယ်လို့ မထင်ခဲ့မိဘူး၊ အခုတော့ ခွဲမရအောင် တူတာပဲ"

"တူမှာပေါ့၊ ကိုနီမောင်ရဲ့ သူက နှင်းမေပဲလေ"

"ဟင် ကျွန်တော့်ညီမလေးက သေသွားလို့ ကျွန်တော်





ကိုယ်တိုင် မြေမြှုပ်သင်္ဂြိုလ်ပေးခဲ့တာပဲ"

"ဒါပေမယ့်. . ကိုနီမောင်တို့ နောက်တစ်ခါသွားကြည့် တော့ သူ့အလောင်းကို တွေ့ခဲ့ရလို့လား"

"မတွေ့ရတော့ဘူး၊ အဲဒါ ဘယ်လိုဖြစ်တာလဲ"

"တကယ်တော့ ကိုနီမောင်တို့က သေပြီထင်ပြီး သူ့အ လောင်းကို မြေမြှုပ်ခဲ့ကြပေမယ့် တကယ်တော့ နှင်းမေက မသေ သေးဘူး၊ မေ့မျောနေတာပါ၊ ဒါကို အဖွားကသိလို့ ကျွန်မတို့ ညတွင်းချင်းလာပြီး သူ့အလောင်းကို ဖော်ယူသွားကြတာပါ"

"ဟုတ်ရဲ့လားဗျာ၊ တကယ်သာဆိုရင်တော့ ကျွန်တော့် လောက် ဝမ်းသာတဲ့သူ ရှိတော့မယ် မထင်ပါဘူး၊ အဖေအမေတို့ သိကြရင်လည်း အတော့်ကို ဝမ်းသာကြမှာပဲ၊ ဒါပေမယ့်သူ့ကြည့် တာ တစ်မျိုးဖြစ်နေတယ်၊ ကျွန်တော့်ကို မြင်တာတောင် မသိသ လိုပဲ"

"နှင်းမေက သုသာန်မှာ မြေမြှုပ်ခံထားရတာဆိုတော့ နှလုံးသွေးပျက်သလို ဖြစ်နေတယ်၊ ဒါကြောင့်. . အရင်ကအ ကြောင်းတွေကို မမှတ်မိသေးတာပါ၊ နောက်ပိုင်း ဆေးကုပေးရင် တော့ တဖြည်းဖြည်းနဲ့ ပြန်ကောင်းလာမှာပါ"

ဟု သူဇာက ပြောပြသည်။

"ကျွန်တော့်ညီမလေးအသက်ကို ကယ်ပေးခဲ့တဲ့အ တွက် ကျွန်တော် တကယ်ပဲ ကျေးဇူးတင်ပါတယ်၊ ဒီကျေးဇူးအ တွက် ကျွန်တော့်ဘက်က ဘာပဲလုပ်ပေးရလုပ်ပေးရ လုပ်ပေး ပါ့မယ်ဗျာ"

နီမောင်က တုံရင်လှိုက်လှဲသောအသံဖြင့် ပြောလိုက်



www.burmeseclassic.com

www.burmeseclassic.com



လေသည်။

“ဒီလောက်လည်း ကျေးဇူးတင်စရာ မလိုပါဘူး ကိုနီမောင်ရယ်၊ အဖွားပြောသလိုပေါ့ ကျွန်မတို့က ဘဝဆက် ပဋ္ဌာန်းဆက်ရှိကြတဲ့သူအချင်းချင်းတွေဆိုတော့ အကြောင်းရှိရင်တော့ အကူအညီ ပေးရမှာပေါ့”

“ကျွန်တော်တို့ဘက်က ဘာလုပ်ပေးရမယ်ဆိုတာသာ ပြောပါ”

“ကိုနီမောင် တစ်ယောက်တည်းတော့ လုပ်လို့မရဘူး၊ ကျွန်မပါဝင်ပြီးကူညီပေးရမယ်၊ ဘာတွေလုပ်ရမယ် ဆိုတာတော့ ကျွန်မ အေးအေးဆေးဆေး ပြောပြပါ့မယ်”

ဟု ပြောလေသည်။

အချိန်က ညဉ့်နက်ပိုင်းအချိန် ရောက်နေချေပြီ။

ပတ်ဝန်းကျင်မှာ တိတ်ဆိတ်ငြိမ်သက်နေချေပြီ။

ဒေါ်မင်းဇာ၊ စောထီး၊ ငမဲအောင်နှင့် နှင်းမေတို့ကတော့ စကားဝိုင်းသိမ်းပြီး အသီးသီး အိပ်ယာဝင်သွားကြလေသည်။

ထိုအခန်းထဲမှာတော့ နီမောင်နှင့် သူဇာတို့နှစ်ယောက်သာ ကျန်နေတော့သည်။

အခန်းထဲမှာ မီးအိမ်တစ်လုံး ထွန်းထားသောကြောင့် အလင်းရောင် ရနေလေသည်။

နှစ်ယောက်တည်း ကျန်ခဲ့သောအခါမှ နီမောင်က သူဇာမျက်နှာကို မရဲတရဲကြည့်ရင်းနှင့် မေးလိုက်သည်။

“ကျွန်တော်တို့ အကြောင်းတွေက အဖွားပြောသွားတာတွေက အမှန်တွေပဲလားဟင်”





“ခုထိ ကိုနီမောင်က မယုံသေးလို့ မေးတာလား”

“ဒီလိုတော့ မဟုတ်ပါဘူး၊ အခု ဖြစ်ပျက်ကြုံတွေ့နေတာတွေကို ကြည့်ရင်တော့ မယုံနိုင်စရာလည်း မရှိတော့ပါဘူး၊ ဒါထက် ကျွန်တော်သိချင်တာလေးတွေကိုတော့ မေးချင်ပါတယ်”

“မေးလေ”

“အဖွားက ဘယ်လိုပညာမျိုးတွေ တတ်တာလဲဟင်”

“ကိုနီမောင်က ဘယ်လိုထင်နေလို့လဲ၊ စုန်းကဝေပညာတတ်တယ်လို့ ထင်နေလို့လား”

“ဟုတ်. . ဟုတ်ပါတယ်”

“လူအတော်များများကတော့ ဒီလိုပဲ ထင်နေကြတာပါပဲ၊ ဒါပေမယ့် မဟုတ်ပါဘူး”

“ရုပ်တုကြီးတွေကို အသက်သွင်းထားတာကရော ဘယ်လိုပညာမျိုးလဲဟင်”

ဟု မေးလိုက်သည်။

“အသက်မရှိတဲ့အရာတွေကို အသက်ရှိအောင် အသက်သွင်းတာပါ၊ ဘူတဝိဟာနပညာလို့ ခေါ်ပါတယ်၊ စက်ကြိုးယန္တယားနဲ့ အသက်ဝင်အောင် ပြုလုပ်တာက စက္ကောမ အတတ်ပညာဖြစ်ပါတယ်၊ အသက်မရှိတာတွေကို အသက်ဝင်အောင် လုပ်တာက ဘူတဝိဟာနပညာလို့ ခေါ်ပါတယ်၊ ကျွန်မတို့ အိမ်မှာရှိတဲ့ ရုပ်တုတွေကို လူတွေလို အသက်ဝင်နေအောင် လုပ်ထားတာ ဒီပညာပါပဲ”

“အံ့သြစရာပါပဲ၊ ဒါထက် ကျွန်တော့်ဆီမှာရှိတဲ့ မိတ်ရွှေမိတ်ရွှေကို လိုချင်တာ ဘာအတွက်လဲ”



www.burmeseclassic.com

www.burmeseclassic.com



"အဖွားက ရွှေစေတီတစ်ဆူတည်ဖို့ စိတ်ကူးနေတယ်၊ စေတီတည်လောက်တဲ့အထိ ရွှေများများရဖို့ ဆိုရင်တော့ မိတ်ဆွေ၊ မိတ်ရွှေနဲ့ ပွားယူမှ ရမယ်လို့တော့ ပြောတယ်"

"ဒီလိုဆိုရင်တော့ အကူအညီ ပေးပါ့မယ်"

"ကိုနီမောင် အကူအညီ ပေးမယ်ဆိုတော့လည်း အဖွားရဲ့ ရည်ရွယ်ချက်တွေ မြန်မြန်ပြည့်မြောက်သွားတာပေါ့"

"ကျွန်တော်ကလည်း ရွှေမြွေကို ရကတည်းက ကျွန်တော့်ကိုယ်ကျိုးအတွက်သုံးဖို့ ရည်ရွယ်ချက် မရှိပါဘူး၊ ဒါထက် အဖွားက ကျွန်တော့်ကို ခိုင်းမယ်ဆိုတာ ဘယ်လိုအလုပ်မျိုးလည်း မသိဘူး၊ မသူဇာသိရင် ပြောပြပါလား"

ထိုစကားကြားတော့ သူဇာက သက်ပြင်းတစ်ချက် ချလိုက်လေသည်။

"တခြားတော့ မဟုတ်ပါဘူး၊ ကြာညီနောင် ကျားဖြူသိုက်ကို ရှင်းလင်းပေးဖို့ပါ"

"ဘယ်လိုရှင်းရမှာလဲဟင်၊ ကျွန်တော်က ဆရာတစ်ယောက်မှ မဟုတ်တာ"

"ရှင်းရမယ်ဆိုတာ သိုက်တူးဖော်တဲ့ ကိစ္စမျိုး မဟုတ်ပါဘူး၊ ကျွန်မတို့နဲ့သက်ဆိုင်တဲ့ ဘဝဟောင်းကကိစ္စတွေကို ရှင်းပေးရမှာပါ၊ အဲဒီနေရာမှာ ကျားဖြူမင်းပိုင်ဆိုင်တဲ့ ရတနာပစ္စည်းတွေရှိတယ်၊ အဲဒါကို သရဲလေးကောင်က စောင့်ရှောက်ပေးနေရတယ်"

"ကြားတော့ ကြားဖူးတယ်"

"သရဲလေးကောင်နဲ့ သက်ဆိုင်တာတွေကို ဖယ်ရှားပေး





လိုက်ရင် သူတို့လည်း ကျွတ်လွတ်ခွင့်ရကြမယ်၊ ရေကန်ထဲမှာရှိတဲ့ ရွှေငွေရတနာတွေကိုလည်း ယူလို့ရမယ်၊ ရတနာတွေ ရလာရင် အကျိုးရှိတဲ့နေရာတွေမှာ သုံးလို့ရတာပေါ့"

"ကောင်းပါတယ်"

"နောက်ပြီး ကျွန်မနဲ့သက်ဆိုင်တဲ့ လက်ဝတ်ရတနာတွေလည်း ကြာညီနောင်ကန်ထဲမှာ ရှိသေးတယ်၊ အဲဒါတွေကို ပြန်ယူရမယ်၊ ကိုနီမောင်က ကျွန်မနဲ့အတူတူ အဲဒါတွေကို ကူညီလုပ်ပေးရမယ်၊ အကူအညီပေးနိုင်ပါ့မလား"

"မသူဇာတို့က ကျွန်တော့်ညီမလေးနဲ့ပတ်သက်ပြီး အကူအညီပေးခဲ့တဲ့ ကျေးဇူးရှိပါတယ်၊ အသက်တစ်ချောင်းကို ကယ်ခဲ့တဲ့ ကျေးဇူးပါပဲ၊ ဒီကျေးဇူးအတွက် ကျွန်တော့်ဘက်က ဘာမဆို လုပ်ပေးဖို့ အဆင်သင့်ပါပဲ"

"ဒါဖြင့် နှင်းမေအတွက်ကြောင့် လုပ်ပေးတာပေါ့"

သူဇာက စကားနာထိုးသော အသံမျိုးဖြင့် မေးလိုက်သည်။

"ဒီလိုလည်း မဟုတ်ပါဘူး၊ မသူဇာနဲ့ ကျွန်တော်နဲ့က ဘဝဟောင်းကတည်းက ရေစက်ပါခဲ့ကြတာဆိုတော့ ဒီဘဝမှာလည်း မသူဇာအတွက်ဆိုရင် ဘာမဆို ကျွန်တော်လုပ်ပေးနိုင်ပါတယ်"

"ဒီစကားကရော တကယ်ပဲ ပြောတာလား"

"တကယ်ပြောတာပါ"

"ဒါဖြင့် ကျွန်မအပေါ်မှာရော ဘယ်လိုသဘောထားသလဲ"



www.burmeseclassic.com

www.burmeseclassic.com



"မသူဇာက ပွင့်ပွင့်လင်းလင်း မေးလာမှတော့ ကျွန်တော့်ဘက်ကလည်း ပွင့်ပွင့်လင်းလင်းပဲ ပြောပါတော့မယ်၊ အမှန်ပြောရရင် မသူဇာကို စတွေ့ကတည်းက စိတ်ဝင်စားမှု ဖြစ်နေခဲ့တာပါ၊ မသူဇာကသာ လက်ခံပေးမယ်ဆိုရင် အဖွားဆီမှာ ခွင့်တောင်းပြီး လက်ထပ်ပါ့မယ်"

ဟု ပြောလိုက်လေသည်။

သူဇာကတော့ ခေါင်းကလေးငုံ့ကာ စဉ်းစားနေဟန် ရှိလေသည်။

"မသူဇာကရော ကျွန်တော့်ကို လက်ခံပေးနိုင်မလား"

"အရင်ဘဝဟောင်းက အချစ်အတွက်ကြောင့် ကျွန်မ ဘဝ ဆုံးပါးခဲ့ရတယ်၊ ဒီဘဝမှာ အဲဒီလို ကံကြမ္မာဆိုးတွေနဲ့ ထပ်ပြီးကြုံတွေ့ရမှာ စိုးရိမ်နေသလိုပဲ"

"ဒီလိုအဖြစ်ဆိုးတော့ ကြုံတွေ့စရာ မရှိတော့ပါဘူး၊ ဘာဖြစ်လို့လည်းဆိုတော့ ကျွန်တော်တို့ ဘဝတွေက သာမန်ဘဝတွေ ဖြစ်နေကြပြီလေ၊ အဆင့်အတန်းခွဲခြားမှုတွေ မရှိနိုင်တော့ပါဘူး"

ထိုအခါမှ သူဇာက သူ့ကို မော့ကြည့်လေသည်။

"ရှေးဘဝရေစက်ကြောင့်လား မသိပါဘူး၊ ကျွန်မလည်း ကိုနီမောင်ကို စတွေ့ကတည်းက စိတ်ထဲမှာ ရင်းနှီးပြီးသား လူတစ်ယောက်လိုပဲ ခံစားနေရပါတယ်၊ အဖွားခိုင်းတဲ့ တာဝန်တွေ ပြီးသွားရင်တော့ ကိုနီမောင် သဘောဆန္ဒကို ကျွန်မလိုက်လျောပေးပါ့မယ်"

"ဒီစကားကြားရတာ တကယ်ပဲ ဝမ်းသာပါတယ်၊ သေ





သွားတဲ့ ကျွန်တော့်ညီမလေးကို မမျှော်လင့်ဘဲ ပြန်တွေ့ရလို့ ဝမ်းသာတာထက်တောင် ပိုမယ်ထင်ပါတယ်"

ထိုအခါ သူဇာက ချစ်စဖွယ်အပြုံးလေးဖြင့် မျက်စောင်းထိုးလိုက်လေသည်။

ထိုမျက်စောင်းတစ်ချက်က မြားချက်ထိတာထက်ပင် ပိုပြီးပြင်းထန်လှပေရာ ရင်ထဲမှာ သိမ့်သိမ့်တုန်သွားလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com







## အခန်း [ ၁၆ ]

# ကြာညီနောင် ကျားဖြူသိုက်

ကြာညီနောင် ရေကန်ရှိသောနေရာကို သိကြသည်။
ထိုအရပ်ဒေသမှာ နေကြသူတိုင်း ကြားဖူးကြသည်။
လူတိုင်းသိသော်လည်း လူတိုင်းမသွားဝံ့ကြပေ။
အဘယ်ကြောင့်ဆိုသော်. .

နာမည်လှသော်လည်း နေရာကြမ်းလှသော အထိကရ နေရာ ဖြစ်သောကြောင့်ပင်. . .

ကျားဖြူမင်းငအောင်ကျော်၏ ရတနာပစ္စည်းများ ရှိ



www.burmeseclassic.com

www.burmeseclassic.com



သည်ကြောင့် သိုက်ဆရာများက လာရောက်ရှာဖွေကြသည်။

သေသူသေ၊ ပြေးသူပြေးကြရသည်။

ကြာညီနောင်ရေကန်တွင် အသတ်ခံရသော သူဇာဆိုသော မိန်းကလေး၏ လက်ဝတ်ရတနာများ ရှိသည်ဆိုသဖြင့် စွန့်စွန့်စားစား လာရောက်ရှာဖွေသူတို့ ရှိကြသည်။

ထိုသို့ရှာဖွေသော်လည်း မည်သူတစ်ဦးတစ်ယောက်မှ ရတနာပစ္စည်းများ မရကြဘဲ မြွေများ၊ ကျားများ၊ သရဲသဘက်များ နှောင့်ယှက်မှုကြောင့် ပြေးကြရသည်။

အချို့လည်း သေကြေပျက်စီးကြရသည်။

ထို့ပြင် အချို့ဆရာကြီးများကလည်း ရတနာပစ္စည်းများ ရှာဖွေကြသည်မဟုတ်ဘဲ သိုဟုံဘွား သိုဝှက်ထားခဲ့သည့် ဓားစကြာနှင့် မနောမယအိုးစည်ကို လာရောက်ရှာဖွေကြသည်။

သို့သော် မရပေ။

တစ်ခါတစ်ရံ တောထဲသွားသူတို့သည် တောနက်ထဲမှ အိုးစည်တီးသံများကို ကြားရလေ့ရှိသည်။

အိုးစည်တီးသံ ကြားရလျှင် တောထဲမှကျားများ ထွက်လာကြသဖြင့် ထွက်ပြေးကြရလေသည်။

သို့ကြောင့်. . . ကြာညီနောင်ရေကန်ရှိသော နေရာသို့ တော်ရုံလူတို့ မသွားလာဝံ့ကြပေ။

ယခုတော့ ထိုရေကန်ရှိရာသို့ လူတစ်စု ရောက်လာကြလေသည်။ အချိန်ကာလမှာ (၁၉၃၀)ပြည့်နှစ် နိုဝင်ဘာလ(၄) ရက် (၁၂၉၂-ခုနှစ်၊ တန်ဆောင်မုန်းလပြည့်နေ့) အင်္ဂါနေ့ပင် ဖြစ်ပေသည်။ ထိုနေရာသို့ ရောက်လာကြသူများမှာ အခြားမ





ဟုတ်ပေ။

ဦးဇန်ကောင်း၊ နီမောင်၊ သူဇာ၊ စောထီး၊ ငမဲအောင်တို့ ငါးယောက်ပင် ဖြစ်ကြလေသည်။

ဦးဇန်ကောင်းထံမှာ တောင်ဝှေးနှင့် ဆေးလွယ်အိတ်ကြီးတစ်လုံး ပါလာလေသည်။

ကြာညီနောင်ရေကန်ဟောင်းရှိသောနေရာသို့ ရောက်လာသောအချိန်မှာ နေဝင်ရီတရောအချိန် ရောက်နေပေပြီ၊ ဆောင်းရာသီ ရောက်စအချိန်ဖြစ်သောကြောင့် နေဝင်စအချိန်မှာပင် အအေးဓါတ်များက တစိမ့်စိမ့်ဝင်လာသည်။ မြူနှင်းများကလည်း တဖွဲဖွဲကျစ ပြုလာလေသည်။

သူတို့သည် ထိုနေရာသို့ရောက်သောအခါ. . ရေကန်ဟောင်းနှင့် မနီးမဝေးမှာရှိသော အုတ်ဂူဟောင်းနှစ်လုံးအနီးတွင် နေရာယူကြလေသည်။

ထိုနေရာရောက်တော့ ဦးဇန်ကောင်းက ပြောသည်။

“ဒီနေရာက အစောင့်အရှောက်တွေများတယ်၊ နယ်မြေကြမ်းတယ်၊ မကျွတ်မလွတ်ကြသေးတဲ့ ပရလောကသားတွေလည်း အများကြီးရှိတယ်၊ ဒါပေမယ့် ဘာမှမကြောက်ကြပါနဲ့၊ ငါတို့ အခုလာတာ သူတို့ကို အနှောင့်အယှက်ပေးဖို့ လာကြတာမှ မဟုတ်တာ”

“မှန်ပါတယ်၊ ဆရာကြီး”

“သူတို့အတွက် အကူအညီပေးဖို့ လာတယ်ဆိုတာ. . သက်ဆိုင်ရာပုဂ္ဂိုလ်တွေလည်း သိကြမှာပါ၊ ဒီတော့ သူတို့ရောက်လာရင်လည်း ဘာမှ ကြောက်စရာမလိုဘူး၊ မေတ္တာများများ ပို့



www.burmeseclassic.com

www.burmeseclassic.com



ပေးလိုက်ကြ”

“ကောင်းပါပြီ ဆရာကြီး”

ထိုသို့ပြောပြီး ဦးဗန်ကောင်းက အုတ်ဂူတစ်လုံး မနီးမဝေးတွင် နေရာယူလေသည်။

ထိုအုတ်ဂူပေါ်၌ ကျားရုပ်ရှိလေသည်။

ဦးဗန်ကောင်းက ထိုနေရာမှာရှိသော အမှိုက်သရိုက်များ ချုံနွယ်ပိတ်ပေါင်းများကို ရှင်းလင်းစေပြီး အုတ်ဂူပေါ်တွင်၊ အမွှေးတိုင်၊ ဖယောင်းတိုင်များ၊ ထွန်းပေးပြီးနောက် မေတ္တာပို့သော စာများကိုသာ ရွတ်ဆိုနေလေသည်။

ပရလောကသားများအတွက် ဒဏ်ပြင်းသော သဗ္ဗုဒ္ဓေ ဂါထာကဲ့သို့သော ပရိတ်တော်များကို မရွတ်ဆိုမိရန် သတိထားနေရသည်။

ပရလောကသားများ နှောင့်ယှက်လာသောအခါ သဗ္ဗုဒ္ဓေဂါထာကဲ့သို့ အစွမ်းထက်သော ပရိတ်ဂါထာတော်များ ရွတ်ဆိုပေးရသည်။

မိတ်ဆွေဖွဲ့ရန်အတွက်ဆိုပါက မေတ္တာသုတ်ရွတ်ခြင်း၊ မေတ္တာပို့သခြင်းများကိုသာ ပြုလုပ်ကြရပေသည်။

ဤနေရာတွင် အလျင်းသင့်သဖြင့် အဖြစ်အပျက်တစ်ခုကို ပြောရပေဦးမည်။

(၁၉၇၀)ပြည့်နှစ် အချိန်လောက်က ကချင်လူမျိုးတစ်ဦးမှာ ဗုဒ္ဓဘာသာကို စိတ်ဝင်စားသဖြင့် လေ့လာလိုက်စားနေသော အချိန်ဖြစ်သည်။

သူသည် ဗုဒ္ဓတရားတော်များထဲမှာပါသော အစွမ်းထက်





သည်ဆိုသော ဂါထာ၊ မန္တာန်၊ ပရိတ်တရားတော်တို့ကို စာအုပ်များမှ ကူးယူကာ အလွတ်ကျက်နေသည်။

သဗ္ဗုဒ္ဓေဂါထာနှင့် မေတ္တာသုတ်ကို အရင်ရသဖြင့် ထိုဂါထာပရိတ်တော်တို့ကို သွားလေရာတွင် ရွတ်ဆိုနေလေ့ရှိသည်။

သူကတော့ ဘယ်လိုရည်ရွယ်ချက်မျိုးမှ မရှိပေ။

ရထားပြီးသောစာများ မေ့ပျောက်သွားမည်စိုးသောကြောင့် ရောက်သည့်နေရာတိုင်းမှာ ရွတ်ဆိုနေခြင်း ဖြစ်သည်။

တစ်ညမှာတော့ သူနေသောနေရာနှင့် မနီးမဝေးမှာရှိသော ညောင်ပင်ကြီးတစ်ပင်အောက်သွားကာ ညောင်ပင်ကိုလက်ယာရစ်ပတ်ကာ သဗ္ဗုဒ္ဓေဂါထာတော်ကို ရွတ်ဆိုလေသည်။

ပထမတစ်ပတ် ပတ်မိတော့ တစ်ကိုယ်လုံး ကြက်သီးမွေးညှင်းများ ထောင်ထလာသည်။

ဆက်ရွတ်တော့ ဘာမှမထူးခြားတော့ပေ။

ညောင်ပင် ခုနစ်ပတ်ပြည့်အောင် ပတ်ပြီးတော့မှ ပြန်လာခဲ့သည်။

နေရာပြန်ရောက်တော့ ပုတီးစိပ် တရားထိုင်ပြီးမှ အိပ်ယာဝင်လေသည်။ အိပ်ပျော်သွားသောအခါ ထူးခြားသော အိပ်မက်တစ်ခု မြင်မက်လေသည်။

အိပ်မက်ထဲမှာ ဦးခေါင်းမပါသော လူတစ်ယောက်ကို တွေ့ရသည်။ သူ့တွင် ကြိုးများက ရစ်ပတ်လျက်ရှိသည်။

“ဆရာ. . ကျွန်တော်တို့ ဆရာ့ကို ဘာမှမလုပ်ကြပါနဲ့ ကျွန်တော်တို့ကို ဘာကြောင့်ဒုက္ခပေးတာလဲ”

ထိုသူ၏ အမေးစကားကို ကြားရသည်။



www.burmeseclassic.com

www.burmeseclassic.com



"မင်း ဘယ်သူလဲ"

"ကျွန်တော်တို့ အ. ထ. က ကျောင်း ညောင်ပင်ကြီးမှာ နေပါတယ်၊ နေတာ သုံးယောက်ပါ၊ ဆရာက ကျွန်တော်တို့ကို ကြိုးကြီးနဲ့ ခုနစ်ထပ် ချည်နှောင်ထားတာ လှုပ်လို့တောင် မရဘူး၊ ကျွန်ုပ်တို့မှာ ဘာအပြစ်ရှိလို့ အဲဒီလိုလုပ်တာလဲ ဆရာ"

ထိုသူပြောပြမှ ပြန်စဉ်းစားမိသည်။

ထိုသူတို့ကို ကြိုးဖြင့်ချည်နှောင်ခဲ့ခြင်းမဟုတ်၊ ထိုညောင်ပင်ကို ပတ်ပြီးသာ ဂါထာတော်ကို ထပ်ကာထပ်ကာ ရွတ်ဆိုခဲ့ခြင်း ဖြစ်သည်။

"ဘာရယ်ညာရယ် မဟုတ်ပါဘူး၊ ဂါထာတော်ကို စမ်းသပ်တဲ့အနေနဲ့ လုပ်တာပါ၊ မနက်ဖြန်မိုးလင်းရင် ဖြည်ပေးပါမယ်၊ အခုညတော့ ညဉ့်နက်ပြီ"

ထိုသို့ပြောသူကို အခန်းတွင်းဝင်လာသူက လက်မခံပါ။

"ကျွန်တော်တို့ အားကြီး အနေရကြပ်ပါတယ်၊ ပူလည်း ပူတယ်၊ ဆရာ အခုဖြည်ပေးပါ၊ ညောင်ပင်ကို သွားစရာ မလိုပါဘူး၊ ပြေးစရာပြေး၊ လွတ်စရာလွတ်၊ ကျွတ်စရာကျွတ် ဆိုပြီး . . သုံးခါပြောလိုက်ရုံပဲ"

သူပြောသည့်အတိုင်း ကချင်အမျိုးသားက သုံးခါဆိုလိုက်သည်။

ထိုအခါ သူတို့တွင် ရစ်ပတ်နေသောကြိုးများ ကျွတ်ပြေသွားတော့သည်။ ဤတွင် ဝမ်းသာအားရ ပြန်သွားသည်။

ကချင်အမျိုးသားလည်း အိပ်နေရာမှ လန့်နိုး၍ တရားထထိုင်သည်။





နောက်တစ်ကြိမ်မှာ ကချင်အမျိုးသားသည် လမ်းဆုံလမ်းခွများ၊ စေတီပုထိုးများ၊ သုသာန်သင်္ချိုင်းများ၊ မြစ်ဆိပ်များသို့ သွား၍ ပရိတ်တော်များ ရွတ်ဆို၍ စမ်းသပ်ပြန်သည်။

နေရာတိုင်းတွင် ထူးခြားမှုတစ်မျိုးစီ တွေ့ရသည်။

ထိုထူးခြားချက်များထဲမှ ဖြစ်ရပ်တစ်ခုမှာ မြစ်ကြီးနားမြို့မြို့မသုသာန်သို့ နံနက်(၄)နာရီတွင်သွား၍ သုသာန်ဆရာတော်အား အရုဏ်ဆွမ်းသွားကပ်သည်။

သုသာန်ကျောင်းဆရာတော်ထံ၌ . . ခွေးငါးကောင်၊ ကြောင်နှစ်ဆယ့်ငါးကောင် ရှိသည်။ ထိုခွေးများမှာ ဆိုးဆိုးဝါးဝါး မကိုက်ကြသော်လည်း အလွန်ဟောင်ကြသည်ဟု ဆိုသည်။

ကချင်အမျိုးသားက လမ်းတစ်လျှောက်လုံး သဗ္ဗုဒ္ဓေ ဂါထာရွတ်သွားသည်။

သုသာန်ရောက်သည့်အခါ ခွေးများ အမြီးနှံ့ကြသည်။ မဟောင်ကြပါ။

ရောက်လျှင် ဆရာတော်အား လျှောက်ထားလိုက်သည်။

"တပည့်တော် အရုဏ်ဆွမ်း လာကပ်ပါတယ် ဘုရား"

တံခါးဖွင့်ပေးသည်။

ဆရာတော်က. . .

"မင်းကို ငါ့ခွေးတစ်ကောင်မှ မဟောင်ပါလားကွာ၊ ခွေးတွေ မတွေ့ဘူးလား"

ဟု မေးသည်။

"မဟောင်ပါဘူး ဘုရား၊ အမြီးတောင် နှံ့သေးတယ်"



www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ ဆရာတော်က "ဆန်းတယ်"ဟု မိန့်သည်။

အဆိုပါ သုသာန်ဆရာတော် ဦးသောဘိတသည် မြစ်ကြီးနားမြို့ မြို့မသုသာန်တွင် သီတင်းသုံးသည့်ကာလကို အတိအကျ မသိရပါ။

ကချင်အမျိုးသားနှင့် ခင်မင်၍ မေးလျှောက်ခွင့်ရသည့် (၁၉၇၁)ခုနှစ်တွင် သုသာန်ဆရာတော် ဦးသောဘိတ ရေမသပ္ပါယ် (ရေမချိုး)သည်မှာ (၄၅)နှစ် ရှိပြီဖြစ်သည်။ ထိုစဉ်က ဆရာတော်သည် မြစ်ကြီးနား မြို့မသုသာန်တွင် သီတင်းသုံးနေသည်မှာ နှစ်ပေါင်း(၃၀)ခန့် ရှိပေပြီ။

သုသာန်ဆရာတော်၏ ဆုံးမဩဝါဒများမှာ မှတ်သားနာယူဖွယ် ကောင်းလှသည်။

"မင်းမှာ မိခင်ရှိရင် မိခင်ကို ပြုစုလုပ်ကျွေးပြီးမှ ရဟန်းဝတ်ပါ၊ မိခင်ရဲ့ကျေးဇူး ကြီးလှပါတယ်၊ ဒီသုသာန်မှာ လင်သေ၊ မယားသေ၊ သားသမီးသေ၊ ဘိုးဘွားသေ၊ ဆွေမျိုးမောင်နှမသေတဲ့လူတွေရှိရင် ငါဝမ်းမနည်းဘူး၊ အမေသေလို့ ငိုကြရင်တော့ကွာ၊ ငါလည်း လိုက်ငိုတော့တာပဲ၊ အလိုလို ဝမ်းနည်းလာတာကိုး၊ မယားသေတဲ့လင်တွေ၊ လင်သေတဲ့ မယားတွေကိုတော့ ရိုက်ထုတ် ပြောဆိုထုတ်လိုက်တာပဲ၊ အရွယ်ကောင်းရင် နောက်အိမ်ထောင်ပြုလို့ ရတာပဲကွာ"

သုသာန်နှင့် ပတ်သက်၍ သိမှတ်ဖွယ်ရာများကိုလည်း ပြောပြပါသေးသည်။

"မင်း သုသာန်မှာ တရားအားထုတ်ဖို့ ငယ်ပါသေးတယ်၊ သုသာန်မှာ ပရိတ်ရွတ်လို့ မရသေးဘူး၊ မေတ္တာသုတ်၊ မင်္ဂလ





သုတ်ကိုသာ ရွတ်လို့ရတယ်၊ အခြားတန်ခိုးကြီး ဂါထာတွေကိုလည်း မရွတ်ရဘူး၊ မေတ္တာကမ္မဋ္ဌာန်းကတော့ အကောင်းဆုံး အသင့်တော်ဆုံးပဲ"

တစ္ဆေသူရဲနှင့် ပြိတ္တာများနှင့်ပတ်သက်၍ ဆရာတော်၏ အတွေ့အကြုံများကိုလည်း ကြားနာမှတ်သားရပြန်သေးသည်။

"ရဟန်းဝတ်ရင်လည်း ဒုလ္လဘ ရဟန်းဝတ်လိုက် ထွက်လိုက်၊ ပြန်ဝတ်လိုက် ပြန်ထွက်လိုက်ဆိုရင် မြတ်စွာဘုရားရဲ့ ကမ္မဝါစာတွေက ကွက်စိပ်စာ ဖြစ်ကုန်ပေါ့၊ သိမ်ကလည်း ဝင်လိုက်ထွက်လိုက်ဆိုတော့ နွားမခြံလို ဖြစ်ရော၊ ငါနဲ့ စကားပြောရင် ဝိဇ္ဇာ၊ ဇော်ဂျီ၊ တပသီအကြောင်း မပြောနဲ့၊ သုသာန်မှာ သူရဲတစ္ဆေမရှိပါဘူးကွာ၊ ပြိတ္တာတွေတော့ ရှိတယ်၊ ခဏတဖြုတ် တစ်ရက်နှစ်ရက် ရက်လည်ဆွမ်းမကပ်ခင် ဖြစ်နေတဲ့ ပြိတ္တာမျိုးတွေ တစ္ဆေတွေတော့ရှိတယ်၊ ငါ့အနေနဲ့ ပြောရရင် လူသေလို့ တစ္ဆေဖြစ်ရင် တရားဟောလို့ ခဏလေးနဲ့ ကျွတ်တယ်ကွ၊ သရဲကတော့ မကျွတ်ဘူးကွာ"

ဟု မိန့်ကြားဖူးပေသည်။

တစ္ဆေသရဲစသော ပရလောကသားများ ဘယ်လောက်ပင်ဆိုးဆိုး ဘယ်လောက်ပင် ကြမ်းကြသည် ဆိုစေကာမူ ဂါထာမန္တာန် ပရိတ်တော်တို့၏ တန်ခိုးကိုတော့ မခံနိုင်ကြပေ။

သို့ကြောင့် တောထဲတောင်ထဲ သွားလာလျှင်သော်လည်းကောင်း၊ မိမိတို့အား လာရောက်နှောင့်ယှက်ခြင်း မပြုပါက အကြောင်းမဲ့ဖြင့်တော့ ဂါထာမန္တာန် ပရိတ်တော်တို့ကို အသုံးမပြုသင့်ကြပေ။



www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် ဦးဗန်ကောင်းက မေတ္တာပို့ အမျှအတန်းဝေခြင်းတို့ကိုသာ ပြုလုပ်နေခြင်း ဖြစ်ပေသည်။

နီမောင်တို့ လေးယောက်ကတော့ နောက်မှ အခြေအနေ ကြည့်နေကြသည်။

အချိန်ကလည်း တဖြည်းဖြည်းနှင့် ညဦးပိုင်း အချိန်ကျော်လာလေပြီ။

တောတစ်တောလုံးမှာလည်း တိတ်ဆိတ်ငြိမ်သက်နေလေပြီ။ ထိုအခိုက်မှာပင် အနှောင့်အယှက်များက ရောက်လာလေတော့သည်။ တခြားတော့ မဟုတ်ပေ. .။

ကြာညီနောင်ရေကန်ကို စောင့်နေရသော သရဲလေးကောင်ပင်ဖြစ်သည်။

ကြောက်စရာကောင်းသော အသွင်သဏ္ဌာန်များဖြင့် လေးဖက်လေးတန်မှ ထွက်လာကြခြင်း ဖြစ်သည်။

ပထမ ခြေသံပြင်းပြင်းနင်းလာသော အသံများကို ကြားကြရသည်။

နောက်တော့ သစ်ပင်များကြားမှ အပြင်သို့ ထွက်လာကြသည်။

ထွက်လာစဉ်ကတော့ ရန်မူတော့မည့် လက္ခဏာမျိုးဖြင့် ထွက်လာကြခြင်း ဖြစ်သော်လည်း ဦးဗန်ကောင်းရှိသောနေရာနှင့် မနီးမဝေးရောက်တော့ ရပ်သွားကြသည်။

"ဘာအတွက် ရောက်လာတာလဲ"

သရဲတစ်ကောင်က အသံသြသြကြီးဖြင့် မေးသည်။

"မင်းတို့ စောင့်ပေးနေရတဲ့ ရွှေငွေရတနာတွေကို ယူဖို့





လာတာမဟုတ်ဘူး၊ မင်းတို့ကို ဒီနေရာက ကျွတ်လွတ်ခွင့်ရအောင် ကူညီပေးမလို့ လာကြတာ"

ဦးဗန်ကောင်းက ပြန်ပြောတော့ ဘာမှပြန်မပြောတော့ဘဲ နီရဲသောမျက်လုံးပြူးကြီးများဖြင့် ကြည့်နေကြသည်။ ထိုအခိုက်မှာပင် နောက်ထပ် လူတစ်ယောက် ထွက်လာပြန်လေသည်။

ထိုလူကြီးထွက်လာတော့ သရဲလေးကောင်က အမှောင်ထဲသို့ ဝင်ရောက်ပျောက်ကွယ်သွားလေသည်။

တောထဲမှာ ထွက်လာသူမှာ အခြားမဟုတ်ပေ။

နီမောင်တို့ သုံးယောက်အား ရွှေမြွေရအောင် ပြောပြပေးခဲ့သော လူကြီးပင် ဖြစ်သည်။

၎င်းက ဦးဗန်ကောင်းနှင့်မနီးမဝေး ရောက်လာပြီး ရပ်လိုက်သည်။

"ဒီနေရာနဲ့ သက်ဆိုင်သူလား"

ဦးဗန်ကောင်းက မေးလိုက်သည်။

"ဟုတ်ပါတယ်"

"ဒီအုတ်ဂူနဲ့ သက်ဆိုင်သူလား"

"မှန်ပါတယ်"

"ကျားဖြူမင်းရဲ့ ဝိညာဉ်မဟုတ်လား"

"ဟုတ်ပါတယ်၊ ကျုပ်က ကျားဖြူမင်းပါပဲ"

"အခုလိုတွေ့ရတာ ဝမ်းသာပါတယ်၊ ကျုပ်တို့ ဒီနေရာကို ရောက်လာတာ ကျားဖြူမင်း သိမယ်လို့ ထင်ပါတယ်"

"သိပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျားရဲ့ အကူအညီပေးမှုကြောင့် ရွှေမြေကို ရတဲ့အတွက် ကျေးဇူးတင်ပါတယ်"

"သူတို့နဲ့ထိုက်လို့ ရတာပါ"

"ဒီရွှေမြေနဲ့ အစီအရင်ပြုလုပ်ပြီး ရွှေစေတီ တည်တော့မှာဖြစ်လို့ ကျားဖြူမင်း အကူအညီပေးပါ"

"ကျုပ်က ဘယ်လိုအကူအညီ ပေးရမလဲ"

"ကျားဖြူမင်းနဲ့သက်ဆိုင်တဲ့ ဓားစကြာနဲ့ မနောမယအိုးစည်ကို ယူခွင့်ရှိပါသလား"

"ဒီပစ္စည်းတွေက သိဒ္ဓိရှိတာဆိုတော့ မသမာသူတွေလက်ထဲရောက်သွားရင် အန္တရာယ် ကြီးလှပါတယ်၊ ဒါကြောင့် ယူခွင့်မပေးပါဘူး"

"ဒါဖြင့် ကျားဖြူမင်းနဲ့သက်ဆိုင်တဲ့ ရတနာပစ္စည်းတွေကိုလည်း ယူခွင့်ရှိပါသလား"

"နောက်ပွင့်မယ့် မြတ်စွာဘုရားကိုလှူဖို့ ရည်စူးထားပြီးသားမို့ အားလုံးတော့ ယူခွင့်မရှိပါဘူး၊ ဘုရားတည်ဖို့အတွက်တော့ သင့်သလောက် လှူပေးပါ့မယ်"

"ကျေးဇူးတင်ပါတယ်၊ ဒီမိန်းကလေးကို သိပါသလား"

ဦးဗန်ကောင်းက သူဇာကို လက်ညှိုးထိုးပြတော့ တစ်ချက်ကြည့်ပြီး ခေါင်းညိတ်ပြသည်။

"သိပါတယ်"

"သူနဲ့သက်ဆိုင်တဲ့ ရတနာပစ္စည်းတွေ ကြာညီနောင်ရေကန်ဟောင်းထဲမှာ ရှိပါတယ်၊ ယူခွင့်ရှိပါသလား"

"ဒီပစ္စည်းတွေက ကျုပ်နဲ့မသက်ဆိုင်ပါဘူး. .၊ စောင့်





ရှောက်ပေးနေတဲ့သူတွေ ခွင့်ပြုပေးရင် ယူခွင့်ရှိပါတယ်"

"စောင့်ရှောက်ပေးနေတဲ့ သူတွေကို ဒီဘဝက ကျွတ်လွတ်ခွင့်ရအောင် ဒီနေရာက ထွက်ခွာခွင့်ရအောင် အကူအညီပေးချင်ပါတယ်၊ ဘယ်လိုဆောင်ရွက်ရမယ်ဆိုတာ ပြောပြပေးပါ"

"သူတို့လေးယောက်ရဲ့ ကိုယ်ခန္ဓာအစိတ်အပိုင်းတွေထည့်ထားတဲ့ အိုးလေးလုံးက ရေကန်ဟောင်းရဲ့ ကန်ဘောင်ပေါ်မှာ ရှိပါတယ်၊ အိုး ဘယ်နေရာမှာ ရှိတယ်ဆိုတာတော့. . သင့်ရဲ့အစွမ်းအစနဲ့ ရှာဖွေပါ"

"ကောင်းပါပြီ. .၊ မိန်းကလေးနဲ့သက်ဆိုင်တဲ့ ရတနာပစ္စည်းတွေကိုရော ဘယ်လိုရှာဖွေရမလဲ"

သူ့ပစ္စည်းတွေ ထည့်ထားတဲ့အိုးက ကန်အလယ်မှာ ရှိပါတယ်၊ သင့်အစွမ်းနဲ့ပဲ ရှာဖွေပေတော့"

"ကောင်းပါပြီ၊ အခုလိုပြောပြပေးတာ ကျေးဇူးတင်ပါတယ်၊ ဘုရားတည်ပြီး ကုသိုလ်ကောင်းမှုတွေ ပြုလုပ်ပြီး ကျားဖြူမင်းကိုရည်စူးပြီး အမျှအတန်း ဝေပေးပါ့မယ်"

"ကောင်းပါပြီ၊ ကျေးဇူးတင်ပါတယ်၊ ကျုပ်နဲ့ သက်ဆိုင်တဲ့ ပစ္စည်းအချို့လည်း လာပေးပါ့မယ်"

ဟု ပြောဆိုကာ တောထဲသို့ ပြန်ဝင်သွားလေတော့သည်။ ထိုအခါ ဦးဗန်ကောင်းက ပြောသည်။

"သိချင်တာတွေ သိရပြီဆိုတော့ လုပ်စရာရှိတာတွေ လုပ်ကြဖို့ပဲ လိုတော့တယ်၊ အချိန်ရှိတုန်း လုပ်ကြရအောင်"

ဟုပြောဆိုပြီး ကြာညီနောင် ရေကန်ပျက်ရှိရာသို့ သွား



www.burmeseclassic.com

www.burmeseclassic.com



ကြလေသည်။

အချိန်က ညဥ့်နက်ပိုင်း ရောက်လာပြီ ဖြစ်သော်လည်း တန်ဆောင်မုန်းလပြည့်ည၏ လရောင်က တောင်တန်းကြီးများကိုကျော်ပြီး. . သစ်တောများအပေါ် ရောက်လာပြီ ဖြစ်သောကြောင့် အလင်းရောင် ရလာလေသည်။

"ဒီည တန်ဆောင်မုန်းလပြည့်ညဆိုတော့ ကြာညီနောင်ရေကန်ဘက်မှာ ထူးခြားတာတွေ တွေ့ရနိုင်တယ်"

ဟု ဦးဗန်ကောင်းက ပြောလေသည်။

ကန်ဘောင်နှင့် မနီးမဝေးရောက်သောအခါ မိမိတို့မျက်စိကိုပင် အယုံကြည်နိုင်လောက်အောင် မြင်ကွင်းက ပြောင်းလဲနေလေသည်။

သူတို့မြင်နေရသောရေကန်က ရေကန်ပျက်ကြီးများ မဟုတ်တော့ပေ။

ကန်နှစ်ကန်စလုံး ရေများပြည့်နေပြီး ကန်ထဲမှာလည်း ပဒုမ္မာကြာပန်းများဖြင့် ပြည့်နေလေသည်။

သူတို့ရေကန်နှင့် မနီးမဝေး ရောက်သောအခါ တောဘက်မှ လူတစ်စုထွက်လာပြီး ကန်ဘောင်ပေါ် တက်လာကြသည်။

သူတို့နှင့်အတူ လက်ပြန်ကြိုးတုပ်ထားသော အမျိုးသမီးတစ်ယောက်လည်း ပါလာသည်။

ရှေးခေတ်အဝတ်အစားများနှင့်ဖြစ်ပြီး မိန်းကလေးမျက်နှာမှာ သူတို့နှင့်အတူပါလာသော သူဇာမျက်နှာနှင့် တစ်ထေရာတည်း တူလှပေသည်။





ကြိုးတုပ်ခံထားရသော မိန်းကလေးမှာ ကြောက်လွန်းသဖြင့် "ကယ်ပါ ယူပါ"ဖြင့် မြည်တမ်းကာ ငိုကြွေးနေလေသည်။

နီမောင်တို့လည်း ထူးခြားသောမြင်ကွင်းကို စိတ်ဝင်စားစွာဖြင့် မျက်တောင်မခတ် ကြည့်နေကြလေသည်။

ခဏကြာသောအခါ ကြိုးတုပ်ထားသော မိန်းကလေးကို ရေကန်ထဲ ပစ်ချလိုက်ကြလေသည်။

မရှေးမနှောင်းမှာပင် အတူပါလာသော အိုးတစ်လုံးကိုပါ သူမနှင့်အတူ ရေကန်ထဲ ပစ်ချလိုက်ကြသည်။

ကြိုးတုပ်ခံထားသော မိန်းကလေးမှာ "ကယ်ပါ ယူပါ" အော်ဟစ်ရင်းနှင့်ပင် ရေအောက်သို့ နစ်မြုပ်သွားလေတော့သည်။ ထိုအခါမှ ကျန်လူများမှာ လာလမ်းအတိုင်း ပြန်သွားကြလေတော့သည်။

နောက်တော့. . ကြည့်နေရင်းမှာပင် ရေကန်ထဲမှာ ပွင့်လန်းနေသော ကြာပန်းပွင့်များက ညှိုးနွမ်းကျလာသည်။

နောက်တော့. . အရွက်နှင့် အပင်များပါ ခြောက်လာသည်။

တဖြည်းဖြည်းနှင့် ရေများခမ်းခြောက်လာရာ နောက်ဆုံးတော့ ရေကန်ထဲမှာ ဘာမှမရှိတော့ပေ။

စောစောကနှင့် မတူတော့ဘဲ ရေကန်ပျက်ကြီးအတိုင်း ပြန်ဖြစ်သွားလေသည်။

အခြေအနေကလည်း ငြိမ်သက်သွားလေတော့သည်။

ထိုအခါမှ ကန်ဘောင်ပေါ် တက်ကြည့်သောအခါ မူလအတိုင်း ရေကန်ပျက်ကြီးအတိုင်းသာ တွေ့ကြရလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"မိန်းကလေးနဲ့သက်ဆိုင်တဲ့ လက်ဝတ်ရတနာတွေ ဘယ်နေရာမှာ ရှိတယ်ဆိုတာတော့ သိရပြီ၊ ဒါပေမယ့် ချက်ချင်း ယူလို့ မရသေးဘူး၊ အစောင့်လေးယောက်ကို ကျွတ်လွတ်ခွင့်ရ အောင် အရင်လုပ်ပေးရမယ်"

ဟု ဦးဇန်ကောင်းက ၎င်းလွယ်အိတ်ကြီးအတွင်းမှ . . ပစ္စည်းအချို့ကို ထုတ်လိုက်သည်။

ဆန်မန်းပေါက်ပေါက်များ ထည့်ထားသော အိတ်ပင် ဖြစ်လေသည်။

ထိုဆန်မန်းပေါက်ပေါက်တို့ကို ဂါထာမန္တန်တို့ဖြင့် မန်းမှုတ်ရွတ်ဆိုပြီး ကန်ဘောင်ပေါ်သို့ ကြဲပက်ချလိုက်သည်။

ဆန်မန်းပေါက်ပေါက်များက အသက်ရှိသော ပိုးကောင် ကလေးများကဲ့သို့ ခုန်ပေါက်နေကြလေသည်။

နောက်တော့ . . သံမှုန့်များကို အားကောင်းသော သံ လိုက်တုံးဖြင့် ဆွဲယူလိုက်သကဲ့သို့ ရွေ့လျားသွားကာ ကန်ဘောင် တစ်နေရာ၌ သွားစုနေလေတော့သည်။

ဦးဇန်ကောင်းက ထိုနေရာကို မှတ်သားထားလိုက် သည်။

ထို့နောက် အခြားကန်ဘောင်တစ်ခုသို့ ရွှေ့ပြီး ဆန်မန်း ပေါက်ပေါက်များ ကြဲချပြန်ရာ ရှေးနည်းအတိုင်း နောက်ထပ် နေရာတစ်ခုသိရသဖြင့် မှတ်သားထားလိုက်ပြန်သည်။

ဤသို့ဖြင့် ကန်ဘောင်လေးဖက်လေးတန်ပေါ်မှ နေရာ လေးခုကို သိကြရလေသည်။

"ကဲ မှတ်ထားတဲ့ နေရာကိုသာ တူးကြပေတော့၊ ဒီနေ





ရာမှာ စောင့်ရှောက်နေရတဲ့ အစောင့်သရဲလေးကောင်နဲ့ သက် ဆိုင်တဲ့အိုးတွေ ရှိလိမ့်မယ်"

ဟု ပြောသဖြင့် နီမောင်တို့ သုံးယောက်တို့က သစ်သား များကို တူရွင်းသဖွယ်ပြုလုပ်ပြီး တူးကြလေတော့သည်။

အတန်ကြာအောင် တူးသောအခါ ပထမနေရာမှ စဉ့် ဖြင့်ပြုလုပ်ထားသော အိုးတစ်လုံးရသည်။

အိုးထဲမှာတော့ ဆွေးမြေ့နေပြီဖြစ်သော အရိုးစများ တွေ့ကြရသည်။

နောက်နေရာများကို ဆက်တူးသောအခါမှာလည်း အ ရွယ်တူ စဉ့်အိုးသုံးလုံးကို ထပ်ရကြသည်။

"ဒါ သရဲလေးကောင်နဲ့သက်ဆိုင်တဲ့ အိုးတွေပဲ၊ ဒါတွေရှိ နေလို့ သူတို့ ဒီနေရာက သွားခွင့်မရကြတာ"

"ဘယ်လိုလုပ်မလဲ ဆရာကြီး"

"အိုးလေးလုံးစလုံး တစ်နေရာမှာစုပြီး မီးရှို့ပစ်ရမယ်"

ဟု ပြောသဖြင့် မီးတောက်လွယ်သော ထင်းရှူးသားများ ကို စုဆောင်းပြီး မီးဖိုကြီးများပြုလုပ်ကာ အိုးလေးလုံးစလုံးကို မီးရှို့ပစ်လိုက်ကြလေတော့သည်။

ထိုအိုးများ မီးရှို့ပြီးသောအခါ အရှေ့ဘက်တွင် အရုဏ် ဦး အလင်းရောင်များ တက်လာချေပြီ။

နှင်းများကျနေသော်လည်း ပတ်ဝန်းကျင်ကို ကောင်းစွာ မြင်လာရပြီ ဖြစ်သည်။

ထိုအခါမှ ရေကန်ပျက်ကြီးထဲသို့ဆင်းကာ မှတ်သား ထားသောနေရာသို့ တူးကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



အတန်ကြာအောင် တူးသောအခါမှာတော့ နောက်ထပ် အိုးတစ်လုံး ရကြပြန်သည်။

ထိုအိုးအတွင်းမှာတော့ အရိုးစများ မရှိပေ။

ရွှေ၊ ငွေ၊ ကျောက်မျက်ရတနာတို့ဖြင့် ပြုလုပ်ထားသော လက်ဝတ်ရတနာများကို တွေ့ကြရလေသည်။

ထိုအခါ ဦးဗန်ကောင်းက သူဇာကိုကြည့်ပြီး ပြောသည်။

"ဒီပစ္စည်းတွေက ဘဝဟောင်းက အသုံးပြုခဲ့တဲ့ မိန်းကလေးနဲ့ သက်ဆိုင်တဲ့ ပစ္စည်းတွေ ဖြစ်ပါတယ်၊ ဒါကြောင့် မင်းပဲယူပါ"

"ကျွန်မ မယူချင်တော့ပါဘူး ဆရာကြီးရယ်၊ ဒီပစ္စည်းတွေကိုလည်း မမက်မောတော့ပါဘူး၊ ဒါတွေကို မြင်နေရရင် ဘဝဟောင်းက အဖြစ်ဆိုးတွေကို သတိရပြီး စိတ်မကောင်းဖြစ်နေရပါဦးမယ်၊ ဒါကြောင့် ကျွန်မဘာမှ မယူတော့ပါဘူး၊ ဆရာကြီးကပဲ အကျိုးရှိတဲ့နေရာတွေမှာ အသုံးပြုပေးပါတော့ရှင်"

ဟု ပြောရာ ဦးဗန်ကောင်းက ခေါင်းညိတ်ပြလိုက်လေတော့သည်။ ထိုကိစ္စများ ဆောင်ရွက်ပြီးတော့ မိုးစင်စင် လင်းနေပေပြီ။

သူတို့အတွက်လည်း တာဝန်ယူထားခဲ့ကြသော ကြာညီနောင် ကျားဖြူသိုက်နှင့် ပတ်သက်သောကိစ္စ အတော်များများကို ဆောင်ရွက်ပြီးခဲ့ကြပြီ ဖြစ်ပေတော့သည်။







# အခန်း (၁၇)

# ထူးဆန်းစွာ ဖူးစာဆုံကြသူများ

ကြာညီနောင်ရေကန်၌ ပြုလုပ်စရာကိစ္စများ ပြုလုပ်ပြီးသောအခါ ဦးဗန်ကောင်းပါ ကဝေကိုးမှော်ရွာသို့ လိုက်ပါလာလေသည်။

ရေကန်ထဲမှ တူးဖော်ရခဲ့သည့် ရွှေငွေရတနာ ထည့်ထားသော အိုးတစ်လုံးအပြင် ကျားဖြူမင်း ပေးလိုက်သော ရွှေ[illegible]အေ ချို့ပါ သူတို့နှင့်အတူ ပါလာလေသည်။

ထို့ပြင်. . နီမောင်က ရွာသို့ပြန်ပြီး မိခ[illegible]ခင်တို့အား



www.burmeseclassic.com

www.burmeseclassic.com



နှင်းမေ မသေသေးသောအကြောင်းကို ပြောပြခဲ့ရာ များစွာဝမ်းမြောက်ဝမ်းသာ ဖြစ်ကြရပေသည်။

ထို့နောက်. . မိတ်ရွှေ မိတ်မြွေကိုပါ တစ်ပါတည်း ယူဆောင်ကာ ကဝေကိုးမော်ရွာသို့ ခရီးဆက်ခဲ့ကြခြင်း ဖြစ်ပေသည်။

ထိုရွာသို့ ရောက်သောအခါ ဦးပန်ကောင်းက ကြောက်ရွံ့ထိတ်လန့်မှုများကြောင့် သည်းခြေပျက်သကဲ့သို့ဖြစ်ကာ ယခင်အကြောင်းများကို မမှတ်မိတော့သည့် နှင်းမေကို အရင်ကုသပေးလေသည်။

နှင်းမေ ရောဂါအခြေအနေမှာ ဆိုးဆိုးဝါးဝါး မရှိလှသဖြင့် သုံးရက်ခန့်ကြာသောအခါ မူလအခြေအနေများကို ပြန်လည်မှတ်မိလာလေတော့သည်။

နှင်းမေကို ဆေးကုပေးပြီးသောအခါ ဦးပန်ကောင်းက ဒေါ်မင်းဇာတို့နေအိမ်မှာပင် ဖိုထိုးသောအခန်း ပြုလုပ်ပြီးနောက် နီမောင်ထံမှ ရွှေမြွေကိုယူကာ ရွှေအမြောက်အများဖြစ်အောင် ပြုလုပ်လေတော့သည်။

ရွှေမြွေ၏အစွမ်းသတ္တိမှာ ၎င်းကို အသုံးပြုပြီး စီရင်ပါက အခြားပစ္စည်းများကိုပါ ရွှေဖြစ်စေသော သတ္တိရှိပေသည်။

ထိုတာဝန်ကိုတော့ ဦးပန်ကောင်းနှင့် ဒေါ်မင်းဇာတို့က လုပ်ကိုင်ကြလေသည်။

ရွှေအတော်များများရလျှင်တော့ လှို့ဝှက်သော တစ်နေရာ၌ ရွှေစေတီ တည်ကြမည် ဖြစ်ပေသည်။

ထိုကိစ္စကတော့ နီမောင်တို့တာဝန် မဟုတ်တော့ပေ။





နီမောင်တာဝန်ကတော့ သူဇာနှင့် တိုင်ပင်ပြီး ရှေ့ဘဝခရီးအတွက် အစီအစဉ်ဆွဲကြရန်ပင် ဖြစ်ပေသည်။

"ကိုယ်တို့နှစ်ယောက် ဖူးစာဆုံကြတာက အတော်ကလေး ဆန်းကြယ်တယ်နော်၊ အရင်ဘဝက ဖူးစာဆုံခဲ့ကြသလို ဒီဘဝမှာထပ်ပြီး ဖူးစာဆုံကြရတယ်၊ သူဇာစိတ်ထဲမှာ ဘယ်လိုခံစားရသလဲဟင်"

"ဝမ်းသာတာပေါ့ ကိုနီမောင်ရယ်၊ တခြားချစ်သူတွေက အခုလို နှစ်ဘဝ ရောက်တဲ့အထိ ဖူးစာဆုံဖြစ်ကြပေမယ့် သိချင်မှ သိကြတယ်၊ မှတ်မိချင်မှ မှတ်မိကြမယ်၊ ကျွန်မတို့ကတော့ ကံကောင်းလို့ ရှေ့တစ်ဘဝက အကြောင်းတွေကိုပါ သိခွင့်ရတော့ ကံထူးတယ်လို့ ဆိုရမှာပေါ့၊ ကျွန်မ စိတ်ထဲမှာတော့ ဝမ်းသာနေတာပေါ့"

"ဒါဖြင့် ဘဝဟောင်းက သူဇာထားခဲ့တဲ့ ဆွေခုနစ်ဆက်ကျိန်စာလည်း ပျက်ပြယ်သွားပြီပေါ့နော်"

"ဘဝဟောင်းက ချစ်သူနဲ့တောင် ပြန်လည်ဖူးစာဆုံနေမှတော့ ကျွန်မထားခဲ့တဲ့ ကျိန်စာလည်း ပျက်ပြယ်သွားရောပေါ့၊ ကျွန်မထားခဲ့တဲ့ ကျိန်စာကြောင့် ချစ်သူတွေ မပေါင်းဖက်ရဘဲ ကွဲကြရတဲ့ အဖြစ်ဆိုးတွေအတွက်တော့ စိတ်မကောင်း ဖြစ်မိပါတယ်"

"ဒါကတော့ အရင်ဘဝကဖြစ်ခဲ့တဲ့ အခြေအနေနဲ့ ဒီဘဝမှာကြုံတွေ့ရတဲ့ အဖြစ်အပျက်တွေက တူမှမတူကြတော့တာ၊ ဒီအကြောင်းတွေကိုတော့ တွေးမနေပါနဲ့တော့ကွယ်၊ အခုတွေ့ရမှာက ကိုယ်တို့နှစ်ယောက် ဒီဘဝမှာ အဆက်ထက်ဆုံး



www.burmeseclassic.com

www.burmeseclassic.com



ပျော်ပျော်ရွှင်ရွှင်နဲ့ နေသွားကြဖို့ အကြောင်းတွေပဲ တွေးတော့နော်"

ဟု နီမောင်က သူဇာလက်ကလေးကို ဆုပ်ကိုင်ရင်း ပြောလိုက်ရာ သူဇာကလည်း နီမောင့်မျက်နှာကို မော့ကြည့်ကာ ချစ်စဖွယ် အပြုံးလေးဖြင့် ခေါင်းညိတ်ပြလိုက်လေတော့သည်။

လအနည်းငယ် ကြာသောအခါ ကြာညီနောင်ရွာတွင် သတို့သား သတို့သမီး မပြောင်းဘဲနှင့် ဒုတိယအကြိမ်မြောက် မင်္ဂလာဆောင်တစ်ခု ကျင်းပရန် စီစဉ်ကြပြန်လေသည်။

သတို့သားက ရင်မောင်ဖြစ်ပြီး သတို့သမီးကတော့ သေရွာပြန် သတို့သမီး နှင်းမေပင် ဖြစ်ပေတော့သတည်း။

ဤနေရာတွင် ကျွန်ုပ်ရေးသားသော. . (ကြာညီနောင်ကျားဖြူသိုက်)အမည်ရှိ ဂမ္ဘီရဆန်းကြယ် ဝတ္ထုရှည်မှာလည်း နိဂုံးကမ္ပတ် အဆုံးသတ်ပြီ ဖြစ်ပေတော့သတည်း. . ။

အနိစ္စာဟောတု သုခိအတ္တာနံ ပရိဟရန္တု. . .

BURMESE CLASSIC .com

စာပြီးချိန်။ (၂၀၁၄)ခုနှစ်၊စက်တင်ဘာလ(၂)ရက်၊အင်္ဂါနေ့၊ည(၉)နာရီ။

☺ အောင်မြင်စာပေ ☺



www.burmeseclassic.com

www.burmeseclassic.com




BURMESE CLASSIC .com
www.burmeseclassic.com